

www.burmeseclassic.com
တကယ့်ဖြစ်ရပ်
ရှုခင်း
မဂ္ဂဇင်း
2013
SEPTEMBER
MISSIONBAY
COMPANY
BURMESE CLASSIC .com
ချောင်းဆိုးနေလို့
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
အမှတ်တံဆိပ်
ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။
www.burmeseclassic.com

www.burmeseclassic.com

# ကူညီပါရစေ

မြို့တော်အတွင်း ဒုစရိုက်သမားများအတွက် နေရာမရှိစေရ။

ပြည်သူ့လုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန် ဆောင်ရွက်ပါမည်။

ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြပါ။

ထူးခြားမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်–

| | |
|---|---|
| ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | – ၁၉၉၊ ၂၁၇၅၀၂၊ ၂၁၇၅၀၃၊ ၂၂၁၃၁၁ |
| အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ | – ၁၉၉၊ ၃၇၆၁၆၆၊ ၂၄၅၂၆၀၊ ၂၄၅၂၆၁ |
| အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ | – ၁၉၉၊ ၂၉၆၁၈၀၊ ၂၉၀၁၃၃ |
| မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ | – ၁၉၉၊ ၆၄၅၈၂၃၊ ၆၄၅၈၂၄ |
| တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | – ၁၉၉၊ ၀၅၆–၂၁၀၄၂၊ ၀၅၆–၂၁၀၀၁ |
| ယာဉ်မှုစစ် | – ၂၉၁၂၈၄၊ ၂၉၁၂၈၅ |

မြန်မာနိုင်ငံရဲတပ်ဖွဲ့

www.burmeseclassic.com

၁-၁၀-၁၉၉၀ ရက်နေ့မှစတင်၍ မှုခင်းပညာပေးအစီအစဉ်ဖြင့်
www.burmeseclassic.com
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

# 2013
# စက်တင်ဘာလ

အတွဲ(၅)၊ အမှတ်(၉)



နာယက - ရဲမှူးကြီး ဝင်းနိုင် (ရဲသူရ)
အယ်ဒီတာချုပ် - ဒုတိယရဲမှူးကြီး စိုင်းဝင်းအေး
ဒုအယ်ဒီတာချုပ် - ဦးစီးအရာရှိ(ပထမတန်း)
တာဝန်ခံအယ်ဒီတာ - အောင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း)
အမှုဆောင်အယ်ဒီတာ - ရဲမှူးမြင့်ထွေး
ယာယီရဲမှူးရှမ်းရှမ်းဝေ
ဒုတိယရဲမှူး သင်းသင်းကြည်
ရုံးအဖွဲ့ - တပ်ကြပ်ကြီး မတင်သိန်း
တပ်ကြပ်ကြီး တင်ရှောင်
တပ်ကြပ်ကြီး စိန်လင်း
တပ်ကြပ်အေးထွန်း
တပ်ကြပ် ထွန်းလင်းဦး

သရုပ်ဆောင် -သက်မွန်မြင့်
ဓာတ်ပုံ-ကိုအောင်

**ထုတ်ဝေသူ**
ယာယီရဲမှူးမှုမှုသန်း(၀၃၇၈၃)

**ပုံနှိပ်သူ**
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်

**မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းမွမ်းမံ**
Min Group

**ကွန်ပျူတာစာစီ**
နေမျိုးအောင်

**ပန်းချီသရုပ်ဖော်**
ပန်းချီမင်းထက်နိုင်၊
ရဲသူ(ရန်ကုန်တက္ကသိုလ်)

**ဖြန့်ချိရေး**
အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၂၈၈၀၉၉

တန်ဖိုး - ၁၀၀၀
အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com







**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊ မြေရိုင်း၊
ရွှေကိုဦး၊ ပေါက်ကျိုင်း၊ ဟန်၊ စမ်းချောင်းစန်းကို၊
တွံတေးတွတ္တပတ်

**ကဗျာ**

စိုးကိုကို(လေးမျက်နှာ)၊
သရက်တန်းစိုးရွှေ(မြစ်ငယ်)၊
ကျော်လွင်ဦး(ပျဉ်းမနား)၊
မင်းသွေးနွယ်(ဇီးကုန်း)၊
မြဝတ်ရည်(ကျောက်ဆည်)၊
ဉာဏ်လင်းဦး(အင်ဘု)၊
မာန်အောင်မင်းနီ၊
မင်းကြွယ်စင်သွန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# 2013 CONTENTS SEPTEMBER



## ဘာသာပြန်


| | | |
|---|---|---|
| ယွန်းထက် | ခေတ်သစ်ရှားလော့ဟုမ်း၏ ဖြစ်ရပ်မှန်မှုခင်းများ | ၄၆ |
| လှိုင်း(ပညာရေး) | မှားတဲ့အခါလည်း မှားပေမပေါ့ | ၁၄၆ |


## ဟာသဝတ္ထု


| | | |
|---|---|---|
| ချစ်ကိုကိုယု | ရွှေနေကြီး ဦးနက်ကျော်နှင့် ငိုစားရယ်စား | ၁၅၂ |


## တစ်မျက်နှာဝတ္ထု


| | | |
|---|---|---|
| အိမ့်(ရှပဒေ) | ပီတိများစွာဖြင့် | ၅၉ |


## ဆောင်းပါး


| | | |
|---|---|---|
| ဒုရဲမှူးကြီးဝင်းဦး(ငြိမ်း) | ပြန်လည်တမ်းတ အလုပ်သင်ဘဝ | ၅၂ |


## ရုပ်ရှင်မိတ်ဆက်


| | | |
|---|---|---|
| ဦးဝင်းမြိုင်(သရုပ်ဆောင်) | ခရေကြွေတဲ့မိုး | ၆၆ |


## တစ်ခန်းရပ်ဟာသ


| | | |
|---|---|---|
| ထက်ထက်(ဟာသ) | | ၉၁ |


## သတင်း


နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း


## မေအင်


ဝေဒသုတေသီတစ်ဦး




www.burmeseclassic.com

www.burmeseclassic.com







## မှခင်းဝတ္ထုတို


**ရွှေဘိုတာမထီစင်အောင်**
ဘာဖြစ်လို့ ဘုရားထူးရမှာလဲ ၂၃
**ထက်ထက်ဦးဝေ**
တုံ့ပြန်အမှား ၂၈
**မောင်ထွန်းညွှန့်(ကျွန်းမြို့ကုန်း)**
ဒိုင်ယာရီဟောင်းရဲ့
စာမျက်နှာလေးများမှတဆင့် ၄၀
**တိုးမြင့်**
ညီအစ်ကိုမသိတာသိအချိန် ၆၀
**နွေအလွှန်**
သေရာပါအမုန်း ၇၄
**နှင်းမောင်(လားရှိုး)**
မြေကြီးတွေရှိနေသေးရင် ၉၆
**ရွှေမြင့်**
အပြောင်းအလဲတစ်ခု ၁၀၄
**မောင်သာမန်(ဝါးကုန်း)**
နှလုံးသားထဲ၌ ခွင့်လွှတ်ခြင်း ၁၁၀
**ခင်ဦး(ပုတီးကုန်း)**
ရေသာများတော့သည်
ငါးမတွေ့နိုင်တဲ့ မန်ဒါလီ ၁၁၈
**ကျွန်းစဉ့်မြေအောက်**
ခေတ်ပျက်ထဲက မြေစာပင်များ ၁၃၀
**မောင်သိန်းနိုင်**
အရေးဆို ကိုလုရွှေကိုခေါ်ပါ ၁၃၈
**အောင်ကျော်ဇော**
မေတ္တာသွေးနဲ့ ရေးတဲ့ကဗျာ ၁၅၆

www.burmeseclassic.com

www.burmeseclassic.com



## ဟာသပြာများ



ပပလွှားလွှား ကြွားကြွားဝါဝါ
သွားသွားလာ လှုပ်ရှား
မရှိစကား လေသံတောင်မကြားဘူးခဲ့
ထူးတဲ့ငါ့ဘဝ စိုပြည်လှမို့
မာနတံခွန် တလူလူနဲ့
ဤဇမ္ဗူ ငါလိုလူမရှိ ထင်ခဲ့သည်။
ကံအလှည့် ရွှံ့စောင်း
ဘဝအခြေပြောင်းလို့
မြောင်းထဲကျလေမှ
အပေါင်းအသင်းဆွေသဟာကရှောင်ခွာ
ဘယ်မှာလဲ မေတ္တာ.....
ဘယ်မှာလဲ အကြင်နာ.....
အနှစ်မပါ ရေပေါ်ဆီပမာပြယ်လွင့်
အခါလင့်ခဲ့ပြီ။
အရွယ်ရင့် နေညိုချိန်ခါ
တုံးခေါက်လာ သေမင်းခေါ်သံကိုကြား
ဝိုချင်းသံရှည်များနဲ့ ခရီးသွားဖို့ပြင်လေမှ
(ယခင်က).....မာနဆိုတဲ့ ပုံရိပ်များ
(အခုတော့) အားလုံးဟာ ဟာသပြာဖြစ်သွား။ ။

စိုးကိုကို(လေးမျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



# လိုအပ်သောအရာ

() ရှိးခြင်း.....
ပိုကင်းတဲ့ဘဝ
အလှဆိုတာလည်းဂုဏ်
မဟုံသော အကျင့်တစ်ခု
ပြုမူ.....
ကာယကံဟုခေါ်
မှန်ပေါ် ပေါ်တဲ့အရိပ်
အတိတ်တိုင်းက
သမိုင်းရဲ့ တစ်စိတ်တစ်ဒေသ။
() ဘဝ.....
ဆန္ဒကို အရောင်မဆိုးမှ
အမျိုးကမြတ်
လျှပ်တစ်ပြက် လာဆဲလူ
အပူကို ရှေ့မချဖို့လို။ ။



သရက်တန်းစိုးရွှေ(မြစ်ငယ်)

www.burmeseclassic.com

www.burmeseclassic.com





## ဥယျာဉ်မှူးပီတိ

အနုပညာဝါသနာနဲ့
ကဗျာပန်းမျိုး စိုက်ကာပျိုးကြ
ကိုယ်ပျိုးတဲ့ပန်း ဥယျာဉ်နန်းမှာ
မွှေးကြိုင်လန်းဆန်း ရနံ့လွှမ်းတဲ့
ကဗျာပန်းပွင့်၊ လေသင့်ရာမွှေး
မက်ဆွတ်ပေးကြ၊ တွေးဟန်လည်းကောင်း
ရေးဟန်ကောင်းစွာ၊ ကဗျာပန်းကောင်းတွေ
ဥယျာဉ်ခြံမြေမှာ ပွင့်နေတာကို မြင်ရတော့
ဥယျာဉ်မှူးအယ်ဒီတာ သူ့မျက်နှာက
ကြည်သာရွှင်ပြုံး နှလုံးစိတ်ဝမ်း
ချမ်းမြေ့ရွှင်လန်းစွာနဲ့
ပန်းတွေကို အရိပ်တကြည့်ကြည့်
ပီတိကိုစား အားဖြစ်နေ။ ။

ကျော်လွင်ဦး(ပျဉ်းမနား)

www.burmeseclassic.com

www.burmeseclassic.com



# အဋ္ဌုတ္တ

() ဟိတ်ဟန်ရောင်စုံ
မြူပ်ကွက်စုံနှင့်
ရိုးဂုဏ်လည်းပြ
မိုက်ကြေးပြကာ
မီးစတစ်ဖက်
ရေတစ်ဖက်ဖြင့်
လက်ဆွဲကမ်းလှမ်း
သွေးတိုးစမ်းလျက်
ဆန်းစစ်ကဲခတ်
လမ်းခုလတ်မှ
ချဉ်းကပ်အားယူ
အိုဘယ့် လူ
ရန်သူ,မိတ်ဆွေ၊ သိနှင့်နေပြီ
သင်လေလှည့်စား လျှို့ဝှက်ထား
ဗီဇဇာစ်မြစ် ပုံရိပ်များ
ရုပ်လုံးထင်ဟပ် နေမြဲတကာ။ ။



မင်းသွေးနွယ်(ဗီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



## မတူတာ တုတဲ့ အတု

လှည်းလမ်းနံဘေး၊ နောက်ဖေးပုံမှာ
သတ္တဝါတစ်ခု၊ ကံတစ်ခုလို
ပြုမူအတတ်ဆန်း
မည်းနှမ်း ပြောင်ချော်ချော် (နွားချေးပိုး).....။
ချေးပိုးထိုးသည်
ဝတ်ရည်လိုက်စား၊ ပန်းများသက်နံ့
ပိတုန်းဟန်ခိုး၊ ပန်းရုံတိုးရန်
ပိတုန်းသံတု
အကြံပက်စက်၊ ထပျံတက်သခိုက်.....။
ကုပ်ကျားတစ်ကောင်
ဆာလောင်လမ်းသလား
သွားရည်တများများထဲ
ဝါးဖတ်စာတစ်ပွဲ ဖြစ်ရလေပုံ.....။
သူငယ်ချင်း.....
အပျင်းပြေဖတ်ဖတ်
မင်းပတ်ဝန်းကျင်
ငါ့ပတ်ဝန်းကျင်
(ထိုးဇာတ်)မဆင်ပါ
'ကဗျာ'ရင်ခတ်
ဘဝ ဟပ်ကြည့်
အမှတ်မထင် ဖြစ်လွယ်ပျက်လွယ် သဘောများ။ ။

မြဝတ်ရည် (ကျောက်ဆည်)

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာမလေး

() မြန်မာ့ရိုးရာ ဂုဏ်ရှိန်မြင့်လို့
ကမ္ဘာဝယ်တင့် မြင့်မြတ်တယ်။
တင့်တယ်ကျက်သရေ ဂုဏ်ရည်လှနဲ့
မြန်မာမလေး အစစ်ပါကွယ်။
မြန်မာ့ဂုဏ်ရည် ပီသစွာနဲ့
ကေသာဆံလွှ စုလည်းနှယ်။
သနပ်ခါးနွယ် ပါးကွက်လေးက
နုတဲ့မျက်နှာ ပါးထက်ဝယ်။
ချိတ်လုံချည်ပေါ် ရင်ဖုံးဆင့်တဲ့
မြန်မာမရှင့် မြန်မာကွယ်။
ကိုယ့်မူရိုးရာ ဘယ်မတုနဲ့
မြန်မာမှုမို့ မြတ်နိုးတယ်။
ရှုတိုင်းသာလို့ ယဉ်တော့တယ်။ ။

ဉာဏ်လင်းဦး(အင်ဘု)



www.burmeseclassic.com

www.burmeseclassic.com





# ရွှေရောင်ရက်မို့ နှုတ်သွက်တယ်

- ရှင်ပြုစဉ်က၊ ဆင်ခဲ့ရသည်
လှပတင့်တယ် "စလွယ်"တစ်ကုံး။
- ရှင်လောင်းဘဝ၊ ဆောင်းခဲ့ရသည်
ကောင်းမှုကောင်းပေ "ရွှေထီး"တစ်လက်။
- ရှင်လောင်းလှည့်ပြီး၊ စီးခဲ့ရသည်
ကြီးပေ့ဆိုတဲ့ "မြင်းညို"တစ်စီး။
- စလွယ် ရွှေထီး၊ မြင်းညိုကြီးနဲ့
စီး၍မော်ရှင်၊ နယ်တစ်ခွင်မှာ
ငါလျှင်ရှင်လောင်း၊ စတိုင်ပြောင်း၍
ကောင်းစားဖူးတယ် ကွယ်တို့ရယ်။
- တစ်ဘဝမှာ၊ ခဏတာပဲ
ပမာသာဓက၊ တုအပကို
ခုမှပြောဆို၊ အကြွားပိုဟု
ဘိုးအိုငါ့အား၊ လှောင်စကားကြောင့်
ရှက်များရှက်လည်း၊ ထိုရက်စွဲကို
နှုတ်ထဲသို့၍
ပြောဆိုမဝနိုင်ဘူးကွယ်။ ။

**မာန်အောင်မင်းနီ**

www.burmeseclassic.com

www.burmeseclassic.com



# လိပ်ပြာသေ

ပျံသန်းခွင့်
နားခိုခွင့်
နမ်းရှိုက်ခွင့်
ဝတ်မှုန်ကူးခွင့်
အားလုံးပျောက်ဆုံးသွားခဲ့သည့်တိုင်....။
မှန်တိုက်သွင်း
အလှကြည့်ရင်း
မင်း ပျော်နေတယ်ဆို ကျေနပ်တယ်။ ။



မင်းကြယ်စင်သွန်း

www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com





# ရွှေဘိုဘာမထိခင်အောင်

## ဘာဖြစ်လို့ဘုရားထူးရမှာလဲ

၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ ညနေ ၆ နာရီခန့်.....

မြန်မာနိုင်ငံသည် နယ်ချဲ့အရင်းရှင် အင်္ဂလိပ်အစိုးရ၏ လက်အောက်ခံကျွန်ဘဝမှ လွတ်မြောက်ခဲ့သည်မှာ လေးနှစ်တင်းတင်းပြည့်သည့်ကာလ။

လွတ်လပ်ရေးအောင်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာပြည်တစ်လွှားဝယ် ပျော်ပွဲရွှင်ပွဲ ဆင်နွှဲနေကြသည်မှာ ခြိမ့်ခြိမ့်သဲသဲ။

နေ့ရောညပါ ကြက်ပျံမကျ။

ကျွန်တော်တို့ ရွှေဘိုတွင်လည်း ထိုနည်းလည်းကောင်း။ ညပိုင်း၌ စိန်စပယ် အငြိမ့်၊ ရွှေဘိုတင်မောင် ရုပ်သေးစင်။ ဘောက်ဆင်ခေါ် အနောက်တိုင်းလက်ဝှေ့ဗိုလ်လုပွဲသည် အောင်ဇေယျဘောလုံးကွင်းကြီးထဲမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိခဲ့၏။ ကွင်းလုံးပြည့်၊ ကွင်းလုံးလျှံနေသလို ဆိုင်းသံ၊ ဗုံသံ၊ လက်ခုပ်သြဘာသံသည် သောသောညံညံရှိနေတော့သည်။

အငြိမ့်ပွဲမှာလည်း ပရိသတ်က အပြည့်။

ရွှေဘိုတင်မောင် ရုပ်သေးစင်မှာလည်း လူအပြည့်၊ လက်ဝှေ့ရုံပွဲများလည်း လူအပြည့်။ မြို့၊ တောလူထုလည်းနွှားမကျန် ကွင်းပြည့်လျှံနေလိုက်သည်မှာ ကြက်ပျံမကျ။

တို့မြန်မာပြည် လွတ်လပ်ပြီကိုး။ ပျော်ကြ၊ ပါးကြ၊ ရွှင်မြူး ဟစ်

www.burmeseclassic.com



ကျူးနေလိုက်ကြသည်မှာ အားရပါးရ။

လက်ဝှေ့ပြိုင်ပွဲရုံကြီးတွင် တော၊ မြို့ လူပရိသတ် ငါးထောင်မက ကြည့်ရှုနေကြ၏။ လက်ဝှေ့ပြိုင်ပွဲမှ လက်ခုပ်ဩဘာသံကြီးသည် ရွှေဘိုမြို့ကြီး လဲပြိုမတတ် ဟိန်းဟည်းလျက်ရှိနေတော့သည်။

ရွှေပွဲလာပရိသတ်များက လှိုက်လှိုက်လှဲလှဲ ညီညာဖြိုဖြို အားပေးနေသည်ကြောင့် ကျွန်တော် အလွန်ပဲမြူးကြွနေတော့သည်။

"အဲဒီအင်္ဂလိပ်ကို အသေထိုး၊ အသေထိုးပစ်၊ တို့မြန်မာတွေ.....တို့မြန်မာ"

ယနေ့ထက်တိုင်အောင် ကျွန်တော့်နားထဲက မထွက်သေး။ နှစ်ပေါင်း (၄၈)နှစ်ရှိခဲ့ပြီဖြစ်သော်လည်း ကျွန်တော့်အသည်းထဲ စွဲငြိနေဆဲ။

Bobby ကကျွန်တော်၏ ထိုးသတ်ဘက်။

သူ့အသက် (၁၄)နှစ်၊ ပေါင်(၈၄) ပေါင်။

သူကလည်း ၂-၁-၁၉၅၁ နေ့ညကနှင့် ၃-၁-၁၉၅၁ ရက်ညက ထိုးသတ်ဘက်တွေကို အနိုင်ယူ၍ ယခုည ၄-၁-၁၉၅၁ ဖိုင်နယ်သို့တက်လာသူ။

ကျွန်တော့်အသက်က (၁၃)နှစ်၊ ပေါင် (၈၄)ပေါင်ပါ။ ကျွန်တော်က ၂-၁-၁၉၅၁ ရက်ညတွင် တင်အောင် (အိန္ဒာရပ်)ကို အနိုင်ရပြီး ၃-၁-၁၉၅၁ ရက်ည ပွဲစဉ်(၁)တွင် ဘကြည်(ဝန်တော်အိမ်)အား အနိုင်ထိုးပြီးနောက် ထိုည ပွဲစဉ် (၆)၌ စိုးမြင့် (မုံအာတွင်းရပ်)ကို ထပ်လောင်းထိုးရကာ ထပ်လောင်း အနိုင်ရခဲ့၏။

ရွှေဘိုမြို့နယ် လက်ဝှေ့ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီကြီးအုပ်စုတွင် အင်္ဂလိပ်ကပြားတွေ ရှေ့စီးမှ နေရာယူထားကြသည်ကို နောက်အသက်အရွယ်ရလာမှ တရေးရေးတွေးကြည့်မိ၏။ ကျွန်တော် တစ်ညအတွင်း နှစ်ယောက်ထိုးရမှုကို မသက်ာပါ။

သို့သော် မမှု။ အင်္ဂလိပ်ကပြားအုပ်စုသည် သူတို့လိုမျိုးတူ၊ အသားအရောင်တူ၊ ခရိုင်တရားသူကြီး မစ္စတာလယ်စလီဂေး(လ်)၏သား ဘော်ဘီဂေး(လ်)အား ဗိုလ်တကာ့ဘုရင်ဖြစ်စေချင်သည်မှာ ဧကန်။

မျက်နှာဖြူသည် မျက်နှာဖြူကိုသာ အလေးပေးမည်မှာ အင်္ဂလိပ်မျက်နှာဖြူ၏ညာဉ်။

မတရားသဖြင့် ကျင့်တော့မည်ဟု ဆုံးဖြတ်ချက်ချပြီးလျှင် မတရားသဖြင့် လုပ်တတ်လေ့ရှိသော လူမျိုး၏ဓလေ့ကို သိထားဖို့လိုသည်။ ပြီးတော့ ဘော်ဘီဂေး(လ်)သည် မျက်နှာဖြူအရာရှိကြီး၏ သားဖြစ်သည်။

ကျွန်တော့်ဖေဖေသည်လည်း ခရိုင်ရဲဝန်ထောက် D.Y.S.P ဖြစ်ပါသည်။ သို့သော် ဖေဖေ ဦးဖေခင်သည် မြန်မာ၊ အင်္ဂလိပ်ကပြားတွေ ဗိုလ်ကျစိုးမိုးဆဲမို့ ဖေဖေမတိုးသာ။

ပွဲစဉ် (၃)၊ ၈၄ ပေါင်တန်း၊ နောက်ဆုံးဗိုလ်လုပွဲ။ အနီထောင့် ဘော်ဘီဂေး(လ်)၊ အပြာထောင့် ခင်အောင်။

အခမ်းအနားမှူး မစ္စတာလိုင်နင် (လျှပ်စစ်အင်ဂျင်နီယာ)က ကြေညာလိုက်သည်နှင့် ကျွန်တော်တို့နှစ်ယောက်သည် အဝတ်အစားလဲခန်းမှနေပြီး တဘက်ကလေးကိုယ်စီခြုံကာ လက်ဝှေ့ကြိုးဝိုင်းပေါ်သို့ တက်သွား၏။

စွပ်ကျယ်လက်ပြတ် အဖြူကိုယ်စီဝတ်ထားသည်။ ၇၅ ပြားတန် ကင်းဘတ်ဖိနပ်အဖြူ၊ ခြေအိတ်အဖြူကိုယ်စီ စီးနင်းဝတ်ဆင်ထား၏။ ဘောင်းဘီက အနီနှင့်အနက် ဝတ်ထားသည်ဟု ထင်ပါသည်။ ကျွန်တော်နေရာယူရ သည့် ကြိုးဝိုင်းထောင့်အပြာနှင့် မျက်နှာတူရူတွင် လက်ဝှေ့ကြိုးဝိုင်းနှင့် အနီးကပ်ဆုံးနေရာမှာ ထိုင်ကြည့်ကြသူ ခရိုင်ရဲဝန် မစ္စတာစနေဒင်၏သား တော်မီ Tommyt ဟယ်ရီ Harry နှင့် ဝီလ်ဆင် Wilson တို့သုံးဦးက "ဘော်ဘီ....ဘော်ဘီ....ဘော်ဘီ"ဟု တစ်ခဲနက် တစ်ပြိုင်တည်း အားပေးနေကြသည်ကို တွေ့လိုက်လျှင် တွေ့လိုက်ချင်း ကျွန်တော်တအားစိတ်ထက်လာတော့သည်။ အံကိုတင်းနေအောင်ကြိတ်လိုက်၏။ လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။

ကြိုးဝိုင်းဒိုင်လူကြီး မစ္စတာ အေအန်ထော်နီက လက်အိတ်များကို စစ်ဆေးလိုက်ပြီး ကျွန်တော်တို့နှစ်ယောက်အား ကြိုးဝိုင်းအလယ်သို့ခေါ်ကာ ဥပဒေနှင့်ပတ်သက်၍ အနည်းငယ်ရှင်းပြ၏။ ပြီး လက်ဆွဲနှုတ်ဆက်စေ၏။ ပြီး ကိုယ့်ထောင့်ကိုယ် ပြန်လွှတ်၏။ ခြုံထားသောတဘက်ကို ဖယ်ထုတ်လိုက်ပြီးနောက် ဘော်ဘီဆိုသည့် ကပြားကို အသေအကျေ တရကြမ်းထိုးသတ်တော့ရန် အရန်သင့်ပြင်ထားသည်။

Clear The "ဒေါင်"ဟူသော ကလိုင်သံကြားလိုက်သည်နှင့် ဘော်ဘီရပ်နေရာသို့ လေနှင့်အတူ တစ်ဟုန်ထိုးပြေးထွက်ကာ ဘယ်၊ ညာ လက်

www.burmeseclassic.com

www.burmeseclassic.com



သီးစုံ မွှေတော့သည်။

"ခင်အောင်ကွ.....ခင်အောင်ကွ၊ ခင်အောင် လိုက်ထိုး.....လိုက်ထိုး"

"ဘော်ဘီ....ဘော်ဘီ...ဘော်ဘီ"

တစ်ရုံလုံး ပရိသတ်အားလုံး၏ အားပေးသံသည် မိုးမွှန်နေချေသည်။

"ခင်အောင် ထိုး.....ထိုး၊ လိုက်ထိုး၊ ကပြားကို အသေထိုး"

"ဘော်ဘီ.....ဘော်ဘီ၊ မဆုတ်နဲ့.....မဆုတ်နဲ့၊ မင်းနိုင်နေတယ်"

အနီသို့ ဘတစ်ပြန်ကျားတစ်ပြန် ရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်နေစဉ်၌ပင် ပထမအချီပြီးသွား၏။

ကျွန်တော်ယုံသည်။ ကျွန်တော် အနိုင်ရသည့်ပွဲ။ ဘော်ဘီ၏နှာခေါင်းမှ သွေးရဲနီနီများ ထွက်လာသည်ကို တွေ့ထားသဖြင့် ကျွန်တော် အားတက်နေမိ၏။ ပရိသတ်ကြီးက "ခင်အောင်.... မင်းနိုင်တယ်၊ လိုက်ထိုးပါ...လိုက်ထိုး" ဟု အားပေးအားမြှောက်လုပ်နေ၏။

တစ်မိနစ်နားရသည့်အချိန်စေ့သည်နှင့် Clear The Ringsecond Round "ဒေါင်"ဟု ကလိုင်သံထွက်ပေါ်လာသည်။ ကျွန်တော်က ပြေး၍ ဝင်ချတော့သည်။ သူမဆိုးပါ။ ရဲရဲဝံ့ဝံ့တည်၏။ (ယောကျ်ားဘသား နောက်တစ်လက်မ မဆုတ်စတမ်း၊ အသေသတ်ကြစို့ဟေ့)ဟု မပြောသော်လည်း ပြောသကဲ့သို့ ဝိုင်းလယ်မှာ နဖူးတွေ့ဒူးတွေ့ ယှဉ်သတ်ကြတော့သည်။ သုံးမိနစ် ထိုးချီပြည့်သည်နှင့် ကလိုင်သံ ပေါ်ထွက်လာသည်။

ကျွန်တော်ပဲလက်ရည်သာ၏။ နိုင်ပြန်ပြီ။ ဘော်ဘီ၏နှာခေါင်းက သွေးများစီးကျနေ၍ ကျွန်တော် အားတက်



ပြီး ပျော်နေသည်။

ဘော်ဘီကို ရက်ရက်စက်စက် ထိုးသတ်နေစဉ်တွင် ခရိုင်ရဲဝန်၏သား အင်္ဂလိပ်ကပြား တော်မီ၊ ဟယ်ရီနှင့် ဝီလ်ဆင်တို့ညီအစ်ကိုသုံးဦး၏ စူးစူးရှရှ "ဘော်ဘီ.....ဘော်ဘီ"ဟု အားပေးသံကို ကျွန်တော့်နားထဲ ကြားနေရရာ သူတို့ညီအစ်ကိုကို မုန်းလှသည်မို့ ကျွန်တော့်လက်ထဲ အလူးအလဲခံနေရသူ သူတို့၏သူငယ်ချင်း ဘော်ဘီကို ပို၍ ရက်ရက်ရောရော ထိုးနှက်လိုက် သည်။ ယင်းသို့ အသေအလဲ ထိုးနှက်နေစဉ်အတွင်း.....

"အသေထိုး.....အသေထိုးပစ်၊ တို့မြန်မာကွ.....တို့မြန်မာကွ"

ဟူသော အသံနက်ကြီး ထွက်ပေါ်လာ၏။ ထိုအသံသြဘာကို ကျွန်တော် အကြိုက်ဆုံးဖြစ်သည်။ တတိယအချီ အစမှအဆုံး ကျွန်တော်က မာရေကျောရေနှင့် ထိုးနှက်နိုင်ပြန်သည်။ ဘော်ဘီ ပျော့သွားပါပြီ။ သို့တစေ သူသတ္တိတော့အကောင်းသား။ ကျွန်တော် အပြာထောင့်တွင် တဘက်ကလေးခြုံကာ အနိုင်အရှုံးကြေညာမည်ကို ရင်ဝယ်တသိမ့်သိမ့်နှင့် နားစိုက်ထောင်နေရင်း တော်မီ၊ ဝီလ်ဆင်တို့ ညီအစ်ကိုသုံးယောက်အား စိုက်၍ကြည့်မိသည်။ သူတို့သုံးယောက်ကလည်း ကျွန်တော့်ကို ရန်သူလို ရန်ဘက်ပမာ စိုက်ကြည့်လျက်ရှိသည်။

အေးလေ၊ မနှစ်တုန်းက ရန်ဖြစ်ခဲ့တယ်မဟုတ်ပါကလား။ သုံးယောက်နဲ့တစ်ယောက်လေ။ အဲဒီတုန်းက ခင်အောင် လက်ဝှေ့မထိုးတတ်သေး။

ဟင်း.....ခုလိုများ လက်ဝှေ့ထိုးသတ်တတ်ခဲ့လျှင်တော့ သူတို့မလွယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လျှောက်တွေးတော နေစဉ်အတွင်း အမှတ်ပေးဒိုင်လူကြီး သုံးဦးရှိသည့်အနက် နှစ်ဦးက ကျွန်တော့်ကို အနိုင်ပေးလိုက်ကြောင်း ကြေညာလိုက်တော့သည်။

ကျွန်တော့်ထောင့်မှ ဖန်သီး အပြားကလေး လင်းလာသည်။ ပရိသတ် (၅၀၀၀)ကျော်၏ လက်ခုပ်သြဘာသံကြီးသည် ဝက်ဝက်ကွဲတမျှ သောင်းသောင်းဖြဖြ အားပေးလိုက်ကြသည်။

+++

၁၉၅၀ ပြည့်နှစ်၊ နံနက် ၈ နာရီ၊ ဆောင်းတွင်း၏ နံနက်ခင်း။

ထိုရက်က တနင်္ဂနွေနေ့ ကျောင်းပိတ်၏။



ရွှေဘိုမြို့ရဲဌာနဝင်းကြီးအတွင်း၌ ကျွန်တော်တို့မိသားစု ခရိုင်ဝန်ထောက်အတွက် ပေးထားသော တိုက်ကြီးတွင် နေကြရ၏။ ထိုရဲဌာနဝင်းကျယ်ကြီး၏ မြောက်ဘက်စွန်း မန်ကျည်းပင်ကြီး၏ အောက်တွင် ကျွန်တော်တို့တစ်တွေ အမြဲတမ်း ဆော့ကစားကြလေ့ရှိသည်။ ရဲဌာနဝင်း၏ ပြင်ပ ကိုက် (၃၀၀)ခန့် အကွာအဝေးတွင် ခရိုင်ရဲဝန် D.S.P မစ္စတာ အေအီးစနေဒင်တို့မိသားစုနေကြသော တိုက်နီကြီးက ထီးထီးရှိ၏။ (ယခု ရန်ကြီးအောင်ပန်းခြံတည်ရှိရာ နေရာဖြစ်သည်။)

ကျွန်တော်က ရဲအရာရှိသားဖြစ်သော်လည်း အရာမရှိ ရာထူးမရှိသည့် ရဲတပ်ဖွဲ့ဝင်များ၏ သားတွေနှင့်သာ ပေါင်းသင်း၏။ အရာရှိတွေ၏ သားသမီးတွေနှင့် မပေါင်းသင်းဖြစ်။

ဆောင်းရာသီအစ နံနက်ခင်း ၈ နာရီခန့်ဝယ် ကစားနေကျ မန်ကျည်းပင်ကြီးဆီသို့ ကျွန်တော်သွားသည့် အချိန်တွင်ဖြစ်သည်။

အင်မတန် ရွံစရာကောင်းလှသော မြင်ကွင်းတစ်ခုကို ကျွန်တော် တွေ့လိုက်ရသည်။ ထိုမြင်ကွင်းသည် ၁၉၅၀ ပြည့်နှစ်ကဖြစ်၍ ယနေ့ဆိုလျှင် နှစ်ပေါင်း (၄၉)နှစ်ထဲ ရောက်နေပါသော်လည်း ကျွန်တော့်မျက်ဝန်းအိမ်ထဲမှ မထွက်သေးပါပေ။

ကျွန်တော်နှင့်အမြဲကစားနေကျ ညိုမောင်နှင့်ညိုအောင်သည် ပုဆစ်လေးတွေတုပ်၊ လက်အုပ်ကလေးတွေချီလျက် မျက်ရည်ပေါက်ပေါက်ကျနေကြသည်ကို တွေ့နေသလို သူတို့နှစ်ဦး၏ရှေ့တွင် ခါးထောက်ကာ ဘုရားထူးခံနေသူသုံးဦးကို တွေ့နေရပြန်၏။ ကျွန်တော်တို့တစ်တွေသည် ၁၂ နှစ်အရွယ် ပတ်ဝန်းကျင်လေးတွေချည်းတည်း။

"ဟေ့ကောင် ညိုမောင်၊ ဘာဖြစ်လို့ ရှိခိုးနေတာလဲကွ"

ကျွန်တော်က မေးလိုက်၏။ ညိုမောင်က ငိုယိုရင်း.....

"ငါ့ကို ဘုရားအထူးခိုင်းနေတယ်၊ မထူးရင် ခြေထောက်နဲ့ကန်တာ"

ကျွန်တော်သည် ဘာမပြောညာမပြောနှင့် ညိုမောင်၊ ညိုအောင်တို့၏ ရှေ့တွင် မတ်တတ်ရပ် ခါးထောက်လိုက်၏။

"ဟေ့ကောင်ဘိုစုတ်၊ မင်းတို့ကို ဘာဖြစ်လို့ ဘုရားထူးရမှာလဲကွ"

ယင်းသို့ပြောပြီး ကျွန်တော်က စတင်၍ လက်သီးနှင့် အကြီးကောင် တော်မီ၏ နှာနုချွန်ကို ထိုးလိုက်သည်။ ဟယ်ရီနှင့် ဝီလ်ဆင်က ကြောင်စီစီနှင့် ကြည့်နေရာမှ ကျွန်တော့်ကို ဝိုင်းထိုးရန် ထွက်ကြတော့သည်။

သုံးယောက်နှင့်တစ်ယောက် လုံးထွေးသတ်ပုတ်နေကြ၏။ ဟယ်ရီက သူစီးထားသော ဘွတ်ဖိနပ်နှင့် လည်မျိုကို မလွတ်တမ်းညှစ်ထားသည်။ အနီသို့ လုံးထွေးသတ်ပုတ်နေစဉ် လက်ဝှေ့နည်းပြဆရာကြီး တိုရီယိုဆိုဆား (ရဲတပ်ကြပ်ကြီး)က ဝင်ပြီးဖျန်ဖြေပေး၏။

တော်မီ ပါးစပ်ပေါက်စုတ်သွားသည်ကို တွေ့လိုက်ရသည်။ ကျွန်တော် ချိုစောင်းဖုသွားသည်။ သုံးယောက်တို့ တစ်ယောက်တည်းက အနိုင်မခံအရှုံးမပေးစတမ်း ပြိုင်သတ်သည်ကို လက်ဝှေ့နည်းပြဆရာကြီးက ကျေနပ်သွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘိုစုတ်တွေ လူဝါးဝတယ်"

မျက်နှာဖြူလေးများနှင့် ရန်ဖြစ်ပြီးနောက် ရက်သတ္တ တစ်ပတ်မျှအကြာဝယ် ကျွန်တော် လက်ဝှေ့ပညာကို စတင်သင်ယူသည်။

သုံးလကြာကာလ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ ၂၊ ၃၊ ၄ ရက်နေ့ညများတွင် လက်ဝှေ့ပွဲထိုးတော့သည်။ လက်ဝှေ့ပွဲတွင် ဘိုကပြားအုပ်စု၊ ဘော်ဘီဂေးလ် Bobby Gall နှင့် ထိုးသတ်ရစဉ်ဘာဖြစ်သည်မသိ။ ဘိုကပြားဆို အလိုလိုမုန်းနေမိသည်။

မုန်းမုန်းနှင့် အသေလိုက်ထိုးတော့သည်။

ကျွန်တော် နောင် ၁၀ နှစ်ကြာကာလ ၁၉၆၀ ပြည့်နှစ်ထဲတွင်ထင်၏။ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ လုံးချင်းဝတ္ထုဖြစ်သော (သူ့ကျွန်မခံပြီ)ကို စွဲစွဲလမ်းလမ်းဖတ်ရာတွင် အံကြိတ်၍ လက်သီးဆုပ်မိတော့သည်။

တကယ်တော့ . . . ကျွန်တော့် အသည်း တစ်နေရာတွင် အင်္ဂလိပ်မျက်နှာဖြူအနွယ်တွေကို ရွံမုန်းခဲ့သည့် သန္ဓေသားသည် ၁၀ နှစ်ကြာကာလ ရင့်မာလာပြီဖြစ်သလို သူ့ကျွန်မခံပြီ အမျိုးသား နိုင်ငံရေးရာဝတ္ထုကြီးက နှိုးဆွပေးလိုက်ပြီဖြစ်သည်။

"အင်း...နယ်ချဲ့အရင်းရှင် မျက်နှာဖြူ အင်္ဂလိပ်လူမျိုးဆိုရင် ဘယ်တော့မှ၊ ဘယ်နေရာ၊ ဘယ်အဆင့်မှ လုံးဝ လုံးဝ မယုံရပါလား၊ မြေခွေးလို လူစားတွေပါလား"ဟု အတွေးပေါက်မိပါတော့သည်။

ယခုတော့ လွတ်လပ်ရေးရရှိ၍ တန်းတူရည်တူ ဆက်ဆံနေကြရပါပြီ။ ကျွန်တော့်အသက်အရွယ်နှင့် ဖြတ်သန်းလာသော အတိတ်ကာလတို့ကြောင့် အမုန်းစိတ်ကရှိနေဆဲ။ ဘုရားမထူးနိုင်ခဲ့သည်မှာ ကျွန်တော်၏ ပင်ကိုစိတ်ခံတော်ပင်ဖြစ်ပါသည်။

ရွှေဘိုဘာမထီခင်အောင်


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၇၇)

ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရင်ကာရှိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်


အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သကြောင့် အမှားလုပ်ခဲ့မိတာပါဗျာ၊
ထွေးနုကို ညီမလေးတစ်ယောက်လို သဘောမထားနိုင်ခဲ့ဘူး။
ထွေးနုတို့မိသားစုနဲ့ ပတ်သက်ရင်
သူတို့ကျေးဇူးတွေက အများကြီးရှိနေပါတယ်ဗျာ၊
အဲဒီကျေးဇူးတွေကို
ကျွန်တော်က မေ့လျော့ခဲ့တယ်



# ယက်ယက်ဦးဝေ

## တုံ့ပြန်အမှား

www.burmeseclassic.com

www.burmeseclassic.com



ထွေးနု၏ အသုဘမြေချပြီးသည်နှင့် ရင်မောင်လည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် သုသာန်မှ ပြန်လာခဲ့ရ၏။

''သွားလေတော့ ထွေးနုရေ၊ နောင်ဘဝဆိုတာများ လူပြန်ဖြစ်ခဲ့ရင် ငါ့နှမလေး ဒီအဖြစ်ဆိုးမျိုးက ကင်းလွတ်ပါစေကွာ''

တရားအသိရှိနေသူဖြစ်၍ ရင်မောင် မငိုပေ။ အမေနှင့် ကျန်ညီအစ်ကို မောင်နှမများက ငိုနေကြ၏။ ထွေးနု၏ခင်ပွန်း ချမ်းငြိမ်းလည်း ကလေးငယ်ကို လက်ဆွဲလျက် စိတ်မချမ်းသာစွာဖြင့် လျှောက်နေသည်။ ယောက်ဖဖြစ်သူ၏ အားငယ်ခြင်းအား ရင်မောင်က နှစ်သိမ့်ပေးရပေမည်။

''စိတ်မကောင်းဖြစ်မနေပါနဲ့ ချမ်းငြိမ်းရာ၊ ထွေးနုမရှိတော့ပေမယ့် မင်းကိုတို့မိသားစုလိုပဲ သဘောထားမှာပါကွာ''

''ကျွန်တော် စိတ်မကောင်းဖြစ်ရတာက ထွေးနုကို ဘာကြောင့်များသတ်သွားရတာလဲဗျာ၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ ထွေးနုက ရိုးသားပြီးစိတ်ကောင်းရှိတဲ့သူပါ ကိုရင်မောင်ရာ''

''တရားခံကိုမိဖို့ ရဲတွေက စုံစမ်းနေပါတယ်ကွာ၊ ထွေးနုမှာ ဒီလိုဖြစ်ဖို့ကံပါလာတာပါ၊ ငါတို့လည်း ထွေးနုအတွက် ယူကျုံးမရဖြစ်နေရတာပါပဲကွာ၊ အမေဆို ပိုဆိုးတာပေါ့''

''သားက သူ့အမေကို မေးနေတယ်၊ ကျွန်တော် ဘယ်လိုဖြေရမှာလဲဗျာ''

ရင်မောင်လည်း တူဖြစ်သူကို ကောက်ချီ၍ ရင်ခွင်ထဲ ထွေးဖက်ထားလိုက်၏။ သုံးနှစ်အရွယ် ကလေးငယ်လေးမှာ မျက်လုံးလေး တလည်လည်ဖြင့် မိခင်ပျောက်ကို ရှာဖွေနေပြန်၏။

''ဘဘ.....မေမေရောဟင်''

''ပြန်လာမှာပေါ့ သားရယ်၊ သားမေမေက ဟိုးအဝေးကြီးမှာ သားအတွက် မုန့်တွေသွားဝယ်နေတယ်နော်၊ အိမ်ရောက်ရင် ဘဘ မုန့်ကျွေးမယ်နော်''

''ဟုတ်ကဲ့''

ရင်မောင်မှာ ပင့်သက်မောကိုချမိ၏။ ရိုးအေးသော နှမဖြစ်သူအား ရင်မောင်ကိုယ်တိုင် ချမ်းငြိမ်းနှင့်သဘောတူ၍ အိမ်ထောင်ချပေးခဲ့ခြင်းဖြစ်သည်။ ရွာထဲမှ ကာလသားများအား ရင်မောင်က သဘောမကျခဲ့ပေ။ သည်တော့ ချမ်းငြိမ်းနှင့်နီးစပ်ရန် ရင်မောင်က အိမ်အလည်ခေါ်လာခဲ့၏။ ချမ်းငြိမ်းလည်း ထွေးနုကို ချစ်ခင်စုံမက်သူဖြစ်သည့်အတွက် ထွေးနုထံမှ အဖြေရသည်နှင့် ရင်မောင်က စီစဉ်ပေးခဲ့၏။

ရင်မောင်သည် အစ်ကိုကြီးပီသသူဖြစ်ရာ မိဘလက်ငုတ်လက်ရင်းလယ်မြေအား မောင်နှမများက ဝိုင်းဝန်းလုပ်ကိုင်ကြရသည်။ မိခင်ကြီး ဒေါ်မေစုရှိနေသည့်အတွက် စည်းစည်းလုံးလုံးနေကြရင်း အေးချမ်းစွာ လုပ်ကိုင်စားသောက်နေကြ၏။ သို့ပေမယ့် ရင်မောင်မှလွဲ၍ ကျန်မောင်နှမများမှာ အိမ်ထောင်အသီးသီးကျကုန်ကြပြီး အိမ်ခွဲနေကြသည်။ ထွေးနုတို့မိသားစုသာ မိခင်ကြီး၊ အစ်ကိုကြီးတို့နှင့်အတူ နေထိုင်၏။

''ထွေးနုကို စိတ်မချလို့ အမေက သူ့မျက်စိအောက်မှာ ထားခဲ့တာပါ ချမ်းငြိမ်းရာ''

''ထွေးနုကို ရိုးလည်းရိုး၊ အလည်းအတော့ အမေမပြောနဲ့ ကျွန်တော်တောင် စိတ်မချတာပါ ကိုရင်မောင်ရာ၊ သူ့ကိုမုန်းတဲ့သူ ဒီရွာမှာမရှိကြပါဘူး''

''ဟုတ်တယ် ချမ်းငြိမ်း၊ ငါလည်း အဲဒါကို စဉ်းစားနေတာပဲ၊ မင်းနဲ့စကားတွေဘာတွေများ များထားကြသေးလား''

''မများပါဘူး အစ်ကိုရင်မောင်ရာ၊ ထွေးနုကို ချစ်လွန်းလို့ စကားတောင်မာမာမပြောရက်ပါဘူးဗျာ၊ ကိုရင်မောင်မေးသလိုမျိုး ရဲတွေက ကျွန်တော့်ကိုမေးခဲ့တယ်''

''ဒါတော့ အမှုမှန်ပေါ်အောင် တာဝန်အရ မေးရတာပါကွာ၊ ထွေးနုကို ရေထဲခုန်ချသေသွားတာလို့ ထင်နေမှာပေါ့၊ မင်းနဲ့စကားများပြီး စိတ်ညစ်လို့ သတ်သေသွားတယ်ထင်မှာပေါ့ကွာ''

လမ်းလျှောက်လာရင်းမှ ရင်မောင်က ပြောပြနေ၏။ ပြီးမှ တစ်စုံတစ်ရာအား သတိရသွားပြီး.....

''ရဲတွေက ထွေးနုအလောင်းကို စစ်လိုက်ချိန်မှာ လူသတ်မှုဆိုတာ [illegible] ချာတယ်လို့ ပြောခဲ့တယ် ချမ်းငြိမ်း ဘာကြောင့်လဲဆိုရင် ထွေးနု[illegible] နားရွက်

www.burmeseclassic.com

တွေပြုတ်နေလို့ပဲတဲ့၊ ကြည့်ရတာ နားဆွဲကို ဆွဲဖြုတ်ထားတဲ့ဒဏ်ရာ တွေ့လို့ပဲကွ"

"တောက်.....ရက်စက်လိုက်ကြတာနော်၊ လူ့အသက်တစ်ချောင်းကို ဖက်ရွက်လိုများ သဘောထားနေကြသလားမသိဘူး၊ ထွေးနု...ထွေးနု၊ မင်းကံဆိုးလိုက်တာကွာ"

"လူသတ်မှုဆိုတာ မလွဲမသွေ ပေါ်မှာပဲ ချမ်းငြိမ်း၊ ထွေးနုအလောင်းကို ကြည့်ချိန်က ငါးတွေကိုက်ထားတာလို့ ထင်နေတာကွ၊ နောက်မှ ရဲအရာရှိက ငါ့ကို ရှင်းပြခဲ့တာပဲ၊ နားကပ်က ရှစ်သောင်းလောက်ပဲတန်တာ မဟုတ်လား၊ ငါတို့တွေ စပါးပေါ်ချိန်က အတူတူဝယ်ထားကြတာလေ"

"ဒါကြောင့်မို့ မိန်းမကို နားကပ်မဝတ်ဖို့ ပြောတာပေါ့ဗျာ၊ ထွေးနုက အရမ်းလုချင်တော့ အခု အသက်ဆုံးရှုံးရပြီ၊ ကေန္တ နားကပ်လိုချင်လို့ သတ်သွားတာပဲဖြစ်ရမယ်"

ချမ်းငြိမ်းသည် ထွေးနုမျက်နှာလေးအား မြင်ယောင်ရင်း ဇနီးချောလေးအား ယူကျုံးမရဖြစ်နေမိ၏။

"ချမ်းငြိမ်းနဲ့ရင်မောင်ရေ ငါတို့လည်း ထွေးနုအတွက် စိတ်မကောင်းပါဘူးကွာ"

"ထွေးနုမှာ သေကံပါလာလို့ ဖြစ်ရတာပါ ကိုကြီးသောင်ရာ၊ တရားနဲ့ဖြေရတော့မှာပေါ့ဗျာ"

"ထွေးနုသတင်းကိုကြားတော့ ရွှေရီက ငိုလိုက်တာကွာ၊ သူက ထွေးနုကို သိပ်သံယောဇဉ်ရှိတာကွ၊ အားရင် စကားတွေပြောကြ၊ ထမင်းလက်ဆုံစားကြနဲ့ မင်းတို့ငါတို့တွေက လယ်ထဲမှာပဲ အချိန်ကုန်နေကြတာမဟုတ်လား"

"အစ်မရွှေရီကိုလည်း ပြောလိုက်ပါဗျာ၊ သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့၊ ထွေးနုက အစ်မရွှေရီကို သိပ်ခင်တာဗျ၊ ကိုကြီးသောင်တို့အိမ်က ပြန်လာပြီဆို သူကြားရတဲ့ သတင်းတွေ၊ အတင်းတွေကို ကျုပ်ကိုပြောပြတတ်တာ၊ အခုတော့ အစ်မရွှေရီလည်း အဖော်မဲ့သွားပြီပေါ့ဗျာ"

အသုဘလိုက်ပို့သော အေးသောင်က သူတို့နှင့်လျှောက်ရင်း ပြောပြသည်။ သည်လိုနှင့် ရွာထဲသို့ရောက်လာကြမှ အသုဘလိုက်ပို့သူများက အသီးသီး လမ်းခွဲသွားကြသည်။

+ + +

"ရွှေရီရေ ညည်းက အခုမှ ရောက်လာနော်၊ ထွေးနုက ညည်းကို သိပ်ခင်တာအေ့"

"ပြောတော့ အရီးရယ်၊ ရွှေရီလည်း အိမ်မှာ မျက်ရည်နဲ့မျက်ခွက်ပါတော်၊ အိမ်ကိုလာရင် ထွေးနုကို သတိရနေမှာစိုးလို့ပါ၊ အီး.....အီး.....ဟီး"

ရွှေရည်သည် မျက်ရည်များကို ထိန်းမထားနိုင်တော့ဘဲ ငိုချလိုက်၏။ ဒေါ်မေစုလည်း ပြောပြီးမှ စိတ်မကောင်းဖြစ်သွားမိသည်။ ရွှေရီသည် တကယ်လည်း အိမ်မှငိုလာပုံရ၏။ ရွှေရီ့မျက်နှာမှာ မို့ဖောင်းပြီး မျက်လုံးမှာ နီရဲနေသေးသည်။

"ကဲပါအေ.....ညည်းငိုနေလို့ ထွေးနုက ပြန်လာမှာမှ မဟုတ်တာ၊ ကဲ.....တိတ်.....တိတ်၊ ထွေးနုရက်လည်အတွက် ဝိုင်းကူလုပ်ပေးဦး"

"ကျွန်မလည်း ထွေးနုရဲ့ နောက်ဆုံးခရီးအတွက် ရောက်လာတာပါ အရီးရယ်၊ သူနဲ့ နောက်ဆုံးတွေ့ခဲ့တာ ရွှေရီပါ၊ ကျွန်မအိမ်ကနေ စားသောက်ပြီးမှ ပြန်သွားတာပါတော်၊ ညရောက်မှ ထွေးနုပျောက်သွားတဲ့သတင်းကိုကြားရပြီး နောက်တစ်ရက်မှ သေသွားမှန်း သိခဲ့ရတာပါ၊ ဟင့်.....ဟင့်"

"ဒါဆို အစ်မကြီးက မထွေးနုနဲ့ အတူရှိခဲ့တာပေါ့နော်"

မျက်နှာစိမ်းအမျိုးသားတစ်ယောက်က ဝင်ပြောမှ ရွှေရီလည်း တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် မျက်ရည်များကို သုတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့်"

"အဲဒါဆို အစ်မကြီးအိမ်ကအပြန်မှာ မထွေးနုက ပျောက်သွားတာပေါ့နော်"

"ကျွန်မ သေသေချာချာတော့ မသိခဲ့ရပါဘူးရှင့်၊ ဒါနဲ့ ရှင်က ဘယ်သူလဲ၊ ဒီရွာမှာ ရွှေရီတို့က မွေးကတည်းက နေလာတာ၊ ရှင့်ကို မမြင်ဖူးပါဘူး"

"ဟဲ့...ရွှေရီ၊ အဲဒါက မြို့ပေါ်က ရဲအရာရှိကွဲ့၊ ထွေးနုသတင်းကို လာစုံစမ်းတာပါ"

"ဟင်.....ဟုတ်လား"

ရွှေရီက ကြောက်ရွံ့ဟန်ဖြင့် အသံတိတ်သွားတော့၏။ သည်တော့မှ ရဲအရာရှိက.....

"မရွှေရီက သေဆုံးသူနဲ့ နောက်ဆုံးတွေ့ခဲ့ရသူဆိုတော့ ကျွန်တော်မေးတာကို စဉ်းစားပြီးဖြေပါနော်"

"ရှင်.....ကျွန်မ.....ကျွန်မ ဘာမှ မသိပါဘူးရှင်"

"ဟုတ်ပါတယ်၊ မရွှေရီ သိ

www.burmeseclassic.com

www.burmeseclassic.com



သလောက်ကို ပြောပါဗျာ''

''ကျွန်မတို့အိမ်ကိုလာပြီး အတူ
ဘု စားသောက်ခဲ့ကြပါတယ်ရှင်၊ ပြီးမှ
သူ့ယောကျ်ား ပြန်လာတော့မယ်ဆိုပြီး
အပြေးတိုက်ထွက်သွားတာပါပဲ၊ အဲဒါပဲ
ကျွန်မ သိခဲ့တာပါရှင်''

''သူတစ်ယောက်တည်း ထွက်
သွားတာလား''

''ဟုတ်ပါတယ်ရှင်၊ တစ်ယောက်
တည်းပါပဲ''

''ကောင်းပါပြီ၊ ဒီလောက်သိရတာ
ကျေးဇူးတင်ပါတယ်ဗျာ''

ရဲအရာရှိထွက်သွားမှ ရွှေရီလည်း
သက်ပြင်းမောကို ချလိုက်မိသည်။ အား
လုံး၏မျက်လုံးများက သူမအား ကြည့်
နေကြသည့်အတွက် ရွှေရီလည်း လုပ်
ကိုင်စရာများကို လုပ်ကိုင်ပြီးသည်နှင့်
ဒေါ်မေစုကိုနှုတ်ဆက်၍ ပြန်လာခဲ့၏။
ခုချိန်တွင် အေးသောင်တစ်ယောက် ဖဲ
ဝိုင်းတွင် ရောက်နေပေဦးမည်။ အိမ်
တွင် ကလေးနှစ်ယောက်ကျန်ခဲ့၏။

''ဟင်း...အခုမှပဲ မွန်းကျပ်စိတ်
တွေ ပျောက်တော့တယ်၊ ဩော်...ရွှေ
ရီ.....ရွှေရီ ညည်းမလည်း ဒုက္ခပါပဲ နော်၊
ဒါကြောင့်မို့ အမေက ငါ့ကိုပြော တာပဲ၊
အိမ်ထောင်ပြုရင် ညည်းစိတ်
ညစ်ရလိမ့်မယ်တဲ့၊ ဟုတ်ပ့ါ။ အိမ်ထောင်
ကျချိန်ကတည်းက မျက်ရည်နဲ့မျက် ခွက်၊
တစ်ရက်မှ စိတ်မချမ်းသာခဲ့ဘူး၊
ကိုအေးသောင်ရေ.....ရှင်ဘယ်တော့မှ
သိမှာပါတော့မလဲရှင်''

အေးသောင်သည် တစ်ခါတစ်ရံ
တွင် လယ်ထဲမဆင်းဘဲ ဖဲဝိုင်းတွင်တစ်
နေကုန်ထိုင်နေတတ်၏။ ညပြန်မအိပ်
သည့်ရက်များပင်ရှိခဲ့သည်။ ကြာတော့

အိမ်ထောင်ရေးမှာ
စိတ်ချမ်းသာတဲ့
ထွေးနုကျတော့
သေမင်းက
ခွဲရက်တယ်၊
ထွေးနုသေမယ့်အစား
အိမ်ကလူကြီး
သေသွားတာမဟုတ်ဘူး၊
အဲဒါမှ ငါဝဋ်ကျွတ်မှာ
...

လည်း ရွှေရီမှာ ရိုးနေပေပြီ။ ကလေး
များရှိနေသောကြောင့်သာ သည်းခံ
ပေါင်းနေခြင်းဖြစ်၏။

''အိမ်ထောင်ရေးမှာ စိတ်ချမ်းသာ
တဲ့ ထွေးနုကျတော့ သေမင်းက ခွဲရက်
တယ်၊ ချမ်းငြိမ်းလည်း ကလေးငယ်
လေးနဲ့ ဒုက္ခပဲ၊ ထွေးနုသေမယ့်အစား
အိမ်ကလူကြီး သေသွားတာမဟုတ်
ဘူး၊ အဲဒါမှ ငါဝဋ်ကျွတ်မှာ''

အိမ်သို့ပြန်ရောက်သည့်နောက်
ကြမ်းပြင်ပေါ်တွင် ဝမ်းလျားမှောက်
အကျီချွတ်လျက် အိပ်နေသော အေး
သောင်ကို တွေ့လိုက်ရတော့သည်။

''တွေ့လား၊ ပြန်လာတာနဲ့ သေ
ပြီ၊ အိမ်အလုပ်လည်း ဘာမှကူညီဖော်
မရဘူး၊ အလကားလူ''

ရွှေရီလည်း ချက်ပြုတ်ရန် မီးဖို
ထဲသို့ တန်းဝင်သွားတော့သည်။ အိမ်
ထဲတွင်လည်း ကလေးနှစ်ယောက်
ကစားထားကြသည်မှာ ရှုပ်ပွနေတော့
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း.....ကလေးတွေကတစ်မှောင့်"

ကြာလျှင် ရွှေရီပါ ရူးမည်လား မသိတော့ပေ။

+ + +

"ရွှေရီရေ.....ရွှေရီ"

အိမ်နောက်တွင် ချက်ပြုတ်နေစဉ် အိမ်ရှေ့ဆီမှ ခေါ်သံကြားရသဖြင့် ပြေးလာရပြန်၏။ အိမ်ရှေ့တွင် ရင်မောင်နှင့် အမျိုးသားနှစ်ယောက်ကို တွေ့ရ၏။

"ကိုရင်မောင်ပါလား၊ ဘာကိစ္စလဲတော့်"

"ဒီကရဲအရာရှိက မင်းတို့အိမ်ကို လိုက်ပို့ပေးပါဆိုလို့ ခေါ်တာလာပါ၊ ကြွပါခင်ဗျာ"

"အလုပ်ရှုပ်တယ်လို့တော့ မထင်နဲ့ပေါ့ဗျာ၊ မေးစရာလေးတွေ ကျန်သေးလို့ပါဗျာ"

"ဟုတ်ကဲ့ရှင့် မေးပါ၊ ကိုအေးသောင်.....ထဦးလေ၊ ဒီမှာ ညှော်သည်တွေရောက်နေတယ်"

"ကိုကြီးသောင် အိပ်ချင်ရင် အိပ်ခန်းထဲသွားအိပ်လေဗျာ၊ ထ.....ထ"

အေးသောင်လည်း ရင်မောင့် အသံကြားမှပင် လူးလဲထထိုင်လိုက်တော့သည်။ လူစိမ်းနှစ်ဦးကြောင့် ကိုယ်ရှိန်သတ်သွား၏။

"ကိုအေးသောင်ဆိုတာ ခင်ဗျားနော်"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတို့က မြို့ကညှော်သည်တွေလား၊ ခင်ဗျားတို့ကို ကျုပ်မသိဘူး၊ အိမ်မှားနေပြီ၊ ရင်မောင် မင်းညှော်သည်တွေကို ပြန်ခေါ်သွားကွာ"

"ယောက်ျား.....ရှင်ဘာတွေပြောနေတာလဲ၊ သူတို့က ရဲအရာရှိတွေရှင့်"

"ဗျာ.....ဩော်.....ဟုတ်လား၊ မသိလို့ပါဗျာ"

မျက်နှာချိုသွေးကာ ပြောလိုက်၏။ ညှော်သည်တစ်ယောက်က အေးသောင်မျက်နှာအား အကဲခတ်နေသလို ကျန်တစ်ယောက်က မျက်နှာထားတည်ငြိမ်စွာဖြင့် ဆက်မေးလိုက်သည်။

"ခင်ဗျားဟာ မထွေးနု ပျောက်ဆုံးတဲ့ညက အိမ်မှာရှိနေသလား"

"ရှိပါတယ်ဗျာ၊ ကျုပ်က အိမ်မပြန်ဘဲ မနေပါဘူး"

"သေချာတယ်နော်"

"အသေအချာပါဗျာ"

"အဲဒါဆို ခင်ဗျားတစ်ယောက်တည်း ညမိုးချုပ်ကြီး ဘယ်ကိုထွက်သွားတာလဲ၊ မျက်မြင်သက်သေရှိတယ်နော်"

"ဟင့်အင်း၊ ဆရာတို့ကို ပြောတဲ့သူက လူမှားနေတာဖြစ်မှာပါ၊ ကျုပ်ဘယ်မှထွက်မသွားဘူး၊ အိမ်မှာပဲရှိနေပါတယ်"

"သူတကယ်ရှိနေတာလား မရွှေရီ"

ရဲအရာရှိက ရွှေရီ့အား မေးလိုက်ရာ ရွှေရီလည်း အထစ်ထစ်အငေါ့ငေါ့ဖြင့်.....

"ရှိ.....ရှိပါတယ်ရှင်"

"ကောင်းပြီလေ၊ ဟောဒီဓားကိုရော ခင်ဗျား မြင်ဖူးသလား"

ဆောင်ဓားတစ်ချောင်းအားထုတ်ပြလိုက်ရာ အေးသောင်က အလျှင်အမြန်ပင်ဖြေ၏။

"ဟာ.....အဲဒါ ကျုပ်ပျောက်သွားတဲ့ဓားပဲဗျ၊ ဘယ်မှာပျောက်ခဲ့မှန်းမသိဘူး၊ ဒါမှမဟုတ် တစ်ယောက်ယောက်က ခိုးယူသွားတာများလား၊ ဘယ်ကနေတွေ့လာတာလဲဗျာ၊ ကျေးဇူးတင်လိုက်တာ"

"ချောင်းစပ်ကပေါ့ဗျာ၊ ပြီးတော့ ဓားနဲ့အတူ ပုဆိုးတစ်ထည်ပါ တွေ့ခဲ့သေးတယ်၊ ဒီမှာကြည့်"

အိတ်အနက်ဖြင့် ထုပ်ထားသော ပုဆိုးအားပြလိုက်ရာ အေးသောင်လည်း မျက်စိမျက်နှာပျက်သွား၏။

"ဒီပုဆိုးကို ခင်ဗျားမြင်ဖူးသလား မရွှေရီ"

ရွှေရီသည် ပုဆိုးအား သေသေချာချာကြည့်ကာ.....

"ဒါ ကိုအေးသောင်ပုဆိုးပဲရှင့်"

"ကဲ...ခင်ဗျား ဘာငြင်းချင်သလဲ၊ ဒီတော့ မှန်မှန်ကန်ကန်သာ ပြောပြဝန်ခံတော့ဗျာ"

"ကျုပ် တကယ်ကိုမသိတာပါဗျာ၊ ထွေးနုသေတာ ကျုပ်နဲ့ ဘာမှမဆိုင်ပါဘူး"

ရဲအရာရှိသည် အေးသောင်အား ဆက်မမေးတော့ဘဲ ကျုံ့ကျုံ့လေးထိုင်နေသော ကလေးငယ်နှစ်ဦးအား မုန့်ကျွေး၍ သိချင်သည်ကို မေးလိုက်၏။

"ကလေးတို့ကို ဦးဦးမေးရဦးမယ်၊ ကလေးတို့အဖေက အိမ်ပြန်မအိပ်တဲ့ညမျိုး ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်၊ အဖေက ဖဲဝိုင်းရှိရင် ညလုံးပေါက်ရှိတတ်ပါတယ်"

"ကောင်းပြီလေ၊ မင်းတို့အိမ်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



အိမ် မျက်စောင်းထိုးက သေသွားတဲ့ မထွေးနုကို သိသလား''

''ဟုတ်ကဲ့ သိပါတယ်''

''သမီးရော သိလား''

''ဟုတ်ကဲ့ သိပါတယ်ရှင့်၊ မမထွေးနု ပျောက်သွားတဲ့ညက အဖေပါ လိုက်ရှာတာ အိမ်ပြန်မအိပ်ခဲ့ဘူး။ မနက်လင်းမှပြန်လာပြီး တွေ့လည်းမတွေ့ခဲ့ဘူးတဲ့''

ရဲအရာရှိက အေးသောင်နှင့် ရွှေရီအား လှမ်းကြည့်လိုက်ရာ မျက်နှာပျက်နေကြတော့သည်။

''ဒါနဲ့ အဲဒီညက အိမ်မှာရှိခဲ့ကြတယ်ဆို''

''မရှိပါဘူး ဦးဦးရယ်၊ အဖေက အိမ်ပြန်မအိပ်လို့ အမေနဲ့တောင် ရန်ဖြစ်ခဲ့ကြပါသေးတယ်''

''ကဲ.....ကလေးကတော့မလိမ်တတ်ဘူးဗျာ၊ အမှန်အတိုင်းသာပြောကြပါတော့၊ မရွှေရီ ခင်ဗျားယောကျ်ားဘက်က လိုက်ကာပေးနေမယ်ဆိုရင် ကြံရာပါတရားခံ ဖြစ်သွားလိမ့်မယ်နော်၊ ဒီတော့ ခင်ဗျားကစပြီး သိသမျှကို ပြောပြပါတော့''

''ဟုတ်ကဲ့ပါ၊ ကျွန်မ သိတာကတော့ ထွေးနုကိုသတ်မှန်း ကျွန်မတကယ်မသိခဲ့ပါဘူး၊ သူ အိမ်ပြန်မအိပ်လို့ မနက်မှပြန်လာတော့ ပြောဆို ဆူပူမိတာပါရှင်၊ သူ့ကို ဖဲဝိုင်းမှာအိပ်ခဲ့တယ်ထင်လို့ပါ၊ အခုလိုပဲ မယားပစ်၊ သားပစ် လောင်းကစားကို ခင်တွယ်နေတော့ ကျွန်မလည်း သူ့ကိုစိတ်ကုန်နေပါပြီ''

''အဲဒါတောင် ခင်ဗျားက ဘာကြောင့် ကာကွယ်ပြောပေးနေရတာလဲ''

''ဩော်....ယောကျ်ားဆိုတော့လည်း ဖဲကစားမှုကြောင့် အဖမ်းခံရမှာစိုးလို့ပါရှင်၊ ပြောပါဦး ယောကျ်ား၊ ရှင်က ထွေးနုကို မညှာမတာ သတ်လိုက်တာလားဟင်''

အေးသောင် မဖြေပေ။ ခေါင်းကြီးကိုငုံ့၍ တိတ်ဆိတ်စွာ ဝန်ခံနေသည့်သဘောပါ။ ရင်မောင်သည် နုမလေးအတွက် ဝမ်းနည်းခြင်းများစွာဖြင့် မေးနေပြန်၏။

''ထွေးနုက ခင်ဗျားရဲ့တူမအရွယ်လေးပါ ကိုကြီးသောင်၊ သူ့မှာ ဘာအပြစ်ရှိလို့ သတ်ခဲ့ရတာလဲဟင်၊ ပြောပြစမ်းပါဗျာ၊ ချမ်းငြိမ်းသာသိရင် ခင်ဗျား မလွယ်ဘူးနော်''

''ငါ့ကို ခွင့်လွှတ်ကြပါကွာ၊ တကယ်တော့ ထွေးနုကိုသတ်ဖို့ မရည်ရွယ်ခဲ့ပါဘူး၊ ကျွန်တော် အမှန်အတိုင်း ဝန်ခံပါတော့မယ်ဗျာ''

+ + +

''သားရေ အေးသောင်၊ အိမ်ရှေ့အိမ်က မေစုဆီမှာ ဆန်တစ်ပြည်ချေးပါလို့ ရိုရိုသေသေပြောပြီး ယူပေးပါဦးကွယ်''

ကလေးများနှင့် ဂေါ်လီပစ်ကစားနေချိန်တွင် မိခင်ဒေါ်ဘိုမကခိုင်းသဖြင့် အေးသောင်မှာ စိတ်ညစ်သွား၏။

''အမေကလည်းဗျာ ကိုယ့်ဘာသာကိုယ် မသွားဘူး၊ ကစားလို့ နိုင်တော့မယ်ဆို ခိုင်းပြီ''

''အေး.....အေး၊ နိုင်တာနဲ့သွားယူပေးနော် သားလေး''

''သူများဆီကပဲ သွားချေးနေတာပဲ၊ အမေတို့ သိပ်ခက်တယ်ဗျာ၊ သူ့ယောကျ်ား လက်ကြောမတင်းတဲ့ကောင်ကို ယူထားပြီး မနိုင်းရက်ဘူး။ အမြဲတမ်း အိပ်နေတာပဲ''

''ဟဲ့သား...သူလည်း မင်းအဖေပဲလေ''

''ဘာအဖေလဲဗျ၊ ပထွေးက ပထွေးပဲ၊ ပထွေးစိတ်ဓာတ်ပဲရှိတာပေါ့၊ နောက်တစ်ခါခိုင်းရင် မလုပ်ပေးဘူး''

''အေးပါကွယ်၊ သွားယူပေးနော် သား''

အေးသောင်လည်း ပုဆိုးကိုကွင်းသိုင်း၍ ဒေါ်ဘိုမလက်ထဲမှ ဆန်ကောကိုယူကာ ပြေးထွက်သွားတော့သည်။ ဒေါ်ဘိုမတွင် သားတစ်ယောက်သာရှိ၏။ အေးသောင်တို့အဖေက ပိုးထိပြီး ဆုံးသွားရာ သူရင်းငှားနှင့် အနေနီးစပ်၍ ညားခဲ့ကြရ၏။ သည်တော့ တစ်ရွာလုံး၏ လက်ညှိုးထိုးခြင်းကို ခံခဲ့ရပြီး သူရင်းငှား ကိုထွေးမှာလည်း အလုပ်ကို သိပ်မလုပ်တော့ပေ။ အချိန်တိုင်းအရက်လေးတမြမြနှင့် မူးနေတော့၏။

''အေးသောင်၊ သေသေချာချာကိုင်သွားနော်၊ ဘိုမကိုပြောလိုက်၊ အေးအေးဆေးဆေးမှ ပြန်ဆပ်လို့''

''ဟုတ်ကဲ့ ဒေါ်လေး''

''အမယ်.....အေးအေးဆေးဆေးမှဆပ်တော့ ထွေးနုတို့က ဘာနဲ့စားရမလဲ၊ အမြဲတမ်း လာချေးနေတာမရှက်ဘူးလားဟင်၊ ထွေးနုတို့အိမ်က ဒုက္ခသည်စခန်းဖွင့်ထားတာမဟုတ်ဘူးရှင့်''

''ဟဲ့...ဟဲ့၊ သမီးထွေးနု၊ မပြောရဘူးလေကွယ်၊ အိမ်နီးချင်းကောင်းဆိုတာ ဒီလိုပဲ တစ်ယောက်ခေါက်အခဲ

www.burmeseclassic.com

www.burmeseclassic.com

ကို တစ်ယောက် ဖြည့်ဆည်းပေးရမယ်၊ ကဲ.....အေးသောင် သွားတော့ သား"

ထွေးနု၏စကားများက အေးသောင်၏ရင်ထဲတွင် ဝင်ရောက်သွားပြီး နှလုံးသားထဲအထိ စူးနစ်သွားစေရသည်။ မခံချင်စိတ်နှင့်အတူ ဒေါသက ဒေါ်ဘိုမထံ ရောက်သွား၏။ အိမ်ဘက်သို့ ဆန်ဇန်းလေးကို ယူလာပြီးနောက် မကျေနပ်ချက်ကို ထုတ်ဖော်ပြောပြလိုက်ပြန်၏။

"အမေ့ယောက်ျားကို အလုပ်လုပ်ခိုင်းနော် အမေ၊ သူမလုပ်တော့ရင် ဒီအိမ်ပေါ်မှာ မနေနဲ့တော့၊ နှင်ချလိုက်၊ အမေ့ကို သားလုပ်ကျွေးမယ်"

"အေးပါ သားရယ်၊ အေးပါကွယ်"

ထိုအချိန်က ဒေါ်ဘိုမ ရင်ထဲတွင် မည်သို့သောက ဖြစ်နေမည်မသိပေ။ အေးသောင်က ရင်ထဲရှိသမျှ ပြောချပစ်လိုက်၏။ နောက်တော့လည်း ဒေါ်ဘိုမမှာ ကင်ဆာရောဂါဖြင့် ဝေဒနာခံစားနေရချိန်တွင် ပထွေးဖြစ်သူသည်လည်း နောက်မိန်းမယူ၍ အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ အေးသောင်က လယ်စိုက်ရင်း မိခင်အား လုပ်ကျွေးပြုစုခဲ့ပြန်သည်။ လူပျိုအရွယ်ရောက်နေသည့်အတွက် စိတ်ကစားမှုလေးတော့ရှိနေ၏။

"အစ်ကိုရင်မောင်...အစ်ကို"

"ဟေ.....ငါ့နှမလေးကိုယ်တိုင် ထမင်းလာပို့တာလား၊ အေးကွာ၊ ဒီနေ့တော့ ထမင်းမြိန်ဦးမှာပဲ"

ရင်မောင်က အငယ်ဆုံးနှမလေး ထွေးနုအပေါ် အရိပ်တကြည့်ကြည့်နှင့် အခြားနှမတွေထက် ပိုချစ်၏။

"ဟုတ်တယ် အစ်ကို၊ အမေက ဒူးနာနေလို့ ထွေးနုကိုယ်တိုင် လာပို့ရတာပေါ့၊ စားတော့မှာလား၊ ထွေးနု ထမင်းပြင်လိုက်မယ်"

"အေး..အေး၊ သြော်....ချမ်းငြိမ်းအတွက်ပါ ပြင်နော် ညီမလေး၊



သူ က အစ်ကို့အလုပ်တွေကို ဝိုင်းကူလုပ်ပေးသူပါကွယ်၊ သနားပါတယ်"

"ကျွေးမှာပါ အစ်ကိုရယ်၊ ချမ်းငြိမ်းကိုတော့ ထွေးနု စေတနာရှိပါ တယ်၊ သူက မိဘအသိုင်းအဝိုင်းမှမရှိတဲ့ဟာကို"

ရင်မောင်က ချမ်းငြိမ်းကိုခေါ်ပြီးနောက် ထမင်းစားနေကြစဉ် တစ်ဖက်လယ်မှ အေးသောင်က လှမ်းပြော၏။

"ရင်မောင်ရေ ငါ့ဖို့လည်း ထမင်းချန်ထားဦးကွာ၊ အိမ်မှာချက်ကျွေးမယ့်သူမရှိတော့ ခက်နေပြီ"

ဒေါ်ဘိုမဆုံးပါးသွားသည့်နောက် အေးသောင်က တစ်ယောက်တည်းဖြစ်ကျန်ခဲ့၏။ သူ့အား အိမ်ထောင်ပြုရန် တိုက်တွန်းခဲ့သော်လည်း အေးသောင်မှာ ရတာမလို၊ လိုတာမရဖြစ်နေ၏။ သည်တော့ စားချင်ရာစား၊ သွားချင်ရာသွားသည့်အပြင် အရက်နှင့်ဖဲပါ ဖက်တွယ်လာသည်။ ဤသည်ကို ထွေးနုက ရင်မောင့်ကိုပါသွားမည်စိုး၍ အေးသောင်အား ကြည့်မရခဲ့ပေ။

"ဘာဖြစ်လို့ကျွေးရမှာလဲ၊ ပိုရင် အိမ်ကခွေးကို ပြန်ကျွေးလိုက်မယ်၊ သူ့ကျွေးနေလို့ အကျိုးမှ မရှိတာ"

"သနားပါတယ် ..ညီမလေးရာ၊ သူ့ကို ချက်ပြုတ်ကျွေးမွေးသူမှ မရှိတာဘဲကွယ်"

"အဲဒါဆိုလည်း အိမ်ထောင်ပြုပေါ့ အစ်ကိုရယ်၊ သက်သက် ဥစ္စာခြောက်နေတာပါ၊ မိန်းမယူရင် သူ့ပစ္စည်း တစ်ဝက်ပေးရမှာစိုးလို့နဲ့တူတယ်၊ ဒါမှမဟုတ်လည်း အိမ်ကနေချက်ပြုတ်လာခဲ့ပေါ့"

"ကျွေးလိုက်ပါ ထွေးနုရာ၊ ကိုကြီးသောင် စားမယ်ဆိုလည်း လာလေဗျာ၊ ထွေးနု ထမင်းပြင်ထားတယ်"

"ဟင်း..ဝေးသေး၊ အဲဒီကိုကြီးကို ထွေးနု သိပ်မုန်းတာ အစ်ကိုရင်မောင်၊ အစ်ကို ကျွေးချင်ရင်ကျွေး၊

www.burmeseclassic.com

www.burmeseclassic.com



ထွေးနုတော့ စေတနာမရှိလို့ အိမ်ပြန်လိုက်တော့မယ်"

"တယ်.....ဒီကောင်မလေး ခက်တော့တာပဲ"

ထွေးနုက အေးသောင်အား မည်သို့မျှ ကြည့်ရသူမျိုးမဟုတ်ကြောင်း ရင်မောင်က သိနေ၏။ အေးသောင်ကလည်း အေးသောင်ပါ။ ထွေးနု စေတနာရှိအောင် မနေပေ။ ကြိုက်မုန်းမသိ၊ မကြိုက်မုန်းမသိ အတင်းဝင်ပြီး လုယက်စားသောက်တတ်၏။ သည်တော့ အေးသောင်ရောက်လာသည်နှင့် ထွေးနုက ထသွားလိုက်သည်။ ဤသည်ကို အေးသောင်ကလည်း သိနေ၏။

နောက်တော့ ရွှေရီနှင့်အိမ်ထောင်ပြုလိုက်သည်။ စားသောက်ရေးကိစ္စ အဆင်ပြေသွားသော်လည်း ရွှေရီနှင့် ထွေးနုက ခင်မင်သူများဖြစ်ကြ၍ ထွေးနုက အိမ်ထောင်ရေးတွင် ဝင်ပါတတ်ပြန်သည်။

"အဲဒါ မခံနဲ့ အစ်မရွှေရီ၊ အဲဒီလူကြီးက သိပ်လည်တာ၊ ဘယ်တော့မှ သူ့ရှိတာကို ထုတ်မစားဘူး၊ ကိုယ့်မိန်းမနဲ့ ကလေးတွေပဲ၊ ကျွေးပေါ့"

"တောင်းပြန်ရင် ပါးရိုက်ခံရဦးမယ်၊ သူဖဲရိုက်တာကျတော့ ငွေကို မနှမြောဘူး၊ အစ်မလည်း စိတ်ကုန်နေပါပြီဟယ်၊ သူနဲ့နေရတာ ငရဲကျနေသလိုပဲ"

"အစ်မမို့ အဲဒီလူကြီးကိုယူတယ်၊ အကျင့်မကောင်းဘူး"

"ဟုတ်လား၊ ဘယ်လိုကြောင့်လဲဟင်"

ထွေးနုက အစ်ကိုများပြောနေသောစကားကို ကြားခဲ့၍ ရွှေရီအား ပြောပြလိုက်၏။

"အစ်မလူကြီးက အစ်မနဲ့မယူခင်က သူများမယား ကြာသွားခိုလို့ သတ်မယ်ဖြတ်မယ် ဖြစ်သေးတယ်တဲ့၊ နောက်ပြီး အဲဒီမိန်းမရဲ့ယောကျ်ားက သေသွားတော့ ဟိုမိန်းမက သူ့ကိုယူဖို့ပြောတာနဲ့ မယူချင်လို့ အစ်မရွှေရီကို အတင်းဆွဲယူလိုက်တာပဲ"

"ဟင်.....သူက ဒီလိုလား"

"ဟုတ်တယ်၊ ဒါပေမဲ့ ထွေးနုပြောတာလို့ မသိစေနဲ့နော်၊ အစ်မဘာသာ သိခဲ့သလိုလိုပြောနော်၊ တော်ကြာ အဲဒီမိန်းမနဲ့ တိတ်တိတ်ပုန်းယူထားရင် ဘယ်လိုလုပ်မလဲ"

"ဟင်း.....မုန့်ကိုသာ ဝေစား မယ်၊ အချစ်တော့ ဝေမယူဘူး"

"အဲဒါကြောင့်ပြောတာပေါ့၊ အဲဒီလူကြီးကို လျှော့မတွက်နဲ့နော်၊ ကိုယ့်ဘက်က လုပ်သင့်တာကို လုပ်ထား"

ရွှေရီလည်း ထွေးနုစကားအား ကြားပြီးသည့်အချိန်မှစ၍ အေးသောင်အပေါ်တွင် သံသယစိတ်ဖြစ်နေတော့သည်။ သည်တော့ လင်မယားချင်း စကားများကြ၊ ရန်ဖြစ်ကြနှင့် ဆဲဆိုဆူပူသံများကြောင့် ပတ်ဝန်းကျင်ကပါ သိကုန်ကြတော့သည်။

"ဒါဟာ ဟိုဟာမ ထွေးနုပြောတာပဲ ဖြစ်ရမယ်၊ တစ်ချိန်က မှားမိတဲ့အမှားကို အခုအချိန်ထိ ငါ့အပေါ် အပြစ်မြင်နေတုန်းပဲ၊ လာပေ့စေဦး၊ ဒီဟာမ....."

အေးသောင်၏ဒေါသက ထွေးနုအပေါ် စုပုံသွားရာမှ တစ်နေ့တော့ ထွေးနုသည် ရွှေရီ့ထံရောက်နေစဉ် အေးသောင်ပြန်လာသည်ကို မြင်တွေ့ပြီး ကမန်းကတန်း ထပြန်တော့၏။

"အစ်မ ထွေးနု ပြန်တော့မယ်၊ ကိုချမ်းငြိမ်း ပြန်လာတော့မှာမို့နော်၊ သွားပြီ အစ်မရေ"

ထွေးနုက ရွှေရီ့အိမ်ပေါ်မှ ပြေးဆင်းပြီး သူ့အိမ်ဘက်သို့ လျှောက်သွားသည်။ ရွှေရီက သွားနေကျဖြစ်သဖြင့် အမှုမဲ့အမှတ်မဲ့ပင် နေလိုက်၏။

\+ + +

ထွေးနုသည် အိမ်သို့ပြန်ရောက်သည်နှင့် အိမ်ထဲတွင် မည်သူမျှ ရှိမနေပေ။ အမေက သူ့သမီးများအိမ်သို့ သွားနေခြင်းဖြစ်ပေမည်။

"ဟင်း.....ဟိုလူကြီးပြန်လာတာ တွေ့လို့ ပြန်ထွက်လာတာ၊ အိမ်ထဲမှာ ဘယ်သူမှ မရှိကြပါလား၊ အမေ့ကို အမေခေါ်သွားတယ်ထင်တယ်၊ မထူး

ချမ်းငြိမ်းသာသိရင် ခင်ဗျားကို သတ်ပစ်ချင်ဦးမှာဗျ၊
ခင်ဗျားဟာ လူစိတ်မရှိတဲ့ နွားကြီး၊
နွားကမှ ကျေးဇူးရှင်မှန်းသိပြီး ခွင့်လွှတ်နိုင်သေးတယ်၊
ခင်ဗျားဟာ နွားလောက်မှ တန်ဖိုးမရှိတဲ့လူ...

www.burmeseclassic.com

www.burmeseclassic.com

ပါဘူးလေ၊ ကိုချမ်းငြိမ်းဆီ လိုက်သွားမယ်''

ထွေးနုလည်း ရင်မောင်နှင့် ချမ်းငြိမ်းတို့ရှိရာ လယ်ကွင်းဘက်သို့ တစ်ယောက်တည်းလျှောက်လာ၏။ ထွေးနုနောက်မှ အေးသောင်လိုက်ပါလာသည်ကို ထွေးနုက မသိပေ။

''ဟင်း.....ဒီနေ့တော့ နင်နဲ့ငါ စာရင်းရှင်းမှုဖြစ်မယ် ထွေးနုရေ့၊ ငါ့မကောင်းကြောင်းကို နင်က ရွှေရီ့ကို သွားပြောတယ်၊ ရွှေရီကငါ့ကိုပြဿနာလုပ်နေပြီ၊ အဲဒါ နင့်ကြောင့်ဟဲ့.....နင့်ကြောင့်''

အေးသောင်သည် ဒေါသခိုးများ ဝေနေပြီး လမ်းတွင်တွေ့သော ဝါးတုတ်တစ်ချောင်းကို ကိုင်လာ၏။

ချောင်းရိုးနှင့် ရွာစပ်သို့ ရောက်သည်နှင့် ထွေးနုအား အနောက်မှသိုင်းဖက်၍ ပါးစပ်ကိုပိတ်ကာ ချောင်းဘက်ဆီသို့ ဆွဲခေါ်သွားသည်။ ထွေးနုမှာ အတင်းပင်ရုန်းကန်ရင်း တရွတ်တိုက်လိုက်ပါသွား၏။ အဝတ်အစားများမှာ ဖရိုဖရဲနှင့်ပါ။

''ဟင်.....ကိုအေးသောင်ကြီးပါလား၊ ထွေးနုကို ဘာကြောင့် ဒီခေါ်လာရတာလဲ''

''နင်နဲ့စာရင်းရှင်းချင်လို့ ထွေးနု''

''ဘာကိစ္စလဲ''

''နင်က ငါ့မကောင်းကြောင်းတွေ ဘာဖြစ်လို့ ရွှေရီ့ကိုပြောပြရတာလဲ''

''အို.....ထွေးနုက ရှင့်မကောင်းကြောင်း ဘာမှမပြောဘူး၊ သိလည်းမသိဘူး၊ စိတ်လည်းမဝင်စားဘူး''

''အေး အဲဒါကြောင့် နင့်ကိုဆုံးမရမယ်၊ ဒီမှာထွေးနု၊ နင်ငါ့ကို ဘာဖြစ်လို့ တိုက်ခိုက်နေရတာလဲ''

ထွေးနုသည် အေးသောင်၏မျက်နှာအား တံတွေးဖြင့် လှမ်းထွေးပြီး...

''မုန်းလို့၊ ရှင့်ကိုရွံလို့''

အေးသောင်တစ်ယောက် ဒေါသက အလိပ်လိုက်ထွက်သွားတော့၏။ ထွေးနုက လူကြောက်တတ်သူမျိုး မဟုတ်သည့်အပြင် အတင်းပင်ထွက်ပြေးသည့်အတွက် ပါးနှစ်ချက်ဆင့်ရိုက်လိုက်၏။

''ကဲ ဟယ်.....ဒီကောင်မကို အစွယ်ချိုးပစ်မှဖြစ်မယ်''

လဲကျသွားသည့် ထွေးနုမှာ အင်္ကျီကြယ်သီးများ ပြုတ်ထွက်သွား၍ အေးသောင်၏စိတ်များ ရုတ်ခြည်းဆိုသလို ပြောင်းလဲသွားတော့သည်။

''ကောင်မ၊ ကဲဟယ်..ကဲဟယ်''

''လူယုတ်မာကြီး၊ ကယ်ကြပါဦး.....''

ထွေးနုအော်နေသော်လည်း မည်သူမျှ ကြားနိုင်မည်မဟုတ်ပေ။ သန်မာသော အေးသောင်၏လက်များက ထွေးနုအား အတင်းချုပ်နှောင်၍ အနိုင်ကျင့်နိုင်ခဲ့၏။ ထွေးနုသည်လည်း အေးသောင်၏ ရက်စက်မှုအောက်တွင် မလှုပ်ရှားနိုင်ခဲ့ပေ။ နောက်ဆုံးတော့ လူစိတ်ကင်းမဲ့နေသော အေးသောင်ကြောင့် ထွေးနုတစ်ယောက် သေဆုံးသွားခဲ့တော့၏။ နှာခေါင်းနှင့်ပါးစပ်အား ပိတ်ထားခဲ့သည့်အတွက် အသက်မရှူတော့ပေ။

''ဟာ.....ကောင်မ အသက်မရှူတော့ဘူး၊ သေသွားပြီပဲ''

ထွေးနုအလောင်းအား အစဖျောက်ရန် စဉ်းစားပြီးနောက် သစ်ရွက်များနှင့်ဖုံးကာ အိမ်သို့တစ်ခေါက်ပြန်ပြေး၏။ ထိုအချိန်တွင် သူ့အား တစ်စုံတစ်ယောက်က တွေ့မြင်ခဲ့ခြင်း ဖြစ်ပေမည်။ ဆောင်ဓားတစ်ချောင်းနှင့် ပုဆိုးတစ်ထည်ကိုယူ၍ ပြန်လာခဲ့၏။

''မှောင်စပျိုးလာပြီဆိုတော့ မြန်မြန်လုပ်မှပဲ၊ ဟုတ်ပြီ၊ အလောင်းကို ချောင်းထဲမျှောချပစ်လိုက်မယ်''

တရွတ်တိုက်ဆွဲလာပြီးနောက် ချောင်းရိုးအတိုင်းမျှောချရန် ဆွဲကိုင်လိုက်စဉ်.....

''ဟင်.....နားကပ်ပါ မျှောချရမှာ နှမြောစရာကြီး၊ ဒီတော့.....''

ဆောင်ဓားနှင့် နားရွက်နားကပ်ပါ၍ လှီးပစ်လိုက်၏။ ပုဆိုးပေါ်သို့ ဓားကိုတင်လိုက်ပြီးနောက် အလောင်းအား မျှောချလိုက်သည်။

''သွားပေဦးတော့ ထွေးနုရေ...''

အလောင်းက မမျောဘဲ ချောင်းကမ်းစပ်နှင့် ငြိတွယ်နေသည့်အတွက် ဝါးတုတ်နှင့် ကလော်ချလိုက်မှ တရွေ့ရွေ့စီးသွားတော့သည်။ အတော်ဝေးဝေးသို့ ရောက်သွားမှ အေးသောင်က ပြန်ရန်သတိရမိ၏။

''ဒီအချိန် ဖဲဝိုင်းသွားလို့ မဖြစ်သေးပါဘူးလေ၊ ဒီတော့ အေးမိုးဆီသွားမှပဲ၊ သူက ငါ့ကို အချိန်မရွေးတံခါးဖွင့်ထားပါတယ်တဲ့၊ ဟိုကောင်မ ရွှေရီနဲ့ကွာပြီး အေးမိုးပဲယူလိုက်တာ အေးပါတယ်''

အေးသောင်သည် ထိုဆုံးဖြတ်ချက်ဖြင့် အေးမိုးရှိရာသို့ တိတ်တဆိတ်သွားလိုက်၏။ အေးမိုး၏အိပ်ခန်းရှိရာ ထရံအတွင်းသို့ ချောင်းကြည့်လိုက်စဉ်တွင်.....

''ဟင် .....ဒီကောင်မလည်း

www.burmeseclassic.com

www.burmeseclassic.com



အကောင်တစ်ကောင်နဲ့ ဖောက်ပြန်နေပါလား၊ ဩော်...မိန်းမတွေ....မိန်းမတွေ၊ ကြောက်စရာကောင်းလှပါလား၊ ငါ့ကို သိပ်ချစ်တယ်ပြောပြီး အခုတော့လည်း နောက်တစ်ယောက်ကို ချစ်နေပြန်ပြီ''

အေးသောင်လည်း ထိုညက ရွာထိပ်ရှိ သစ်ပင်ကြီးပေါ်သို့ တက်အိပ်နေလိုက်၏။ အောက်ဘက်မှ ဆူညံသံများကြောင့် ထွေးနုအား ရှာဖွေနေသည့် လူစုမှန်း သိသွားရသည်။ သည်တော့ သူ အိမ်သို့မပြန်ရဲတော့ပေ။

\+ + +

''နောက်တော့ မနက်လင်းတာ နဲ့ ကျုပ် အိမ်ကိုပြန်လာခဲ့တယ်၊ မိန်းမကိုတော့ ထွေးနုကို တစ်ညလုံးလိုက်ရှာရတယ်လို့ ပြောထားခဲ့တာပါဗျာ၊ ထွေးနုကို ကျုပ်က အငြိုးနဲ့သတ်လိုက်တာပါဗျာ၊ ကျုပ်ကိုဖမ်းကြပါ၊ ချစ်စရာကောင်းတဲ့ မိန်းကလေးအပေါ် ကျုပ်ယုတ်မာခဲ့မိပါတယ်''

ရင်မောင်မှာ နားထောင်နေရင်းမှ မေးကြောကြီးထောင်လာကာ အေးသောင်ကို ဆွဲထိုးရန် ပြုမူလိုက်စဉ် ရဲအရာရှိက ဖမ်းဆွဲထားလိုက်၏။

''စိတ်ကိုလျှော့ပါ ကိုရင်မောင် ရာ၊ သူ့ကို ဥပဒေက အပြစ်ပေးပါ လိမ့်မယ်၊ ကိုယ်က ဆုံးမစရာ မလိုပါ ဘူးဗျာ''

''ရွှေရီ့ယောကျ်ားမိုက်ပြစ်တွေအတွက် ရွှေရီတောင်းပန်ပါတယ်ရှင်၊ သူလည်း နောင်တရနေပါပြီ ကိုရင်မောင်ရယ်''

''ဟုတ်ပါတယ်ဗျာ၊ အားလုံးကို ကျုပ်တောင်းပန်ပါတယ်၊ ပြီးတော့ ရွှေရီနဲ့ ကလေးတွေကို ရပ်ရွာက စောင့်ရှောက်ပေးပါလို့ အပ်ခဲ့ပါရစေဗျာ''

''ချမ်းငြိမ်းသာသီရင် ခင်ဗျားကို သတ်ပစ်ချင်ဦးမှာဗျ၊ ခင်ဗျားဟာ လူစိတ်မရှိတဲ့ နွားကြီး၊ နွားကမှ ကျေးဇူးရှင်မှန်းသိပြီး ခွင့်လွှတ်နိုင်သေးတယ်၊ ခင်ဗျားဟာ နွားလောက်မှ တန်ဖိုးမရှိတဲ့လူ''

အေးသောင်လည်း နောင်တရနေပြီး ထွေးနုတို့အိမ်မှ ချေးငှားစားသောက်ခဲ့ရပုံကို ပြန်မြင်ရင်း ကျေးဇူးရှင်အား ကျေးစွပ်မိသည့် လုပ်ရပ်အမှားအား သိသွားရတော့သည်။

''ကျွန်တော်ဟာ ဒေါသကြောင့် အမှားလုပ်ခဲ့မိတာပါဗျာ၊ ထွေးနုကို ညီမလေးတစ်ယောက်လို သဘောမထားနိုင်ခဲ့ဘူး၊ ထွေးနုတို့မိသားစုနဲ့ ပတ်သက်ရင် သူတို့ကျေးဇူးတွေက အများကြီးရှိနေပါတယ်ဗျာ၊ အဲဒီကျေးဇူးတွေကို ကျွန်တော်က မေ့လျော့ခဲ့တယ်''

အေးသောင်မှာ ပြောရင်းနှင့် မျက်ရည်များကျနေ၏။ မညှာမတာ နှိပ်စက်မိသည့် လုပ်ရပ်အမှားကြောင့် ထွေးနု အသက်ဆုံးရှုံးခဲ့ရ၏။ ပြီးတော့ သူ.....ပြန်မတွေးချင်တော့ပါ။

''ကဲပါလေ.....တရားခံကို မိပြီဆိုတော့ မြို့ကိုခေါ်သွားဖို့ပဲ ရှိပါတော့တယ်''

လက်ထိတ်ခတ်လိုက်ပြီးနောက် မြို့သို့သွားရန် ရွာမှတာဝန်ရှိသူများနှင့် စီစဉ်နေစဉ်.....

''ဒုတ်.....ဒုတ်''

''အား.....''

**"**

**အေးသောင်လည်း သွေးထွက်ဒဏ်ရာများနှင့် မြေပေါ်သို့ ပုံကျသွားတော့သည်။ ချမ်းငြိမ်းသည် အားပါးတရ ခုတ်ပိုင်းပြီးနောက် ကိုင်းခုတ်ဓားရှည်အား ဆုပ်ကိုင်၍ လက်ထဲမှ မလွှတ်တမ်းကိုင်ထား၏။ ဓားသွားပေါ်မှ သွေးစက်များက မြေပေါ်သို့ တစက်စက်နှင့် ကျနေဆဲပါ...**

www.burmeseclassic.com

www.burmeseclassic.com

ရှုတ်တရက် ချုံကွယ်မှထွက်လာသော လူတစ်ယောက်သည် အေးသောင်၏လည်ပင်းအား ဓားဖြင့်ခုတ်ပိုင်းချလိုက်သည်။ တားဆီးချိန်ပင်မရလိုက်ပေ။

"ရပ်.....ရပ်လိုက်.....ချမ်းငြိမ်း၊ တော်တော့....."

အေးသောင်လည်း သွေးထွက်ဒဏ်ရာများနှင့် မြေပေါ်သို့ ပုံကျသွားတော့သည်။ ချမ်းငြိမ်းသည် အားပါးတရ ခုတ်ပိုင်းပြီးနောက် ကိုင်းခုတ်ဓားရှည်အား ဆုပ်ကိုင်၍ လက်ထဲမှ မလွှတ်တမ်း ကိုင်ထား၏။ ဓားသွားပေါ်မှ သွေးစက်များက မြေပေါ်သို့ တစက်စက်နှင့် ကျနေဆဲပါ။

"ဟာ.....ခင်ဗျားသိပ်မှားသွားပြီ ကိုချမ်းငြိမ်း"

"သူ့ကိုသတ်လိုက်တော့ ခင်ဗျားက တရားခံပြန်ဖြစ်သွားပြီဗျ။ ဘာဖြစ်လို့ ဒေါသလက်ရောက်ဖြစ်ခဲ့ရတာလဲဗျာ"



"ကျုပ် ကျေနပ်ပါတယ်ဗျာ၊ ကျုပ်မိန်းမအတွက် ဒီလူယုတ်မာကို လက်တုံ့ပြန်ရတာ ကျေနပ်သွားပါပြီ၊ ကျုပ်ကို ဖမ်းကြပါဗျာ"

"ချမ်းငြိမ်းရာ အစ်ကို ဘယ်လိုပြောရပါတော့မလဲကွာ၊ မင်းလုပ်ရပ်က မှားနေတယ်ကွ၊ ဒီကောင့်ကို ဥပဒေအရ အပြစ်ပေးရမှာ၊ မင်းလိုလူကောင်းတစ်ယောက် ဒီကောင့်ကြောင့် နစ်နာသွားရပြီ"

ရင်မောင်လည်း ယောက်ဖအတွက် စိတ်မကောင်းဖြစ်ရ၏။ အေးသောင်သေသွားသည်ကိုကြည့်ပြီး ဝမ်းမသာနိုင်ပေ။ အပြစ်မရှိသူအတွက်သာ နှမြောနေမိသည်။

"ကိုချမ်းငြိမ်းဘက်က ကြည့်ရင်တော့ ထွေးနုအတွက် ခံစားရတာပေါ့ဗျာ၊ ဒါပေမဲ့ ဒေါသနဲ့တုံ့ပြန်လိုက်တာတော့မှားတယ်၊ ကိုယ့်ဘဝကို နှမြောဖို့ကောင်းတယ်ဗျာ၊ ပြီးတော့ ခင်ဗျားမှာ သားလေးတစ်ယောက် ကျန်ခဲ့တာကို သတိရဦးမှပေါ့၊ ခင်ဗျားသားလေးမှာ မိခင်ဆုံးရှုံးသွားတဲ့ အပြင် ဖခင်ပါ အနားမှာမရှိနိုင်တော့ဘူးပေါ့၊ ကလေးရဲ့စိတ်ခံစားမှုက သေရာပါဖြစ်သွားနိုင်တယ် ကိုချမ်းငြိမ်း၊ မိဘ မစုံလင်တဲ့ကလေးငယ်မျိုးဟာ သူတို့ဘဝမှာ အားငယ်မှုတွေနဲ့ လူတောထဲမတိုးနိုင်တော့ဘူးပေါ့၊ ကလေးအတွက် ခင်ဗျားက စဉ်းစားရမှာလေ၊ အခုတော့ဗျာ ခင်ဗျားကြောင့် ခင်ဗျားရဲ့သားလေး စိတ်အားငယ်နေရတော့မယ်"

သည်တော့မှ ချမ်းငြိမ်းလည်း သူ၏မိုက်မဲမှုဖြစ်ကြောင်း လက်ခံရတော့၏။ တောသူတောင်သားပီပီ ဒေါသစိတ်အား အပြတ်ရှင်းရဲသည့် စိတ်ဓာတ်အမှားကို သိသွားမိသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်မှားသွားပါတယ်၊ သားကို ကျွန်တော်မေ့သွားပါတယ်ဗျာ၊ ဒါကြောင့်မို့ အစ်ကိုရင်မောင်က သားလေးကို ဂရုစိုက်ပေးပါတော့ဗျာ၊ မယားထိ ဓားကြည့် ဆိုတဲ့စကားအတိုင်း စိတ်ကိုမထိန်းနိုင်ခဲ့လို့ပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

ရင်မောင်သည် ခွင့်လွှတ်ခြင်းမပြည့်သော နားလည်မှုဖြင့် ချမ်းငြိမ်းကိုကြည့်၍ သက်ပြင်းချလိုက်မိ၏။ ချမ်းငြိမ်းသိရန် ပြေးပြောလိုက်သောသူမှာ ဖိုးမောင်ဖြစ်နေသည်။ ဖိုးမောင်လည်း ချမ်းငြိမ်းတစ်ယောက် ထိုသို့ပြုမူလိမ့်မည်ဟု ထင်ထားမည်မဟုတ်ပါ။

"ကံတရားကဖန်လာတော့ ဖြစ်ပျက်ခဲ့ကြရတာပေါ့ကွာ၊ ဘယ်တတ်နိုင်ပါတော့မလဲလေ၊ မင်းကလေးအတွက် စိတ်ချပါ ချမ်းငြိမ်းရာ၊ မင်းထောင်က မလွတ်မချင်း ငါစောင့်ရှောက်ထားပေးပါ့မယ်"

"မောင်ချမ်းငြိမ်းကို အစ်မရွှေရီ ကျေးဇူးသိပ်တင်တယ်ကွယ်၊ ကိုအေးသောင်ဟာ လင်သားဖြစ်ပေမယ့် အစ်မအပေါ် စိတ်ရောကိုယ်ပါ ညှဉ်းဆဲခဲ့သူပါ၊ ဒီလူစားမျိုးကို ထောင်က

www.burmeseclassic.com

www.burmeseclassic.com



ပြန်လွတ်ရင်တောင် အစ်မဘက်က ပြန်ပေါင်းဖို့ ဆန္ဒမရှိတော့ပါဘူး၊ အဲဒါကြောင့်မို့ မင်းသူ့ကိုသတ်လိုက်တာ အစ်မရွှေရီ ကျေနပ်တယ်၊ သူသေသွားတော့ ဇာတ်သိမ်းပြီပေါ့ကွယ်"

ရွှေရီသည်လည်း သူ့ခံစားချက်အား ရင်ဖွင့်လာ၏။ အားလုံးက ရွှေရီ့အား မထောက်ခံသည့်အပြင် မျက်စောင်းထိုးကြ၏။

"အမယ်လေး.....အစ်မရွှေရီတို့များ သူ့ယောက်ျားကို သူသတ်ခိုင်းတာကျနေတာပဲ၊ ဟိုမှာ စိတ်မကောင်းရတဲ့ကြားထဲ သူကတစ်မျိုး၊ ကျေးဇူးတင်လည်း နောက်မှတင်ပေတော့ဗျာ"



"အေးလေ ဟုတ်ပါရဲ့တော်"

"ကိုချမ်းငြိမ်း အစ်ကို့သားလေးအတွက် စိတ်ချပါဗျာ၊ ကျွန်တော်တို့ ဝိုင်းကြည့်ပေးပါ့မယ်နော်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ အစ်ကိုရင်မောင်၊ ကျွန်တော်သွားတော့မယ်နော်"

ရင်မောင်သည် မျက်ရည်ကျရင်း ခေါင်းညိတ်ပြ၏။ ထို့နောက် ချမ်းငြိမ်းအား ခေါ်ဆောင်သွားရာဆီသို့ မှိုင်တွေငေးမောရင်း ရပ်ကြည့်ကျန်ရစ်ခဲ့တော့သည်။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**


# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၁-၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ဖုန်း- ၀၉-၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com

# မောင်ထွန်းညွန့်

(ကွမ်းခြံကုန်း)

## ဒိုင်ယာရီပေါင်းရဲ့ တမျက်နှာလေးများမှတစ်ဆင့်



www.burmeseclassic.com

နေ သာသော နေ့တစ်နေ့တွင် ကျွန်ုပ်သည် ဗေဒင်လက္ခဏာ ဟောခန်းမှ စောစောအလုပ်သိမ်း၍ ဝေဒလက္ခဏာပညာရှင်ကြီးအချို့နှင့် ဆွေးနွေးစရာများကို သွားရောက်ဆွေးနွေးမည်ဟု ကြံရွယ်ပြီး ပစ္စည်းများကိုသိမ်းဆည်းနေစဉ် 'ဆရာရှိပါသလား'ဆိုသောအသံကို ကြားလိုက်သောကြောင့် ပစ္စည်းများသိမ်းလက်စကို ရပ်ဆိုင်းပြီး မော့ကြည့်လိုက်ရာ ကျွန်ုပ်၏စားပွဲရှေ့တွင် ရပ်နေသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရပါသည်။ အမျိုးသမီးမှာ အသက် သုံးဆယ်ခန့်သာ ရှိလိမ့်ဦးမည်ဖြစ်ပြီး လက်ဝတ်လက်စား အပြည့်အစုံနှင့် သားနားစွာ ဝတ်ဆင်ထားပြီး တောင့်တင်းပြည့်ဖြိုးသောခန္ဓာနှင့် လှပသော ရုပ်ရည်ရှိသူတစ်ဦးဖြစ်ပေသည်။

သို့သော် သူမ၏မျက်နှာပေါ်တွင် သောကရိပ်နှင့် ဗျာပါရအငွေ့အသက်တို့မှာ မဖုံးနိုင်မဖိနိုင် ယှက်သန်းနေသည်မှာ ထင်ရှားပေါ်လွင်နေသည်။ ဩော်.....အပူသည်တစ်ဦးပါလား။

ကျွန်ုပ်တို့လို ဗေဒင်လက္ခဏာဆရာတို့မှာ များသောအားဖြင့် အပူသည်၊ ဒုက္ခသည်တို့နှင့်သာ အတွေ့များကြပါသည်။ ပျော်သောကြောင့် ဗေဒင်လာမေးသူရှိသကဲ့သို့ ဝမ်းသာလွန်းသောကြောင့်လည်း လက္ခဏာလာကြည့်သူဆိုသည်မှာလည်း ရှားပါးလွန်းလှသည်။ နိုင်ငံခြားသွားရန် သေချာနေပြီဖြစ်သောကြောင့် သွားရမည့်ရက် ပိုမိုနီးကပ်လာစေရန် အစီအစဉ်လုပ်ခိုင်းသူ၊ မင်္ဂလာရက် လာရွေးခိုင်းသူ စသည်တို့ ရှိတတ်ကြသော်လည်း အများစုမှာမူ ပူပင်သောကတို့ဖြင့် လုံးထွေးရစ်ငင်လျက်ရှိပြီး 'ကယ်ပါ ယူပါ' တစာစာဖြင့် ရောက်လာသူတို့သာ များကြပါ၏။ ထိုအခါမျိုး၌ ကျွန်ုပ်တို့ဗေဒင်လက္ခဏာဆရာများကလည်း သင့်တင့်မျှတသော ဟောပြောခ (ဝါ) ဉာဏ်ပူဇော်ခကိုယူရင်း သူတို့ သူတို့၏ သောကကို ဗေဒင်နည်း၊ လက္ခဏာနည်းတို့ဖြင့် တွက်ချက်ကြည့်ရှု ဖြေဖျောက်ပေးကြရလေ့ရှိပါသည်။

ယင်းအခါမျိုး၌ ကာယကံရှင်တို့သည် ချက်ချင်းလက်ငင်း စိန်ထုပ်ကြီးကောက်ရသွားသကဲ့သို့ ရွှင်ပျ ဝမ်းမြောက်သွားတတ်ကြသည်။ ရောက်လာစဉ်က တုံ့နှေးတုံ့နှေးနှင့် ဆိုင်းတွဲနေကြသော ခြေလှမ်းတို့သည် အဆင်းအပြန်တွင် သွက်လက်ပေါ့ပါးသွားတတ်ကြသည်ကို ထာဝရ တွေ့ကြုံရလေ့ရှိ၏။ ယခု ကျွန်ုပ်စားပွဲရှေ့တွင် လာရပ်နေသော ထိုအမျိုးသမီးမှာမူ ရုပ်ရည်၊ အသက်အရွယ်နှင့် ပစ္စည်းပစ္စယ၊ လက်ဝတ်ရတနာတို့နှင့် ပြည့်စုံနေသည်သာမက လက်တွင်လည်း ကားသော့ကိုပါ ကိုင်ထားသောကြောင့် သူမတွင် ပစ္စည်းသောက၊ ငွေသောက စသည်တို့ ရှိမည်မဟုတ်မှုတဲ.....

'နှစ်ဖြာချစ်ခြင်း၊ သူတို့ခွင်း၍ ရင်တွင်းအပူ၊ နေဆယ်ဆူသို့၊ အယူမဖြောင့်၊ သောကနှောင့်သည်၊ မစောင့်မထိန်းတတ်နိုင်တကား'

ဆိုသည့်ကဗျာကဲ့သို့ မေတ္တာသောက၊ အချစ်အပူငွေ့တို့ကြောင့် ကျိုက်ကျိုက်ဆူနေသူလေးသာ ဖြစ်ရမည်ဟု ထိုအမျိုးသမီး၏ ဥပဓိရုပ်ကို ကျွန်ုပ် ခန့်မှန်းမိလိုက်သည်။

အမျိုးသမီးက ကျွန်ုပ်ကို မဝံ့မရဲ ကြည့်ရင်း ထပ်မေးသည်။

"ဆရာဆိုတာ ဆရာလား"

ကျွန်ုပ်သည် သူမ၏မေးခွန်းခပ်ဆန်းဆန်းလေးကို ပြုံးမိရင်းက.....

"အေး...ငါပဲ၊ သူငယ်မကိစ္စက"

"ကျွန်မ လက္ခဏာကြည့်ချင်လို့ပါ ဆရာ"

ကျွန်ုပ်သည် အားနာသောလေသံဖြင့်.....

"ဆရာ ဒီနေ့ အဟောရပ်လိုက်ပြီကွဲ့၊ သွားစရာကိစ္စတစ်ခုရှိနေလို့"

အမျိုးသမီးသည် စားပွဲရှေ့သို့ ထပ်မံတိုးလာကာ တောင်းပန်တိုးလျှိုးသောလေသံဖြင့် ပျာပျာသလဲဆိုလာသည်။

"တောင်းပန်ပါတယ် ဆရာရယ်၊ ကျွန်မကို သနားပါ၊ ကျွန်မ တစ်ယောက်ကိုတော့ ဟောပေးပါ ဆရာ ရယ်၊ ကျွန်မ ဒီရန်ကုန်ကမဟုတ်ပါဘူး၊ မိုးကုတ်ကပါ၊ မိုးကုတ်ကို ဒီည ပြန်ရတော့မှာမို့ ကျွန်မ ဆရာနဲ့ထပ်တွေ့ဖို့ အခွင့်အလမ်းမရှိသလောက်ဖြစ်နေပါ

www.burmeseclassic.com

တယ်၊ ကျွန်မကို ဟောပေးပါ ဆရာရယ်၊ ကျွန်မ ရှိခိုးတောင်းပန်ပါတယ်"

အမျိုးသမီးသည် ပြောပြောဆိုဆို သူမ၏ဆလင်းဘက်ကို ကုလားထိုင်ပေါ်သို့ တင်လိုက်ရင်းက 'ဆရာ့ကို ကျွန်မ ရှိခိုးတောင်းပန်ပါတယ်' ဆိုသော စကားနေရာအရောက်တွင် လက်အုပ်ကလေးကို အားကိုးတကြီးချီလိုက်ပါသည်။

ကျွန်ုပ်တို့၏ပညာသည် 'အပူသည်ကို ကူကယ်'ရသည့် ပညာဖြစ် ၏။ တစ်ခါတစ်ရံ အိမ်ကို အချိန်မတော် အခါမတော် အပူအပင် တစ်ထွေးကြီးဖြင့် ရောက်လာပြီး ဟောပေးပါ၊ တွက်ပေးပါ၊ ယတြာပြုလုပ်ပေးပါဟု အတင်းရော အဓမ္မရော ဆိုလာသူများရှိသကဲ့သို့ 'ကျွန်တော်၊ ကျွန်မတို့၏ အမေအဖေ အိပ်ရာထဲလဲနေပါပြီ၊ ဆရာအိမ်လိုက်ကြည့်ပေးပါ'ဟု အတင်းလာပင့်သူများလည်း ရှိကြပါ၏။ ထိုအခါမျိုး၌ ကျွန်ုပ်တို့တွင် ပင်ကိုသနားစိတ်နှင့် အားနာစိတ်တို့ ပူးယှဉ်ကာ သူတို့အလိုသို့ လိုက်ကြရသည်သာ များပါသည်။ ယခု ဤမိုးကုတ်သူ၏ ညှိုးလျှသော အပူကိုလည်း စိတ်က သနားအားနာဖြစ်ပြီး 'အင်း...ဒုက္ခသည်တစ်ယောက်ကိုတော့ ကယ်မရဦးမှာပဲလေ'ဟု ဆုံးဖြတ်ပြီး ထိုင်ခိုင်းလိုက်ရပါသည်။

"ကဲ.....သူငယ်မ၊ ဘာဖြစ်နေတယ်ဆိုတာ ဆရာသိပါတယ်၊ ဒါ ဗေဒင်လက္ခဏာ မဟုတ်ဘူးနော်၊ အတွေ့အကြုံအရ သူငယ်မရဲ့ရုပ်ရည်ကို ကြည့်ပြောတာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မတည်းတဲ့အိမ်ကလူတွေက ဆရာ့ဆီမှာ လက္ခဏာ လာစစ်ဆေးကြဖူးပါတယ်၊ သူတို့ကပဲ ဆရာ့ဆီ လမ်းညွှန်လိုက်ကြတာပါ"


"ကဲ.....သမီးနာမည်ပြော"

"မြသဲဖြူပါ ဆရာ"

"မြသဲဖြူ ဟုတ်လား၊ မိုးကုတ်ကဆိုပြီး ရှမ်းနာမည်လည်းမဟုတ်၊ ပအိုဝ်နာမည်လည်း မဟုတ်ပါလား"

ကျွန်ုပ်သည် သူမ၏သောကလမ်းကြောင်းကို စတင်ပြောင်းလဲရန် ဗေဒင်လက္ခဏာနှင့်ဆိုင်သော စကားတချို့ကို စတင်ပြောလိုက်ပါသည်။ ဤသည်မှာ ကျွန်ုပ်၏ ဗေဒင်လက္ခဏာ ဟောပြောရာတွင် ကျင့်သုံးသည့် နည်းပရိယာယ်တစ်ခုဖြစ်ပေသည်။ လာမေးသူကို ဗေဒင်တွက်ရင်း၊ သို့မဟုတ် လက္ခဏာကြည့်ရင်း.....

"ဟာ.....သိပ်ဆိုးနေပါလား၊ အင်း.....ဒုက္ခ.....ဒုက္ခ၊ ဇနက္ခသဘောပျက်တဲ့ကိန်းပဲ၊ မလွယ်ဘူး"



စသည်ဖြင့် ကိုယ်ကစပြီး မျက်လုံးမျက်ဆံပြူးပြီး ပြောလိုက်လျှင် လာမေးသူခမျာ ခေါင်းပေါ် အုန်းသီးပြုတ်ကျရာမှ မူးဝေပြီး ရေတွင်းပျက်ထဲသို့ ထိုးကျသွားသကဲ့သို့ အပူဆက်သွားမည်မှာ သေချာသောကြောင့် သူတို့သူတို့၏အပူကို ခေတ္တယာယီ မေ့ပျောက်သွားကြစေရန် ထိုမဆီမဆိုင်သော စကားလေးများကို မပတ်သက်ဘဲ ပြောနေရခြင်းဖြစ်ပါသည်။

"ဟင်.....ဘယ့်နှယ်လဲ မြသဲဖြူ၊ မိုးကုတ်သူက ရှမ်းနာမည်လည်းမဟုတ်ပါလား၊ မသကာဆို နန်းမြသဲဖြူတို့ ဘာတို့ ဖြစ်သင့်တာပေါ့"

"မြက မြန်မာပါ ဆရာ၊ မြ ၁၁ နှစ်သမီးလောက်မှာ ဖေဖေကမိုးကုတ်ကိုပြောင်းပြီး ကျောက်တွင်းသွားတူးလို့ မြတို့ မိုးကုတ်မှာ အခြေစိုက်ဖြစ်သွားတာပါ"

"အေးကွာ၊ မိုးကုတ်ရောက် မြန်မာမချောချောလေးဆိုတဲ့ ဝတ္ထုတစ်ပုဒ်တော့ ဆရာရေးဖြစ်တော့မယ်ထင်ပါ့ကွာ"

မြသဲဖြူသည် သူ့သောကကိုသူ မေ့ကာ ပြုံးရယ်လာပါသည်။

"ဆရာရေးတဲ့ဝတ္ထုတွေ၊ ဆောင်းပါးတွေ၊ ကဗျာတွေ မြ ဖတ်ဖူးပါတယ် ဆရာ၊ ဆရာက စာအရေးကောင်းတစ်ယောက်ပဲ၊ ဗေဒင်မဟောဘဲ စာရေးဆရာလုပ်ရင် ကောင်းကောင်းဖြစ်တယ် ဆရာရဲ့"

ထိုအခါ ကျွန်ုပ်က ခပ်ကျဲကျဲရယ်လိုက်ရင်း.....

"မြသဲဖြူက အချော်အပင့်တော်သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မြောက်တာမဟုတ်ပါဘူးဆရာ၊ တကယ်ပြောနေတာပါ"

ကျွန်ုပ်လည်း ဗေဒင်လက္ခဏာ ဆရာနှင့် လာမေးသူတို့၏ ရင်းနှီးမှုကို ဖန်တီးရယူပြီးဖြစ်သောကြောင့် အဓိက လုပ်ငန်းကို စရပါတော့သည်။

"ကဲ.....သမီးရဲ့လက်ဝါးကို ဖြန့်လိုက်"

ကျွန်ုပ်သည် သူမ၏လက္ခဏာကို မှတ်ည်ကာ လိုအပ်သော 'လေခ'တို့ကို ကြည့်လိုက်ရာ တစ်နေရာအရောက်တွင် ကျွန်ုပ် မျက်လုံးပြူးသွားပါတော့သည်။ အံ့လည်းအံ့သြသွားမိပါသည်။ ထို့ကြောင့်လည်း သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ရဲရဲတင်းတင်းပင် မေးလိုက်ပါသည်။

"မြသဲဖြူ လူသတ်ဖူးလား"

"ရှင်....."

"မြ လူသတ်ဖူးသလားလို့ ဆရာမေးနေတယ်လေ"

မြသဲဖြူသည် အဖြေရခက်သောမျက်နှာဖြင့် ခေတ္တခေါင်းငုံ့သွားပြီးမှ မရဲတရဲမော့ကြည့်ကာ.....

"ဘာ.....ဘာဖြစ်လို့လဲ ဆရာ"

"ဘာဖြစ်လို့လဲဆိုတော့ မြရဲ့လက္ခဏာ'လေခ'ထဲမှာ မြဟာ လူသတ်ဖူးရမယ်၊ ဒါမှမဟုတ်ရင် လူတစ်ယောက်ကို သွယ်ဝိုက်သောနည်းနဲ့ သေစေခဲ့ရမယ်ဆိုတာကို ဆရာတွေ့နေလို့ပဲ"

မြသဲဖြူ မဖြေပါ။ မြသဲဖြူ ဒီတစ်ခါတော့ ရဲရဲတင်းတင်းပင် ပြန်ပြောလာပါသည်။

"ဆရာ ဆက်ဟောပါ ဆရာ၊ ဆရာ့ဟောချက်ဆုံးတော့မှ မြအားလုံးကို ခြုံပြီးဖြေပါ့မယ်"

"ကဲ.....ကောင်းပြီ၊ ဒါဆိုဆက်ဟောမယ်၊ (တစ်) မြသဲဖြူ လူသတ်ခဲ့ဖူးတယ်၊ ဒါမှမဟုတ် လူတစ်ယောက်ဟာ မြသဲဖြူကြောင့် သေခဲ့ရလိမ့်မယ်၊ (နှစ်) မြသဲဖြူ အပျိုမဟုတ်ဘူး"

"ရှင်.....မြမှာ အိမ်ထောင်မရှိပါဘူး"

"အိမ်ထောင်ရှိတာ၊ မရှိတာနဲ့ အပျိုဟုတ်တာ၊ မဟုတ်တာ မဆိုင်ဘူးလေ၊ ရှင်းတယ်မဟုတ်လား"

"ဆက်ဟောပါ ဆရာ"

"လွန်ခဲ့တဲ့ သုံးလေးရက်လောက်က မြဟာ ခိုးမှုတစ်ခုကို ကျူးလွန်ခဲ့တယ်၊ နောက်တစ်ချက်ပဲ ထပ်ဟောမယ်၊ စာနဲ့လည်း ရေးထား"

"ဟုတ်ကဲ့ပါ"

"ခုလာမယ့် အောက်တိုဘာလထဲမှာ မြသဲဖြူ အချုပ်အနှောင်ခံရကိန်း ထောင်ကျကိန်းရှိတယ်"

"ရှင်....ယတြာချေလို့ မရဘူးလား ဆရာ"

ကျွန်ုပ်က ခေါင်းကိုခါယမ်းရင်း..

"မရဘူး သမီး၊ ဒါက မလွဲမသွေဖြစ်လာမယ့်ကိစ္စ၊ ယတြာချေလို့ မရဘူး၊ ရှောင်လို့လွှဲလို့မရဘူး၊ ကဲ..ဒါပဲ ဆရာဟောမယ်၊ ကျန်တာတွေအရှည်ကြီး လျှောက်ဟောနေလို့လည်း အပိုပဲ၊ အရေးကြီးတာက ဒီသုံးချက်ပဲ၊ ကဲ.....သိချင်တာရှိရင် မေး၊ ပြောချင်တာရှိရင်ပြော၊ ဒီတစ်ခါက မြသဲဖြူ ပြောရမယ့်အလှည့်"

"ဟုတ်ကဲ့ပါ ဆရာ"

မြသဲဖြူသည် 'ဟုတ်ကဲ့ပါဆရာ' ဆိုသောစကားကို ကျဉ်းကျဉ်းကျပ်ကျပ် ညည်းညည်းညူညူ ထုတ်ပြောပြီး ညှိုးနွမ်းသောမျက်နှာဖြင့် စကားစပါတော့သည်။

"နားနဲ့မနာ ဖဝါးနဲ့နာပါ ဆရာ"

"ပြောပါလေ၊ ပွင့်ပွင့်လင်းလင်းပေါ့"

"လာမယ့် အောက်တိုဘာမှာ ထောင်ကျမယ်ဆိုတာတော့ အနာဂတ်ဟောကိန်းမို့လို့ ဘာမှမပြောလိုသေးပါဘူး၊ စောင့်ကြည့်ရုံပါပဲ"

"ဟေ.....စောင့်ကြည့်မနေနဲ့၊ ကျကိုကျမယ်၊ အကြာကြီးတော့မဟုတ်ဘူး၊ ဆယ့်ငါးရက်၊ ဒါမှမဟုတ် တစ်လအလွန်ဆုံးပဲ၊ အဲ.....ကျမှာက ကြာသပတေးနံ့နဲ့စတဲ့မြို့မှာကျမယ်၊ မိုးကုတ်တော့မဟုတ်ဘူး၊ အင်း...မန္တလေးမှာဖြစ်ဖို့များတယ်၊ သတိသာထားပေရော့"

မြသဲဖြူသည် ကျွန်ုပ်၏စကားတို့ကို စိတ်ပါဝင်စားစွာ နားထောင်ပြီး စားပွဲကို လက်သည်းဖြင့် ကုတ်ခြစ်ရင်းက ကျွန်ုပ်ကိုကြည့်ကာ ဆက်ပြောသည်။

"ဆရာဟောတာတွေဟာ ဒက်ခနဲကိုမှန်ပါတယ်၊ မြသဲဖြူမှာအိမ်ထောင်မရှိပါဘူး၊ ဒါပေမဲ့ ဆရာဟောသလို အပျိုလည်းမဟုတ်တော့ပါဘူး၊ လွန်ခဲ့တဲ့ ခြောက်လလောက်က မိုးကုတ်မှာ ရုပ်ရှင်ဇာတ်ကားတစ်ကား လာရိုက်တယ် ဆရာ၊ အဲဒီရုပ်ရှင်အဖွဲ့မှာ မြသိပ်သဘောကျတဲ့ မင်းသားလည်းပါလာတယ် ဆရာရဲ့၊ မြလည်း ပြောကြစတမ်းဆိုရင် မနေနိုင်မထိုင်နိုင်ဆိုပါတော့ ဆရာရယ်၊ အဲဒီမင်းသားကို ချစ်မိတ်ဆက်တယ်၊ နောက် ရင်းနှီးသွားတယ်၊ ငြိစွန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ကျွန်ုပ်က ဖြတ်မေးလိုက်သည်။

"ငြိစွန်းရာက ထိပွန်းပြီး 'အပျို လိုမနေမိလို့ ကိုယ်ရှိတယ်လေး'ကိန်း ဆိုက်သွားတယ်ဆိုပါတော့"

"ဟင်.....ဆရာဘယ်လိုလုပ်သိပါလိမ့်"

ကျွန်ုပ်က ပြုံးလိုက်ရင်းက.....

"ဒါဗေဒင်မဟုတ်ပါဘူး။ ဖြစ်ရိုးဖြစ်စဉ် အင်မတန်ရိုးတဲ့ ဇာတ်လမ်းတွေပဲ၊ ကဲ.....ဆက်ပြောပါဦး"

"သူတို့ရုပ်ရှင်ရိုက်တာ ရက်နှစ်ဆယ်လောက် ကြာတယ် ဆရာ၊ အဲဒီမှာ မင်းသားနဲ့မြနဲ့က ဆယ့်ငါးရက်လောက် တွေ့နေကြတော့ မင်းသားလည်း ရန်ကုန်ပြန်ရော....."

"ညည်း ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့ရောမဟုတ်လား"

မြသဲဖြူသည် ရှက်သွေးဖြာရင်းက ဝန်ခံရှာပါသည်။

"မှန်ပါတယ် ဆရာ၊ မြကိုယ်ဝန်ရခဲ့ပါတယ်၊ အဲဒါ တစ်နေ့တခြား မဖုံးနိုင်မဖိနိုင် ဖြစ်လာခဲ့ပါတယ်၊ လူလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ မျက်ရည်နဲ့မျက်ခွက်ပါပဲ ဆရာ၊ ဖေဖေကဆိုတာ မြကိုရော၊ မင်းသားကိုပါ လိုက်သတ်မယ်တကဲကဲဖြစ်နေတယ်၊ မြလည်း တစ်လျှောက်လုံးမှာ ဗိုင်းကောင်းကျောက်ဖိ နေလာခဲ့ပြီး ဖြစ်လည်းဖြစ်ရော ဗိုက်ကြီးတဲ့အထိ ဖြစ်သွားတယ်ဆိုတော့ ဖေဖေလည်း အရမ်းကိုရှက်၊ ဒေါသဖြစ်တာပေါ့ ဆရာ၊ မြလည်း ငါ့ကြောင့် ငါ့မိဘတွေ အရှက်နဲ့သိက္ခာကျရလေခြင်းဆိုပြီး ယူကျုံးမရတဲ့စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ခဲ့ပါဘူး။ နောက်ဆုံး မစားနိုင်၊ မအိပ်နိုင်နဲ့ အားပြတ်ပြီး အိပ်ရာထဲ လဲခဲ့ပါတယ်၊ အဲဒီလိုနဲ့ တစ်နေ့ ရေအိမ်အထွက်မှာ ချော်လဲခဲ့ပါတယ်၊ အဲ.....အဲဒီမှာ မြရဲ့ ကိုယ်ဝန် ပျက်ကျသွားပါတယ် ဆရာ"

ကျွန်ုပ်သည် ကြောင်သူတော် ကို ရွှေမင်းသားတို့ကို အနုပညာမှကျော်လွန်ကာ လူကိုပါ ချစ်ယုံမိခဲ့ကြလေသောကြောင့် မြသဲဖြူတို့လို ပန်းလုလုလေးများ မည်မျှနွမ်းကြွေခဲ့ကြပြီနည်း ဆိုသည်ကို မဆီမဆိုင်သော်လည်း တွေးနေလိုက်မိသည်။

"တခြားအတွင်းရေးတွေကိုတော့ ထည့်မပြောပြချင်တော့ပါဘူး ဆရာ၊ ဆရာဟောခဲ့တဲ့ လူသတ်ဖူးသလားဆိုတဲ့ ဟောချက်နဲ့ မြပယောဂကြောင့် လူတစ်ယောက် သေခဲ့ဖူးသလားဆိုတဲ့ ဟောချက်နှစ်ချက်စလုံး မှန်ပါတယ်လို့ ဝန်ခံပါတယ် ဆရာ"

"ဒါနဲ့ မြ အဲဒီမင်းသားနဲ့ ထပ်မတွေ့တော့ဘူးလား"

"ခု မြ ရန်ကုန်ကိုရောက်တုန်း သူ့ကိုတွေ့ဖို့ ကြိုးစားခဲ့ပါတယ်"

"ကိုယ်တော်ချောက ရှောင်နေတယ်မဟုတ်လား"

"ဟုတ်တယ် ဆရာ၊ လုံးဝကို အတွေ့မခံဘူး"

"ဒါ ဒီကောင့်ရဲ့ထုံးစံပဲ၊ ကဲ.... ဆရာ့ဟောချက်ထဲမှာ မြ ပစ္စည်းတစ်ခုကို ခိုးထားတယ်လို့ ပါတယ်နော်၊ အဲဒါ ဘယ့်နှယ်လဲ"

"မှန်ပါတယ် ဆရာ၊ မြမေမေ မဆုံးခင်က မြအတွက်ဆိုပြီး ပတ္တမြားကြီးတစ်လုံး ထားခဲ့ပါတယ်၊ ကာလပေါက်ဈေး သိန်း ၃၀ လောက်တန်ပါတယ်၊ အဲဒါ မြ အခုလာတည်းနေတဲ့ မြတို့ကြီးကြီးက မေမေ့အသုဘကိုလာရင်း အလစ်သုတ်သွားတယ် ဆရာရဲ့"

ကျွန်ုပ်က ဖြတ်ပြောလိုက်ပါသည်။

"အဲဒါကို မင်းအခု ရန်ကုန်ကို အရောက်ကို သင်းတို့လစ်တုန်း ပြန်သုတ်ထားတယ်ပေါ့၊ ဟုတ်လား"

"ဒါပေါ့ ဆရာရဲ့၊ ဒီမှာလေ"

မြသဲဖြူက သူ့ဆလင်းဘက်ထဲမှ သက္ကလပ်စဖြင့်ထုပ်ကာ ကြွေဘူးလေးထဲထည့်ထားသော ပတ္တမြားတစ်လုံးကို ထုတ်ပြသည်။ ပတ္တမြားမှာ ကွမ်းသီးလုံးသာသာရှိပါသည်။ အရောင်မှာမူ ယိုကျတော့မည့်ကဲ့သို့ ရဲရဲတွတ်နေပါသည်။

"ဒီပတ္တမြားကို ဘုံဘိုင်ရည်လို့ ခေါ်တယ် ဆရာရဲ့၊ ခုနေရောင်းရင် သိန်း ၃၀ က ဘယ်လိုရောင်းရောင်းရတယ်၊ နိုင်ငံခြားမှာ သွားရောင်းရင်တော့ သိန်း ၁၀၀ ကျော်ပေါ့ ဆရာရယ်"

"အင်း.....အင်း"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ပတ္တမြားတို့ဘာတို့ စသည်တို့ကို စိတ်မဝင်စား၊ နားလည်း မလည်သောကြောင့် အလိုက်သင့်သာ အင်းနေလိုက်ပါသည်။

"ကဲ...စကားလည်းကောင်းပါရဲ့၊ ဒါပေမဲ့ လုပ်စရာလေးတွေရှိသေးလို့ မြကို ခွင့်ပြုပါဦး ဆရာ"

မြသဲဖြူက ပြောပြောဆိုဆိုပင် ကျွန်ုပ်ကို ကန်တော့ပါတော့သည်။

"အေး.....အေး၊ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ အန္တရာယ်မျိုး ၉၆ ပါး ကင်းပါစေ၊ မတောင့်မတ၊ မကြောင့်မကြ လိုအပ်သောဆန္ဒနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ၊ သူတော်ကောင်းတရားမြတ်များကိုလည်း ဝါ့သမီး အားထုတ်နိုင်ပါစေကွယ်"

ထို့နောက်တွင် မြသဲဖြူက ကျွန်ုပ် ငြင်းဆန်နေသည့်ကြားမှပင် ငွေကျပ် ၅၀၀ ကို မရမက ဉာဏ်ပူဇော်ခအဖြစ် ကန်တော့သွားပါသည်။

သို့ဖြင့် အောက်တိုဘာလကုန်ဆုံးပြီး နိုဝင်ဘာဆန်းစအခါတွင် မြသဲဖြူထံမှ စာတစ်စောင်ရောက်လာပါသည်။

ကျေးဇူးရှင်ဆရာရှင့်...

ဆရာဟောလိုက်သည့် နောက်ဆုံးအချက်လည်း မှန်ပါသည်။ အောက်တိုဘာလဆန်းလောက်က ဟိုမင်းသား မန္တလေးမှာ ရုပ်ရှင်လာရိုက်နေသည့်ကြားသဖြင့် မြသဲဖြူ မိုးကုတ်မှ မန္တလေးသို့ဆင်းလာပြီး မင်းသားကို သူတည်း ခိုနေသည့်ဟိုတယ်သို့ သွားတွေ့ပြီး၊ သူ့ကိုစားဖြင့်ထိုးခဲ့ပါ တယ်။ ထိုအမှုဖြင့် မြ ၂၁ ရက် ထောင်ကျခဲ့ပါသည်။ နောက် ထိုမင်းသားကပင် အမှုကို လာပိတ်သွားပါသည်။ မြ နောက်လထဲတွင် ရန်ကုန်သို့လာရန် အစီအစဉ်ရှိပါ သည်။ ဆရာကို လာတွေ့ပါဦးမည်။

ဆရာ ကျန်းမာပါစေ။

မြသဲဖြူ

ဟု ရေးထားသည်ကို ဖတ်ရှုလိုက်ရပါသတည်း။

✦ ✦ ✦

**မြသဲဖြူ၏ ဘဝခရီးနှင့် လက္ခဏာ တိုက်ဆိုင်ကြည့်ရှုရန်အတွက်**

A အမှတ်အသားတွင်.....

ဟာဒယလေခ (ခေါ်) မေတ္တာ လမ်းကြောင်းသည် ဉာဏလေခ (ခေါ်) ဉာဏ်လမ်းကြောင်းနှင့် အလွန်နီးကပ်လွန်းသည့်ကတစ်ကြောင်း၊ မေတ္တာ လမ်းကြောင်းမှ လမ်းကြောင်းငယ်များမှ ဦးခေါင်းလမ်းကြောင်းသို့ ထိုးစိုက်နေခြင်းကြောင့် လက္ခဏာရှင်သည် မေတ္တာရေး၊ နှလုံးသားကိစ္စတွင် အယုံလွယ်ခြင်း၊ မေတ္တာတရားတွင် လျှပ်ပေါ်လော်လီခြင်း၊ နှလုံးသားရေးရာကို ဦးစားပေး ယုံစားလွယ်တတ်ခြင်းများဖြစ်သည်။

B အမှတ်အသားတွင်.....

မေတ္တာလမ်းကြောင်းသည် စနေဂြိုဟ်ခုံအောက်မှ စတင်ခြင်းနှင့် ဦးခေါင်းလမ်းကြောင်းနှင့် ပူးပေါင်းခြင်းတို့ကြောင့် လက္ခဏာရှင်သည် လျှို့ဝှက်သော အကျင့်အကြံရှိခြင်း၊ တိတ်တခိုး လုပ်ဆောင်တတ်ခြင်းရှိသည်။ အချစ်ရေး၊ နှလုံးသားကိစ္စတွင် တစ်ယူသန်ဝါဒ အချစ်ကြီးသူများဖြစ်သည်။

C အမှတ်အသားတွင်.....

ဉာဏလေခ (ခေါ်) ဉာဏ်လမ်းကြောင်းသည် အင်္ဂါဂြိုဟ်ခုံ(အဖို)မှ ထွက်ပြီး အသက်လမ်းကြောင်းနှင့် ပူးပေါင်းတည်ရှိခြင်းကြောင့် လက္ခဏာရှင်သည် စိတ်မြန်ကိုယ်မြန်ရှိတတ်သည်။ ဆင်ခြင်တွေးတောမှုနည်းပါးပြီး





တစ်ဖွတ်ထိုးလုပ်ဆောင်တတ်ပေသည်။

D အမှတ်အသားတွင်.....

လက်ကောက်ဝတ် ပထမဆစ်သည် ကြိုးပျက်၊ ကွန်းပျက်များဖြင့် အပေါ်သို့ ခုံးထွက်နေခြင်းကြောင့် လက္ခဏာရှင်သည် သားသမီးအဖတ်မတင်ခြင်း၊ သားသမီးဝေးခြင်းများဖြစ်စေတတ်သည်။ ထို့ကြောင့် မြသဲဖြူ လက္ခဏာတွင်ပါရှိသော လမ်းကြောင်းများမှ မြသဲဖြူ၏ ဘဝစာမျက်နှာ ဒိုင်ယာရီဟောင်းလေးမှတစ်ဆင့် ဘဝအတ္ထုပ္ပတ္တိကို ဖော်ထုတ်နေခြင်းဖြစ်ပေသည်။

**မောင်ထွန်းညွှန့်(ကွမ်းခြံကုန်း)**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့စာဖတ်ပရိသတ်နှင့် တရင်းတနှီး သိကျွမ်းလာခဲ့သော ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးအကြောင်း ပြောပါဟုဆိုလျှင် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းပါဟု ပြောကြမည်ဖြစ်ပါသည်။ သူရေးခဲ့သော အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းပါဝင်သော စုံထောက်ဝတ္ထုများကို ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ် ဖတ်ရှုခဲ့ကြသည်မှာ နှစ်ပေါင်း ၉၀ ကျော်ခန့် ရှိခဲ့ပြီဖြစ်ပါသည်။

ဆာအာသာကိုနင်ဒွိုင်းသည် အထက်ဖော်ပြပါ အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဇာတ်ဆောင်ထား၍ ဝတ္ထုတို ၅၆ ပုဒ်နှင့် ဝတ္ထုရှည် ၄ ပုဒ် စုစုပေါင်း အပုဒ် ၆၀ ရေးသားထုတ်ဝေခဲ့ပါသည်။ ထိုရှားလော့ဟုမ်းဝတ္ထုတိုများထဲမှ "The Boscombe Valley Mystery" 'ဘိုစကွန်ဘီတောင်ကြားအရှုပ်တော်ပုံ'ဝတ္ထုအား ကျွန်တော်တို့မြန်မာနိုင်ငံမှ စာရေးဆရာကြီး ရွှေဥဒေါင်းက ၁၉၁၇ ခုနှစ်၊ ဧပြီလထုတ် သူရိယမဂ္ဂဇင်းတွင် "ကြိုးကြာကန်ရွာလူသတ်မှုတွင် စုံထောက်မောင်စံရှားစုံထောက်ပုံ"အမည်ဖြင့် မှီငြမ်းရေးသားခဲ့ပါသည်။ (ယခုအခါ ရှားလော့ဟုမ်း၏ ဝတ္ထုတို ၅၆ ပုဒ်ကို ကွယ်လွန်သူ ဆရာမြသန်းတင့်က တိုက်ရိုက်မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီး ဝတ္ထုရှည် ၄ ပုဒ်ကို ဆရာစိုးမြိုင်က တိုက်ရိုက်မြန်မာဘာသာပြန်ဆို ထုတ်ဝေပြီးဖြစ်ပါသည်။)

အမှန်အားဖြင့် ရှားလော့ဟုမ်းဝတ္ထုများမှ အဓိကဇာတ်ဆောင်ဖြစ်သော အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းသည် တကယ်မရှိပါ။ တကယ်လည်း ရှိနိုင်မည်မဟုတ်ပါ။ သို့သော် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းသည် စိတ်ကူးကောင်းကောင်းနှင့် အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးခဲ့သောအခါ စာဖတ်သူများသည် ရှားလော့ဟုမ်းဆိုသော အလွတ်စုံထောက်ကြီးမှာ တကယ်သက်ရှိထင်ရှားရှိနေဆဲဖြစ်သည်ဟု ယူဆခဲ့ကြ၏။


ဆာအာသာကိုနင်ဒွိုင်းသည် သူ့ရှားလော့ဟုမ်းဝတ္ထုများတွင် မှုခင်းဒဿန၊ ယုတ္တိဗေဒနှင့် မှုခင်းဆေးပညာတို့ကို စာဖတ်သူများ စိတ်ဝင်စားအောင် ရေးသားဖော်ပြခဲ့ပါသည်။ သို့ဖြစ်၍ ယနေ့နောက်ဆုံးပေါ်ဝတ္ထုများသည် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုများထက် သည်းထိတ်ရင်ဖိုဖွယ်ကောင်းသောဇာတ်လမ်းများ၊ သိပ္ပံနည်းကျသော စုံစမ်းထောက်လှမ်းမှု၊ ခေတ်မီသော ဆက်သွယ်ရေးနည်းပညာများဖြင့် ဒုစရိုက်ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ခဲ့ကြပါသည်။ သို့သော် ကျွန်တော်တို့မြန်မာစာဖတ်ပရိသတ်အပါအဝင် နိုင်ငံတကာက တသသ စွဲလမ်းခဲ့သော တုတ်ကောက်နှင့် မုန်ဘီလူးကိုင်စုံထောက်ကြီး ရှားလော့ဟုမ်းကို မမေ့ပျောက်သွားနိုင်ပါ။ ယင်းဝတ္ထုများပါ အချက်အလက်များ၊ အကြံပေးချက်

www.burmeseclassic.com

www.burmeseclassic.com

များကို အခြေခံ၍ နိုင်ငံတကာမှ စုံထောက်အဖွဲ့များသည် ဓာတ်ခွဲခန်းများတည်ထောင်၍ မှုခင်းဆေးပညာရှင်များ၏ အကူအညီနှင့် လျှို့ဝှက်ခက်ခဲသော မှုခင်းကြီးများကို ဖော်ထုတ်နိုင်ခဲ့ကြပါသည်။ သို့ဖြစ်၍ သတင်းမီဒီယာများက အထက်ဖော်ပြပါ ဓာတ်ခွဲခန်းမှ မှုခင်းဆေးပညာရှင်များကို ခေတ်သစ်ရှားလော့ဟုမ်းများ (The Modern Sherlock Holmes) ဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။ စာရေးဆရာကြီး ဆာအာသာ ကိုနင်ဒွိုင်း ဖန်တီးခဲ့သော အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်း၏ ဇာတိဖြစ်သော အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာဒ် စုံထောက်အဖွဲ့နှင့် အင်္ဂလန်နိုင်ငံရဲအဖွဲ့သည် အင်္ဂလန်နိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အကူအညီနှင့် ယခုအခါ ဓာတ်ခွဲခန်းစုံထောက်၊ သို့မဟုတ် ခေတ်သစ်ရှားလော့ဟုမ်းပေါင်း ၄၅၀ ကို စနစ်တကျ ရွေးချယ်ခန့်ထားခဲ့သည်ဟုဆိုသည်။ ထိုသို့ ဓာတ်ခွဲခန်းပညာရှင်၊ သို့မဟုတ် မှုခင်းဆေးပညာရှင်တို့သည် ဓာတ်ခွဲခန်းပေါင်းခြောက်ခုကို စနစ်တကျ တည်ထောင်နိုင်ခဲ့သည်သာမက မှတ်တမ်းအရ အမှုပေါင်း ၆၀၀၀၀ (ခြောက်သောင်း)အား စနစ်တကျ သိပ္ပံနည်းကျ စုံစမ်းစစ်ဆေး၍ ဒုစရိုက်သမားများကို တရားဥပဒေအတိုင်း အရေးယူနိုင်ခဲ့၏။

ဗြိတိသျှ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် အမှုထမ်းကြသော ခေတ်သစ်ရှားလော့ဟုမ်းများမှာ နိုင်ငံတကာမှ မော့ကြည့်ခြင်းခံရသော ဓာတ်ခွဲခန်းပညာရှင် မှုခင်းဆေးပညာ ပါရဂူများဖြစ်ကြသည်။ သူတို့အား နိုင်ငံတကာမှ အကူအညီတောင်းခံလေ့ရှိသည်။ သာဓကအားဖြင့် ယခု ရုရှား (ယခင် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ)အစိုးရသည် ရုရှားနိုင်ငံတွင် ၁၉၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကာလက ဆိုက်ဗေးရီးယားပြည်နယ်၊ အီကာတရင်ဘတ်မြို့တွင် အစွန်းရောက် လက်ဝဲဝါဒသမားများ၏ သတ်ဖြတ်ခြင်းခံရသော ရုရှားနိုင်ငံ နောက်ဆုံးကေရာဇ်နှင့် မိသားစုတို့၏ အလောင်းများအား ယင်းမြို့အနီးရှိ ညီနောင်လေးဖော် သတ္တုတွင်းဟောင်းတွင် မြှုပ်နှံထားခဲ့သည်ဟုဆိုသည်။ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ ပြိုကွဲခဲ့ပြီးနောက် ရုရှားနိုင်ငံ၏ နိုင်ငံတော်အာဏာကို ယူခဲ့ရသော ရုရှားအစိုးရသည် အထက်ဖော်ပြပါ ညီနောင်လေးဖော် သတ္တုတွင်းဟောင်းတွင် မြှုပ်နှံထားခဲ့သော ရုရှားနိုင်ငံ၏နောက်ဆုံးကေရာဇ်နှင့် မိသားစု



များ၏ အလောင်းများကို ပြန်လည်တူးဖော်ခဲ့ပြီး တွေ့ရှိရသော အရိုးစုများအား ခေတ်မီနည်းပညာများဖြင့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့ကြသည်။

သမိုင်းတွင် အငြင်းပွားခဲ့ရသော ပဟေဠိတစ်ပုဒ်ဖြစ်ရကား ဤအရိုးစုများသည် အမှန်တကယ် ရုရှားနိုင်ငံ၏ နောက်ဆုံးကေရာဇ် ဒုတိယမြောက် နီကိုလပ်(စ်)နှင့် မိဖုရားကြီး အလက်စန္ဒြာ၊ သားတော်လေးနှင့် သမီးတော် လေးဦးတို့၏ အရိုးစုများ ဖြစ်နိုင်၊ မဖြစ်နိုင်ကို စနစ်တကျ စုံစမ်းလေ့လာ စစ်ဆေးမှု ပြုလုပ်ခဲ့ကြသည်။ ဤသို့ပြုလုပ်ခဲ့ရာတွင် ရုရှားပြည်ထောင်စုမှ အာဏာပိုင်များသည် အင်္ဂလန်နိုင်ငံ၊ ပြည်ထဲရေးဌာနမှ အကူအညီတောင်းယူခဲ့ကြ၏။ သို့ဖြစ်၍ အင်္ဂလန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ၊ ပြည်ထဲရေးဌာနသည် ဓာတ်ခွဲခန်းများအတွင်းမှ ခေတ်သစ်ရှားလော့ဟုမ်းများကို ရုရှားနိုင်ငံသို့ စေလွှတ်၍ အထက်ဖော်ပြပါ ညီနောင်လေးဖော် သင်္ချုင်းတွင်းမှ အရိုးစုများကို ခေတ်မီကိရိယာများ၊ D.N.A နည်းစနစ်များဖြင့်ပါ စစ်ဆေးခဲ့ကြပြီး ထိုအရိုးစုများသည် အမှန်တကယ် ရုရှားနိုင်ငံ၏ နောက်ဆုံးဧကရာဇ်မိသားစုများ၏ အရိုးစုများဖြစ်သည်ဟု အတည်ပြုပေးနိုင်ခြင်းဖြင့် သမိုင်းတွင် အငြင်းပွားခဲ့သော ပဟေဠိကို ရှင်းလင်းပေးနိုင်ခဲ့သည်။

မှန်ပါသည်။ မှုခင်းဆေးပညာသည် တကယ်အရေးပါ အရာရောက်သော ပညာရပ်တစ်ရပ်ဖြစ်သည်မှာ အငြင်းပွားစရာမလိုဟု ယူဆရမည်ဖြစ်ပါသည်။

မှုခင်းကျူးလွန်သူ ဒုစရိုက်သမားများသည် အမှုတစ်မှုကို ကျူးလွန်တော့မည်ဟုဆိုပါက လျှို့ဝှက်စွာ ပိပိရိရိ ကြံစည်လေ့ရှိကြသည်။ မှုခင်းဖြစ်ပွားရာတွင်လည်း ဥပဒေဘက်တော်သားများဖြစ်သော ရဲနှင့်စုံထောက်တို့၏ မျက်ကွယ်တွင် ကျူးလွန်လေ့ရှိပြီး အမှုကျူးလွန်ပြီးသည်နှင့် မည်သည့်သဲလွန်စမှ မကျန်ရစ်စေရန် စနစ်တကျ ပိပိရိရိ ပြုလုပ်ထားခဲ့ကြသည်။

သို့သော် ခေတ်သစ်ရှားလော့ဟုမ်းဟု ကင်ပွန်းတပ်ခံရသော မှုခင်းဆေးပညာ ပါရဂူများသည် အချင်းဖြစ်ပွားရာ နေရာမှ မီးခြစ်ဆံတစ်ချောင်း၊ ဆေးလိပ်တိုတစ်ခု၊ ခြေရာ လက်ရာများ စွန်းထင်းနေသော သွေးကွက်တစ်ကွက်ကို သိပ္ပံနည်းကျ စုံစမ်းစစ်ဆေးရာမှ တရားခံအစစ်အမှန်ဖြစ်သူအား တရားဥပဒေအတိုင်း အရေးယူ အပြစ်ပေးနိုင်ရန် မှုခင်းဖြစ်ပွားမှု ကွင်းဆက်များကို ထုတ်ဖော်ပေးနိုင်ခဲ့ကြသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဖော်ပြလိုသည်မှာ အင်္ဂလန်နိုင်ငံ၊ ဆားရေပြည်နယ်၊ မြို့ကလေးတစ်မြို့ရှိ အားကစားသမားများအသင်းတိုက်ရှိ ပြတင်းပေါက်မှန်အားခွဲ၍ အသင်းတိုက်တွင်းရှိ ငွေသေတ္တာမှ ငွေများကို ယူဆောင်သွားခဲ့မှုဖြစ်သည်။ ဖောက်ထွင်းဝိဇ္ဇာသည် အသင်းတိုက် ရေခဲသေတ္တာထဲမှ ဘီယာဘူးများကိုပါ အားပါးတရ ဖောက်၍ သောက်သွားခဲ့သဖြင့် သူထွက်ခွာသွားသည့် လမ်းတစ် လျှောက် ဘီယာများ ဖိတ်စဉ်နေခဲ့သည်ကို ရဲနှင့်စုံထောက် များက တွေ့ကြရသည်။

ဤတွင် ဓာတ်ခွဲခန်းစုံထောက်များ၊ သို့မဟုတ် ခေတ်သစ်ရှားလော့ဟုမ်းဟု ကင်ပွန်းတပ်ခံရသော မှုခင်းဆေးပညာရှင်များ တာဝန်ယူခဲ့ရသော အခြေအနေဖြစ်လာသည်။ ရဲနှင့်စုံထောက်တို့သည် ထိုအမှုနှင့်ပတ်သက်၍ သင်္ကာမကင်းဖွယ် လက်စလက်နရှိသော ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်ကို ဖမ်းဆီး၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း ထိုဖောက်ထွင်းဝိဇ္ဇာက ဖြောင့်ချက်မပေး။ မျက်မြင်သက်သေမရှိ ဖြစ်ခဲ့ရ၏။ သို့သော် ရဲတို့သည် အထက်ဖော်ပြပါ ဖောက်ထွင်းဝိဇ္ဇာအိမ်မှ ဖမ်းဆီးရမိထားသော ဘီယာများ စွန်းထင်းနေသည့် အင်္ကျီတစ်ထည်ကို မှုခင်းဆေးပညာရှင်များက စနစ်တကျ စုံစမ်းစစ်ဆေးသောအခါတွင် ယင်းအင်္ကျီတွင် စွန်းနေသော ဘီယာအမျိုးအစားမှာ အားကစားသမားများအသင်း

---

**အင်္ဂလန်နိုင်ငံမှုခင်းသမိုင်းတွင် ခေတ်သစ်အဇာတသတ်ဟု ဆိုရမည့် အမွေလိုချင်သောကြောင့် မိမိ၏မိခင်ကိုသတ်ခဲ့သော ဟယ်ရီဆစ်ဒနီဖောက်(စ်)၏ အမှုတွင်လည်း ဆာဘားန(ဒ်)သည် ထူးထူးခြားခြား လက်စွမ်းပြခဲ့သည်။ မှုခင်းသုတေသီအများကမူ ဤကဲ့သို့ မိမိ၏မိခင်ကို လောဘဇောကြောင့် သတ်ခဲ့သည့်အမှု အလွန်နည်းသည်ဟုဆိုသည်။ ဤအမှုတွင် လူသတ်သမား ဆစ်ဒနီဖောက်(စ်)သည် အချိန်ယူ၍ ပိပိရိရိကြံစည်ခဲ့သော်လည်း ခေတ်သစ်ရှားလော့ဟုမ်းဖြစ်သူ ဆာဘားန(ဒ်)ကြောင့် ကြိုးစင်တက်ခဲ့ရ၏ ။**

www.burmeseclassic.com

www.burmeseclassic.com

တိုက် ရေခဲသေတ္တာအတွင်းထားရှိသော ဘီယာအမျိုးအစား ဖြစ်နေသည်သာမက အင်္ကျီ၏ အချို့နေရာများတွင် ပြတင်းပေါက်မှန်ကွဲ အစအနများကို တွေ့ရတော့သည်။ ထိုအင်္ကျီမှာ အချင်းဖြစ်ပွားသည့်နေ့က ဖောက်ထွင်းဝိဇ္ဇာ ဝတ်ဆင်ခဲ့သော အင်္ကျီဖြစ်နေသည်။ ဤတွင် ဖောက်ထွင်းဝိဇ္ဇာခမျာ ထိုအမှုအား ကျူးလွန်ခဲ့ကြောင်း ဝန်ခံ ဖြောင့်ချက်ပေးခဲ့သဖြင့် တရားဥပဒေအတိုင်း အရေးယူခဲ့နိုင်၏။

ခေတ်သစ်စုံထောက်လုပ်ငန်းတွင် ဓာတ်ခွဲခန်းနှင့် မှုခင်းဆေးပညာရှင်များအကြောင်းနှင့် ထိုပညာရှင်များ ထုတ်ဖော်ခဲ့သော အမှုအခင်းကြီးအချို့ကို ကျွန်တော်သည် ဤမဂ္ဂဇင်းတွင် အခါအားလျော်စွာရေးသားဖော်ပြခဲ့ရာ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ကလည်း စိတ်ရှည်ရှည်ထား၍ ထည့်သွင်းဖော်ပြပေးခဲ့ကြပါသည်။ ယခုရေးသားဖော်ပြမည့် ဓာတ်ခွဲခန်းပညာရှင်၊ သို့မဟုတ် မှုခင်းဆေးပညာရှင်ကြီးမှာ ခေတ်သစ်ရှားလော့ဟုမ်းကြီးဟု ပထမဆုံး သတင်းမီဒီယာများက ကင်ပွန်းတပ်ခဲ့သည်သာမက ၂၀ ရာစု ဒုတိယပိုင်းအထိ ကမ္ဘာ့မှုခင်းသမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော ဓာတ်ခွဲခန်းပညာရှင်နှင့် မှုခင်းဆေးပညာပါရဂူ ဆာဘွဲ့ရ ဆာဘားနဒ်(ဒ်)စပီလ်ဗြူရီ ဖြစ်ပါသည်။ (ဆာဘားနဒ်(ဒ်)ဖော်ထုတ်ခဲ့သော အချို့မှုခင်းများကို ဤမဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

ဆာဘားနဒ်(ဒ်)အား ကမ္ဘာ့မှုခင်းသုတေသီများက မှုခင်းဆေးပညာလောက၏ နေမင်းကြီးတစ်ဆူဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ သူသည် ၂၀ ရာစုနှောင်းပိုင်းကာလများတွင် အင်္ဂလန်နိုင်ငံပြည်သူလူထု၏ ချစ်မြတ်နိုးခြင်းခံရသော လူစွမ်းကောင်းတစ်ယောက်ဟုလည်း အများက ယူဆထားကြပါသည်။ ထိုစဉ်ကာလက လန်ဒန်မြို့ရှိ ရင်ခွဲရုံတိုင်း သူ့အတွက် အထူးစားပွဲတစ်လုံး ချထားပေးရသည်။ ထိုစဉ်ကာလကဆိုလျှင် ဆာဘားနဒ်(ဒ်) ခွဲစိတ်ကြည့်ရှုရခြင်း မရှိသေးသော မည်သည့်အလောင်းမှ မြေချခွင့်မရှိဟု ဆိုကြသည်။

သူသည် အင်္ဂလန်နိုင်ငံ၊ စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့၏ နောက်ကွယ်ဓာတ်ကွဲခန်းမှ မှုခင်းဆေးပညာပါရဂူ တစ်ဦးဖြစ်သည်သာမက မှုခင်းဖြစ်ပွားရာသို့ ရဲ၊ စုံထောက်တို့နှင့်အတူ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း ဖန်တီးခဲ့သော အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းကဲ့သို့ တကယ့်စုံထောက်လုပ်ငန်းကို လက်တွေ့ဆောင်ရွက်ခဲ့သူဖြစ်၍ ဟိုးဟိုးကျော်ခဲ့ခြင်းဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံမှုခင်းသမိုင်းတွင် ခေတ်သစ်အဇာတသတ်ဟု ဆိုရမည့် အမွေလိုချင်သောကြောင့် မိမိ၏မိခင်ကို သတ်ခဲ့သော ဟယ်ရီဆစ်ဒနီဖောက်(စ်)၏ အမှုတွင်လည်း ဆာဘားနဒ်(ဒ်)သည် ထူးထူးခြားခြား လက်စွမ်းပြခဲ့သည်။ မှုခင်းသုတေသီအများကမူ ဤကဲ့သို့ မိမိ၏မိခင်ကို လောဘဇောကြောင့် သတ်ခဲ့သည့်အမှု အလွန်နည်းသည်ဟုဆိုသည်။ ဤအမှုတွင် လူသတ်သမား ဆစ်ဒနီဖောက်(စ်)သည် အချိန်ယူ၍ ပိပိရိရိ ကြံစည်ခဲ့သော်လည်း ခေတ်သစ်ရှားလော့ဟုမ်းဖြစ်သူ ဆာဘားနဒ်(ဒ်)ကြောင့် ကြိုးစင်တက်ခဲ့ရ၏။ ဤမှုခင်းကြီး၏ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

အသက် ၆၃ နှစ်အရွယ် မစ္စက်ဖောက်(စ်)မှာ အင်္ဂလန်နိုင်ငံ၊ နော့ဖော့(စ်)ပြည်နယ်၊ ဖရင်ရှန်ကျေးရွာတွင် မွေးဖွားခဲ့သူဖြစ်၏။ မိဘများမှာ ဆင်းရဲနွမ်းပါးသော တောင်သူလယ်သမားများသာဖြစ်သဖြင့် ငယ်စဉ်က ကျောင်းကောင်းကောင်း မနေခဲ့ရ။ အင်္ဂလန်နိုင်ငံ၊ အရှေ့တိုင်းမီးရထားကုမ္ပဏီတွင် မီးရထားလမ်း အလံပြအဖြစ် အမှုထမ်းခဲ့သော မစ္စတာဖောက်(စ်)နှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီး လေးယောက်ရခဲ့သည်ဟုဆိုသည်။ အငယ်ဆုံးသားဖြစ်သူမှာ ဆစ်ဒနီဖောက်(စ်)ဖြစ်၏။ ပတ်ဝန်းကျင် ပါးစပ်ဂေဇက်သတင်းများအရ မစ္စက်ဖောက်(စ်)သည် မစ္စတာဖောက်(စ်)နှင့် လမ်းခွဲပြီး မီးရထားတွဲစောင့်တစ်ဦးနှင့် အိမ်ထောင်ကျခဲ့ရာမှ ဆစ်ဒနီဖောက်(စ်)အား ဖွားမြင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

မစ္စက်ဖောက်(စ်)သည် သားအငယ်ဆုံးဖြစ်သော ဆစ်ဒနီဖောက်(စ်)အား အထူးချစ်ခင်သဖြင့် သူနှင့်အတူ နေထိုင်ခဲ့သည်။ မစ္စက်ဖောက်(စ်)၏ သားအကြီးဆုံးမှာ ပထမကမ္ဘာစစ်ကြီးအတွင်း ပြင်သစ်နိုင်ငံစစ်မျက်နှာတွင် ကျဆုံးခဲ့သဖြင့် တစ်လလျှင် အငြိမ်းစားလစာ နှစ်ပေါင် ချီးမြှင့်ခြင်းခံရသဖြင့် ထိုမိသားစုပင်စင်ကို မစ္စက်ဖောက်(စ်) က ခံစားခဲ့ရသည်။

မစ္စက်ဖောက်(စ်)သည် အသက်အရွယ် ရလာခဲ့သဖြင့် သူပိုင်ဆိုင်သည့် ပစ္စည်းများ၊ စုဆောင်းငွေများကို အချစ်တော် သားငယ် ဆစ်ဒနီဖောက်(စ်)အား အမွေအဖြစ်ပေးမည်ဟု သေတမ်းစာရေးထားခဲ့၏။ ဆစ်ဒနီဖောက်(စ်)မှာ လူတော လူပေတစ်ယောက်ဖြစ်ပြီး ၁၉၂၈၊ မတ်လတွင် လက်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ရတနာပစ္စည်းများ ခိုးယူမှုနှင့် ထောင်ဒဏ် (၁၅)လ ပြစ်ဒဏ်ကျခံခဲ့ရသူဖြစ်၏။

ဆစ်ဒနီဖောက်(စ်)သည် ထောင်မှလွတ်သည်နှင့် သူ့မိခင်ဖြစ်သူနှင့်အတူ နေထိုင်ခဲ့၏။ နေထိုင်ရန်နေရာ အတည်တကျမရှိသဖြင့် သားအမိနှစ်ယောက်သည် ၁၉၂၉၊ ဧပြီလတွင် မားဂိတ်မြို့လေးရှိ မီထရိုပိုလ်ဟိုတယ်တွင် ခေတ္တ အခန်းငှား၍ နေထိုင်ခဲ့ကြသည်။ ဤသို့နေထိုင်စဉ်အတွင်း မစ္စက်ဖောက်(စ်)သည် အသက်အာမခံကုမ္ပဏီတစ်ခုတွင် ပေါင် သုံးထောင်(၃၀၀၀)ဖြင့် အသက်အာမခံထားခဲ့၏။ ၁၉၂၉ ခု၊ အောက်တိုဘာလ ၂၃ ရက်နေ့၊ ည ၁၁ နာရီ၊ ၄၀ မိနစ် အချိန်တွင် မစ္စက် ဆစ်ဒနီဖောက်(စ်)၏ အိပ်ခန်းတွင် မီးလောင်မှု မတော်တဆဖြစ်ပွားရာ မစ္စက် ဆစ်ဒနီဖောက်(စ်)မှာ မီးခိုးများကို ရှူမိရာမှ ကွယ်လွန်ခဲ့ရသည်ဟုဆိုသည်။


ဆစ်ဒနီဖောက်(စ်)သည် သူ့မိခင်ကွယ်လွန်ခဲ့သည်နှင့် အသက်အာမခံကုမ္ပဏီသို့ သူ့မိခင် မတော်တဆ ကွယ်လွန်ရခြင်းအတွက် လျော်ကြေးတောင်းခံခဲ့ရာမှ စုံထောက်နှင့်ရဲတို့က ဆစ်ဒနီဖောက်(စ်)အပေါ် သင်္ကာမကင်းဖြစ်လာသည်။ ဆစ်ဒနီဖောက်(စ်)သည် သွေးအေးအေးဖြင့် အကွက်ဆင်၍ သူ၏မိခင်အား သတ်ဖြတ်ခြင်းဖြစ်မည်ဟုလည်း ရဲတို့ကယူဆသည်။

ဆာဘားနဒ်(ဒ်)သည် မစ္စက်ဖောက်(စ်)၏အလောင်းအား စနစ်တကျ ခွဲစိတ်စစ်ဆေးရာ သေဆုံးသူ မစ္စက်ဖောက်(စ်)၏သွေးများတွင် မီးခိုးများရှူမိ၍ အဆိပ်ဖြစ်သည့် အနေအထားမတွေ့ရ။

အဘွားကြီးမှာ မီးမလောင်မီကပင် သေဆုံးခဲ့ကြောင်း၊ အဘွားကြီးအား အသက်ရှူကျပ်၍ သေစေရန် လည်ပင်းကို ညှစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာသို့ တင်ပြခဲ့သဖြင့် ဆစ်ဒနီဖောက်(စ်)အားလူသတ်မှုဖြင့် ရာဇဝတ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် ရုံးတော်က ဆစ်ဒနီဖောက်(စ်)အား သေဒဏ်ချမှတ်ခဲ့ပါကြောင်း။ ။

**လျှမ်းထက်**

ကျမ်းကိုး– Bernard Spilsbury




www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယရဲမှူးကြီး ဝင်းဦး (ငြိမ်း)

# ပြန်လည်တမ်းတ အလုပ်သင်ဘဝ

ကျွန်တော်သည် ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်၌ ရဲအရာရှိလောင်း သင်တန်းအမှတ်စဉ် ၁၂ ကို တက်ရောက်ခဲ့ပါသည်။ သင်တန်းပြီးဆုံးပြီးနောက် အောက်တိုဘာလဆန်းပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဒုရဲအုပ် အလုပ်သင်တာဝန်ဖြင့် စတင်၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။

အရပ်သားဘဝမှ ရုတ်တရက် ယူနီဖောင်းဝတ်ပြီး နိုင်ငံ့တာဝန်များကို တကယ်တိတိကျကျ တာဝန်ထမ်းဆောင်ရတော့မည်ဆိုသဖြင့် စိတ်ထဲတွင် တစ်မျိုးခံစားမိနေပါသည်။ ဒီရဲတပ်ဖွဲ့လုပ်ငန်းနှင့် အဆင်ပြေပါ့မလား၊ ပြစ်မှုကျူးလွန်သူတွေကိုရော ဖမ်းရဲပါ့မလား၊ အမှုတွေဖြစ်လာရင် ဖော်ထုတ်နိုင်ပါ့မလား၊ သွေးထွက်သံယို အနိဋ္ဌာရုံတွေကိုရော ကြည့်ရဲ၊ ကိုင်ရဲပါ့မလား၊ တကယ်လို့များ ကိုယ်ဖမ်းမည့်သူက ကိုယ့်ကိုပြန်လည်ခုခံရင်ရော ဥပဒေနှင့်အညီ ပြန်လုပ်တတ်ပါ့မလား စသည့် ''လား''ပေါင်းများစွာက ကျွန်တော့်အား အရိပ်တစ္ဆေပမာ ခြောက်လှန့်လျက်ရှိနေပါသည်။

ကျွန်တော်လည်း သတ်မှတ်ရက်အရောက် သတင်းပို့နိုင်ရေးအတွက် လိုအပ်သည့် အဝတ်အစား၊ စာအုပ်များကို ထင်းရှူးသေတ္တာတစ်လုံးမှာစုထည့်ပြီး ညောင်လေးပင်မြို့နယ်သို့ ချီတက်လာခဲ့ပါတော့သည်။ ပဲခူးတိုင်းဒေသကြီးသို့ရောက်သည့် အလုပ်သင်ဒုရဲအုပ် ၁၈ ယောက်ကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးကိုယ်တိုင် မြို့နယ်အလိုက် တာဝန်ခွဲသည့်နေ့က ညောင်လေးပင်မြို့သား ဒုရဲအုပ် ခင်မောင်ဆွေ (ရဲမှူး၊ ငြိမ်း) နှင့်တွေ့စဉ်ကပြောစကားကို အမှတ်ရမိပါသည်။

''မင်း ငါတို့မြို့ကိုကျတာကောင်းတယ်ကွ၊ အဲဒီရဲစခန်းမှာ ညောင်လေးပင်မြို့သား ဒုရဲအုပ် သိန်းဆွေ (ရဲမှူး၊ ငြိမ်း) ဆိုတာရှိတယ်၊ မင်း ရဲစခန်းရောက်တာနဲ့ သေနတ်ထုတ်ပြီး သူနဲ့အတူ မြို့ကိုပတ်လိုက်တာနဲ့ မင်း အားလုံးအဆင်ပြေသွားလိမ့်မယ်''ဟု ပြောခဲ့ပါသည်။ သူပြောသည့်အဓိပ္ပာယ်ကို ကျွန်တော် နားမလည်ပါ။ သေနတ်ထုတ်ပြီး မြို့ပတ်တာနဲ့ ဘယ်လိုအဆင်ပြေမှာလဲဆိုတာ စဉ်းစား၍မရခဲ့ပါ။ ဒီလိုနှင့် ကျွန်တော်လည်း ညောင်လေးပင်မြို့ကို ရောက်ခဲ့ခြင်းဖြစ်ပါသည်။ နံနက် ၁၀ နာရီခန့်တွင် ညောင်လေးပင်မြို့ ရဲစခန်းရှေ့သို့ရောက်ပါသည်။ ကျွန်တော်ရောက်သည့်အချိန် က ရဲစခန်းရှေ့ ကားလမ်းပေါ်တွင် ကုန်ကားတွေ ၁၀ စီးခန့်ရပ်ထားတာကို တွေ့ရပါသည်။ ကျွန်တော်ကြည့်လိုက် တော့ ကုန်ကားတွေအပေါ်မှာ အရပ်ဝတ်နှင့် ထိပ်ပြောင်ပြောင်လူတစ်ဦးကို တွေ့ပါသည်။ ပါးစပ်ကလည်း အသံကျယ်ကျယ်နဲ့ ပြောဆိုနေသည့်အပြင် ခါးကြားမှာ ခြောက်လုံးပြူးတစ်လက်ထိုးထားပြီး အပေါ်က ဟာဝေယံအင်္ကျီနှင့် ဖုံးထားသည်ကို တွေ့ရပါသည်။ ထိုသူကတော့ ကားခေါင်မိုးပေါ်မှာ ကုန်အထုပ်တွေကို လှန်လှောရှာဖွေနေလို့ သူဘယ်သူမှန်း ကျွန်တော်မသိပါ။ ရဲစခန်းရှေ့ဝင်ပေါက် တစ်ဖက်တစ်ချက်မှာ ခုံတန်းလျားလေးနှစ်ခုရှိပါသည်။ ယခုတော့ မရှိတော့ပါ။ ခုံတန်းလျားတွင် ဒုရဲအုပ်အဆင့်ရှိ အရာရှိတစ်ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင်သုံးဦး၊ အရပ်သား နှစ်ဦးတို့ကိုလည်း တွေ့ရပါသည်။ ဘာလုပ်နေကြမှန်းလည်း ကျွန်တော်မသိပါ။ အခုမှ ရဲတပ်ဖွဲ့လုပ်ငန်းတွေကို စတင်ပြီးဝင်ရောက်လုပ်ကိုင်ရမှာဆိုတော့ စပ်စုတယ် ထင်မှာစိုး၍ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း မမေးမိတော့ပါ။ ဒီလိုနှင့် ကျွန်တော်လည်း သေတ္တာတစ်လုံးနှင့် ကြောင်စီစီရပ်နေစဉ်မှာပင် ယူနီဖောင်းဝတ်အရာရှိက.....

“ဒီက ကိုယ့်ညီက ဘယ်ကိုသွားမှာလဲ”ဟုမေးရာ ကျွန်တော်က “ကျွန်တော်က အခုမှ ဖောင်ကြီးကဆင်းလာတဲ့ ဒုရဲအုပ်ပါခင်ဗျာ၊ အလုပ်သင်တာဝန်နဲ့ ညောင်လေးပင် တာဝန်ကျလို့ ရောက်လာတာပါခင်ဗျာ”ဟု ပြောလိုက်ပါသည်။ ထိုအရာရှိက “ကိုယ့်ညီက ယူနီဖောင်းမှမဝတ်လာဘဲ၊ လာသတင်းပို့တယ်ဆိုရင် ယူနီဖောင်းဝတ်လာရတယ်ကွ၊ ဒါမှတို့ကလည်း သိမှာပေါ့”ဟု ပြောပါသည်။ ကျွန်တော်က “ရုံးပိတ်ရက်ဆိုတော့ ယူနီဖောင်းဝတ်မလာတာပါခင်ဗျာ”ဟု ပြောပါသည်။ ထိုအရာရှိက “တို့ရဲတပ်ဖွဲ့ဝင်ဆိုတာ ရုံးပိတ်ရက်မရှိဘူးကွ၊ အမြဲတမ်း တာဝန်ရှိတယ်၊ ကိုယ့်ညီက အခုအရပ်ဝတ်နဲ့လာတာဆိုတော့ အရပ်သားထင်လို့ပါကွာ”ဟု ပြောသဖြင့် ကျွန်တော်လည်း စစချင်း ဆောက်နဲ့ထွင်းဆိုသလို ငါတော့ခံလိုက်ရပြီလို့ ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိလိုက်ပါသည်။

မှန်ပါသည်။ ကျွန်တော်က ယခုမှ သင်တန်းဆင်းပြီး အခုပဲ ရဲတပ်ဖွဲ့လုပ်ငန်းတွေကို သင်ရတော့မှာ၊ အရပ်သားမဟုတ်တော့ဘူးဆိုတာ သတိပြုရမှာဖြစ်ပါတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း နောင်တရမဆုံးဖြစ်နေပါတော့တယ်။ ထိုအရာရှိက ဆက်ပြောပါသည်။

“ကိုယ်က ဒုရဲအုပ် ကံကြီး (ကွယ်လွန်)ပါ၊ ဖောင်ကြီးရဲအပတ်စဉ် ၃ ကပါ၊ ဒီမြို့နယ်မှာတော့ ရုံးအမှုလိုက်တာဝန်ပါ၊ ဟိုကားပေါ်မှာ ရှာဖွေနေတဲ့သူက ဒုရဲအုပ် သိန်းဆွေ (ရဲမှူး၊ ငြိမ်း)ပါ၊ ညောင်လေးပင်သားပေါ့၊ ကိုယ်က ပြွန်တန်ဆာ၊ ချောင်းရင်းရွာသားပါ၊ စိမ်ချက်အရ ကုန်ကားတွေ ရှာဖွေနေကြတာပါ”ဟု ပြောပါသည်။ ထိုသို့ပြောလိုက်သဖြင့် ဒုရဲအုပ်ကံကြီးသည် မိမိတို့ထက် အတွေ့အကြုံရင့်ကျက်သူဟု မှတ်ယူလိုက်ပါသည်။ ကားပေါ်မှာ ရှာနေတဲ့သူကတော့ ကိုခင်မောင်ဆွေပြောတဲ့ ညောင်လေးပင်သား ဒုရဲအုပ်ဖြစ်မယ်ဟု တွေးမိပါသည်။ သူ့ခါးမှာလည်း ခြောက်လုံးပြူးတစ်လက်ခါးထိုးထားတာ တွေ့ရှိရသဖြင့် သူငယ်ချင်း ကိုခင်မောင်ဆွေပြောတာနဲ့ ကိုက်ညီနေတာမို့ သူပြောခဲ့သလိုများဖြစ်နေပြီလားလို့ သံသယဝင်မိပါသည်။ ကျွန်တော်လည်း ဘယ်သူ့ကိုသတင်းပို့ရမှန်း မသိသဖြင့် ဒုရဲအုပ် ကံကြီးအားမေးရာ.....

“ကိုယ့်ညီ လောလောဆယ်တော့ ရဲစခန်းရုံးကိုပဲ သွားလိုက်ပေါ့၊ အဲဒီမှာ ဂိတ်စာရေးကြီးရှိတယ်၊ နေရာထိုင်ခင်းတော့ စီစဉ်ပေးလိမ့်မယ်ထင်တယ်၊ နောက်နေ့ကျမှပဲ မြို့နယ်မှူးရုံးသွားပြီး သတင်းပို့လိုက်ပေါ့”ဟု ပြောပါသည်။ ကျွန်တော်လည်း တပ်ဖွဲ့ဝင်တစ်ဦးအကူအညီနှင့် သေတ္တာကို မ,ပြီး ရဲစခန်းရုံးပေါ်သို့ မဝံ့မရဲ တက်လာခဲ့ပါသည်။ စခန်းပေါ်သို့ ရောက်သည့်အခါ စခန်းရှေ့ဝရန်တာ၌ ခင်းထားသည့် ခုံတန်းရှည်ပေါ်တွင် ထိုင်နေသည့် အသက် ၅၀ ကျော်ခန့် အရပ်ဝတ်နှင့်လူတစ်ဦးကို တွေ့ပါသည်။ ဆရာဦးကံကြီးပြောတဲ့ ဂိတ်စာရေးကြီးပဲထင်ပြီး ကျွန်တော်က.....

“ဆရာ ကျွန်တော်က အခုပြောင်းလာတဲ့ အလုပ်သင် ဒုရဲအုပ် ဝင်းဦးပါခင်ဗျာ၊ ဘယ်မှာနေထိုင်ရမယ်မသိလို့မေးတာပါ”ဟု ပြောပါသည်။ ဂိတ်စာရေးကြီးဆိုသူက.....

“ကျွန်တော်တို့ရဲစခန်းကိုတော့ ဆရာ့အမည်နဲ့ အမိန့်စာမတွေ့သေးပါဘူး၊ လောလောဆယ်ဆယ် အရာရှိနေအိမ်လွတ်တော့ မရှိသေးပါဘူး၊ ရဲစခန်းရုံးပေါ်မှာ ဖြစ်သလိုနေရဦးမယ်”ဟုပြောပါသည်။ နောင်တွင်သိရသည်မှာ ကျွန်တော့်အားပြော

**အလုပ်သင်ကာလအတွင်း မည်သူမှ သင်တန်းကျောင်းများကဲ့သို့ အချိန်ပေးသင်ကြားနိုင်မည့်သူမရှိပါ။ မိမိကိုယ်တိုင်က သင်ယူလိုစိတ်ဖြင့် ရှာဖွေစူးစမ်းလေ့လာကြမှသာ ရဲလုပ်ငန်းနှင့် အကျွမ်းတဝင်ဖြစ်လာကြမည်ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၄ နှစ်ကျော်ကာလက အမှုတွဲပုံစံများကို မိမိကိုယ်တိုင် ဘောက်ရေးနှင့်ရေးထားသည့် ပုံစံဖိုင်မှာ ယနေ့တိုင် ရှိနေပါသည်...**

www.burmeseclassic.com

www.burmeseclassic.com

နေသူမှာ ညောင်လေးပင်ရဲစခန်း၏ တပ်ကြပ်ကြီးစာရေး တင်အောင်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့နောက် စာရေးကြီး တင်အောင်က ထလာပြီး ရဲစခန်းမှူးရုံးခန်းနှင့်ကပ်လျက်အခန်းသို့ခေါ်သွားပြီး ပြပါသည်။ အိပ်ရမည့်အခန်းအား ကြည့်ရှုရာ ရဲစခန်း၏ အပိုပစ္စည်းများ၊ စက္ကူထုပ်များထားသည့် စတိုခန်းဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်တော်လည်း ကျောတစ်နေရာစာ ရရှိရေးအတွက် ကြံဖန်၍ သန့်ရှင်းရေးလုပ်ပြီး ပါလာသည့် အိပ်ရာခင်းများထုတ်၍ အိပ်ရမည့်နေရာအား ပြင်ဆင်လိုက်ရပါတော့သည်။

နောက်နေ့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ သတင်းပို့ပါသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးမှာ ရဲအုပ်ကြီး ကျော်စိန် (ငြိမ်း)ဖြစ်ပါသည်။ ကျွန်တော့်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာလုပ်ငန်းများ လက်တွေ့သင်ကြားနိုင်ရန် အခန်းကဏ္ဍအလိုက် အလုပ်သင်တာဝန်များကို အောက်ပါအတိုင်း သတ်မှတ် အမိန့်ထုတ်ခဲ့ပါသည်–

(က) မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးလုပ်ငန်း ၁ လ

(ခ) ရဲစခန်းလုပ်ငန်း ၅ လ

(၁) စခန်းမှူးလုပ်ငန်း

(၂) အမှုစစ်လုပ်ငန်း

(၃) တပ်ကြပ်ကြီးစာရေးလုပ်ငန်း

(၄) နယ်ထိန်းလုပ်ငန်း

(ဂ) ရုံးအမှုလိုက်လုပ်ငန်း ၂ လ

(ဃ) မော်တော်ယာဉ်/ ယာဉ်ထိန်းယာဉ်မှုစစ်လုပ်ငန်း ၁ လ

(င) လက်တွေ့အမှုစစ်လုပ်ငန်း ၃ လ

ထိုသို့ အမိန့်ညွှန်ကြားချက်ပါအတိုင်း သင်ယူရမည့် ရဲလုပ်ငန်းအခန်းကဏ္ဍများကို ကြိုးစားလေ့လာခဲ့ရပါသည်။ ကျွန်တော့်အနေနှင့် ရဲတပ်ဖွဲ့လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ လေ့လာဆည်းပူးခွင့်ရခဲ့သော်လည်း "ဖြစ်မှဖြစ်ပါ့မလား"ဟု စိုးရိမ်စိတ်ကတော့ အမြဲခြောက်လှန့်ခဲ့ပါသည်။ သို့သော်လည်း မိမိထက်စော၍ ရဲတပ်ဖွဲ့သို့ ရောက်ရှိနေကြသော ရဲတပ်ဖွဲ့ဝင် ဆရာသမားများရှိနေသဖြင့် "မသိလျှင်မေး"၊ "မေးပါများ စကားရ"ဆိုသည့် စကားပုံများအတိုင်း ကြိုးစားလေ့လာခဲ့ရပါသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် တစ်လပြည့်ပြီးနောက် ကျွန်တော် ရဲစခန်းရောက်သည့်အခါ အမှုများကို အရာရှိအပြင် အခြားအဆင့် တပ်ဖွဲ့ဝင်များပါ စစ်ဆေးနေသည်ကို တွေ့ရှိရပါသည်။ ကျွန်တော့်အနေဖြင့် အလုပ်သင်တာဝန်ဖြစ်နေသောကြောင့် မည်သူမျှ တိတိကျကျ တာဝန်ပေးအပ်ခြင်းလည်း မရှိပါ။ ကိုယ့်ဘာသာကိုယ် စူးစမ်းလေ့လာရမည့်သဘောဖြစ်နေပါသည်။ အမှုစစ်ဆေးနေကြသူများမှာ ဒုရဲအုပ် သိန်းဆွေ (ရဲမှူး၊ ငြိမ်း) တစ်ဦးသာ အရာရှိဖြစ်ပြီး ကျန်အမှုစစ်များမှာ တပ်ကြပ်ကြီး ထွန်းမြင့်၊ တပ်ကြပ် ရွှေသောင်၊ ဒုတပ်ကြပ် လှသိန်း၊ ဒုတပ်ကြပ် ကျော်သိန်းတို့ ဖြစ်ကြပါသည်။ ကျွန်တော့်၏ လက်ဦးဆရာများဆိုလျှင် မှားမည်မထင်ပါ။ အခြားအဆင့်များပင်ဖြစ်သော်လည်း ဖြစ်ပွားသည့်မှုခင်းများကို ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးနေကြသည်ကို ကိုယ်တွေ့မြင်နေရသဖြင့် ၎င်းတို့ထံ၌ပင် မရုက်မကြောက် လေ့လာသင်ယူခဲ့ရပါသည်။

ထိုစဉ်က ကျွန်တော့်မှာ စက်ဘီးမရှိပါ။ မောင်ဗမာအမျိုးအစား စက်ဘီးကိုတောင် မဝယ်နိုင်သေးသည့်ကာလဖြစ်ပါသည်။ ညောင်လေးပင်သားဖြစ်သည့် ဒုရဲအုပ် သိန်းဆွေက တောနယ်များသို့ အမှုစစ်ထွက်လျှင် ကျွန်တော့်အား သူနှင့်လိုက်ရန် စက်ဘီးတစ်စီးရှာခိုင်းပါသည်။ ပါးစပ်ကသာပြောသော်လည်း နောက်ဆုံးတွင် သူကိုယ်တိုင် စက်ဘီးရှာပြီး ကျွန်တော့်အားပေး၍ သူနှင့်အတူ လိုက်စေပါသည်။

တောရွာများသို့ရောက်လျှင် သက်သေတစ်ဦးအား သူ့ရှေ့မှောက်၌ပင် ကျွန်တော့်အား စစ်ဆေးခိုင်းပါသည်။ ပထမတော့ ကြောက်ရွံ့နေပါသည်။ သို့သော် ကျွန်တော့်အား ခဏခဏ စစ်ခိုင်းလာသဖြင့် အတင့်ရဲလာပြီး စစ်ဆေးလာနိုင်ခဲ့ပါသည်။ ကျွန်တော်စစ်ဆေးနေသည်ကို ဘေးမှနားထောင်ပြီး လိုအပ်သည်များကို ဘေးမှထောက်ပြညွှန်ပြခဲ့ပါသည်။

ထိုနည်းတူ အခြားအဆင့် အမှုစစ်ဖြစ်သော တပ်ကြပ်ကြီး ထွန်းမြင့်နှင့်လည်း လိုက်ဖူးပါသည်။ တစ်ခါက မဒေါက်မြို့သို့ အမှုစစ်ရန်ခေါ်သဖြင့် လိုက်သွားခဲ့ပါသည်။ အိမ်တစ်အိမ်သို့ ရောက်သည့်အခါ စားသောက်ဖွယ်ရာများ စုံလင်စွာ ပြင်ဆင်ထားမှု တွေ့ရှိရပါသည်။ ရောက်သည်နှင့် ကျွန်တော့်အား အမှုတွဲလှမ်းပေးပြီး.....

"ကဲ.....ဗိုလ်လေး၊ ဒီအမှုတွဲမှာပါတဲ့ သက်သေတွေ ကိုခေါ်ထားတယ်၊ မကြာမီ ရောက်လာလိမ့်မယ်၊ အဲဒါ ဗိုလ်လေး

www.burmeseclassic.com

www.burmeseclassic.com



အမှုတွဲဖတ်ပြီး စစ်ပေတော့၊ မရှင်းရင် ကျွန်တော့် ကိုမေးပါ၊ ကျွန်တော်ကတော့ စားသောက်လိုက်ဦးမယ်''ဟု ပြောပါသည်။ ကျွန်တော့်အနေနှင့်လည်း မိမိသည် အရာရှိ ပင်ဖြစ်သော်လည်း လက်ဝယ်တွင် အမှုတစ်မှုမှမရှိ၊ တပ်ကြပ် ကြီး ထွန်းမြင့်သည် အခြားအဆင့်ပင်ဖြစ်သော်လည်း ရဲစခန်း မှူးက တာဝန်ပေးအပ်ထားသော အမှုစစ်ဖြစ်နေသဖြင့် လေးစားရမည်ဟု ခံယူထားမိပါသည်။ တပ်ကြပ်ကြီး ထွန်းမြင့်မှာ သောက်စားမှုပြုနေသော်လည်း ကျွန်တော်စစ်ဆေးနေသည့် အကြောင်းအရာများကို စိတ်ဝင်တစား နားထောင်နေသည်ကို သတိပြုမိပါသည်။ ဘာမှတော့မပြောပါ။ သက်သေများ ပြန်သွားသည့်အခါမှ ကျွန်တော်၏ လိုအပ်ချက်များကို တစ်ချက်ချင်း ထောက်ပြပြောဆိုခဲ့သဖြင့် လေးစားစွာ မှတ်သားနာယူခဲ့ရပါသည်။

တစ်ခါတစ်ရံ ရဲစခန်းပေါ်၌ ထိုင်နေစဉ် အမှုစစ် ဒုတပ်ကြပ် ကျော်သိန်းမှာ အမှုတွဲများပိုက်ပြီး ရဲစခန်းပေါ် တက်လာလေ့ရှိပါသည်။ ရောက်သည်နှင့် အမှုတွဲများကို တစ်ခုချင်းလှန်ပြီး ဆေးလိပ်ခဲ၍ ရေးသားလေ့ရှိပါသည်။ ကျွန်တော်က အမှုတွဲတစ်ခုအား ကိုင်ကြည့်မည်ပြုသောအခါ.....

''ဗိုလ်လေး အဲဒီအမှုတွဲက ကျွန်တော်စီထားတာ၊ ဗိုလ်လေး ဘာသိချင်လို့လဲ''ဟု မေးပါသည်။ သူ့အမှုတွဲအား လှန်လှောကြည့်ရှုသည်ကို သဘောမကျသည့်ပုံစံဖြစ်သည်။ ကျွန်တော်ကလည်း ''မဟုတ်ပါဘူး ဆရာရယ်၊ ဆရာရေးထားတဲ့ အမှုနေ့စဉ်မှတ်တမ်းလေးများကို ဖတ်ကြည့်ချင်လို့ပါ၊ ကျွန်တော်ကိုယ်တိုင် တစ်ခါမှ မရေးဖူးဘူးလေ''ဟုပြောပါသည်။ ဒုတပ်ကြပ် ကျော်သိန်းက.....

''ဒါများ ဆရာရယ် ကျွန်တော့်အမှုတွဲတွေကို ဖတ်စရာမလိုပါဘူး၊ ဆရာအိပ်တဲ့အခန်းထဲမှာ အမှုတွဲအဟောင်းတွေရှိတယ်၊ ဆရာ အဲဒါတွေဖတ်လို့ရှိရင် ပိုပြီးတောင် ဗဟုသုတရဦးမယ်''ဟု ပြောပါသည်။

ဟုတ်ပါသည်။ ကျွန်တော်အိပ်သော အခန်းထဲတွင် အမှုတွဲဟောင်းများ ထုပ်ပိုးထားသည်ကို ဒုတပ်ကြပ် ကျော်သိန်းပြောပြမှ သတိပြုမိပါတော့သည်။ နောက်နေ့တွင် တပ်ကြပ်ကြီး (စာရေး) တင်အောင်အား ကျွန်တော့်အခန်းထဲရှိ အမှုတွဲဟောင်းများ ဖတ်၍ရသလားဟု မေးမြန်းခဲ့ရာ ဖတ်၍ရကြောင်းနှင့် ဖတ်ပြီးက စနစ်တကျပြန်ထားရန် ပြောပါသည်။

ကျွန်တော်လည်း နောက်နေ့များတွင် အမှုတွဲဟောင်းများကို တစ်ခုပြီးတစ်ခု ယူဖတ်မိပါတော့သည်။ ရှေးယခင် အမှုစစ်အရာရှိကြီးများ ရေးခဲ့သည့် အမှုနေ့စဉ်မှတ်တမ်းများ၊ သက်သေအစစ်ခံချက်များကို ကျွန်တော့်အနေဖြင့် မစားရဝခမန်း တစ်ဝကြီး လေ့လာဖတ်ရှုရပါတော့သည်။ မိမိကြိုက်နှစ်သက်သည့်ပုံစံများအား စာရွက်တွင် ထပ်မံကူးယူပြီး ဖိုင်နှင့်တွဲထားလိုက်ပါသည်။ ထိုအချိန်က မိတ္တူကူးစက်များရှားပါးပြီး ယခုခေတ်ကဲ့သို့ မိတ္တူကူးမှု လွယ်ကူခြင်းမရှိသည့် အချိန်ဖြစ်ပါသည်။

ရဲစခန်းလုပ်ငန်းတာဝန် ငါးလသတ်မှတ်ထားသော်လည်း မိမိအား သင်တန်းကျောင်းများကဲ့သို့ သင်ခန်းစာတစ်ခုချင်း သင်ကြားပေးသည့် သီးခြားဆရာ မရှိခဲ့ပါ။ မိမိကိုယ်တိုင် တတ်ချင်၊ သင်ချင်သည့် ဆန္ဒအရသာ မေးမြန်းစူးစမ်းနေရခြင်းဖြစ်ပါသည်။ အလုပ်သင် တစ်နှစ်တာကာလသည် အတိုင်းအတာတစ်ခုအထိ အချိန်ကြာမြင့်မှုရှိပါသည်။

ကျွန်တော်တင်ပြလိုသည့်အချက်မှာ အလုပ်သင်ကာလ တစ်နှစ်အတွင်း တာဝန်ထမ်းဆောင်ကြမည့် အရာရှိငယ်များအတွက် ရဲလုပ်ငန်းပညာများကို ''ဥစ္စာရှင်လို၊ ဥစ္စာရှင်ခဲ''ဆိုသကဲ့သို့ မိမိကိုယ်တိုင် စိတ်ဝင်တစား ကြိုးစားကြရန်လိုအပ်ကြောင်း တင်ပြခြင်းဖြစ်ပါသည်။ ယနေ့ ရဲစခန်းအသီးသီးတွင် ရှိသော ရဲစခန်းမှူးများ၊ အမှုစစ်များသည်လည်း ၎င်းတို့ကို ပေးအပ်ထားသော တာဝန်များအား ကျေပွန်စွာ ဆောင်ရွက်နေကြရသည့် အချိန်ကာလလည်းဖြစ်ပါသည်။ ထို့အတူ ဆင့်ကဲဆင့်ကဲတာဝန်များ ကိုယ်စီရှိနေကြပါသည်။ အလုပ်သင်ကာလအတွင်း မည်သူမှ သင်တန်းကျောင်းများကဲ့သို့ အချိန်ပေးသင်ကြားနိုင်မည့်သူမရှိပါ။ မိမိကိုယ်တိုင်က သင်ယူလိုစိတ်ဖြင့် ရှာဖွေစူးစမ်း လေ့လာကြမှသာ ရဲလုပ်ငန်းနှင့် အကျွမ်းတဝင်ဖြစ်လာကြမည်ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၄ နှစ်ကျော်ကာလက အမှုတွဲပုံစံများကို မိမိကိုယ်တိုင် လက်ရေးနှင့်ရေးထားသည့် ပုံစံဖိုင်မှာ ယနေ့တိုင် ရှိနေပါသည်။ ကျွန်တော် အမှုစစ်၊ စခန်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးအဆင့်ထိ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရောက်ရှိရဲစခန်း၊ မြို့နယ်များတွင် စုဆောင်းထားသည့် အမှုတွဲပုံစံများကို နမူနာပြခဲ့ဘူးပါသည်။

www.burmeseclassic.com

ယနေ့မျက်မှောက်ခေတ် အလုပ်သင်ရဲအရာရှိများအနေဖြင့် တစ်နှစ်တာကာလအတွင်း ယောင်ဝါးဝါးဖြင့်မနေဘဲ သိသင့်သိထိုက်သော အချက်အလက်များအား အလေးထား မှတ်သားကြရန် အထူးလိုအပ်လှပါသည်။

အလုပ်သင်အရာရှိများနှင့်ပတ်သက်၍ ကျွန်တော်တွေ့ကြုံခဲ့သည့် အဖြစ်အပျက်များအား အမှတ်တရ တင်ပြလိုပါသည်။

၁၉၉၅ ခုနှစ်က ဖြစ်ပါသည်။ ကျွန်တော်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်ရဲစခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်ချိန်ကာလဖြစ်ပါသည်။ လွိုင်လင်ရဲစခန်းမှာ ယခင်ဝန်ကြီးချုပ် ဦးနုလက်ထက်က ပြည်တော်သာစီမံကိန်းဖြင့် ဆောက်လုပ်ထားသည့် ထုထည်ကြီးမားသောအဆောက်အအုံဖြစ်ပါသည်။ တောင်ကြီး–နမ့်စံသွား ကားလမ်းဘေးတွင်ရှိပြီး ရဲစခန်းအနေဖြင့် ခံ့ညားလှပါသည်။ ထိုအချိန်က နိုင်ငံတော်အား တပ်မတော်မှ တာဝန်ယူထားသည့်ကာလ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့)ဖြစ်ပါသည်။ မြို့နယ်ရဲစခန်းအလိုက် ဗဟိုကင်းအဖွဲ့များအား တပ်မတော်ကင်းအဖွဲ့များကဲ့သို့ ကင်းတန်းစီအလေးပြုမှုအား စစ်ဗျူခရာဖြင့် အလေးပြုသည့်အချိန်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံအတွင်းရှိ ရဲစခန်းများတွင် အထက်အကြီးအကဲများအား အလေးပြုရန် ကင်းစစ်ရေးပြအုတ်ခုံအား သန့်ရှင်းသပ်ရပ်စွာဖြင့် ပြုပြင်နေရသည့်အချိန်လည်းဖြစ်ပါသည်။ ကျွန်တော်မှာ ငယ်စဉ်ကပင် ပန်းချီဆွဲခြင်းကို ဝါသနာပါသည့်အလျောက် စစ်ရေးပြအုတ်ခုံအား ကိုယ်တိုင်ဆေးခြယ်သလေ့ရှိပါသည်။

ထိုနေ့က စာရေးသူသည် ခမောက်ဆောင်း၍ စွပ်ကျယ်ချိုင်းပြတ်နှင့် ပုဆိုးဝတ်ပြီး စစ်ရေးပြအုတ်ခုံအား ဆေးရောင်ခြယ်နေသည့်အချိန်ဖြစ်ပါသည်။ ထိုအချိန် ကျွန်တော်၏ဘေးသို့ လူတစ်ဦးရောက်လာသည်ဟု အသံကြားသဖြင့် ကြည့်လိုက်ရာ ယူနီဖောင်းဝတ်ဖြင့် ပိကက်ဆောင်းပြီး ဒုရဲအုပ်တစ်ဦးမှာ ရဲစခန်းရုံးအား ခေါက်တုံ့ခေါက်ပြန် လိုက်လံကြည့်ရှုနေသည်ကို တွေ့ပါသည်။ ထို့နောက် ကျွန်တော့်အနီးသို့ လာ၍.....

“ဒီမယ် ဆရာကြီး၊ ဒီစခန်းကပဲလား၊ ရောက်တာကြာပြီလား”ဟုမေးသဖြင့် ကျွန်တော့်အားမသိဘဲ ယခုမှပြောင်းရွှေ့ရောက်ရှိလာသည့် အလုပ်သင်အရာရှိတစ်ဦးဖြစ်မည်ဟု ထင်ပါသည်။ ကျွန်တော်ကလည်း ထိုအရာရှိမေးသည့်အတိုင်း မျှော်၍.....

“ရောက်တာမကြာသေးပါဘူးဗျာ”ဟု ပြောလိုက်ပါ သည်။ ထိုအရာရှိက ရဲစခန်းရုံးအားကြည့်ပြီး.....

“ရဲစခန်းရုံးကတော့ အကြီးကြီးပဲ၊ ခံ့ညားလိုက်တာဗျာ၊ ကျွန်တော်က ဒီကိုပြောင်းလာရတဲ့ အလုပ်သင်ဒုရဲအုပ်ပါ၊ ဒါနဲ့ စကားမစပ် မေးစမ်းပါရစေဦး၊ ဒီကိုရောက်နေပြီဆိုတော့ တစ်နေ့ဘယ်လောက်ရသလဲ”ဟု မေးလိုက်ရာ ကျွန်တော် လည်း အံ့အားသင့်ပြီး “ဘာကိုမေးတာလဲခင်ဗျာ၊ ကျွန်တော် နားမလည်ဘူး”ဟုပြောသဖြင့် ထိုအရာရှိလူငယ်က.....

“ခင်ဗျားကလည်း ခက်လိုက်တာ၊ ရဲလုပ်ပြီး ဒါလေးတောင် နားမလည်ဘူးလား၊ တစ်နေ့တစ်နေ့ကို ‘Outside’ ဝင်ငွေ ဘယ်လောက်ရလဲလို့မေးတာ”ဟု ပြောပါသည်။

ခက်ပြီ။ ဒီအရာရှိငယ်လေးကတော့ မိမိပြောဆိုနေသည့်သူသည် ရဲစခန်းမှူးတစ်ယောက်မှန်းမသိ၍ မပြောသင့်၊ မမေးသင့်သည့်စကားများကို မေးနေပြီဖြစ်၍ ပြန်လည်ရှင်းရမည်ကို ဘယ်လိုမှနားမလည်နိုင်တော့ပါ ဖြစ်ခဲ့ရပါသည်။ ကျွန်တော်လည်း.....

“ဒီမြို့က ဝန်ထမ်းမြို့ပါကွာ၊ ဗိုလ်လေးပြောသလို Outside ဝင်ငွေတွေဘာတွေ မရှိပါဘူးဗျာ”ဟုပြောရာ ထို အရာရှိက “အေးဗျာ၊ ကျုပ် အထင်ကြီးပြီး လာခဲ့တာ၊ မြို့ က အဆောက်အအုံ၊ အိမ်တွေကြည့်ပြီး အခြေအနေကောင်းမယ်ထင်ခဲ့တာ၊ အခုတော့ မှားပြီပေါ့ဗျာ”ဟု ညည်းညည်းညူညူ ပြောနေပါတော့သည်။ ထိုအရာရှိငယ်ကပင် ဆက်လက်ပြီး.....

“ကျွန်တော် ဘယ်ကိုသတင်းပို့ရမှာလဲ”ဟုမေးရာ ကျွန်တော်လည်း ရဲစခန်းရုံးဘက်သို့ ညွှန်ပြပြီး မိမိအလုပ်ကို မိမိဆက်လုပ်နေရင်း ရင်ထဲတွင် စူးရှသော ခံစားမှုတစ်ရပ် ဖြစ်ပေါ်လာခဲ့ပါသည်။ သြော်.....မိမိတို့ အလုပ်သင်ဘဝနှင့် ယခုရောက်ရှိလာသော အလုပ်သင်တို့၏ ခံယူချက်မတူညီမှုပါလားဟုလည်း စိတ်မသက်မသာ ခံစားမိခဲ့ပါသည်။ မိမိတို့အလုပ်သင်ကာလတွင် ရဲလုပ်ငန်းကို သိချင်လွန်း၍ တတ်ချင်လွန်းသဖြင့် အခြားအဆင့်များကိုပင် ဆရာတင်ပြီး ကြိုးစားလေ့လာဆည်းပူးခဲ့ရပါသည်။ ယခုတော့ မဟုတ်ပါပြီ။ “ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းသကဲ့သို့ မမေး

www.burmeseclassic.com

www.burmeseclassic.com



**အချို့သော
အလုပ်သင်ဒုရဲအုပ်များသည်
“မပြည့်သော ရေအိုး
ဘောင်ဘင်ခတ်နေ”
ကြပြီဖြစ်သည်။ မိမိကိုယ်ကို
ပညာပြည့်ဝအောင် မဆည်းပူးကြဘဲ
ကြားဖူးနားဝဖြင့်
မရောင်ရာ ဆီလူးနေကြပါသည်…**

သင့်၊ မပြောသင့်သော စကားများကို ပြောဆိုမေးမြန်းနေပြီဖြစ်ပါသည်။ ရှေ့ဆက်လက်လုပ်ကိုင်မည့် ရဲတပ်ဖွဲ့လုပ်ငန်းများနှင့်ပတ်သက်၍ ရင်လေးမိပါသည်။

‘‘အစကောင်းမှ အနှောင်းသေချာ’’ဆိုသကဲ့သို့ ယခုကတည်းက စိတ်ဓာတ်မှန်ကန် ဖြောင့်မတ်စွာဖြင့် ခံယူတတ်ကြရန် အထူးလိုအပ်နေပြီဖြစ်ပါသည်။ ယခုတော့ ဤလိုမဟုတ်ဘဲ ‘‘ပန်းထိမ်မတတ်ခင် ရွှေခိုးသင်’’ချင်နေကြပြီဖြစ်ပါသည်။ ကျွန်တော်လည်း ဆက်လုပ်လက်စ ဆေးသုတ်လုပ်ငန်းကို လက်စသတ်ပြီး စိတ်မသက်သာစွာဖြင့် အိမ်သို့ပြန်လာခဲ့ရပါသည်။

နောက်နေ့တွင် ကျွန်တော် ယူနီဖောင်းစောစောဝတ် ပြီး မိမိရုံးခန်းထဲသို့ နံနက် ၆ နာရီ ၃၀ မိနစ်အချိန် ရောက်ရှိခဲ့ပါသည်။ အကူစာရေး ဒုတပ်ကြပ် သန်းနိုင်အား စုံစမ်းမေးမြန်းရာ အလုပ်သင် ဒုရဲအုပ် လေးဦးရောက်ရှိကြောင်း သတင်းပို့ပါသည်။ လောလောဆယ်ဆယ်တွင် ရဲစခန်း၌ တွဲဘက်တာဝန်ချထားခြင်း မရှိသေးသဖြင့် ကြိုတင်၍တွေ့ထားသင့်သည်ဟု ထင်မြင်ပြီး အလုပ်သင် ဒုရဲအုပ် လေးဦးအား နံနက် ၇ နာရီ ၃၀ မိနစ်အချိန် မိမိရုံးခန်း၌တွေ့မည်ဟု ညွှန်ကြားလိုက်ပါသည်။

နံနက် ၇ နာရီ ၃၀ မိနစ်အချိန် ကျွန်တော် ရဲစခန်းရုံးခန်း၌ ရှိနေစဉ် အလုပ်သင် ဒုရဲအုပ် လေးဦး ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းပို့သဖြင့် ရုံးခန်းထဲသို့ဝင်လာရန် ညွှန်ကြားလိုက်ပါသည်။ မကြာမီ ကျွန်တော့်အခန်းထဲသို့ အလုပ်သင် ဒုရဲအုပ် လေးဦးမှာ ရှေ့ဆင့်နောက်ဆင့်အလေးပြုပြီး ဝင်လာကြပါသည်။ ထိုအလုပ်သင် ဒုရဲအုပ် လေးဦးထဲတွင် လွန်ခဲ့သောနေ့က ကျွန်တော် စစ်ရေးပြုအုတ်ခုံ ဆေးသုတ်နေစဉ် လာရောက်မေးသော ဒုရဲအုပ်လည်းပါဝင်ပြီး ကျွန်တော့်အား မှတ်မိပုံရပါသည်။ ၎င်းပြောဆိုခဲ့သည့်စကားများနှင့်ပတ်သက်၍ မှားမှန်းသိပြီး ဂနာမငြိမ်ဖြစ်နေပါသည်။ ကျွန်တော်က သူ့ကိုကြည့်ပြီး ‘‘မင်းငါ့ကို မှတ်မိလား’’ဟု မေးရာ ကျွန်တော့်အား ထပ်ခါထပ်ခါ အလေးပြုနေပြီး ‘‘ကျွန်တော် မှားသွားပါတယ် ဆရာ’’ဟု ပြောနေပါတော့သည်။ ကျန်ဒုရဲအုပ်များကတော့ အဓိပ္ပာယ်မသိဖြစ်နေကြပါသည်။ ကျွန်တော်လည်း တစ်ဦးတည်းကို ပြောဆိုပါက အပြစ်ပုံချသလို ဖြစ်မည်စိုးသဖြင့် ခြုံငုံ၍ ပြောပြရပါသည်။

‘‘တို့ရဲတပ်ဖွဲ့လုပ်ငန်းက ပြည်သူနဲ့ အမြဲတမ်း ဆက်စပ်နေတာမို့ လုပ်မှားကိုင်မှားမဖြစ်ဖို့ ပိုပြီးအရေးကြီးတယ်၊ အထူးသဖြင့် လုပ်ကိုင်မှုမှန်သမျှဟာ ဥပဒေနှင့်အညီဖြစ်ဖို့လိုတယ်၊ ဒီလုပ်ထုံးလုပ်နည်း ဥပဒေတွေကိုမှ နားမလည်ရင် အလုပ်လုပ်ကိုင်ရာမှာ အမှားတွေချည်းပဲ တွေ့မှာပဲ၊ ဒီတော့ မင်းတို့အလုပ်သင်ဘဝဆိုတာ အင်မတန်ဖြူစင်တဲ့အချိန်ဖြစ်တယ်၊ ဒီအဖြူထည်ကို အရောင်မစွန်းမိဖို့ အရေးကြီးတယ်၊ အလုပ်သင်ကာလက တစ်နှစ်လို့သတ်မှတ်သော်လည်း အခန်းကဏ္ဍအလိုက် သင်ယူရတဲ့ ပညာရပ်တွေက အချိန်တွေ တိုတောင်းလွန်းလှပါတယ်၊ ဒါကို မင်းတို့သဘောပေါက်ရမယ်၊ ဒီတိုတောင်းတဲ့ကာလအတွင်း ရဲပညာနဲ့ပတ်သက်လို့ သိသင့်သိထိုက်တဲ့ ဥပဒေလုပ်ထုံးလုပ်နည်းတွေကို အထူးအလေးပေးပြီး လေ့လာကြရမယ်၊ မဆိုင်တဲ့ကိစ္စရပ်တွေ မစဉ်းစားရဘူး၊ တစ်နည်းအားဖြင့် ပန်းထိမ်မတတ်ခင် ရွှေခိုးမသင်နဲ့ပေါ့ကွာ’’ ဟု ပြောလိုက်ရာ ကျွန်တော့်အား ရောက်ခါစ လာမေးသည့် ဒုရဲအုပ်မှာ ခေါင်းငိုက်စိုက်ချ၍ ချွေးသီးချွေးပေါက်များပင် ထွက်နေပါတော့သည်။ ကျွန်တော်လည်း ထပ်မံအသေးစိတ် မပြောတော့ဘဲ အတိုချုံး အနှစ်ချုပ်ပြောပြီး အလုပ်သင် ဒုရဲအုပ် လေးယောက်အား ပြန်လွှတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အနေဖြင့် အလုပ်သင်ဒုရဲအုပ်များအပေါ် မိမိတို့ သင်ယူခဲ့ရသည့် အလုပ်သင်ဘဝနှင့် နှိုင်းယှဉ်ပြီး တတ်စေချင်၊ သိစေချင်သည့်ဆန္ဒက ပိုမိုရှိနေပါသည်။ မိမိ သိနားလည်မှုများကို ရှေးဆရာများ သင်ကြားခဲ့သည့်အတိုင်း ဖြန့်ဖြူးပေးချင်ပါသည်။ သူတို့ကိုယ်တိုင်ကလည်း လိုလိုလားလားဖြင့် သင်ယူလိုစိတ်ရှိရန် လိုအပ်လှပါသည်။

ဒီလိုနှင့် လက်တွေ့အမှုစစ် သုံးလကာလသို့ ရောက်သည့်အခါ အလုပ်သင်ဒုရဲအုပ်တစ်ဦးအား ပြစ်မှုပုဒ်မ ၃၇၆/ကျင့် ၅၁၁ အမှုတစ်မှုအား တာဝန်ပေးစစ်ဆေးစေခဲ့ပါသည်။ ထိုအလုပ်သင် ဒုရဲအုပ်က တိုင်ချက်ပါအချက်များကို သွေဖည်ပြီး ပြစ်မှုပုဒ်မ ၃၅၄ (ကာယိန္ဒြေပျက်ပြားမှု)အနေအထားမျိုး စစ်ဆေးထားသည်ကို တွေ့ရပါသည်။ ကျွန်တော်က ထွက်ချက်များဖတ်ကြည့်ပြီး တိုင်ချက်ကို အခြေခံစစ်ရန် ညွှန်ကြားခဲ့သော်လည်း ထိုအလုပ်သင်ဒုရဲအုပ်က လိုက်နာမှုမရှိခဲ့ပါ။

တစ်နေ့တွင် ရဲစခန်းရုံးရှေ့ထိုင်နေသော လူငယ်တစ်ဦးတွေ့၍ မေးမြန်းရာမှ ၎င်း၏ဖနီးမှာ မုဒိမ်းပြုကျင့်ရန် ကြံစည်ခြင်းခံရကြောင်း၊ တရားခံက ရုံးရောက်လျှင် လွတ်မည်ဟု ပြောနေကြောင်း၊ အာမခံရမည်ဖြစ်ကြောင်း၊ အမှုစစ်အား ငွေကျပ် ၅၀၀၀ ပေးထားသည်ဟု သိရကြောင်း၊ ၎င်း၏ဖနီးမှာ အမှန်ကျူးလွန်ခံရခြင်းဖြစ်၍ တရားခံလွတ်လျှင် မကျေနပ်ကြောင်း၊ သက်ဆိုင်ရာသို့ တိုင်ကြားမည်ဖြစ်ကြောင်း ပြောပြပါတော့သည်။

ထိုအခါမှ အလုပ်သင်ဒုရဲအုပ်သည် တရားခံဘက်မှ ငွေကျပ် ၅၀၀၀ ယူပြီး ပြစ်မှုပုဒ်မ ၃၇၆/ကျင့် ၅၁၁ အမှုအား ပြစ်မှုပုဒ်မ ၃၅၄ ဖြစ်အောင် ရေးသားနေသည်ကို ယခုမှ သဘောပေါက်မိပါသည်။ ကျွန်တော်လည်း ချက်ချင်း ထိုအလုပ်သင်အရာရှိအားခေါ်ပြီး စစ်ဆေးမေးမြန်းသည့်အခါမှ မှန်ကန်ကြောင်း၊ ယူထားသည့် ငွေကျပ် ၅၀၀၀ အား ပြန်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

အချို့သော အလုပ်သင်ဒုရဲအုပ်များသည် "မပြည့်သောရေအိုး ဘောင်ဘင်ခတ်နေ"ကြပြီဖြစ်သည်။ မိမိကိုယ်ကို ပညာပြည့်ဝအောင် မဆည်းပူးကြဘဲ ကြားဖူးနားဝဖြင့် မရောင်ရာ ဆီလူးနေကြပါသည်။ ကျွန်တော်လည်း တစ်နှစ်တာကာလအတွင်း ထိုအလုပ်သင် ဒုရဲအုပ် လေးဦးအား ချော့တစ်ခါ၊ ခြောက်တစ်လှည့်ဖြင့် သင်ကြားခဲ့ရပါသည်။

ကျွန်တော်လည်း ရဲအုပ်အဆင့်မှ ဒုတိယရဲမှူးအဆင့်သို့ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလတွင် တိုးမြှင့်ခံရပြီး လှိုင်လင်ရဲစခန်းမှ တောင်ကြီးပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးသို့လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ဟိုမိန်းအထူးဒေသသို့လည်းကောင်း ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ တစ်ခုသောနေ့ ဗျူဟာရုံး၊ လုံခြုံရေးဆိုင်ရာ အစည်းအဝေးတွင် လွန်ခဲ့သောညက လင်းခေးမြို့တွင် သောင်းကျန်းသူက ပစ်ခတ်၍ ဒုရဲအုပ်တစ်ဦး ကျဆုံးသွားကြောင်း သိရှိရပါသည်။ စုံစမ်းသိရှိရသည်မှာ ကျွန်တော့်ထံတွင် အလုပ်သင်တာဝန်ကျခဲ့သော ဒုရဲအုပ်တစ်ဦးဖြစ်ပြီး ရောက်ခါစနေ့တွင် ကျွန်တော့်အား "တစ်လဘယ်လောက်ရသလဲ"ဟု မေးမြန်းခဲ့သော ဒုရဲအုပ်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုအလုပ်သင်ဒုရဲအုပ်အနေဖြင့် အသေစောပြီး ကြွယ်ကြွေခဲ့ရ၍ စိတ်မကောင်းဖြစ်မိခဲ့ပါသည်။ မျက်စိထဲတွင် မြင်ယောင်မိခဲ့ပါသည်။ ရဲစခန်းအသီးသီးတွင် အလုပ်သင်တာဝန်ဖြင့် ရောက်ရှိလာကြသော ညီငယ်အလုပ်သင်ဒုရဲအုပ်များသည် သတ်မှတ်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာလုပ်ငန်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများအား သက်ဆိုင်ရာဆရာများ၏ အနီးကပ်ကြီးကြပ်မှုကို အပြည့်အဝခံယူပြီး မိမိကိုယ်တိုင် လိုချင်တောင့်တစိတ်ဖြင့် ရဲပညာများအား သင်ယူလေ့လာကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

(မိမိအား ရဲလုပ်ငန်းများ သင်ကြားပေးခဲ့ပါသော ဆရာများအားလုံးသို့ ဂါရဝပြုလျက်)

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး ဒေါ်စန်းသည် ကျောင်းမှပြန်ရောက်သည့်နောက် ဖုန်းမြည်သံကြောင့် အိတ်ထဲမှထုတ်ယူပြီး ကိုင်လိုက်၏။

"ဟယ်လို...ဒီဖုန်းပိုင်ရှင် ထီကံစမ်းမဲ ပေါက်လို့ခင်ဗျ"

"ရှင်....."

ဆရာမလေးမှာ တွေဝေသွား၏။ တွေဝေရခြင်းအကြောင်းရင်းမှ သူမက ထီထိုးလေ့ထိုးထမရှိ၍ဖြစ်သည်။ ဆွေမျိုးတစ်ဦးတစ်ယောက်ကများ သူမ၏ဖုန်းနံပါတ်ကို ပေးခဲ့ခြင်းများလားဟု တွေးမိပြန်သည်။

"ဟုတ်ပါတယ်၊ အဲဒါကြောင့် ဝမ်းသာရအောင်လို့ပါ"

"ဒါဆို ခဏနေ ပြန်ဆက်လိုက်ပါ၊ ကျွန်မ မေးကြည့်ဦးမယ်"

ဆရာမလေးက ဖုန်းပိတ်လိုက်ပြီးနောက် အိမ်ထဲရှိ မောင်နှမများကို မေးကြည့်၏။ တစ်ဦးမျှ ထီထိုးထားခြင်းမရှိ၍ အကြောင်းကြားသူမှာ လိမ်ညာသူတစ်ယောက်ဖြစ်မှန်း အကဲခတ်မိသည်။

"အဲဒါ မမလေးကို လိမ်တာပဲ ဖြစ်လိမ့်မယ်"

"အေးလေ၊ ဒါကြောင့်မို့ ဖုန်းပြန်မဆက်တာပေါ့"

"အခုတလော ဂျာနယ်တွေထဲမှာ ကံစမ်းမဲတွေနဲ့ပတ်သက်ပြီး လျှောက်လိမ်နေတယ်လို့ ဖတ်ရတယ်၊ အဲဒီလူဆက်တဲ့ ဖုန်းနံပါတ်ကို ပြန်ဆက်ကြည့်ပါလား"

ဆရာမလေးလည်း စူးစမ်းချင်စိတ်ဖြင့် ဖုန်းဆက်လိုက်ရာ ဖုန်းမှာ လမ်းဘေးဖုန်းဖြစ်နေ၏။ သည်တော့ သေချာသွားပေပြီ။

+ + +

"ဟယ်လို.....ထီကံစမ်းမဲပေါက်တဲ့ အစ်မကြီးလား"

နောက်နှစ်ရက်အကြာတွင် ထပ်ဆက်ပြန်သည်။ ဆရာမလေးလည်း စွန့်




## ပီတိများစွာဖြင့်

စားလိုစိတ်ဖြင့်.....

"ဟာ.....ဟုတ်တယ်၊ ကျွန်မ ထီထိုးပြီး မေ့နေတာရှင့်၊ ရှင့်ကိုကျေးဇူးတင်လိုက်တာ၊ ကံစမ်းမဲက ဘယ်လောက်ပေါက်သလဲ"

"သိန်းတစ်ရာပေါက်တာပါ"

"အမယ်လေး.....ဝမ်းသာလိုက်တာရှင်၊ ဗုဒ္ဓဂါယာကို သွားဖူးရမယ်"

"ဒါပေမဲ့ အခွန်အတွက် ငွေအရင်ပေးဆောင်မှ ငွေပြန်ပို့ပေးမှာပါ"

"ဟုတ်လား၊ ဘယ်လောက်ပေးဆောင်ရမှာလဲ"

"---ပါဗျာ၊ ဘောက်ဆူးလည်းပါတယ်နော်၊ ဟဲ.....ဟဲ"

ဆရာမလေးလည်း လောဘသားကောင်အား အချိုသတ်၍ ငွေပို့ပေးရမည့်နေရာကို မေးလိုက်တော့သည်။

"--ဘဏ်ကိုနော်၊ ပို့ပြီးရင် ငွေထုတ်ပြီးမှ အဲဒီဘဏ်ကပဲ သိန်းတစ်ရာကို ပြန်ပို့ပေးမယ်"

"ကောင်းပါပြီရှင်၊ ပို့ရမယ့်သူရဲ့နာမည်နဲ့ မှတ်ပုံတင်နံပါတ်သာပြောပါတော့"

+ + +

"မမလေးရေ ဂျာနယ်ထဲမှာ ထီကံစမ်းမဲပေါက်တယ်လို့လိမ်ပြီး ငွေထုတ်သူအား ဖော်ထုတ်ဖမ်းမိဆိုတဲ့သတင်းပါလာတယ်ဗျ၊ တရားခံရဲ့ပုံတောင်ပါတယ်"

"ပြစမ်းပါဦးကွယ်"

ဆရာမလေးမှာ မှုခင်းဂျာနယ်ကို ဝမ်းသာအားရ ယူကြည့်လိုက်၏။ လူလူချင်း စာနာမှုမရှိဘဲ ငွေကြေးအချောင်ရယူလိုသူအား သက်ဆိုင်ရာနှင့် ပူးပေါင်းဖမ်းဆီးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူမိ၏။ ထိုသို့သော ဒုစရိုက်သမားမျိုးအား ရဲဝံ့စွာ တိုင်ကြားသည့်သတ္တိမျိုး လူတိုင်းတွင် ရှိကြစေချင်သည်။ သို့မှသာ မိမိတို့၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်နိုင်မည်ဖြစ်၏။

"ဒုစရိုက်သမားတွေက နည်းမျိုးစုံသုံးပြီး လိမ်ညာနေတာကို အလွယ်တကူ မယုံကြည်သင့်ဘဲ စုံစမ်းသင့်တယ်၊ ဒါပေမဲ့ သူတို့လိမ်ညာနေတာတွေဟာ သိသာလွန်းပါတယ်ကွယ်၊ ကိုယ်က လောဘနဲ့ ယုံစားမိရင် ခံသွားရလိမ့်မယ်"

"ဟုတ်တယ်နော် မမလေး၊ သူတို့ငွေက နောက်မှ၊ ကိုယ့်ငွေက အရင်ထွက်ရတာကို စဉ်းစားသင့်တာပေါ့၊ ဖြစ်ပြီးမှတိုင်ရင် ကိုယ်ပဲ စိတ်ဆင်းရဲရဦးမယ်၊ အမှုရင်ဆိုင်ရဦးမယ်နော်"

"ဒါပေါ့ကွာ၊ အဲဒါကိုသိရင် သက်ဆိုင်ရာကိုတိုင်ပြီး ပူးပေါင်းဖော်ထုတ်ရမှာပေါ့၊ ဒါမှ ဒုစရိုက်စိတ်ဓာတ်ရှိသူတွေကို ဖမ်းမိနိုင်မှာပေါ့ကွယ်"

ဆရာမလေးဒေါ်စန်းက ငွေလိမ်တောင်းသူထံ ဘဏ်မှတစ်ဆင့်ငွေပို့ပြီးကြောင်း ဖုန်းဆက်လိုက်သည်နှင့် မကြာမီတွင် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များ၏ ကြိုတင်စောင့်ဆိုင်းမှုကြောင့် ဘဏ်တွင် ငွေလာထုတ်သော ဒုစရိုက်သမားအား လွယ်ကူစွာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ငွေတင်ပို့ရာတွင်လည်း သက်ဆိုင်ရာက ငွေကျပ်တစ်သောင်းသာ ပို့ခိုင်းခဲ့ခြင်းဖြစ်၏။

"ဒါကြောင့်မို့ ဒုစရိုက်သမားတွေကို ပူးပေါင်းဖော်ထုတ်ကြပါလို့ ပြောလိုက်ချင်တာပါပဲကွယ်"

ဆရာမလေး၏ မျက်ဝန်းများမှာ လင်းလက်တောက်ပစွာဖြင့် ပီတိဖြစ်နေတော့သည်။

**အိမ့် (ရှုပဗေဒ)**

www.burmeseclassic.com

www.burmeseclassic.com



## ညီအစ်ကိုမသိတသိအချိန်

တိုးမြင့် ၊မာန်အောင်ကျွန်း၊

www.burmeseclassic.com

www.burmeseclassic.com


□

မာန်အောင်မြို့မရဲစခန်းမှူး ရဲအုပ် ကိုကိုဦးက လူသတ်မှုဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရန် သတင်းပို့လာသည်။ ကျွန်တော့်ကို လိုက်ခဲ့ပါလားဟုလည်းပြောသောကြောင့် ထလိုက်လာမိခြင်းဖြစ်သည်။

(ပ) ၂၉၁/၂၀၀၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ပြီးဖြစ်သည်။ ရဲလုပ်ငန်းများ လုပ်စရာကျန်နေသည့်အတွက် ရဲအုပ် ကိုကိုဦးအနေနှင့် နောက်တစ်ခေါက်ထပ်သွားခြင်းဖြစ်သည်။ ကျွန်တော့်အတွက်တော့ အခင်းဖြစ်အရပ် (Seen of Crime) ပထမဆုံးသွားခြင်းဖြစ်သည်။

ဘဲအင်းကျေးရွာအုပ်စုထဲမှရွာဖြစ်ပြီး ကျခတ်ပြား(Kyahkatpya)ဆိုသောရွာလေးတွင် ဖြစ်ပွားသည့်အမှုဖြစ်သည်။ စာရေးလျှင်တော့ ကျွဲခတ်ပြားဟုရေးသည်။ မာန်အောင်မြို့နှင့် သိပ်မဝေးပေ။ မော်တော်ဆိုင်ကယ်နှင့်သွားခြင်းဖြစ်၍ ခဏအကြာတွင်ရောက်သွားခဲ့သည်။ ကျခတ်ပြားရွာလေးသို့ရောက်လျှင် ကျွန်းပတ်လမ်းပေါ်မှ လှမ်းကြည့်လိုက်သည်။ ရွာလေးမှာ တော်တော်သာယာသည်။ အုန်းပင်၊ ကွမ်းသီးပင်များမှာ အထပ်ထပ်ပေါက်ရောက်နေသည်။ မြသားပဝါခြုံထားသကဲ့သို့ဖြစ်နေသည်။ အခင်းဖြစ်အရပ်မှ ပတ်ဝန်းကျင်သာယာမှုများကို ခံစားနေမိခြင်းဖြစ်သည်။

ကျွန်တော် မာန်အောင်မြို့နယ်၊ မာန်အောင်ကျွန်းသို့ တာဝန်ဖြင့် ပြောင်းလာသည်မှာ မကြာသေးပါ။ ရဲအုပ် ကိုကိုဦးက ကျွန်တော့်ထက် ရက်အနည်းငယ်မျှ စောရောက်သူဖြစ်သည်။ သူလည်း မိုးထဲလေထဲတွင် ရောက်ခဲ့ခြင်းဖြစ်သည်ဟုပြောသည်။ ရဲအုပ် ကိုကိုဦးက အခင်းဖြစ်နေရာစစ်ဆေးရန်အသွားတွင် သူကဦးဆောင်သွားနေခြင်းဖြစ်သည်။ ဘဲအင်းကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ယခု ရပ်ကွက်အုပ်ချုပ်ရေးမှူး)အိမ်သို့ အရင်ဝင်ခဲ့သည်။

ရပ်ကွက်လူကြီး ဦးကျော်ဖံအိမ်မှာ ကျခတ်ပြားကုန်းအတက်တွင်ဖြစ်သည်။ စခန်းမှူး ရဲအုပ် ကိုကိုဦးနှင့် ဦးကျော်ဖံတို့မှာ အတော်ရင်းနှီးနေကြပြီဖြစ်သည်။ ကျွန်တော့်လက်အောက်တွင် မြို့မရဲစခန်းမှူးကောင်းတစ်ဦးတော့ ရနေပြီဆိုပြီး ကျွန်တော် ကျိတ်ဝမ်းသာမိသည်။

ကျခတ်ပြားရွာလေးထဲသို့ ဝင်သွားကြသည်။ ရွာဆိုသော်လည်း ခြံကျယ်ကျယ်များသာတွေ့ရသည်။ တစ်ခြံနှင့်တစ်ခြံမှာ အမျိုးတော်စပ်နေကြကြောင်း သိရသည်။ အခင်းဖြစ်နေရာမှာ ရွာလယ်လောက်တွင်ဖြစ်သည်။ တစ်ခြံတည်းတွင် ဟိုဘက်အိမ်နှင့် ဒီဘက်အိမ်ဖြစ်ခြင်းဟု သိရသည်။ ရှေ့အိမ်မှာ တရားခံ အောင်သာစံနေသည့်အိမ်ဖြစ်ပြီး နောက်အိမ်မှာ သေသူကျော်သာစံနေသည့်အိမ်ဖြစ်ကြောင်းကို ရပ်ကွက်လူကြီး ဦးကျော်ဖံက ပြောပြခဲ့သည်။

ထိုအိမ်နှစ်လုံးမရောက်ခင် နှစ်အိမ်လုံးသုံးသည့် ရေတွင်းလေးရှိသည်။ ရေတွင်းနားတွင် လူသတ်မှုဖြစ်ခြင်းဖြစ်သည်။ အောင်သာစံနှင့် ကျော်သာစံတို့ အပြန်အလှန် ဓားချင်းခုတ်ကြခြင်းဖြစ်သည်။ ညီအစ်ကိုအရင်းနှစ်ယောက်ဖြစ်သည့်ကိစ္စဆိုသည်ကိုပါ သိရသည်။

ကျွန်တော် အခင်းဖြစ်နေရာကို ကြည့်ရှုခဲ့သည်။ သွေးစွန်းသွေးစများတွေ့ရသည်။ သွေးစွန်းနေသည့်နေရာတွင် မြက်များနှင့်ဖုံးထားသည်ကိုလည်းတွေ့ရသည်။ ကျွန်တော်က ရဲစခန်းမှူးနှင့် ရပ်ကွက်လူကြီးတို့အား ပြကြည့်ရာ စခန်းမှူးက ရခိုင်ပြည်နယ်မှ ဒေသယုံကြည်မှုတစ်ခုဖြစ်ပြီး အမှုမပေါ်နိုင်အောင် မြေလုန်ခြင်းဖြစ်သည်ဟု ရှင်းပြခဲ့သည်။

ထို့ကြောင့် သဲလွန်စပျောက်ဖျက်သည်၊ သက်သေခံပစ္စည်း ဖျောက်ပစ်သည်ဟု မမှတ်ယူတော့ပါ။ ကျွန်တော် ဆက်ကြည့်သည်။ သွေးစကျနေသည့်နေရာ တော်တော်များများတွေ့ရ၏။ ညီအစ်ကိုချင်း ဓားချင်းယှဉ်နေကြသည်မှာ အချိန်တော်တော်ကြာပုံရသည်။ ရေတွင်းနားမှ ဝါးတစ်ရိုက်လောက်အထိ ဒရွတ်ဆွဲထားသည့်အရာကို တွေ့ရ၏။

တရားခံ အောင်သာစံ၏အိမ်ပေါ် တက်ကြည့်ခဲ့သည်။ တရားခံအောင်သာစံကို စခန်းမှူးက ဖမ်းထားပြီးဖြစ်

www.burmeseclassic.com

သည်။ ရဲစခန်းအချုပ်တွင်တော့မဟုတ်ပါ။ ဒဏ်ရာရရှိ၍ ဆေးရုံတွင် ရဲဆေးစာနှင့်ဆေးကုနေခြင်းဖြစ်ပြီး ရဲအစောင့်ချထားကြောင်း သိရသည်။ အပြန်အလှန်ဓားရေးပြကြခြင်းကြောင့် သေသူသေ၊ သေလုမြောပါး ကျန်သည့်သူကျန်ဆိုသည့်မျိုးဖြစ်သည်။ တော်တော်မိုက်တာပဲဟု တွေးမိသည်။

တရားခံထွက်ချက်နှင့် စခန်းမှူးက နေအိမ်မှ သက်သေခံပစ္စည်းသိမ်းရန်ပြင်ဆင်သည်။ သက်သေခံဥပဒေပုဒ်မ ၂၇ အရ ဆောင်ရွက်ခြင်းဖြစ်သည်။ ဝှက်ထားသည့်နေရာမှာ မီးဖိုချောင်ရှိ ရေသုံးသည့်နေရာ အုတ်ခဲအောက်တွင်ဖြစ်သည်။ တရားခံ၏ဖနိုးက သက်သေလူကြီးများရှေ့မှောက် တွင်ပေးအပ်သည်ကို တွေ့ရသည်။

သေသူ ကျော်သာစံ၏နေအိမ်သို့ သွားကြည့်ကြသည်။ သေသည့်သူကို တိုင်ချက်ဖွင့်ထားသည်ဟု ဆိုပြန်သည်။ စခန်းမှူးအား ကျွန်တော်မေးကြည့်ရာ မသေခင်က အပြန်အလှန် အမှုဖွင့်ထားခြင်းဖြစ်သည်ဟု ရှင်းပြခဲ့သည်။ သေသွားပြီဖြစ်၍ ထိုအမှုကို ပိတ်ပစ်ရမည်ဖြစ်သည်။

မာန်အောင်မြို့သည် ဘင်္ဂလားပင်လယ်အော်အတွင်း သီးခြားနေရာလေးအဖြစ် အေးချမ်းသာယာစွာတည်ရှိနေခြင်းဖြစ်သည်။ မိုးရာသီတွင် မိုးများသော်လည်း ရာသီဥတုမှာ အချိန်မရွေး သင့်တင့်မျှတနေသည်။ နေလို့ထိုင်လို့ကောင်းသောနေရာဖြစ်သည်။

ရန်အောင်မြင်မြတ်စွာဘုရားစေတီတော်သည် မာန်အောင်မြို့၏ ကျက်သရေဆောင်ဖြစ်သည်။ ကျွန်တော်



မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်နှင့် မာန်အောင်သို့ ရောက်လာလာချင်းတွင် ရန်အောင်မြင်ဘုရားကြီးကို ဦးခိုက်ခဲ့သည်။ ဂေါပက ဥက္ကဋ္ဌ ဦးအုန်းဖေကို ဘုရားတွင် အမြဲတွေ့နေရသည်။ ဆွေမျိုးအစဉ်အဆက် ဘုရားဝေယျာဝစ္စများ လုပ်လာကြခြင်းဖြစ်သည်ဟု သိရ၏။ အမရပူရ ဘိုးတော်ဗဒုံမင်းက စေလွှတ်ပြီး ရန်သူအပေါင်းကို အောင်နိုင်စွမ်းရှိရန် အတိတ်နိမိတ်ဖြင့် ဘုရားတည်ထားခြင်းဖြစ်သည်ဟုလည်း သိရသည်။

လူသတ်မှုက တရားခံ အောင်သာစံကို ကျွန်တော်သွားကြည့်သည်။ မာန်အောင်ဆေးရုံတွင်ဖြစ်သည်။ ဒဏ်ရာများမှာ တော်တော်များသည်။ သေသူနှင့် တရားခံ ညီအစ်ကိုနှစ်ယောက် မသေမချင်း ခုတ်ခဲ့ကြ၍ဖြစ်မည်။ ကျန်ခဲ့သူ တရားခံမှာလည်း မသေရုံကျန်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးမှ ပြောင်းလာသည့် ကျွန်တော့်မှာ ရခိုင်ပြည်နယ်တွင် ရင်ခုန်ရမည့်အဖြစ်များ ကြားရသည်။ မာန်အောင်တွင် ညီအစ်ကို သမီးယောက်ဖ၊ လင်နှင့်မယား အစုံပင် လူသတ်မှုဖြစ်ပွားကြသည်ဟု သိရ၏။ ယခုအချိန်တွင်တော့ ထိုအဖြစ်များမရှိတော့ပါ။

အောင်သာစံတို့ညီအစ်ကို ဘာကြောင့်ထိုကဲ့သို့ အသေလုပ်ကြသည်ကို ကျွန်တော်သိချင်သောကြောင့် စခန်းမှူး ရဲအုပ်ကိုကိုဦး စစ်ဆေးနေသည့် လူသတ်မှုအမှုတွဲကို ခေါ်ယူစစ်ဆေးကြည့်သည်။ Case Parade လုပ်ခြင်းဖြစ်သည်။ အမှုတွဲကို ဖတ်ကြည့်ခဲ့မိသည်။

+ + +

အောင်သာစံနှင့် ကျော်သာစံတို့သည် မာန်အောင်ကျွန်းတွင် မွေးဖွားခဲ့ကြသူများဖြစ်သည်။ ငယ်စဉ်က ဘဲအင်းရွာဘုန်းတော်ကြီးကျောင်းတွင် စာပေသင်ကြားခဲ့ကြသည်။ ညီအစ်ကိုနှစ်ယောက်မှာ တစ်နှစ်ကြီး တစ်နှစ်ငယ်ဖြစ်၏။ ရုပ်ရည်ချင်းလည်း ဆင်တူပါသည်။ မသိသည့်သူဆိုလျှင် အမြွှာညီအစ်ကိုဟု ထင်ကြ၏။

မိဘများက ဘဲအင်းရွာမှဖြစ်၏။ လယ်များပိုင်ဆိုင်၏။ ဘဲအင်းကျေးရွာအုပ်စု၊ ကျခတ်ပြားရွာတွင် ကျယ်ဝန်းသော အုန်းခြံ၊ ကွမ်းသီးခြံများလည်း ပိုင်ဆိုင်သည်။ အောင်သာစံနှင့် ကျော်သာစံတို့ အရွယ်ရောက်သည်နှင့် မိဘအလုပ်ကို ကူညီရသည်။

www.burmeseclassic.com

www.burmeseclassic.com


အုန်းသားလုပ်ငန်းမှာ အဆင်ပြေ
။ အုန်းသားဆိုသည်မှာ အုန်းသီးဆန်
ခွင်သည့်အလုပ်ဖြစ်သည်။ အုန်းသီး ခူး
ဆန်ထုတ်ပြီး မြို့ဈေးကွက်ပို့ ကြ၏။
ရပ်ကုန်းခင်ဆိပ်ကမ်းမှ စက် လှေဖြင့်
တာင်ကုတ်၊ ရန်ကုန်တို့သို့ တင်ပို့သည်။
ွမ်းသီးလည်း တစ်ပါ တည်း
လှေ့ရှိသည်။ ကွမ်းသီးမှာ ရွာ မှာရော၊
ို့မှာပါ ဈေးကောင်းရသည်။
ာစီးပွားရေးလုပ်ငန်းမှာ အဆင်ပြေ
ည်။ သားသမီးများလည်း စားဝတ်
နေရေး မပူပင်ရပါ။ အောင်သာစံနှင့်
ကျော်သာစံတို့ အလှူပွဲ၊ မင်္ဂလာပွဲ၊
ပျော်ပွဲရွှင်ပွဲသွားရာတွင် အမြဲတမ်း
တူတူသွားလေ့ရှိ၏။

တစ်ယောက်နှင့်တစ်ယောက် မင်း
ငါ ပြောဆိုကြသော်လည်း "အစ်ကို"
ညီလေး" ခေါ်ကြ၏။ တော်တော်ချစ်
ကြပါသည်။ သူငယ်ချင်းပေါင်း ပေါင်းကြ
ါ။ သူတို့အသက် (၂၀) လောက်က
ဖြစ်သူ ကျော်သာစံနှင့် ဟင်းစနဲမှ
ူငယ်အချို့ မသင့်မမြတ် ဖြစ်ကြ၏။

ဘုရားကြီးကုန်းလမ်းဆုံတွင် ချိန်း
က်ကြသည်။ ကျော်သာစံနှင့်အဖွဲ့ချိန်း
ည့်နေရာမရောက်မီ လမ်းမှဆီးပြီး
စ်ကိုဖြစ်သူ အောင်သာစံက သူ့သူ
ယ်ချင်းနှစ်ယောက်တို့နှင့် ဝင်ရိုက်ကြ
ည်။ ပွဲပြီးမှ ညီဖြစ်သူ သိလိုက်ရ၏။

မာန်အောင်မြို့ပေါ်တွင် အစ်ကို
အောင်သာစံနှင့် ကုန်းတန်းမှလူငယ်
တစ်ယောက် ရန်ဖြစ်စဉ်ကလည်း ညီ
ဖြစ်သူ ကျော်သာစံက ဝင်ရိုက်သွား၏။
ဲ့သို့ပင် တစ်ယောက်ကိစ္စ နောက်တစ်
ယောက်က ဝင်ရှင်းလေ့ရှိသည်။ ညီ
စ်ကိုနှစ်ယောက် ကျောချင်းကပ်ဖြစ်
သည့် ပြဿနာကြီးငယ်များမှာ မနည်း
လှပေ။

သူတို့ညီအစ်ကိုသည် မိုက်မဲသူ
များတော့ မဟုတ်ကြပါ။ မဟုတ်မခံ
စိတ်ကြောင့် ဖြစ်နေကြခြင်းဖြစ်သည်။
အိမ်ထောင်ပြုသည့်အခါတွင်လည်း ရှေ့
ဆင့်နောက်ဆင့်ဖြစ်သည်။ မိဘများက
သူတို့အား အိမ်ထောင်ချပေးပြီးနောက်
အုန်းခြံထဲတွင် အိမ်ဆောက်၍နေစေ
သည်။

ရာသီအလိုက် ကွမ်းသီး၊ အုန်း
သီး ရောင်းဝယ်သည့်ကိစ္စကို ဦးဆောင်
လုပ်ကိုင်စေသည်။ သားသမီးများလည်း
တစ်ယောက်ပြီးတစ်ယောက် တိုးပွား
လာခဲ့ကြသည်။

အုန်းခြံ၊ ကွမ်းသီးခြံများမှ ရရှိ
သည့်ဝင်ငွေများကို အောင်သာစံနှင့်
ကျော်သာစံတို့ သင့်သလို ခွဲဝေသုံးစွဲနိုင်
အောင် မိဘများက စီစဉ်ပေးခဲ့သည်။
အုန်းခြံ၊ ကွမ်းသီးခြံများမှရသောဝင်ငွေ
မှာ ယခင်ကထက်စာလျှင် အထူး
ကောင်းမွန်လာသည်။ လက်ကြိတ်အုန်း
ဆီမွှေးလုပ်ငန်းကိုပါ တိုးချဲ့လာခဲ့သည့်
အတွက် ဝင်ငွေပိုမိုရရှိခဲ့သည်။ ဝင်ငွေ
အထူးကောင်းမွန်သော်လည်း စားမည့်
သားသမီးများ တိုးလာကြသည်။ မိသား
စုအလုပ်များကလည်း သိသိသာသာတိုး
လာ၍ လုပ်ကိုင်စားသောက်သည့်နေရာ
တွင် ဝင်ငွေတိုး၊ ထွက်ငွေနည်းအောင်
လုပ်လာရသည်။

+ + +

အောင်သာစံတို့သည် အကျင့်တစ်
ခုလို ဓားမကိုင်လေ့ရှိသည်။ ဟိုဒီသွား
လျှင် ဆောင်ထားသဖွယ် ယူသွားတတ်
သည်။ ယောကျ်ားတော်တော်များများ
မှာ ထိုအတိုင်းပင်ဖြစ်သည်။

ဘဲအင်းရွာမင်္ဂလာပွဲ၌ အဖျော်
ယမကာ၊ ထမင်းဟင်းအစုံနှင့် ဧည့်ခံ
သည်။ ငယ်သူငယ်ချင်း၏သမီးဖြစ်သော
ကြောင့် အောင်သာစံမှာ မင်္ဂလာပွဲသို့
သွားပြီး ချက်ရေးပြုတ်ရေး တာဝန်ယူ
ရသည်။ ကျော်သာစံမှာလည်း ထို့အတူ
ပင်။ ထမင်းရုံတွင် လူကြီးတစ်ယောက်
အနေနှင့် ကြီးကြပ်ပေးရသည်။

မာန်အောင်ကျွန်းမင်္ဂလာဆောင်
များတွင် အဖျော်ယမကာတိုက်ကျွေး
ခြင်းမှာ မာန်အောင်ကျွန်း၏ယဉ်ကျေး
မှုတစ်ခုဖြစ်သည်။ ယခင်က ဒေသ
ထွက် ချက်အရက်များဖြင့် ဧည့်ခံသော်
လည်း ယခု ၂၀၀၃ ခုနှစ်သို့ရောက်လာ
သည့်အခါ ဝီစကီများကို ဘီယာများ
ရောစပ်သုံးဆောင်နေကြပြီဖြစ်သည်။

ချက်ပြုတ်ကျွေးမွေးရေးအဖွဲ့ကို
လည်း အလျှံပယ် အရက်ပုလင်းများ
ထုတ်ပေးထားလေ၏။ အောင်သာစံနှင့်
ကျော်သာစံတို့မှာ အလုပ်ထလုပ်ရင်း
ချက်ပြုတ်ပြင်ဆင်သည့်နေရာတွင်
ဣန္ဒြေရရ အဖျော်ယမကာသုံးဆောင်
နေကြသည်။

"အစ်ကို အုန်းသီးဖိုးတွေရပြီနော်၊
ဟိုနေ့က တန်လောင်ကုန်းသွားလို့ ဦး
လှ ပေးလိုက်ပြီနော်"

"ဟုတ်လား၊ ငါက ဒီတစ်ခါကြာ
လှချည်လား အောက်မေ့နေတာ"

"ကြာတာပြောမနေနဲ့ အစ်ကို၊
ငါလည်း ဘူးယေမျက်ကအကြွေးဆပ်
လိုက်တယ်၊ ကြွေးပူမှိပါ၊ နောက်တစ်
ခေါက်ကျ အစ်ကိုအကုန်ယူ"

www.burmeseclassic.com

www.burmeseclassic.com

"ကျော်သာစံ၊ မတ်(မင်း)ရှုးနေလား၊ စပါးမျိုးဖိုးပေးရမယ်၊ စာရင်းထဲမှာ ငါတို့ပဲကျန်တော့တယ်"

"အစ်ကိုက ခဏခဏသုံးပြီးတော့၊ ငါက ဒီတစ်ခါပါ၊ မလွှဲသာလို့ သုံးတာကို"

"ကျော်သာစံ မတ်အပေါ်ကိုပိတ်ထား၊ မတ်လုပ်ရင် သောက်တလွဲချည်းပဲ၊ စပါးမျိုးဖိုး မတ်ပဲရှာ"

အောင်သာစံနှင့် ကျော်သာစံတို့ မဂ်လာပွဲတွင် စကားများနေကြ၏။ ကျော်သာစံက စိတ်ဆိုးပြီး ထပြန်သွားသည်။ အောင်သာစံကလည်း ကျော်သာစံလုပ်ခဲ့သည်ကို လုံးဝကျေနပ်မှုမရှိဖြစ်နေ၏။ အရက်ကို အောင်သာစံပိုသောက်မိနေတော့၏။ အောင်သာစံ မှာ မဂ်လာပွဲတွင် ပရိသတ်လူစုမကွဲမီ ပြန်လာခဲ့သည်။ လပြည့်ခါနီးရက်ဖြစ်သဖြင့် လသာနေသည်။ ထိန်ထိန်သာနေပါသည်။

အရက်မူး၍ သာမန်ဖြစ်ပွားသည့် ကိစ္စလေးကို မေ့ဖျောက်မရပါ။ ညီဖြစ်သူကို မကျေနပ်၍ သူ့နာမည်ခေါ်ပြီး လမ်းတစ်လျှောက် ဆဲဆိုလာသည်။ ကျခတ်ပြားအဝင်ရောက်တော့ အောင်သာစံ၏အသံမှာ ပိုကျယ်လာသည်။

ကျော်သာစံနာမည်ခေါ်ဆဲနေသည်ကို နေအိမ်၌ အိပ်မပျော်နိုင်ဘဲရှိနေသည့် ကျော်သာစံ ကြားသည်။ အိပ်ရာမှထလိုက်၏။ လိုလိုမည်မည် ကိုင်နေကျဓားမကိုဆွဲကာ ထွက်လာခဲ့သည်။ သူ့နာမည်ခေါ်ဆဲနေသူမှာ အစ်ကိုဖြစ်သူ အောင်သာစံဖြစ်ကြောင်း သိလိုက်ရသည်။

အစ်ကိုဟာ ပိုသောက်လျှင် ဒီလိုစည်းလွတ်ဝါးလွတ်ပဲဟု တွေးနေမိသည်။ ကျော်သာစံ ရေတွင်းနားမှ စောင့်နေခဲ့သည်။ မပြောလို့မရဘူး၊ အချိန်မတော်ကြီး ရှက်ဖို့ကောင်းတယ်၊ နားလည်အောင်ပြောရမယ်ဟုလည်း တွေးနေသည်။

"အစ်ကိုဟာ အရက်မသောက်ဖူးတဲ့သူကျနေတာပဲ၊ နည်းနည်းများရင် နည်းနည်းမှားလာတာပဲ၊ ငါ့နာမည်ကို တစ်ရွာလုံးကြားအောင် မဆဲပါနဲ့"



"မတ် ဘာလုပ်ချင်လဲ"

"အစ်ကိုကလည်း နေရာတိုင်းမှာ သူ့စိတ်ချည်းပဲ၊ မကောင်းပါဘူး"

"မကောင်းတော့ဘာဖြစ်လဲ၊ မတ်လည်း စကားများတာပဲ၊ လူလည်ကျတာပဲ၊ မိုက်ရိုင်းတာပဲ၊ မတ်ကို မဆုံးမလို့ မရတော့ဘူး၊ ကဲကွာ... မိုက်ရိုင်းဦး"

"ဟာ...အစ်ကိုက ငါ့ကိုဓားနဲ့ခုတ်တယ်၊ ဒါ ဆိုးမတာလား၊ ရန်သူလား"

ညီဖြစ်သူ ကျော်သာစံ ဘယ်ဘက်လက်မောင်း ဓားထိသွားသည်။ သွေးများဖြာကျလာသည်။ အစ်ကိုဖြစ်သူ အောင်သာစံက ဘာမှဂရုမစိုက်သည့်သဘောပါ။ ကျော်သာစံလည်း ကြောက်ကြောက်လန့်လန့်နှင့် လက်ထဲတွင်ပါလာသည့်ဓားမနှင့် အစ်ကိုဖြစ်သူကို ပြန်ခုတ်လိုက်သည်။

"မတ်က ဒီလိုလား၊ ရတယ်၊ စိန်လိုက်၊ မတ်ခုတ်တာ လုံးဝမထိဘူးကွ၊ ဒီလို.....ဒီလိုခုတ်ရတယ်"

အောင်သာစံက ဓားနှင့်ခုတ်ပြသည်။ ကျော်သာစံကလည်း ထိအောင်ပြန်ခုတ်တော့၏။ ညီအစ်ကိုနှစ်ယောက် လသာသာတွင် ဓားချင်းယှဉ်နေကြ၏။ နေအိမ်များမှ မိန်းမနှင့်ကလေးများ အိပ်မောကျနေကြသည်။ ဘယ်သူမျှ မသိကြပါ။ ဓားချင်းထိသံ၊ သူတို့နှစ်ယောက် ပါးစပ်မှပြောဆိုနေသံများသာ ထွက်ပေါ်နေသည်။

အချိန်အတော်ကြာအောင် ဓားချင်းယှဉ်ခုတ်နေကြသည်။ နှစ်ယောက်လုံး ဓားချက်များထိကြ၏။ အစ်ကိုဖြစ်သူ အောင်သာစံက အရက်ပိုမိုးနေ၍ ပိုခံနေရသည်။ ခိုက်ရန်ဖြစ်နေချိန်တွင် ညီအစ်ကိုအရင်းဆိုသည်ကို မေ့နေကြသည်။ မိသားစုနှင့် လူလုပ်နေရသည်ကိုလည်း မေ့နေကြသည်။

ပထမပိုင်းတွင် ဓားချင်းထိအောင်သာ ခုတ်နေကြသော်လည်း အသားထိလာတော့ သဲသဲမဲမဲခုတ်လာကြ၏။ ထိသည့်ဒဏ်ရာကြောင့် သွေးပူလာခြင်း၊ ဒေါသချွေးပြန်လာခြင်းများကြောင့် မျက်လုံးများ ဝေဝါးလာကြသည်။ ထိုအချိန်တွင် မည်းမည်းမြင်ရာခုတ်လေတော့၏။ အရက်အရှိန်များသည် ညီ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမသိတသိအချိန်သို့ ရောက်သွားတော့သည်။

+ + +

ကျခတ်ပြားရှာလူသတ်မှုကို ရဲအုပ်ကိုကိုဦးက စနစ်တကျ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ အသိသက်သေများမှာ မိသားစုဝင်များသာဖြစ်ကြသည်။ သို့သော် အမှုကို ခိုင်ခိုင်မာမာဖြစ်စေရန် ပြုလုပ်ထားပြီးဖြစ်သည်။ ရဲအုပ်ကိုကိုဦးမှာ လူတော်တစ်ယောက်ဖြစ်သည်။

ထမင်းကျွေးသည့်အလုပ်ကို ရှိသေသူတစ်ဦးလည်းဖြစ်သည်။ ရဲစခန်းတွင် ပြင်ဆင်ရေးကိစ္စများ၊ တည်ဆောက်ရေးကိစ္စများကို အားသွန်ခွန်စိုက် လုပ်ဆောင်သည်။ စံပြရဲစခန်းတည်ဆောက်ရေးအတွက် လူရောစိတ်ပါနှစ်ထားသည့် ရဲစခန်းမှူးတစ်ဦးဖြစ်သည်။

လက်အောက်ငယ်သားများ ချစ်ကြောက်ရိုသေအောင် ခေါင်းဆောင်တတ်သည်မှာ သူ့အရည်အချင်းပင်ဖြစ်သည်။ ရဲအုပ် ကိုကိုဦးနှင့် နယ်ထိန်းဒုရဲအုပ် ထွန်းဝင်းတို့သည် တော်တော်အတွဲညီသည်။ ကျွန်တော်က သူတို့ ကို ''ဆိုးပေ၊ မောင်မဲ''ဟု ချစ်စနိုးနှင့် စမိသေးသည်။ နောက်ပိုင်းတွင် သူတို့ကို ပြည်နယ်ရဲတပ်ဖွဲ့မှူးက အရေးကြီးသည့် စစ်တွေမြို့မရဲစခန်းတွင်ခေါ်ပြီး တာဝန်ပေးသည်။ ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

ကျွန်တော် မြို့နယ်ရဲတပ်ဖွဲ့မှူး တာဝန်ယူသည့်အချိန် မာန်အောင်မြို့နယ်တွင် ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်နေပြီဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများလည်း အားလုံးကောင်းနေပြီဖြစ်သည်။ တန်လောင်ကုန်းရွာမှ ဦးအောင်မော်+ဒေါ်မေလုံးတို့၏သားငယ် မောင်အောင်မျိုးသန်းမှာ စစ်ကိုင်း၊ နယ်စပ်ဒေသတိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဘီအီးဒီသင်တန်း တက်ရောက်နေပြီဖြစ်သည်။ သင်တန်းဆင်းလာသည်နှင့် အလယ်တန်းပြဆရာအဖြစ် ခန့်ထားမည်ဖြစ်သည်။

မာန်အောင်မြို့၏ မှုခင်းအခြေအနေမှာလည်း ယခုအမှု အောင်သာစံတို့၏ လူသတ်မှုလောက်သာ ဆိုးဆိုးရွားရွားရှိပါတော့သည်။ မှုခင်းတကယ်ကျဆင်းနေပြီဖြစ်သည်။ အထိတ်တလန့်မှု လုံးဝမရှိပေ။

ရဲအုပ်ကိုကိုဦး အောင်သာစံအမှုကို တင်သည့်အခါ ကျောက်ဖြူခရိုင်ဥပဒေရုံးသို့ သွားရသည်။ ကျွန်တော်လည်း လကုန်ရက် ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ အစည်းအဝေးသွားသည်နှင့်ကြုံပါသည်။ သစ်ပုံစခန်းမှူးဒုရဲအုပ် မြင့်ခင်က မျှော်တော်ဦးရွာဆိပ်ကမ်းမှ ကင်းချောင်းဆိပ်ကမ်းသို့ စက်လှေတစ်စီး စီစဉ်ပေးသည်။

အမှတ်တရဖြစ်ခဲ့သည်။ ထွက်စကတည်းက လှိုင်းမိသည်။ ကင်းချောင်းထဲသို့ စက်လှေတော်တော်နှင့်ဝင်မရပါ။ လေပိုထန်လာသည်။ မိုးပါ ပါလာ၏။ ထိုအချိန်တုန်းက ကြောက်ရမှန်းမသိသေးပါ။ တပည့်များက မိုးထဲလေထဲပင်လယ်ခရီး စက်လှေမစီးသင့်ဘူးဟု ကန့်ကွက်သည့်အခါမှ သေနိုင်တယ်ဆိုသည်ကို သဘောပေါက်မိသည်။

ရဲအုပ် ကိုကိုဦးက ရမန်ရက်ခဲ့သည့် အောင်သာစံကို ခရိုင်တရားရုံးပို့ရသည်ဖြစ်၍ ယခုလို စက်လှေခရီးကို ရှောင်၍မရပေ။ မလီခသဘော်နှင့်တောင်ကုတ်ဘက်မှ လှည့်ခေါ်ရသည်မှာ စရိတ်မသက်သာလှပေ။

မာန်အောင်မြို့တွင် စွဲစွဲလမ်းလမ်းဖြစ်ရသည့်အရာတစ်ခုရှိသည်။ ဒေါ်စောရီ၏ ပါပလာ ခေါ် ငါးမုန့်မှာ စား၍အလွန်ကောင်းသည်။ ရန်ကုန်မှ ဆွေမျိုးများထံ အမြဲပို့ပေးဖြစ်ခဲ့သည်။

အောင်သာစံအမှု တရားစွဲတင်ပြီးတရားလိုနှင့် သက်သေများ တရားရုံးလွှတ်ရသည်မှာလည်း ကိုးလ၊ ဆယ်လမျှကြာသည်။ အောင်သာစံအမှုမှာလည်း မေ့လောက်ရှိမှပြီးသည်။ ညီအစ်ကိုချင်းဖြစ်၍ ကျေအေးနိုင်သည့်သဘောထား တရားရုံးတွင် တင်ပြကြသေးသည်ကို ကြားရသည်။

တရားရုံးဆုံးဖြတ်ချက် မာန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ပြန်လာသည်။ ထိုအခါကျမှ တရားရုံးစီရင်ချက်အမိန့်ကို ကျွန်တော်ဖတ်ကြည့်မိသည်။

''အောင်သာစံ(အဘ)ဦး--သည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်ကျခံစေရန် အမိန့်ချမှတ်သည်။''

အရက်သေစာသောက်စားမှုးယစ်လာပြီဆိုလျှင် ညီအစ်ကိုချင်းလည်း မသိနိုင်ပါ။ မည်သူပဲ၊ မည်ဝါပဲဆိုသည်ကိုလည်း ခွဲခြားသိနိုင်ရန် ဝေဝါးနေမည်သာတည်း။

တိုးမြင့်(မာန်အောင်ကျွန်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# ခရေကြွေတဲ့မိုး

**ဦးဝင်းမြိုင်** ၊သရုပ်ဆောင်၊

တကယ်တမ်းသာ မရှိခဲ့လျှင်၊ မဖြစ်ခဲ့လျှင်၊ မလုပ်ခဲ့လျှင်ဆိုပြီး သောကတွေဖိစီးနေပြီဆိုကတည်းက နောင်တရစရာ အဖြစ်သနစ်တွေ ဖြစ်ခဲ့ပြီ၊ ရှိခဲ့ပြီ၊ လုပ်ခဲ့ပြီဆိုတာ သေချာနေပြီပေါ့။ ဒီလိုမျိုးအဖြစ်အပျက်တွေ ဖြစ်ပါစေတော့ဆိုပြီး ကြိုတင်အကွက်ချ စီစဉ်လုပ်ဆောင်ခဲ့တာဆိုရင် ကိုယ့်ကြောင့် အနိဋ္ဌာရုံတစ်ခု ပေါ်ပေါက်ခဲ့သည့်တိုင် ဒီလောက်ခံစားရမယ်မထင်ပါ။ အခုတော့ မထင်မှတ်ထားတာ၊ လုံးဝကို မရည်ရွယ်ထားတာ၊ မဖြစ်စေချင်တာ မမျှော်လင့်ဘဲဖြစ်ခဲ့ရတဲ့အဖြစ်ပါ။ အနိဋ္ဌာရုံမှ တကယ့်ကို သွေးပင်လယ်အနိဋ္ဌာရုံပါ။

ပရိသတ်ကြီး သူမနေရာမှာဝင်ပြီး ခံစားကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမ ဆိုတာက မြတ်နိုးအိမ်၊ အသက်က ၂၃ နှစ်၊ ဒီနေ့ မွေးနေ့၊ အရင်နှစ်တွေတုန်းက မြတ်နိုးအိမ်ရဲ့ မွေးနေ့ပွဲကို အိမ်မှာပဲ မိသားစုနဲ့အတူ ကျင်းပခဲ့ပါတယ်။ မိသားစုဆိုတာ များများစားစား မဟုတ်ပါဘူး။ ဖေဖေ ဦးအောင်ဝင်း၊ မေမေ ဒေါ်မြတ်ဇင်၊ အစ်ကို မင်းမင်းဇော်နဲ့ မွေးနေ့ရှင် မြတ် နိုးအိမ် စုစုပေါင်း ဒီလေးယောက်တည်းပါပဲ။ ဒါပေမဲ့ ဒီနှစ် တော့ နည်းနည်းထူးတယ်။ ခါတိုင်းနှစ်ထက် မိသားစုတစ်စု ပိုလာတယ်။ ဒီမိသားစုက မကြာခင်မှာ မြတ်နိုးအိမ်တို့မိသားစုနဲ့ ပေါင်းစည်းလာတော့မှာပါ။ အဲဒီမိသားစုထဲမှာ ရဲဒွေးဆိုတဲ့ အမျိုးကောင်းသားလေးတစ်ယောက်ပါလာတယ်။ ရဲဒွေးကို သူ့မိဘတွေက နိုင်ငံခြားပို့ပြီး ကွန်ပျူတာသင်တန်းတက်ခိုင်းမှာ။ ပြီးရင် မြတ်နိုးအိမ်နဲ့ နေရာချထားပေးမှာ။ မြတ်နိုးက ကျောင်းစာပဲ စိတ်ဝင်စားခဲ့တာဆိုတော့ ဒီအရွယ်အထိ အချစ်ဆိုတာ ပေါ်မလာခဲ့သေးဘူး။ အချစ်ဆိုတာ ဘာလဲ။ မြတ်နိုး မသိပါ။ သူမနဲ့ စေ့စပ်နေရာချပေးမယ့် ရဲဒွေးဆိုတာ မွန်ရည်ပျူငှာတယ်၊ မျိုးရိုးကောင်းတယ်၊ အရည်အချင်းလည်း အဆင့်




www.burmeseclassic.com

www.burmeseclassic.com



မိတယ်။ ငြင်းပယ်စရာမရှိပါ။ ဒါပေမဲ့ မြတ်နိုး မချစ်။ မုန်းတော့မမုန်း။ တစ်ခုတော့ရှိတယ်။ မချစ်သေးတာလည်း ဖြစ်နိုင်ပါတယ်။

ဒီနေ့ မြတ်နိုးမွေးနေ့မှာ မြတ်နိုးတို့မိသားစုရယ်၊ ရဲဇွေးတို့မိသားစုရယ် ရွှေတိဂုံဘုရားသွားကြမှာ။ ဇာတ်လမ်းကတော့ ဒီကစမှာပါ။ အဖြစ်က ဒီလို၊ ဘုရားသွားကြဖို့ အားလုံးက အဆင်သင့်ဖြစ်နေကြပေမယ့် သီပ်လှချင်တဲ့ အစ်ကို မင်းမင်းဇော်က အဝတ်အစားရွေးနေတာနဲ့ မပြီးနိုင်လို့ အားလုံး








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကိုစောင့်နေကြရတယ်။ အဲဒီမှာ မြတ်နိုးက သူ့အစ်ကိုကို စချင်၊ နောက်ချင်လာတယ်။ မင်းမင်းဇော် အဝတ်အစားလဲပြီး ဆင်းလည်းလာရော မြတ်နိုးက ကားကို တစ်ဘီးချင်းစလိုမ့်တယ်။ အနားရောက်လာလေ ပိုမြန်လာလေပေါ့။ မင်းမင်းဇော်က မနောက်ပါနဲ့ ညီမလေးရယ်ဆိုပြီး ပြေးလိုက်တာကိုကြည့်ပြီး မိသားစုတွေ သဘောကျပြီး ရယ်ကြမောကြပေါ့။ စတာ၊ နောက်တာက ပျော်ကြ၊ ရယ်ကြစေဖို့ပါ။ ဒါပေမဲ့ ဖြစ်လာပုံက တစ်မျိုး။ မောမောပန်းပန်းနဲ့ပြေးပြီး ကားအနားရောက်လာတဲ့ မင်းမင်းဇော်ကို မမျှော်လင့်ဘဲ ဘွားခနဲပေါ်လာတဲ့ကားတစ်စီးက တိုက်ချသွားပါတော့တယ်။ အရှိန်နဲ့တိုက်မိလို့ လွင့်စဉ်သွားတဲ့ မင်းမင်းဇော်၊ လဲကျတဲ့နေရာတစ်ဝိုက် ပြန့်ကျဲနေတဲ့ သွေးပင်လယ်။ ဒီမြင်ကွင်းတွေက မြတ်နိုးရဲ့အမြင်အာရုံမှာ အကြိမ်ကြိမ်၊ အထပ်ထပ် တဝဲလည်လည် ပေါ်နေတော့တာပါပဲ။



တစ်ည မြတ်နိုး အိပ်မက်မက်တယ်။ မက်တဲ့အကြောင်းအရာကတော့ မင်းမင်းဇော်ရဲ့ အနိဋ္ဌာရုံ။ မြတ်နိုး အသံနက်ကြီးနဲ့ ထအော်တော့ မိခင် ဒေါ်မြတ်ဇင်ရောက်လာပြီး ရေတိုက်တယ်။ ဒေါ်မြတ်ဇင် သိနေပါတယ်။ မြတ်နိုး မက်နေကျအိပ်မက် မက်ပြန်ပြီဆိုတာ။ ဒီအဖြစ်အပျက်တွေကို မေ့မေ့ပျောက်ပျောက်ထားဖို့ ဒေါ်မြတ်ဇင်က နှစ်သိမ့်ပေးပါတယ်။ ဒါပေမဲ့လည်း ဒီအိပ်မက်ဆိုးက မြတ်နိုးအတွက် မကြာခဏ မက်နေတော့တာပါပဲ။

ခရေပင်တန်းနားရောက်ရင် မြတ်နိုး မနေနိုင်ဘူး။ ခရေပန်းတွေ ဆင်းကောက်ရမှ။ တစ်နေ့တော့ မိုးတွေရွာနေတုန်း ခရေပင်တန်းကို ကားဖြတ်တယ်။ မြတ်နိုး ကားရပ်ခိုင်းပြီး ခရေပန်းဆင်းကောက်တယ်။ ကားပေါ်ကဆင်းတုန်းကတော့ ထီးဆောင်းထားတာ။ ခရေပန်းလည်းကောက်ရော ထီးကို မေ့သွားရော။ လေအတိုက်မှာ ဆောင်းထားတဲ့ထီးက လွင့်ကောင်းတိုင်းလွင့်လို့။ မြတ်နိုးကတော့ ခရေပန်းကောက်တာ သဲသဲမဲမဲ။ မိုးရေတွေရွှဲ။ သူငယ်ချင်း စုမေချစ်က အတင်းခေါ်တော့မှ လက်ကိုင်ပဝါနဲ့ထုပ်ထားတဲ့ ခရေပွင့်တွေကိုင်ပြီး ကားပေါ်ရောက်တယ်။ အိမ်ကထွက်လာတဲ့ အကြောင်းရင်းက မိဘတွေတွေ့ခိုင်းလို့ ရဲဒွေးနဲ့တွေ့ဖို့ စားသောက်ဆိုင်တစ်ခုမှာ ချိန်းထားတာ။ ခရေပန်းမြင်တော့ မနေနိုင်ဘူးဖြစ်သွားတယ်။ စားသောက်ဆိုင်ရောက်တော့ ရဲဒွေးက အသင့်စောင့်နေပြီ။ မြတ်နိုး မိုးတွေစိုရွှဲပြီး ရောက်လာတော့ ခဏစောင့်ပါဆိုပြီး ရဲဒွေး အပြင်ထွက်သွားတယ်။ ပြန်လာတော့ လက်ထဲမှာ အထုပ်တစ်ထုပ်ပါလာတယ်။ မြတ်နိုးအတွက် အဝတ်အစားတွေ။ Toilet ထဲမှာ သွားလဲလိုက်ပါတဲ့။ မြတ်နိုးအံ့ဩသွားပါတယ်။ စုမေချစ်ကတော့ အဓိပ္ပာယ်တစ်မျိုးဆောင်တဲ့ အပြုံးကိုပြုံးလို့ပေါ့။

မိုးညလေးတစ်ညပေါ့။ မြတ်နိုး ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာရင်းက ခရေပင်တန်းရောက်တော့ မနေနိုင်တော့ပါဘူး။ ကားရပ်ပြီး ခရေပန်းဆင်းကောက်ပါတယ်။ အဲ

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ လူငယ်တစ်ယောက်ကို ယောကျ်ားငါးယောက် သဲကြီးမဲကြီး လိုက်နေတာ တွေ့ရတယ်။ လူငယ်က ပြေးလာရင်း မြတ်နိုးအနားရောက်တော့ အထုပ်တစ်ထုပ်ကို နောက်ကလိုက်လာတဲ့ လူတွေမမြင်အောင် မြတ်နိုးဆီထိုးထားခဲ့ပြီး လမ်းဖြတ်ကူးသွားတယ်။ ကားတစ်စီးက လူငယ်ကို ဝင်တိုက်မိမလိုဖြစ်သွားလို့ မြတ်နိုး ထိတ်လန့်ပြီး အော်လိုက်မိတယ်။ ထုံးစံအတိုင်းပေ့ါ။ ညရောက်တော့ မြင်ခဲ့ရတဲ့ ထိတ်လန့်စရာမြင်ကွင်းကြောင့် မက်နေကျအိပ်မက်ကို မက်ပြန်တာပေ့ါ။ ဇောချွေးတွေပြန်ပြီး လူငယ်ပေးခဲ့တဲ့အထုပ်ကို သတိရလို့ ကြည့်မိတဲ့အခါ ဖိုင်တွဲတွေဖြစ်နေတာကို တွေ့လိုက်ရတယ်။ ဖိုင်တွဲတွေကို စားပွဲပေါ်ကနေယူပြီး ဗီရိုထဲထည့်သိမ်းလိုက်ပါတယ်။

သူငယ်ချင်း စုမေချစ်ရဲ့အမေ နေမကောင်းလို့ ဒီနေ့မနက် အထူးကုဆေးခန်းကို သွားကြည့်ခဲ့ပါတယ်။ အပြန်မှာ စုမေချစ်က ဓာတ်လှေကားဆီလိုက်ပို့ပါတယ်။ ဓာတ်လှေကားထဲမှာ မြတ်နိုးတစ်ယောက်တည်းပါ။ အဲဒီအချိန်မှာ ဓာတ်လှေကားပွင့်လာပြီး မနေ့ကလူငယ် ဝင်လာတယ်။ မြတ်နိုးကို စူးစိုက်ကြည့်နေပြီး သူ့ဖိုင်တွဲတွေ ပြန်တောင်းတယ်။ အဲဒီအချိန်မှာ ဓာတ်လှေကားပွင့်ပြီး ကျား/မ ငါးဦးလောက်ဝင်လာတဲ့အတွက် လူငယ်က စကားဆက်မပြောဘဲ ငြိမ်နေပါတယ်။ မြတ်နိုး ဓာတ်လှေကားအပြင်ရောက်တော့ လူငယ်က နံရံတစ်ခုကိုမှီပြီး မြတ်နိုးကို ကြည့်နေတယ်။ မြတ်နိုး ကြွေပျက်နေတာကို ဓာတ်လှေကားထဲဝင်လာတဲ့ ကျား/မငါးဦးလောက်က နားမလည်နိုင်စွာနဲ့ မြတ်နိုးကိုကြည့်နေကြတယ်။

နောက်နေ့မနက်ကျတော့ ရဲဒွေးရဲ့မိဘတွေက ထမင်းစားဖိတ်ထားကြောင်း၊ သင်တန်းချိန်ရှိတဲ့အတွက် သူငယ်ချင်း စုမေချစ်ကိုပါ ခေါ်သွားမှာဖြစ်တဲ့အကြောင်း မိခင်ကိုပြောပြီး ထွက်ခဲ့ကြပါတယ်။ ထမင်းဝိုင်းမှာ နှစ်ဖက်မိဘတွေက အလုပ်အကြောင်းတွေ ပြောနေကြတာပေ့ါ။ ရဲဒွေးက မြတ်နိုးပန်းကန်ထဲ ဟင်းခပ်ထည့်ပေးနေပုံ၊ မြတ်နိုး ငရုတ်သီးစပ်သွားလို့ စုမေချစ်က ရေခဲရေတိုက်တာကို ရဲဒွေးက မြတ်နိုးအာသီးရောင်တတ်လို့ ရေခဲရေနဲ့မတည့်ကြောင်းပြောပြီး ပျာပျာသလဲ ရေခပ်ပေးနေပုံတွေကို နှစ်ဖက်မိဘကြည့်ပြီး ပီတိဖြစ်ကြရပါတယ်။

တစ်နေ့ကဖိုင်တွေပြန်ပေးဖို့ လူငယ်က ချိန်းတဲ့အတွက် ဖိုင်တွေကိုယူပြီး လူငယ်ချိန်းတဲ့နေရာကို မြတ်နိုးရောက်လာခဲ့ပါတယ်။ လူငယ်က ကော်ဖီဖျော်တိုက်ပါတယ်။ သူ့နာမည် 'တာရာ' ဆိုတဲ့အကြောင်း၊ ဖုန်းနံပါတ်က ဘယ်လောက်ဆိုပြီးတော့ မှတ်ခိုင်းပါတယ်။ တာရာရဲ့ ရီဝေတဲ့အကြည့်တွေကြောင့် မြတ်နိုးရှက်နေရပါတယ်။ အိမ်ပြန်ရောက်တော့ မြတ်နိုး ဒိုင်ယာရီရေးရင်းနဲ့ တာရာ့ရဲ့ရုပ်သွင်ကို မြင်ယောင်မိပြီး တာရာ့ရဲ့ ဆွဲဆောင်မှုရှိတဲ့အပြုအမူ၊ အပြောအဆိုတွေအပေါ် ကြည်နူးနေမိတဲ့အချိန်မှာပဲ ရဲဒွေးဆီက ဖုန်းဆက်လာတယ်။ ဖခင်ရဲ့အလုပ်ကိစ္စတွေအတွက် မနက်ဖြန် စင်ကာပူသွားရမှာဖြစ်တဲ့အကြောင်း၊ တစ်လလောက်ကြာမှာဖြစ်တဲ့အကြောင်း ပြောလာတော့ မြတ်နိုးစိတ်ထဲမှာ မလုံမလဲဖြစ်နေရပါတယ်။ လူကြီးချင်း သဘောတူထားတဲ့သူအပြင် အခြားတစ်ယောက်ကို စိတ်ဝင်စားမိတာ သစ္စာမဲ့မှုတစ်ခုလားလို့ပြီးတော့ပေ့ါ။

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်မှာတော့ တာရာနဲ့မြတ်နိုး ရင်းနှီးမှုတွေပို လာကြတယ်။ ကစားကွင်းအတူသွားဖြစ်တယ်၊ ရုပ်ရှင် အတူ ကြည့်ဖြစ်တယ်။ မြတ်နိုး ခရေပန်းနှစ်သက်တာကိုလည်း တာ ရာ သိသါးတယ်။ နောက်ပိုင်း သူတို့နှစ်ယောက်ထိုင်ခဲ့တဲ့ ခုံတန်းလျားလေးမှာ ခရေတစ်ကုံး အမြဲကျန်နေတတ်ပါတယ်။ တာရာကပြောတယ်။ "မြတ်နိုး ခရေပန်းကုံးလေးကို နှလုံး သားထက်မှာ ဖိကပ်ထားကြည့်၊ ခရေပန်းလေးတွေက စကား ပြောတယ်"တဲ့။ မြတ်နိုး ခရေပန်းကုံးလေးတွေကို နှလုံးသား ထက်မှာ ဖိကပ်ထားလိုက်တယ်။ အဲဒီမှာ တာရာက "မြတ် နိုးကို ကျွန်တော်ချစ်တယ်လို့ ပြောနေသံ ကြားလား"တဲ့။ အဲဒီတော့ မြတ်နိုးက တာရာ့ရင်ထဲက ခရေပန်းလေးတွေက ရော ဘာပြောနေလဲဆိုတော့ "တာရာ့ကို ကျွန်မ နှစ်နှစ်ကာ ကာ မြတ်မြတ်နိုးနိုး ချစ်တယ်တဲ့ဗျာ"လို့ပြောပြီး မိုးဖွဲဖွဲက မိုးရေစက်လေးတွေနဲ့ ခရေပန်းလေးတွေစွတ်၊ ဖြူလွလွ လက် ကိုင်ပဝါလေးနဲ့ထုပ်ပြီး မြတ်နိုးလက်ထဲ ညင်သာစွာထည့်ပါ တယ်။

မြတ်နိုးနဲ့တာရာ ပန်းခြံထဲမှာ လမ်းလျှောက်ရင်းနဲ့ မြတ် နိုးက ဓာတ်ပုံတွဲရိုက်ရအောင်ဆိုပြီး သူ့မှာပါလာတဲ့ MP-4 ကင်မရာလေးနဲ့ ပန်းခြံထဲကလူတစ်ယောက်ကို အကူအညီ တောင်းပြီး သူတို့နှစ်ယောက်ကို ဓာတ်ပုံရိုက်ခိုင်းတော့ အဲဒီ လူက ရိုက်သာရိုက်ပေးနေရတယ်။ တအံ့တသြကြီးဖြစ်လို့။ ပန်းခြံထဲကအပြန် ခရေပင်တန်းဘက်ကိုရောက်တော့ ခရေ ပန်းတွေကောက်ရင်း မိုးတွေမိပြီး မြတ်နိုး ဖျားပါတော့တယ်။ မြတ်နိုးကြည့်ရတာ တစ်မျိုးတော့တစ်မျိုးပါ။ တစ်ခုခုတော့ ထူးနေတယ်။

တစ်ရက်မှာ မြတ်နိုးနဲ့တာရာ ရုပ်ရှင်ကြည့်ဖို့ ရုပ်ရှင်ရုံ ရောက်တော့ စုမေချစ်နဲ့ဆုံတယ်။ မြတ်နိုး မလုံမလဲဖြစ်သွား



ပြီး စုမေချစ်ကို တာရာနဲ့ မိတ်ဆက်ပေးပြီး ရုပ်ရှင်ရုံထဲ ဝင် သွားတယ်။ စုမေချစ် တအံ့တသြဖြစ်ပြီး ကျန်ခဲ့တယ်။ နောက် တစ်နေ့ အိမ်မှာပြန်ဆုံတော့ တာရာနဲ့တွဲရိုက်ခဲ့တဲ့ ဓာတ်ပုံ တွေကို ပြပြန်ရော။ စုမေချစ် အံ့သြပြီးရင်း အံ့သြရပြန်ရော။

မိဘတွေက မြတ်နိုးကို ရဲဒွေးနဲ့ စေ့စပ်မယ်ပြောတော့ ရဲဒွေးကို သူ လက်မထပ်နိုင်ကြောင်း၊ သူ့မှာ ချစ်သူရှိကြောင်း ပြောပြီး သူ့ချစ်သူ တာရာရဲ့ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ ပါ ပေးတယ်။ ဖခင်က စိတ်ပူပြီး တာရာ့အကြောင်းတွေ စုံ စမ်းတာပေ့ါ။ အဲဒီလို စုံစမ်းတော့မှ မြတ်နိုးအတွက် ပိုပြီး စိတ်ပူကြရတော့တယ်။ တကယ်တော့ အစ်ကိုဖြစ်သူ မင်း မင်းဇော်ရဲ့ အနိဋ္ဌာရုံကို မြင်ပြီးတဲ့နောက်ပိုင်းမှာ တဖြည်း ဖြည်းနဲ့ စိတ်ဝေဒနာ မသိမသာစွဲကပ်ပြီး မရှိကို အရှိမြင်၊ တာရာဆိုတာကို မသိစိတ်က ရှိတယ်လို့ လက်ခံ၊ ချစ်သူ တွေဖြစ်၊ တစ်စတစ်စနဲ့ စိတ်မကျန်းမာမှုဝေဒနာဟာ ရင့် သန်လာခဲ့ရတာပါ။

ရုပ်ရှင်ရုံမှာ စုမေချစ်နဲ့ မိတ်ဆက်ပေးတော့ ဘေးမှာ ဘယ်သူမှမရှိဘူး။ ဓာတ်ပုံတွဲရိုက်ခဲ့တယ်ဆိုပြီး ဓာတ်ပုံပြတော့ ဓာတ်ပုံထဲမှာ မြတ်နိုးတစ်ယောက်တည်း။ တာရာ့အိမ်လိပ် စာအတိုင်း သွားစုံစမ်းတော့ လူမနေတဲ့အခန်း၊ တာရာ့ဆီကို ကွမ်းယာပို့ပေးပါဆိုပြီး မြတ်နိုး ပိုက်ဆံကြိုပေးတဲ့ ကွမ်းယာ သည်လေးကို သွားမေးတော့လည်း "ဒီအစ်မလေးက မုန့် ဖိုးပေးချင်တာနဲ့ လူမနေတဲ့အခန်းကို ကွမ်းယာပို့ပို့ခိုင်းနေတာ" တဲ့။ အဲဒါနဲ့ မြတ်နိုး စိတ်ရှင်းသွားအောင် တစ်ခုချင်း သက် သေပြတော့ မဟုတ်ဘူး၊ တာရာတကယ်ရှိတယ်၊ အားလုံး ဝိုင်းလိမ်နေကြတာဆိုပြီး အော်ရင်း မေ့လဲကျသွားတယ်။ ကဲ.....အဲဒီပြဿနာကို ဘယ်လိုရှင်းကြမှာလဲ။ ရင်နင့်စရာ ကောင်းတဲ့ အချစ်ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ပါ။

တာရာအဖြစ် မင်းသားလေး စည်ဖြိုး၊ မြတ်နိုးအိမ်အဖြစ် ချစ်သုဝေ၊ ရဲဒွေးအဖြစ် ပြေဇင်၊ ဦးအောင်ဝင်း၊ ဒေါ်မြတ်ဇင် အဖြစ် ဦးဝင်းမြိုင်နဲ့ စိုးမိုးကြည်တို့က သရုပ်ဆောင်ထားကြ ပါတယ်။ ဇာတ်လမ်း၊ ဇာတ်ညွှန်းကတော့ နေခြည်အောင် သစ်ပါ။ ဒါရိုက်တာက နေပိုင်၊ ရိုက်ကူးဖြန့်ချိမယ့် ကုမ္ပဏီ ကတော့ EVER TOP VIDEO ဖြစ်ပါတယ်ဆိုတာ သတင်း ကောင်းပါးလိုက်ပါရစေ။

ဦးဝင်းမြိုင် (သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**ကျူပ်** မိန်းမတွေကို သိပ်မုန်းမိတယ်။ မိန်းမ မုန်းရတဲ့အကြောင်းရင်းက ကျူပ်နှလုံးသားကို စိတ်ဒဏ်ရာဖြစ်စေခဲ့လို့ပဲဆိုရင် မမှားပါဘူး။ မိန်းမတစ်ယောက် ပေးခဲ့တဲ့ သင်ခန်းစာတွေက ကျူပ်ရင်ဘတ်ထဲမှာ အပြည့်ပဲ။ ဘာနဲ့မှ ဖျက်လို့မရခဲ့ဘူး။ အဲဒီအစိုင်အခဲက ငရဲမီးနဲ့ အပူပေးရင်တောင် ပျောက်ပျက်မှာမဟုတ်ဘူး။ ပြီးတော့ ကျူပ်ဘဝကို အမည်းစက်ထင်အောင် လုပ်ခဲ့တဲ့မိန်းမကို မုန်းမိတယ်။ ဒီဘဝမှာတင် မဟုတ်ဘူး။ နောင်သံသရာအထိ ကျူပ် မုန်းနေမိမှာပဲဗျာ။

"ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲကွာ၊ အတိတ်ကို အတိတ်မှာပဲ ထားလိုက်တော့၊ မင်းရဲ့အနာဂတ်အထိ ယူမသွားနဲ့တော့၊ မိန်းမတစ်ယောက်ကြောင့် မင်းရဲ့ဘဝပျက်ခဲ့တာဆိုရင် မိန်းမတွေနဲ့ ကင်းကင်းနေတော့ကွာ"

"ငါ့စိတ်က ကင်းတယ် ကျော်အောင်၊ ဒါပေမဲ့ အဲဒီမိန်းမတွေကို ငါ လက်စားချေချင်စိတ်ရှိနေတယ်"

"ဟ.....ထွန်းခေါင်၊ မင်းရူးနေပြီလား ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မပေါ့ကွ"

"ဟင့်အင်း၊ ငါက မိန်းမတွေရဲ့ ခြေရောလက်ပါ ဖြတ်ပစ်ချင်တာကွ၊ ဒါမှ မိန်းမတွေ ဒုက္ခမပေးနိုင်မှာ"

"အဲဒီထဲမှာ ငါ့မိန်းမ မပါဘူးနော် ထွန်းခေါင်၊ ငါ့မိန်းမက အမရာ၊ ကိန္နရီ မဒ္ဒီ၊ သမ္ဗူလလို တော်လေးဝဝင် မိန်းမကွ"

ကျူပ်က ကျော်အောင့်အပြောကို သဘောကျသွားမိတယ်။ မိန်းမတွေဟာ အစပိုင်းမှာ ဒါမျိုးတွေချည်းပါပဲဗျာ။ နောက်မှသာ သူတို့ရဲ့စိတ်တွေ ပြောင်းလာပြီး ယောကျ်ားအပေါ် မကောင်းမမြင်လာမယ်၊ အပြစ်ပြောလာမယ်လေ။ ပြီးတော့ အစွမ်းအစမရှိတဲ့ ယောကျ်ားဆိုပြီး နောက်ဆုံးမှာတော့ ယောကျ်ားကို သေတွင်းပို့ကြတာပါပဲ။

\+ + +

ကျူပ် မိန်းမတွေကို ဘာကြောင့် မုန်းရလဲ သိလား။ ဟိုးလွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကပေါ့။ ကျူပ်လေ မိသိန်းခက်ဆိုတဲ့မိန်းမနဲ့ အကြောင်းပါခဲ့တယ်။ မိသိန်းခက်က တောကနေ မြို့မှာ အိမ်ဖော်လာလုပ်တဲ့သူ။ ကျူပ်က အဲဒီအိမ်က ဒရိုင်ဘာပေါ့ဗျာ။ တစ်အိမ်တည်း အတူနေတော့ တွေ့မြင်နေရတာပေါ့။ မိသိန်းခက်က ကျူပ်ထက် ၁၀ နှစ်ငယ်တယ်။ ရွက်ကြမ်းရေကျိုရုပ်ရည်ပေါ့ဗျာ။ သူနဲ့ကျူပ်က တစ်ပတ် နှစ်ရက် ဈေးဝယ်ထွက်ကြရတယ်။ သူ့နှုတ်ဖျားက 'ကိုကြီး'လို့ခေါ်သံက ကျူပ်နှလုံးသားထဲထိ စွဲငြိစေရတယ် လေ။

ဒီလိုနဲ့ အနေနီးစပ်တော့လည်း မိသိန်းခက်ကို ကျူပ် စိတ်ဝင်စားသွားတယ်။ တောခလေး၊ တောဟန်စရိုက်မပျောက်တော့ သူစကားပြောရင် ကျူပ်က အထူးအဆန်းဖြစ်နေရတယ်။

'ကျွန်မ မသိဘူးတော့်'၊ 'တော်ကြီးက ဘယ်ရောက်နေတာလဲ၊ ဒီမှာ ခြင်းဆွဲလာတာ နာလှပြီတော့်'စတဲ့ စကားပြောဟန်နဲ့ မျက်နှာပေးက ကျူပ်ကို ဆွဲဆောင်နေတယ်။ 'မယားတောသူ'ဆိုတဲ့စကားလည်း ရှိထားတယ် မဟုတ်လား။ ဒီတော့ ကျူပ်က မိသိန်းခက်အပေါ် ၇၀ ရာခိုင်နှုန်းလောက် ချစ်သူအဖြစ် ရွေးထားလိုက်မိတယ်။

မိသိန်းခက်က ရောက်စက ဆံရစ်ဝိုင်းလေးနဲ့လေ။ ကျူပ်က အဲဒီပုံကို မျက်လုံးထဲ ပြန်မြင်နေတုန်းပဲ။ နောက်တော့မှ အိမ်ရှင်ရဲ့ ပြင်ဆင်ပြောင်းလဲမှုကြောင့် မြို့ကြီးသူဖြစ်သွားပြီး ဆံရစ်ဝိုင်း ပျောက်ခဲ့ရတာပေါ့။

"ကိုကြီး ကျူပ်လှလားတော်"

ခေါ်တော့ ကိုကြီး၊ ပြောတော့ ကျူပ်တဲ့။ ကျူပ်လည်း ရယ်ချင်စိတ်ကို ထိန်းပြီး မိသိန်းခက်ရဲ့ အပြောအဆိုကို သင်ပေးခဲ့ရပြန်တယ်။ ဒီတော့ မိသိန်းခက်က အရောင်တောက်လာတဲ့ ကျောက်ရိုင်းတုံးလေးတစ်ပွင့် ဖြစ်လာတာပေါ့ဗျာ။ ပန်းလေးတစ်ပွင့် လှလှပပပွင့်လာရင် ပျားပိတုန်းတွေ ဝဲကြတာ ဓမ္မတာပေါ့ဗျာ။

"ဟဲ့ကောင်မလေး ဟိုကောင် လေးညည်းနောက်ကို လိုက်လာတာ လား"

"အင်းလေ၊ ကျူပ်ကို နာမည်လိုက်မေးပြီး စာပေးတယ်တော့်၊ ဒီမှာလေ သူ့ရဲ့စာ"

"ပေးစမ်း"

ကျူပ်လည်း လက်ထဲကစာကို ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



လုပြီးဖတ်လိုက်တယ်။ ပြီးတော့ မကျေနပ်တဲ့မျက်နှာနဲ့ စာကိုဆွဲဖြဲပစ်လိုက်တယ်။

"မလုပ်ပါနဲ့တော်၊ နှမြောစရာကြီး"

"အောင်မာ နင်က ဒီကောင့်ကို သဘောကျနေပြီလား။ ဘယ်သူမှန်းမသိ၊ ဘယ်ကမှန်းမသိနဲ့၊ ကလေကဝကောင်ကိုများ"

"ကိုကြီးနော်၊ သူများကို မှိုချိုးမျှစ်ချိုး မပြောပါနဲ့"

ကျုပ်က မိသိန်းခက်ကို စေ့စေ့ကြည့်လိုက်တယ်။ မိသိန်းခက်ဟာ စိတ်ကစားတတ်တဲ့အရွယ်ဖြစ်နေတော့ သူ့မှာ ချစ်သူလိုချင်မှာပေါ့။ ကျုပ် သူ့စိတ်ကို နားလည်သွားတယ်။

"ညည်းက ရည်းစားလိုချင်တာလား၊ ချစ်သူလိုချင်တာလား"

"ကျုပ်မှ နားမလည်တဲ့ဟာ၊ ရည်းစားနဲ့ချစ်သူ မတူဘူးလား"

"ရည်းစားက အပျော်တွဲတာ၊ ချစ်သူက တရားဝင်ယူဖို့တွဲတာဟဲ့ ကောင်မလေးရဲ့"

မိသိန်းခက်က ရှက်သွားတယ်။ ကျုပ်လည်း ပေးလာတဲ့အခွင့်အရေးကို အပြည့်အဝ အသုံးချလိုက်တာပေါ့။ အပြိုင်ပေါ်လာမှ ကျုပ်စိတ်က မိသိန်းခက်အပေါ် စိတ်မချဖြစ်လာတော့ တယ်။

"ဒီနေ့ကစပြီး ငါတို့နှစ်ယောက်က တရားဝင်ချစ်သူပေါ့ဟာ"

"ဟင်.....တော်ကြီးက ကျုပ်ကို ချစ်လို့လား"

"သိချင်ရင် ကားပေါ်ရောက်မှ ပြောပြမယ်၊ လာခဲ့"

ကျုပ်ဆွဲခေါ်ရာကို မိသိန်းခက် လိုက်ပါလာရတာပေါ့။ အဲဒီနေ့ကစပြီး သူနဲ့ကျုပ်က ချစ်သူဘဝကို ရောက်သွားကြတယ်။ အိမ်ရှင်တွေမသိအောင် သိုသိုသိပ်သိပ်နေရင်းနဲ့ အချိန်တွေကြာလာတာနဲ့အမျှ ကျုပ်တို့နှစ်ယောက်က ရည်းစားမက လင်မယားမကျနဲ့ နောက်ဆုံးတော့ အိမ်ရှင်တွေကို ဖွင့်ပြောပြီး လက်ထပ်ခဲ့ကြတယ်။

"မင်းတို့နှစ်ယောက်ယူတော့ ကောင်းတာပေါ့ကွယ်၊ လက်ထပ်ပြီးရင် ခြံထဲမှာပဲ အတူတူနေကြပေါ့၊ မင်္ဂလာပွဲအတွက် အန်တီက ငွေတစ်သိန်း လက်ဖွဲ့ပါ့မယ်"

ကျုပ်တို့ ဝမ်းသာသွားတာပေါ့ ဗျာ။ အိမ်ရှင်အန်တီကြီးက သဘောကောင်းတယ်။ သူ့ခင်ပွန်းက နိုင်ငံခြားမှာ အလုပ်သွားလုပ်တယ်။ မကြာခင်မှာ မြန်မာပြည်ကို အပြီးပြန်လာမယ်လို့သိရတယ်။ သူတို့မှာ ကလေးနှစ်ယောက်ရှိပြီး ကလေးထိန်းတွေကိုယ် စီနဲ့ထားကြတယ်။ ကျုပ်မိန်းမက အိမ် ဖော်ဒေါ်ဥနဲ့ ဝိုင်းကူပြီး ဈေးဝယ်ပေါ့ ဗျာ။ တစ်ခါတစ်ခါ အန်တီကြီးအမေကို ပြုစုပေးရတယ်။ အိမ်ရှင်တွေမှာ အိမ်ဖော်တွေမှ မိန်းကလေးက လေးယောက်၊ ယောကျ်ားလေးက နှစ်ယောက်ရှိကြတယ်။ တစ်လ တစ်လ လစာက မနည်းဘူးပေါ့။

+ + +

"မောင်ထွန်းခေါင်ရေ မေမေ့ကို သူ့သားအိမ် သွားပို့ပေးပါကွယ်၊ ဟိုမှာနေချင်လို့တဲ့"

"ဟုတ်ကဲ့ အန်တီ"

"ဩော်.....မင်းမိန်းမပါ ခေါ်သွားနော်၊ အပြန်မှာ ရွှေပုဇွန်က ကိတ်မုန့်နှစ်ဘူးဝယ်လာခဲ့ကွယ်၊ ရော့.....ပိုက်ဆံ"

"ဟုတ်ကဲ့ မိန်းမရေ...ကြီးကြီး ကို သေသေချာချာ တွဲလာခဲ့ဦးနော်၊ ကားကို ပေါ်တီကိုအောက် မောင်းလာ ခဲ့မယ်"

ကျုပ်က အန်တီကြီးအမေ အတွက် အဆင်ပြေအောင် ကားကို ပေါ်တီကိုအောက် မောင်းလာချိန်မှာ မိန်းမက အဆင်သင့်ဖြစ်နေပြီလေ။ နောက်တော့ အဘွားကြီးကို သွားပို့ လိုက်တယ်။ အပြန်မှာ ကျုပ်တို့လင်မယားက သူဌေးလင်မယားပေါ့ဗျာ။ မိန်းမက ကားရှေ့ခန်းမှာစီးပြီး ရွှေပုဇွန် ကိတ်ဆိုင်ကို သွားကြတယ်။

"မင်း ကားပေါ်မှာပဲနေခဲ့၊ ငါ သွားဆင်းဝယ်မယ်"

ကျုပ်က ရွှေပုဇွန်ဆိုင်ထဲမှာ မုန့်ဝင်ဝယ်နေတဲ့အချိန်ခဏလေးမှာ မိသိန်းခက်ကို အကောင်တစ်ယောက်နဲ့ တွေ့ရတော့ ကျုပ် ဒေါသဖြစ်သွားတော့တယ်။ ရယ်မောနေတဲ့ မိန်းမရဲ့ မျက်နှာက ကျုပ်စိတ်ကို ဆွနေသလိုပါပဲ။ အိမ်ထောင်သည်ဆိုတဲ့စိတ်မျိုး မရှိတော့ဘူးလားလို့ သူ့ကို ကျုပ်မေးလိုက်ချင်တယ်။

"ဟော...ကိုကြီးလာပြီ၊ ကိုကြီး ဒီမှာလေ သူ့ကိုမှတ်မိရဲ့လား"

ကျုပ်က ဒေါသဖြစ်နေတာကို မိန်းမက အလိုက်မသိဘဲ အတင်းမေးနေတော့ သူ့ကို ကျုပ် ဟောက်ပစ်လိုက်တယ်။

"ဘာကြောင့် ငါက မှတ်မိရမှာလဲ၊ ကားတံခါးပိတ်လိုက်တော့၊

www.burmeseclassic.com

www.burmeseclassic.com



အလကား ရှုပ်ရှုပ်ယှက်ယှက်တွေ''

ဒီတော့မှ မိန်းမလည်း ကြောက်ကြောက်နဲ့ ကားတံခါးကို ဆွဲပိတ်လိုက်တော့တယ်။ ကျုပ်လည်း စိတ်တိုတို နဲ့ ကားကို ဆောင့်ထွက်သွားလိုက် တယ်။

''တောက်.....ငယ်ချစ်ဟောင်းနဲ့ ကြည်နေလိုက်တာ၊ ယောကျ်ားကို တောင် မေ့နေတယ်၊ နောက်တစ်ခါ ဒီကြာကူလီကောင်တွေ့ရင် စကားမပြောရဘူး၊ ကြားလား''

''ဟုတ်.....ဟုတ်ကဲ့ ကိုကြီး''

မိန်းမမျက်နှာလေး ညှိုးသွားတော့တယ်။ ကျုပ်လည်းစိတ်မကောင်းဖြစ်မိပေမယ့် ရှေ့ဆက် ဇာတ်လမ်းတွေ ရှုပ်မလာအောင်အပြတ်ပြောထားလိုက်တယ်။ မိသိန်းခက်က ငယ်ရွယ်တဲ့သူလေ။ ဒီကြားထဲ ကျုပ်မသိအောင် အထည်တွေခိုးဝယ်သေး။ ကျုပ်လည်း မိန်းမဖြစ်နေတော့ မသိချင်ယောင်ဆောင်နေလိုက်တယ်။ သူလည်းငယ်ရွယ်တဲ့သူမို့ လှချင်ရှာမှာပေါ့ဗျာ။

အစားအသောက်ဆိုလည်း မိန်းမကို ကျုပ်ကညှာတယ်။ သူက တောသူဆိုတော့ အစားကြီးတယ်။ ကျုပ်နဲ့ညားပြီးမှ ဝပြီးလှလာတယ်။ တစ်ခါတစ်ခါ ကျုပ်မိန်းမကို ကြည့်မဝဘူးဗျာ။ ပြီးတော့လည်း အိမ်ထောင်သက်နုသေးတော့ သားသမီးမယူသေးဘူး။ လွတ်လွတ်လပ်လပ် နေချင်သေးတယ်လေ။ ပြီးတော့ မိသိန်းခက်က တစ်ခါတစ်ခါ ကလေးဆန်တယ်။ အိမ်ရှေ့မှာ ဖန်ခုန်လိုက်၊ ဖယ်တောက်လိုက်နဲ့။ ကျုပ်ကိုလည်း အိပ်နေချိန်မှာ နူတ်ခမ်းနီတွေ ဆိုးပေးလိုက်နဲ့ပေါ့။ ကလေးစိတ်ဆိုလည်း မမှားဘူးပေါ့ဗျာ။

တစ်နေ့ ရွာက သူ့အမေကြီး လိုက်လာတယ်။ ကျုပ်တို့လက်ထပ်တာကို မသိသေးဘူးပေါ့။ သူ့သမီးကို ပွဲစားနဲ့ အိမ်အကူလုပ်ဖို့ ထည့်လိုက်မှ ယောကျ်ားပါရရောဆိုပြီး ငိုပါလေရော။ ကျုပ်က ယောက္ခမကြီးအတွက် ငွေနဲ့ ကန်တော့လိုက်မှ ကျေနပ်ပြီး ပြန်သွားတာပါ။ မိသိန်းခက်ကို တိတ်တိတ်လေး ချော့ခေါ်နေသေးတယ်။ ဒါပေမဲ့ မိန်းမက ပြန်မလိုက်တော့ပါဘူး။

''ကျုပ် ယောကျ်ားရနေပြီအမေ၊ ကျုပ်ကိုမခေါ်ပါနဲ့တော့၊ အမေတစ်ယောက်တည်းပဲ ပြန်ပါနော်''

''ရွာမှာ ညည်းအဖေနဲ့ မောင်လေး ညီမလေးတွေ ရှိသေးတယ် လေ၊ ဘယ်သူက အမေတို့ကို လုပ်ကျွေးမှာလဲ၊ ညည်းလခလေးနဲ့ စားနေရတာပါအေ''

''ဒီလိုလုပ်ပါ ဒေါ်လေး၊ ကျွန်တော်တို့လင်မယားက တစ်လ နှစ်သောင်း ပို့ပေးပါ့မယ်ဗျာ၊ အဲဒါဆို အဆင်ပြေပြီမဟုတ်လား''

မိသိန်းခက်အမေလည်း ဝမ်းသာသွားတော့တာပေါ့။ နောက်တော့ သားသားနဲ့ ပါးစပ်ဖျားက မချတော့ဘူးဗျာ။

+ + +

ကျုပ်နဲ့အိမ်ထောင်ကျတော့ မိသိန်းခက်အသက်က ၁၆ နှစ်စွန်းရုံပဲ ရှိသေးတာပါ။ ကျုပ်က ၂၅ နှစ်ရှိနေပြီလေ။ အိမ်ရှင်လင်မယားက ကျုပ်တို့လင်မယားကို အားကိုးတယ်။ ဖင်မြဲတဲ့သူတွေဆိုတော့ သူတို့နှစ်သက်ကြတာပေါ့ဗျာ။ အန်တီကြီးခင်ပွန်း ဦးထင်လင်းရောက်လာမှ ကလေးထိန်းနှစ်ယောက်လည်း အလုပ်ကထွက်ကုန်ကြတော့တယ်။

''ထွက်မှာပေါ့ ကိုကြီးရဲ့၊ အန်တီကြီးရဲ့ယောကျ်ားက အမြဲတမ်း မူးနေတာလေ၊ ဒီတော့ မလုပ်ရဲကြတော့ဘူးပေါ့''

''အဲဒါဆို ညည်းလည်း သတိထားနော် မိန်းမ''

''စိတ်ချပါ ယောကျ်ားရယ်၊ သိန်းခက်တဲ့၊ တစ်ခက်ပဲရှိတယ်၊ ကျုပ်ကိုလာထိလို့ကတော့ အသက်ချင်းလဲပစ်လိုက်မယ်၊ ဟင်း.....''

တောသူမက သတ္တိတော့ရှိတယ်။ ကျုပ်လည်း စိတ်မချလို့ သတိပေးမိတာပါဗျာ။ ကျုပ်မိန်းမအကြောင်းကို ကျုပ်သိပါတယ်။ အိမ်ဖော် ဒေါ်ဥက တော့ အသက်ကြီးနေတော့ စိတ်ဝင်စားမှာမဟုတ်ဘူးပေါ့။ ကျုပ်မိန်းမရဲ့ ဆတ်ဆတ်ကြဲစိတ်ဓာတ်က ကျုပ်ကို ယုံကြည်မှု ၉၀ ရာခိုင်နှုန်းဖြစ်စေတယ်။

''စိတ်ချ ယောကျ်ား၊ သိန်းခက်တို့က ကိုယ့်ယောကျ်ားကလွဲပြီး ဘယ်သူနဲ့မှ မဖောက်ပြန်ဘူး၊ ကျုပ်ရှောင်တတ်ပါတယ်တော်၊ ကျုပ်ကိုတော့ လင်ရှိနေလို့လားမသိဘူး၊ ထိကပါးရိကပါး မရှိဘူးတော့်''

ကျုပ်တို့က သူတို့ရဲ့အစေအပါးတွေမဟုတ်လားဗျာ။ ကျုပ်ရဲ့ မျက်နှာကြောတင်းတတ်တဲ့ရုပ်ကြောင့် ကျုပ်မိန်းမကို မထိရဲတာလည်းဖြစ်မှာပေါ့။ ပြီးတော့ ဦးထင်လင်းလို ငွေရှိ၊ ဂုဏ်ရှိသူအတွက် အပျော်ဆိုတာ အပြင်မှာ ထွက်ရှာလည်း ဖြစ်တာပါပဲ။ ကျုပ်တောင် ညကြီးမိုးချုပ်မှ ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ ဦးထင်လင်းကို မူးနေလို့ သူ့အခန်းထဲထိ တွဲပို့ခဲ့ရသေးတယ်ဗျာ။ အန်တီကြီးကလည်း သူ့ယောက်ျားကို ပြန်ခေါ်မိလို့ စိတ်ညစ်နေမှန်း ကျုပ်သိနေတယ်။ ဒါပေမဲ့ အန်တီဒေါ်မူယာက သူ့ယောက်ျားမကောင်းကြောင်းကို ဘယ်သူ့ကိုမှ ပြောမပြတတ်တဲ့ အမျိုးသမီးပါဗျာ။ ချီးကျူးထိုက်ပါရဲ့။

တစ်နေ့တော့ ဒေါ်မူယာ့ကို အလုပ်ကိစ္စနဲ့ ကျုပ်က မန္တလေးကို လိုက်ပို့ရတယ်။ သုံးရက်ခရီးဖြစ်ပေမယ့် ကျုပ်စိတ်က အမြန်ပြန်လာချင်နေတယ်။ ကားမောင်းရတာ စိတ်က မကြည်လင်ဘူးဖြစ်နေတယ်။ ဒေါ်မူယာလည်း စိတ်မချတချနဲ့ သွားရသူပါပဲ။ ကျန်ခဲ့တဲ့ ကလေးနှစ်ယောက်နဲ့ သူ့ယောက်ျားအတွက် နောက်ဆံတင်းနေပုံပါပဲ။ အစက သူတစ်ယောက်တည်း လေယာဉ်ပျံနဲ့သွားဖို့ စီစဉ်တာပါ။ နောက်မှ စိတ်ပြောင်းသွားတာလေ။

"လမ်းမှာ ဝင်စရာကိစ္စတစ်ခုရှိနေသေးတယ် မောင်ထွဋ်၊ ကိုလင်းနဲ့ အတူတူ ပြန်လာတဲ့ မိန်းကလေးတစ်ယောက်ကို ရှာချင်တယ်၊ ကျောက်ပန်းတောင်းမြို့မှာပါ"

ဘာကိစ္စမှန်းတော့ ကျုပ်မသိခဲ့ဘူး။ အလုပ်ကိစ္စဖြစ်လိမ့်မယ်လို့ ထင်မိပြီး ကျုပ်ကိုခေါ်လာတာကြောင့်ဖြစ် မှန်းရိပ်မိလိုက်တယ်။ ဒေါ်မူယာဟာ အဲဒီအမျိုးသမီးအိမ်ကို ခက်ခက်ခဲခဲရှာဖွေခဲ့ရတယ်။ တွေ့ပြန်တော့ သူတို့တွေ ဘာစကားတွေပြောနေမှန်း ကျုပ်က မသိရဘူး။ ကားပေါ်မှာပဲ စောင့်နေရတာလေ။ ဒေါ်မူယာ ပြန်ရောက်လာတော့ သူ့မျက်ဝန်းမှာ မျက်ရည်စတွေ တွဲခိုနေတယ်။ ဒါကို မသိမသာလေး စက္ကူပါးနဲ့တို့ပြီး ဟန်မပျက် လိုက်ပါလာတယ်။ ဒါပေမဲ့ ငိုထားမှန်း သိသာနေပြန်တယ်ဗျာ။ ကျုပ်လည်း ကိုယ့်အလုပ်ရှင်ဆိုတော့ စိတ်မကောင်းဘူးပေါ့။

မန္တလေးမှာ နှစ်ညအိပ်ပြီးမှ ကျုပ်တို့ ရန်ကုန်ကို ပြန်လာကြတယ်။ ကျုပ်က မိန်းမ ကြိုက်တဲ့ မန္တလေးက ထိုးမုန့်ဘူးနဲ့ လက်ဖက် ဝယ်လာခဲ့တယ်လေ။

+ + +

"လွမ်းလိုက်တာ မိန်းမရာ၊ ကဲ... ရော့၊ မင်းကြိုက်တဲ့ ထိုးမုန့်နဲ့ လက်ဖက်၊ ဈေးချိုထဲက ဝယ်လာတာနော်"

"ဟယ်..ယောက်ျားက အလိုက်သိလိုက်တာနော်၊ ကျုပ်လေ ထိုးမုန့်စားချင်နေတာတော့"

"ကဲ...စား.....စား။ အဝသာစားတော့"

"ကျေးဇူးတင်လိုက်တာယောက်ျားရယ်"

သိန်းခက်က အားပါးတရစားနေချိန်မှာ ကျုပ်က ပင်ပန်းလာလို့ အခန်းထဲမှာ ဝင်လှဲအိပ်လိုက်တယ်။ ဒါပေမဲ့ ကျောမှာ ဖုထစ်ထစ်ဖြစ်နေလို့ စမ်းကြည့်လိုက်တော့ အမျိုးသားသုံးကွန်ဒုံးတစ်ခုဖြစ်နေတယ်။ ကျုပ်လေဒေါသဖြစ်သွားပြီး အိပ်ချင်စိတ်တောင်ပျောက်သွားရတယ်။

"သိန်းခက်...မိသိန်းခက်၊ ဒီကိုလာစမ်း"

ကျုပ်ရဲ့အသံနက်ကြီးကိုကြားတော့ မိန်းမက ထိုးမုန့်ပါးစပ်ထဲဝါးရင်း တန်းလန်းနဲ့ အပြေးလေးဝင်လာတယ်။

"ရော့.....ဒီပစ္စည်းက ဘယ်အကောင့်ဟာလဲ၊ ငါ့ကို မှန်မှန်ပြောနော်"

ကျုပ်ဒေါသဖြစ်ရင် သူကြောက်တတ်တယ်။ မိန်းမရဲ့မျက်ဝန်းတွေမှာ စိုးရွံ့မှုတွေနဲ့ တစ်ခုခုကို လိမ်ညာပြောတော့မယ်မှန်း ကျုပ်သိလိုက်ပြီလေ။ ကျုပ်တို့နေတဲ့အိမ်လေးက ခြံအနောက်ထောင့်မှာရှိတဲ့ တစ်လုံးတည်းသောအိမ်ပါ။ ခြံစောင့်ကြီးက တန်းလျားမှာနေတယ်။ သူလည်း သူ့မိသားစုနဲ့ပါ ပဲ။ အိမ်အကူ ဒေါ်ဥတစ်ယောက်ပဲ တိုက်ထဲမှာနေရတယ်။

"အဲဒါ ရှင့်အတွက် ဝယ်ထားတာလေ ယောက်ျား"

"ဒါတွေ မလိုဘူးကွ၊ မင်းကို ဘယ်သူက ပြောလို့လဲ"

"ဒေါ်ဥဆီက ကြားရတာပါ၊ သူပြောပြလို့ ကျုပ်လည်း ဈေးသွားရင်း ဝယ်လာခဲ့တာ ယောက်ျားရဲ့"

ကျုပ်စိတ်ထဲ တောတောကလောက်ဒေါသမဖြစ်တော့ဘူး။ သက်ပြင်းကိုချရင်း ကျုပ်လည်း ပင်ပန်းလို့ အိပ်ပစ်လိုက်တော့တယ်။

ဘယ်အချိန်ရှိမှန်း ကျုပ်ကမသိတော့ဘူး။ ဒေါ်မူယာကိုယ်တိုင်က မင်းအိပ်ရေးဝဝ အိပ်နေတော့၊ ဘယ်မှ သွားစရာမရှိဘူးဆိုလို့ ကျုပ်လည်း ပင်ပန်းသမျှ အတိုးချပြီး အိပ်နေလိုက်တယ်။

"ကိုကြီး.....ကိုကြီး၊ ထပါဦးတော်"

ကျုပ်နိုးတော့ ဖိတောင်ချုပ်နေ ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမက မျက်စိပျက်မျက်နှာပျက် နဲ့ ခေါ်နေတဲ့အတွက် ကျုပ်က.....

"ဘာလဲဟ၊ အိပ်ရေးပျက်လိုက် တာကွာ"

"အိပ်ရေးပျက်လည်း နောက်မှ ပြန်အိပ်၊ တိုက်ကြီးပေါ်မှာ အန်တီကြီး တို့လင်မယား ရန်ဖြစ်နေကြတယ်၊ ဘာ ကိစ္စလဲမသိဘူးတော်"

"သူ့ယောက်ျားကိစ္စပဲ ဖြစ်မှာပေါ့၊ အန်တီကြီး မန္တလေးသွားတာလည်း.."

ကျုပ်က ဒေါ်မူယာရဲ့ဂုဏ်သိက္ခာ ကို ငဲ့ကွက်ရမယ်မှန်း သတိထားမိပြီး သိန်းခက်ကို ပြောမပြတော့ဘူး။ တော် ကြာ ကျုပ်မိန်းမနှုတ်က ဖွလိုက်မှ တစ် ခြံလုံးသိကုန်ရင်အခက်။ ဒီတော့ စော စောကစကားကို ပြန်ဆက်ပြောလိုက် ရတယ်။

"ယောက်ျားကို စိတ်မှမချတဲ့ ဥစ္စာ၊ ဒါကြောင့် မြန်မြန်ပြန်လာတာ လေ"

သိန်းခက်က ငြိမ်သွားတယ်။ ပြီး တော့ ကျုပ်အနားက ထွက်သွားတော့ တာပေါ့။ ကျုပ်လည်း ဆက်ပြီး အိပ် ပစ်လိုက်တော့တယ်။



+ + +

"ကိုကြီး ကလေးနှစ်ယောက်ကို ကျောင်းသွားပို့ရအောင်နော်"

အစက ကလေးထိန်းတွေပို့တဲ့ အလုပ်ကို အခုတော့ ကျုပ်မိန်းမ လုပ် နေရတယ်။ ကျုပ်က မိန်းမ ပင်ပန်း မှာစိုးလို့ ထားခဲ့လိုက်တယ်။

"မင်း အိမ်မှာပြန်နားလိုက်လေ မိန်းမ"

"ကျောင်းဝအထိပို့နော် ကိုကြီး"

"အေးပါကွာ၊ စိတ်ချပါ"

မနက်ခင်းက ဒေါ်မူယာကို ကုမ္ပဏီဝင်ပို့ခဲ့ပြီးမှ နောက်တစ်ခေါက် ကျောင်းပို့တာဝန်ကို ကျုပ်ယူရပြန် တယ်။ ကလေးနှစ်ယောက်က အလယ် တန်းနဲ့ မူလတန်းကျောင်းသားအရွယ် တွေပါ။ နားလည်နေကြပါပြီ။

"ဦးနဲ့သွားရတာ ဦးက စိတ်ရှည် တယ်ဗျာ၊ ဦးမရှိချိန်က ဖေဖေလိုက်ပို့ တာ စိတ်ညစ်တယ်၊ ဦးလေးမြန်မြန် ပြန်လာပါစေလို့ ဆုတောင်းနေရတယ် ဗျာ"

"ဟုတ်လားကွ၊ မင်းတို့ဖေဖေက သဘောကောင်းပါတယ်"

"ဟင့်အင်း၊ သူ့လင်ခရူဇာကြီး မစီးချင်ပါဘူး၊ မေမေ့ရွှေငါးပဲ စီးချင် တယ်၊ ဖေဖေက ကားမောင်းကြမ်း တော့ ကြောက်တယ်၊ ဦးက ငြိမ် တယ်"

"ဟုတ်လား၊ မင်းတို့ဖေဖေ ပင် ပန်းမှာစိုးလို့ ပြောတာတော့ မဟုတ်ပါ ဘူးနော်"

"မဟုတ်ပါဘူး၊ မနေ့ကလည်း ကျောင်းအဆင်းမှာ လာကြိုတာနောက် ကျတယ်၊ သူများတွေပြန်ကုန်မှ ပြန်ရ တာ၊ ဖေဖေနဲ့မမက ဘယ်တွေသွားနေ မှန်းမသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်....."

ကျုပ်ရင်ထဲ ဒိန်းခနဲတောင်ဖြစ်သွားရတယ်ဗျာ။ မိန်းမဖြစ်သူက ကျုပ်ကို လိမ်ညာခဲ့မှန်း ကလေးတွေပြောတဲ့စကားအရ ကျုပ်သိလိုက်တယ်။ ကျုပ်ကိုပြောတော့ ကျောင်းကိုတက္ကစီနဲ့ သွားရတာတဲ့လေ။

"ဦးလေးမရှိချိန်က တက္ကစီနဲ့ သွားကြတယ်မဟုတ်လား"

"ဟင့်အင်း။ ဖေဖေပဲ မမနဲ့လိုက်ပို့ကြတာပါ၊ သားတို့ တက္ကစီ မစီးရပါဘူး"

သေချာသွားပါပြီ၊ ဒီမိန်းမကို ကျုပ်အခုပဲသွားတွေ့ပြီး မေးလိုက်ချင် တယ်။ သူဘာယ်လိုတွေ လိမ်ညာဦး မလဲဆိုတာ သိချင်နေတယ်ဗျာ။ ကျုပ် လေ စိတ်လိုက်မာန်ပါ လုပ်မိချင်နေ တယ်။ သူပင်ပန်းမှာစိုးလို့ ကျုပ်က အိမ်မှာနားဖို့ ထားခဲ့မိတယ်၊ ကျုပ်တစ် ယောက်တည်း ပင်ပန်းပါစေတော့ဆို တဲ့ စေတနာနဲ့လေ။ အခုတော့ဗျာ။

မနေ့က သူ့သေတ္တာထဲမှာ အဝတ်အစားအသစ်တွေ တွေ့ခဲ့တယ်။ ဒါကို ကျုပ်က ကျုပ်မရှိချိန်မှာ ခိုးဝယ်ထားခဲ့တာပဲဆိုပြီး အပြစ်မမြင်ခဲ့ဘူး။ ဒီမိန်းမ ခြေလှမ်းကို ကျုပ် စောင့်ကြည့်ရတော့မယ်လေ။ သူ့ကိုမေးရင် လိမ်ညာပြောနေဦးမှာပဲပေါ့။

ကလေးတွေ ကျောင်းပို့ပြီးတော့ ကျုပ်က အိမ်ပြန်လာခဲ့တယ်။ အိမ်ကို သွားကြည့်တော့ မိန်းမက ရှိမနေဘူး။ နေ့လယ်နေ့ခင်းဆိုရင် သူ့အလုပ်မှမရှိတာဘဲဗျာ။ ကျုပ်လည်း သူ့ကိုခေါ်ဖို့ တိုက်ကြီးထဲကို နောက်ဖေးပေါက်က နေဝင်သွားလိုက်တယ်။

"ဟင်း.....ဟိုလူကြီး ရှိနေမှာပဲ"

အိမ်ရှေ့မှာ လင်ခရူဇာကားကြီးရှိနေတာကြောင့် ဦးထင်လင်းရှိနေမှန်း သိလိုက်တယ်။ ဒါပေမဲ့ ကျုပ်က ကျုပ်မိန်းမသီ လာတာပဲဗျာ။ သူဘာပြောနိုင်မှာလဲ။

"ဟင်..မောင်ထွန်းခေါင်ပါလား"

အရေးထဲ ဒေါ်ဥရဲ့ အသံကျယ်ကြီးကြောင့် ကျုပ်လည်း စိတ်ပျက်သွားမိတယ်။ မိန်းမ ဘာလုပ်နေသလဲဆိုတာ ကျုပ်ကလာချောင်းတာကို အိမ်အကူ ဒေါ်ဥက ဖော်ကောင်လုပ်လိုက်သလို ဖြစ်နေတယ်ဗျာ။

"သိန်းခက်ရေ..မောင်ထွန်းခေါင်လာနေတယ်"

ကျုပ်ဗျာ ဒေါ်ဥကြီးကို ဆွဲထိုးပစ်လိုက်ချင်တယ်။ အဲဒီမှာပဲ ကျုပ်မိန်းမက အပေါ်ထပ်ကနေ ကမျောသောပါး ပြေးဆင်းလာတာကို တွေ့ရတယ်။ ကျုပ် ဒီဟာမကို သိပ်မယုံချင်တော့ဘူး ဗျာ။ အပေါ်ထပ်ဆိုတာ အိမ်ရှင်လင် မယားနေတဲ့ အခန်းတွေပဲရှိတာပါ။ အခုတော့.....ကျုပ် မိသိန်းခက်ကို ခပ်စိမ်းစိမ်းကြည့်ပစ်လိုက်တယ်။

"ဟင်.....ယောကျ်ား၊ ပြန်လာပြီလား၊ မြန်လိုက်တာ"

"မင်းက ဘာတွေလုပ်နေလို့ ငါ့ကို မြန်တယ်လို့ထင်ရတာလဲ၊ အခုရော ဘယ်အပေါ်ထပ်ကနေ ဆင်းလာတာ လဲ သိန်းခက်"

"ဟိုလေ ဦးလေးဦးထင်လင်း အတွက် နို့ခွက်သွားပို့ပေးတာပါ"

"နို့များ ယူပေးစရာလိုသေးလို့ လားကွာ"

"ဟင်.....ယောကျ်ား ရှင်ဘာ တွေလာပြောနေတာလဲ၊ ကြားသွားမှ ဖြင့် ခက်ကုန်ဦးမယ်"

"ထွက်လိုက်ရုံပဲ ရှိတော့တာပေါ့ကွာ၊ ဒေါ်ဥ...ဒီဟာမ နို့ခွက်တကယ် သွားပေးတာလား"

ဒေါ်ဥက ကျုပ်မိန်းမကိုကြည့် လိုက် ကျုပ်ကိုကြည့်လိုက်နဲ့ ဖြေရ ခက်နေပုံပါ။

"အဒေါ်လည်း ကိုယ့်အလုပ်နဲ့ ကိုယ်ကွယ်၊ အမှတ်တမဲ့ပါပဲ"

ကျုပ် သိလိုက်ပါပြီ။ မိသိန်းခက် ဟာ ကျုပ်အပေါ် သစ္စာမဲ့နေတာ သေ ချာနေပါပြီ။ ဒီတော့ ကျုပ်လည်း စိတ် တိုတိုနဲ့ မိသိန်းခက်ကို ဆွဲခေါ်သွား တော့တယ်။

"လာခဲ့စမ်း၊ နင့်ကို စစ်စရာရှိ တယ်"

ကျုပ်ခေါ်ရာနောက်ကို မိသိန်း ခက်က တရွတ်တိုက် ပါလာခဲ့တယ်။

BURMESE CLASSIC .com

\+ \+ \+

"မင်း ငါ့အပေါ် သိပ်ရက်စက်ပါ လား မိသိန်းခက်၊ ဟင်.....ပြောလေ၊ ငါ့မှာ လင့်ဝတ္တရားမကျေတာ ဘာရှိ သလဲ၊ မင်းကို မယားမှတ်မှတ်၊ သား မှတ်မှတ် ပေါင်းတယ်လေ၊ မင်း သစ္စာ မရှိပါလားကွာ"

မိသိန်းခက်က ကျုပ်ရဲ့စွပ်စွဲချက်ကို သူကိုယ်တိုင်ဝန်ခံနေသလိုပါပဲဗျာ။ သိပ်ကိုရင်နာစရာကောင်းပါလား။

"မိန်းမတစ်ယောက်ကို ပေါင်းနေ၊ ကျွေးနေရုံနဲ့ လင့်ဝတ္တရားကျေတယ်လို့ ပြောနိုင်သလား ကိုကြီး၊ ဘာသိမှာလဲ သိန်းခက်အတွက် ပစ္စည်းဥစ္စာ၊ သိန်း ခက်ရဲ့ ဘဝရှေ့ရေး ဖိုလိုဘဝမျိုးနဲ့ သူ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ နေရမှာလားတော်၊ ကျုပ်မနေနိုင်ဘူး"

"အေး...မနေနိုင်ရင် မင်းကဘာလုပ်ချင်သလဲ"

"ကိုယ့်ဘဝကို ပြောင်းလဲအောင်တော့ လုပ်မှဖြစ်မှာပေါ့"

"အေး.....မင်းက တလွဲအတွေးနဲ့ လမ်းမှားကိုလျှောက်ချင်တဲ့မိန်းမပဲ၊ အေးအေးဆေးဆေး လမ်းပေါ်မှာ မလျှောက်ချင်ဘဲ ဆူးများတဲ့လမ်းပေါ်ကို လျှောက်ချင်နေတာပဲ၊ မင်းသဘောပဲကွာ"

ကျုပ် မိသိန်းခက်ကိုကြည့်ပြီး စိတ်ကုန်သွားရပါပြီ။ ဒီတော့ ကျုပ် ဒီနေရာကနေ အပြီးထွက်သွားမိတယ်ဗျာ။ ဘာပစ္စည်းမှ ကျုပ်မယူတော့ဘူး။

မိသိန်းခက်လည်း ကျုပ်ကိုမတားဘူး။ ကျုပ်မရှိလေ ကောင်းလေပုံမျိုးနဲ့ လက်ပိုက်ကြည့်နေတယ်။ ကျုပ်လေ သူ့ကို ရွံမုန်းသွားတော့တယ်။ သူနဲ့ ကျုပ်တို့က အိမ်ထောင်သက် တစ်နှစ်တောင် မပြည့်သေးပါဘူးဗျာ။ သူက ကျုပ်အပေါ် သစ္စာဖောက်ခဲ့တယ်။ ဒီလို စိတ်မချရတဲ့ မိန်းမတစ်ယောက်ကို ကျုပ်က သံယောဇဉ် လွယ်လွယ်နဲ့ ဖြတ်နိုင်ခဲ့တယ်။

ဒါဟာ သူနဲ့ကျုပ်ကြားမှာ အချစ်မရှိလို့လား၊ မေတ္တာစစ် မဟုတ်တာ တော့ သေချာပါပြီဗျာ။ ကျုပ်လိုကောင် က မိန်းမတစ်ယောက်အတွက်နဲ့ ခံစားနေရတဲ့ လူစားမျိုးမဟုတ်ဘူး။ ကျုပ်က သနားလွယ်သလောက် ရက်စက်တာလည်းလွယ်တတ်တယ်။ အဲဒါကို မိသိန်းခက်က မသိခဲ့ဘူး။ ကျုပ်က မြွေဟောက်လိုလူစား။ မိန်းမရှေ့မှာ ဒူးထောက်မယ့် ခပ်ညံ့ညံ့ကောင်မှမဟုတ်တာဗျာ။ ဒီတော့ မိန်းမယုတ်ရှေ့က ကျုပ်က အပြုံးမပျက် ထွက်သွားလိုက်တယ်။

ဒေါ်မူယာကိုတော့ ကျုပ်အားနာမိပါရဲ့။ ဒါပေမဲ့ သူ့လင်က မကောင်းတဲ့သူဗျာ။ အိမ်အကူမိန်းကလေးတိုင်းကို ခြေတော်တင်ချင်တယ်။ မခံတဲ့သူက ထွက်ပြေးပြီး မိသိန်းခက်လို ငွေမက်သူကျတော့ သူ့ဌေးကတော်ဖြစ်ချင်တဲ့အတွေးနဲ့ စိတ်ကူးယဉ်နေမှာပေါ့ဗျာ။

"ဟော့ကောင် မင်းက ငါ့ကိုများ စော်စော်ကားကားနဲ့ စောစောကပြောနေတာ ငါကြားခဲ့ရတယ်"

ဦးထင်လင်းက ကျုပ်ကို အဲဒါ ပြောချင်လို့ စောင့်နေတာပဲဖြစ်ရမယ်။ ကျုပ်က ကားသော့ကို တိုက်ထဲဝင်အထားမှာ သူကအရင် ရန်စကားပြောလာတော့တယ်။ ကျုပ်လည်း သူ့ကို စိမ်းစိမ်းကားကားအကြည့်နဲ့ တုံ့ပြန်လိုက်တယ်။

"ဩော်.....ခင်ဗျားကြီးက ကျုပ်မယားကိုလည်း သိမ်းပိုက်သေး။ ကျုပ်ကိုပါ ထောင်ထဲပို့ချင်တာလား"

"မင်းမယား မင်းထိန်းပေါ့ကွ၊ ငါ့လာမပြောနဲ့"

"ဘာပြောတယ်၊ ခင်ဗျားကြီး လူဝါးဝစကားပြောတာလား။ မိန်းမတွေ အများဆုံးပျက်စီးတာ ခင်ဗျားလိုလူကြောင့်ဗျ၊ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာ၊ ကိုယ့်အဆင့်အတန်းနဲ့ အောက်တန်းစားအလုပ်မျိုးကိုလုပ်တယ်"

"မင်း မြင်မှပြောနော်၊ မင်းမိန်းမလို တောသူမရုပ်ရည်မျိုးကို ငါက ခြေတောင်မဆေးနိုင်းဘူး"

"တောက်...ခင်ဗျားကြီး..ခင်ဗျားကြီး တော်တော်မိုက်ရိုင်းပါလား။ ကဲ.. မိုက်ရိုင်းဦး"

ကျုပ်လည်း ဧည့်ခန်းမှာ အလှထားတဲ့ ကြွေပန်းအိုးကြီးနဲ့ ဦးထင်လင်းကို ကောက်ပေါက်လိုက်တာ။ ဘာပြောကောင်းမလဲဗျာ။ ဦးထင်လင်းတစ်ယောက် ခေါင်းကို ကြွေပန်းအိုးကြီး ထိမှန်ပြီး ခေါင်းကွဲသွားတယ်။ ချက်ချင်းပဲ သွေးတွေကျလာတယ်။ ကျုပ်လက်သံက ဘယ်လောက်ပြောင်သလဲဆိုရင် ဦးထင်လင်းဟာ တစ်ချက်ပဲအော်ပြီး ခွေခနဲ လဲကျသွားတော့တယ်ဗျာ။ ကျုပ်လည်း အချိန်အတော်ကြာသည်အထိ ရပ်ကြည့်နေလိုက်တယ်။

"ဟင်.....မောင်ထွဋ်ခေါင်၊ မင်းဘယ်လိုလုပ်လိုက်တာလဲ၊ ဦးထင်လင်းသေပြီနဲ့တူတယ်၊ ဒုက္ခပါပဲတော်"

"ဒေါ်မူယာဆီ ဖုန်းလှမ်းဆက်ပေးပါ ဒေါ်ဥ၊ ကျုပ် သူသေရင် ကိုယ်တိုင်အဖမ်းခံမှာပါ"

BURMESE CLASSIC .com

ဒေါ်ဥက ဖုန်းဆက်လိုက်ပြီးတဲ့နောက် ခြံထဲကလူတွေကို ခေါ်လိုက်တယ်။ ဒါပေမဲ့ မိသိန်းခက်ကို ကျုပ်မတွေ့ရတော့ပါဘူး။ ဒီဟာမ ပြေးပြီပေါ့ဗျာ။ သူမွေးတဲ့မီးက အရှိန်ပြင်းပြင်းတောက်လောင်လာတော့ ငြိမ်းသတ်လို့မရတော့ဘူးပေါ့။ ဒီတော့ ကိုယ်လွတ်ရုန်းပြေးတာ မဆန်းပါဘူး။

\+ + +

ဒေါ်မူယာဟာ လူနာတင်ယာဉ်နဲ့ ရဲစခန်းကို ဆက်သွယ်အကြောင်းကြားလိုက်တယ်။ ကျုပ်ကို အပြစ်ကားမဆို

www.burmeseclassic.com

www.burmeseclassic.com

တဲ့အပြင် သူ့မျက်လုံးက မျက်ရည်တစ်စက်ကလေးတောင် မကျခဲ့ပါဘူး။

"အန်တီ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

ဒေါ်ဥရှင်းပြထားလို့ ဒေါ်မူယာက သိနေတယ်။ ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းစရာစကားတစ်ခွန်းကို ပြောလာတော့တယ်။

"တစ်နေ့နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ အန်တီ ကြိုမြင်ပြီးသားပါကွာ၊ ဒါပေမဲ့ အပြစ်မရှိတဲ့ မောင်ထွန်းအတွက် အန်တီ ဝမ်းနည်းမိတယ်၊ သူ့ကို အန်တီကိုယ်တိုင် သတ်ချင်တာပါ၊ အဲဒါကြောင့်မို့ သူသေသွားတာကြည့်ပြီး အန်တီ ဝမ်းမနည်းဘူး၊ ဝမ်းလည်းမသာဘူး၊ ပုံမှန်ပဲ"

ဒေါ်မူယာဟာ အသည်းမာသူ အမျိုးသမီးတစ်ယောက်ဖြစ်မှန်း ကျုပ်သိသွားရတယ်။ ကျုပ်ကိုတော့ သူက သံယောဇဉ်ရှိပါတယ်ဗျာ။ အမှုကိစ္စအတွက် သူပဲရှေ့နေငှားပေးတယ်။ ဒေါသအလျောက်ဖြစ်ခဲ့တဲ့ လူသတ်မှု မှာ မရည်ရွယ်ဘဲ သတ်လိုက်တဲ့ အတွက် ကျုပ် ပြစ်ဒဏ်လျော့ပေါ့ခဲ့ပါ တယ်။ ထောင်ထဲနေစဉ် ကာလတစ်လျှောက်လုံးမှာ ဒေါ်မူယာက ကျုပ်ရဲ့ ထောင်ဝင်စာကိစ္စ တာဝန်ယူပြန်တယ်။ သူကိုယ်တိုင် လာမတွေ့ပေမယ့် လူလွှတ်ပို့ခိုင်းပါတယ်။

နောက်တော့ ကျုပ်လည်း ဒေါ်မူယာကို အားနာတာနဲ့ ထောင်ကလွတ်တဲ့နေ့မှာ သူငယ်ချင်းရှိရာကို သွားနေလိုက်တယ်။ အန်တီကြီးကို ကျုပ် ဒုက္ခမပေးချင်တော့ဘူးဗျာ။ ပြီးတော့လည်း အဲဒီခြံကြီးထဲမှာ ကျုပ် မနေချင်တော့ဘူး။ မိသိန်းခက် နေခဲ့တဲ့နေရာမှာ ကျုပ်နေချင်စိတ်မရှိဘူးဗျာ။

ကျုပ်သူငယ်ချင်း ကျော်အောင်တို့လင်မယားက သဘောကောင်းပါတယ်။ ကျုပ် သူတို့နဲ့နေရတာ စိတ်ချမ်းသာတယ်ဗျာ။ ကျော်အောင်အလုပ်လုပ်တဲ့ ဝပ်ရှော့ခ်မှာပဲ ကျုပ် အလုပ်လုပ်ခဲ့တယ်။ ထမင်းကို လခပေးစားတယ်လေ။ နေစရာနဲ့စားစရိတ်အတွက် ကျုပ်က သုံးသောင်းပေးခဲ့တယ်။ ကျော်အောင်က မယူချင်ပေမယ့် သူ့မှာက လည်း မိသားစုရှိနေတော့ အတင်းပေးလိုက်ရတယ်။ ကျုပ်အတွက် နားစရာ၊ စားစရာ နေရာလေးတစ်ခု ရခဲ့တာပဲ ကျေးဇူးတင်နေတာပါဗျာ။

"ကိုထွန်းခေါင်က အိမ်ထောင်မပြုတော့ဘူးလား၊ ခင်ဗျားကို ဘော်ဒီရုံဘေးအိမ်က စက်ချုပ်ဆိုင်ကောင်မလေးက စိတ်ဝင်စားနေပုံပဲ၊ ဝပ်ရှော့ခ်ဆရာရဲ့မိန်းမကို ခင်ဗျားအကြောင်း မေးနေတယ်တဲ့"

"ဩော်.....ပိန်ကပ်ကပ်နဲ့ ငါးဖောင်ရိုးခြောက်မလေးလား၊ စိတ်မဝင်စားပါဘူးဗျာ"

ကျုပ်ကို လူပျိုထင်ပြီး စိတ်ဝင်စားနေမှာပေါ့ဗျာ။ တကယ်တမ်းသာ တစ်ခုလပ်တစ်ယောက်ဆိုတာကို သိသွားရင် ပြေးမှာပါပဲ။ ပြီးတော့ ကျုပ်က မိန်းမ မုန်းတဲ့လူ။ ဘယ်မိန်းမမှ ကျုပ်ဘဝထဲကို အဝင်မခံနိုင်တော့ဘူး။ ဘယ်မိန်းမအပေါ်မှ နှလုံးသားထဲက မချစ်တော့ဘူး။ အပျော်ချစ်နဲ့ အပေါ်ယံမေတ္တာပဲ ပေးနိုင်မယ်ဗျာ။

ငါးဖောင်ရိုးမလေးနာမည်က နှင်းနုံ့သာတဲ့။ နာမည်လေးက လှပါရဲ့။ လှ
နဲ့တော့ တခြားစီပဲလေ။ သူ့ခမျာ
ချုပ်ရလွန်းလို့ထင်ပါရဲ့။ ခါးချည့်နေ
တယ်။ ဝပ်ရှော့ခ်ရုံက ယောကျ်ား
တွေရဲ့ မျက်လုံးတွေက စက်ချုပ်ဆိုင်
က မိန်းကလေးတွေဆီ ရောက်နေကြ
တယ်။ ကျုပ်က နှုတ်ခမ်းပဲ့ချင်း
မမှတ်ချင်ဘူး။ ကျုပ်ကြောင်တာက
အလုပ်လာအပ်တဲ့ မမကြီးတွေနဲ့ Sexy
မလေးတွေကိုဖန်တယ်။ သူတို့က ငွေ
ထောတယ်မဟုတ်လား။

နောက်ပြီး ကျုပ်မျက်နှာနဲ့ ဝပ်
ရှော့ခ်က အလုပ်ဖြစ်တာပေါ့ဗျာ။
မဟုတ်ဘူးလား။ ကိုယ့်အသားတင်
လခက ကိုယ်တစ်ယောက်တည်းသုံး
နေရတော့ ကျုပ်က မင်းသားတစ်
ယောက်လို ဖြစ်နေတာလေ။ မိသိန်း
ခက်နဲ့ညားတုန်းက ရုပ်ရည်မျိုးမဟုတ်
တော့ဘူး။ အရမ်းကို နုပျိုနေတာပေါ့။

အဲဒီမှာပဲ မမကြီးနဲ့ Sexy မလေး
တစ်ယောက် ကျုပ်အတွက်နဲ့ စကား
များကြသေးတယ်။ သူ့ချစ်သူ၊ ကိုယ့်
ချစ်သူပေါ့ဗျာ။ ရည်းစားလုကြတာပေါ့။
ကျုပ်လေ ရယ်ချင်စိတ်ကို မနည်း
ထိန်းပြီး ပြင်ထားတဲ့ စမ်းသပ်ယာဉ်ကို
မောင်းထွက်ခဲ့ရတယ်။ ဘာတွေဖြစ်
ကျန်ခဲ့မလဲတော့ မသိဘူးဗျာ။ ကျုပ်က
မိန်းမတွေကို အဲဒီလိုသဘောထားတဲ့
သူဗျာ။ ကျားကွက်လိုရွှေ့ပြီး ကစား
ချင်စိတ်ရှိတယ်။

✦ ✦ ✦

"တို့ဝပ်ရှော့ခ်နာမည်ကြီးတယ်
ထွန်းခေါင်၊ မင်းပြဿနာတွေကိုအပြင်
မှာသွားရှင်းကွာ၊ ပတ်ဝန်းကျင်က
ဘယ်လိုထင်သွားကြမလဲ"

www.burmeseclassic.com



ဝပ်ရှော့ခ်ပိုင်ရှင်က ကျုပ်ကို သတိပေးခဲ့တယ်။ ကျုပ်က ခေါင်းညိတ်ပြလိုက်ပြီး ကတိပေးလိုက်တယ်။ အဲဒီနောက်ပိုင်း ကျုပ် ဣန္ဒြေရသွားတော့တယ်။ ဘာကြောင့်လဲဆိုရင် မမကြီးရဲ့ ခင်ပွန်း သိသွားပြီး ကျုပ်ကို မယားခိုးမှုနဲ့ တရားစွဲမယ်ပြောတော့ ကျုပ်လန့်သွားတယ်။ ထောင်ထဲက ထွက်လာသူအဖို့ ထောင်ထဲကို ပြန်မဝင်ချင်တော့ဘူး။

Sexy မလေးကျတော့ သူ့မှာ မှီလိုပေါက်နေတဲ့ ရည်းစားတွေနဲ့ ကျုပ်ကို အချစ်လိုက်တမ်းပြေးတမ်း ကစားခဲ့တာတဲ့လေ။ သူများအချစ်တွေ များနေလို့ ခါချနေရတယ်တဲ့။ ကျုပ်ကို ချစ်ဟန်ဆောင်ပြီး လှည့်စားခဲ့မှန်း အဲဒီအချိန်ရောက်မှ သိသွားရတာပါဗျာ။ ဒီတော့ ကျုပ် ရှုံးခဲ့ရပြီပေါ့ဗျာ။ အဲဒီမှာပဲ မခံချင်စိတ်က ကျုပ်ရင်ထဲ အမြစ်တွယ်နေတဲ့ ဒေါသကို ပြန်လည်လှုပ်နှိုးလိုက်တယ်။ မိန်းကလေးတွေကို ကျုပ်က ထားခဲ့ရတာချည်းပါပဲဗျာ။

ဒါကြောင့်မို့ ကျုပ်က ပန်းရောင်ကို ကျုပ်ဘက်က ရအောင်ဆက်သွယ်လိုက်တယ်။

+ + +

"ကဲ.....ပြော၊ ဘာကိစ္စလဲ ကိုထွဋ်"

"တို့နှလုံးသားက မင်းကို မေ့လို့မှ မရနိုင်တာဘဲကွာ၊ သံယောဇဉ်ကျန်သေးရင် တစ်ချက်လောက်လှည့်ကြည့်ဖို့ကောင်းတယ်"

"ပြောပြီးပြီပဲ၊ ပန်းရောင်တို့က ဘွင်းဘွင်းပဲ၊ ရှင့်ကို ချစ်လို့မရတော့ဘူး"

ကျုပ်က ပန်းရောင်နောက်ကို လိုက်ကြည့်ခဲ့တယ်။ သူ့မှာလည်း ဦးတွေ၊ ကိုကိုတွေ၊ မောင်တွေ၊ ကလေးတွေနဲ့ Date ပြည့်နေပြီပေါ့။ ကျုပ်လို ငမွဲကောင်ကို ဘာကြောင့်ချစ်ခဲ့လဲလို့ မေးတော့.....

"ဟာဟ.....ကားကို ဂရုစိုက်ပြင်ပေးအောင်ပေါ့၊ ဒါများ ဘယ်သူ့မေးမေး သိတယ်၊ ပန်းရောင်တို့က အဖြူနဲ့ရောရင် အဖြူ၊ အနီနဲ့ရောရင် အနီဖြစ်သွားတာလေ၊ သဘောပေါက်ပေါ့"

ကျုပ်လေ ပန်းရောင်အပေါ် တစ်ချိန်ကဖြစ်ခဲ့တဲ့ ဒေါသမျိုး ဖြစ်သွားမိတယ်။ ဒီတော့ ဒေါသကို ခဏမျိုသိပ်လိုက်ပြီး သူ့ကို မြို့ပြင်ဘက် ခေါ်ထုတ်ခဲ့တယ်ဗျာ။

ကြောက်လန့်စိတ်မရှိတဲ့ ပန်းရောင်ရဲ့ သတ္တိကိုတော့ ချီးကျူးပါရဲ့။ ဒီလိုနဲ့ မြို့ပြင်ဘက်က လယ်ကွင်းတောစပ်ကို မောင်းချလာတယ်။

"ဘယ်တွေသွားနေတာလဲ ကိုထွဋ်၊ ပန်းရောင် အချိန်မရဘူးနော်၊ အရေးကြီးကိစ္စရှိနေတယ်"

"နောက်ဆုံးအနမ်းလေးနဲ့ နှုတ်ဆက်ပေးဖို့ပါကွာ၊ ဒါမှ ကိုထွဋ်က ပန်းရောင်ကို မေ့သွားနိုင်အောင်ပေါ့"

သူက သဘောပေါက်လွယ် တယ်။ ကျုပ်စကားရဲ့ အဓိပ္ပာယ်ကို နားလည်တော့ ကားရပ်လိုက်တာနဲ့ ကျုပ်ပခုံးကို အတင်းဖက်ပြီး အနမ်းတွေခြွေနေလေရဲ့။ အကြံသမား ကျုပ်ကတော့ ပန်းရောင်ရဲ့မျက်နှာကို ဆွဲမော့ပြီး ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့သန်မာတဲ့ လက်နှစ်ဖက်နဲ့ လည်ပင်းကို တအားညှစ်လိုက်တယ်ဗျာ။

"အစ်...အစ်...အစ်...မ...မလုပ်ပါ.....ပါနဲ့"

"ဟား.....ဟား...ဟား။ ဒီနေ့မင်းသေစေရမယ်၊ မင်းရဲ့နောက်ဆုံးနေ့ပဲ၊ ဒါကြောင့်မို့ ငါက နှုတ်ဆက်ဖို့ ခေါ်လာတာ"

ပန်းရောင်ဟာ ကြောက်လန့်တဲ့မျက်လုံးတွေနဲ့ ကျုပ်ကိုတောင်းပန် တယ်။ မရတော့ ရန်းကန်ရင်း သေဘေးကလွတ်အောင် လုပ်တော့တာ ပေါ့။ သူ့မျက်လုံးက မျက်ရည်စတွေနဲ့ ကျုပ်ကို ပြူးကြည့်နေပြန်တယ်။

"ကဲ..ဒီလောက်တောင် အသက်ပြင်းတဲ့ဟာမ၊ သေစမ်းကွာ၊ သေ.....သေ၊ ကဲ....."

ကျုပ်မှာ အသိစိတ်ကင်းမဲ့နေသလိုပါပဲ။ ကျုပ်လေ ဟားတိုက်ရယ်မောနေမိတယ်။ နောက်တော့မှ အသိစိတ်ပြန်ဝင်လာပြီး ကြည့်လိုက်တော့ ပန်းရောင်က သေနေပြီပေါ့ဗျာ။ သူ့လည်ပင်းမှာ ကျုပ်ရဲ့လက်ရာက အထင်းသားကြီးပေါ့။

"ဘယ်သူမှမတွေ့ခင် မြန်မြန်သွားမှပဲ"

ပန်းရောင်ကို ကားထဲမှာ တံခါးပိတ်ထားခဲ့ပြီးမှ ကျုပ်က ဝပ်ရှော့ခ်ကို ပြန်ပြေးလာရတော့တယ်လေ။ တွေ့ရာကားကြုံတစ်စီးကိုတားပြီး မြန်မြန်ပြန်လာခဲ့တယ်။ စိတ်ထဲမှာတော့ ကျုပ်ပျော်နေတယ်ဗျာ။ အထူးသဖြင့် ကျုပ်မုန်းတဲ့ မိန်းမတစ်ယောက်ကို ကလဲ့စားပြန်ချေခဲ့ရလို့ ကျုပ် ကျေနပ်သွားပြီ။

ပန်းရောင်က သိန်းခက်လိုမိန်းမစားမျိုးပါဗျာ။ ဒီလိုမိန်းမမျိုးကို ကျုပ်က လောကကြီးမှာ မထားချင်ဘူး။ နောက်ဆုံးတော့ ကျုပ်က အကြံတစ်ခုရသွားတယ်။ ဝပ်ရှော့ခ်ကို ပြန်အလာမှာ အပ်ချုပ်ဆိုင်က ငါးဖောင်ရိုးမနဲ့ တွေ့ကြပြန်တယ်။

"ဟင်.....အစ်ကို ဘယ်ကပြန်လာတာလဲ"

"မြို့ထဲကကွာ၊ ဒါနဲ့ နင့်ကိုအကူအညီတစ်ခုတောင်းချင်တယ်"

"ပြောလေ အစ်ကို၊ နှင်းနုံ့သာဘာကူညီရမလဲ"

ကျုပ်က ရတဲ့အခွင့်အရေးကို အလွတ်မပေးချင်ဘူး။ ပြီးတော့ ကျုပ်မှာ ကုန်စရာက ရှိနေသေးတော့.....

"နင့်မှာပါသလောက်ငွေ ငါ့ကိုချေးပါဟာ၊ အရေးကြီးနေလို့"

နှင်းနုံ့သာက ကျုပ်ကို အလန့်တကြားကြည့်တယ်။ အံ့ဩသွားတဲ့မျက်ဝန်းလေးနဲ့ကြည့်ပြီး သူ့အိတ်ထဲ က ငွေငါးသောင်းကို ထုတ်ပေးရှာ တယ်။

"ဒီနေ့ ချုပ်ခရတာနဲ့ အတော်ပဲ၊ အစ်ကို သုံးစရာရှိတာ သုံးပါနော်၊ နှင်းနုံ့သာကို ရှိမှပဲ ပြန်ပေးတော့"

"ကျေးဇူးတင်တယ်ဟာ၊ နင့်ကျေးဇူးကို ငါမမေ့ပါဘူး"

ကျုပ်ကိုချစ်တဲ့သူထဲမှာ သူလေးတစ်ယောက်ပဲ ကျုပ်အပေါ် တကယ်ချစ်တာပါလားလို့ ကျုပ်သိလိုက်တော့ နှင်းနုံ့သာကို ကျုပ် မချစ်ရက်တော့ဘူး။ အထူးသဖြင့် ကျုပ်ရဲ့ဘဝဆိုးကြီးထဲကို မခေါ်ရက်ဘူးဗျာ။ နှင်းနုံ့သာဟာ ကျုပ်နဲ့တွေ့တာ သိပ်ကိုနောက်ကျခဲ့ပါပြီ။ သူလေးနဲ့ မျက်လုံးချင်းဆုံမှ ကျုပ်က သေသေချာချာ ကြည့်မိတယ်။

အရင်က ပိန်ကပ်ကပ်လေးဟာ အခုတော့ စိုစိုပြည်ပြည်နဲ့ ကြည့် ကောင်းနေတယ်။ မျက်လုံး၊ မျက်ခုံ နှာတံလေးတွေက မိန်းမလှလေးတ ယောက်ဆိုတာ သက်သေထူနေတယ် ကျုပ်ဘဝထဲကိုခေါ်ပြီး သူလေးက ကျုပ်စိတ်ဆင်းရဲအောင် မလုပ်ချင်ဘ ဗျာ။

"ငါသွားတော့မယ် ကောင် လေး"

"ဟုတ်ကဲ့ အစ်ကို"

ကျုပ်လေ သူလေးပေးတဲ့ငွေ ကို အိတ်ထဲထည့်ပြီး ဝပ်ရှော့ခ်ရှိရာ ထွက်သွားလိုက်တယ်။ ဝပ်ရှော့ခ်ဆရ ကို ခွင့်တောင်းပြီး ကျုပ်က ကျေ အောင့်ကိုပြောပြီး အိမ်ပြန်လာခဲ့တယ

"ဟေ့ကောင် မင်းက ဘယ်ဇာ လဲကွ"

ကျုပ်လည်း ပါးစပ်ထဲရှိရာ ပြေ ပစ်လိုက်တယ်။ ပြီးတော့ ကျုပ်ပစ္စည် တွေကိုယူဖို့ ထွက်လာခဲ့တယ်။ ကျေ အောင့်မိန်းမက.....

"ဘယ်တော့ပြန်လာမှာလဲ ဂ ထွင့်ခေါင်"

"တစ်ပတ်လောက်ပဲ ကြာမှာပ ဟိုမှာ မိဘတွေ ရှိသေးတယ်လေ"

နောက်တော့ ကျုပ်လည်း အင ပြေးဂိတ်ကို တက္ကစီနဲ့ ထွက်သွားလိုက တယ်။ ကျုပ်အတွက် စွန့်စားမှုတစ် ပါ။

+ + +

www.burmeseclassic.com

www.burmeseclassic.com





"ဒီရွာမှာ မသိန်းခက်ဆိုတာများ ရှိပါသလားဗျာ"

အိမ်ထဲမှ အမျိုးသမီးတစ်ဦး ထွက်လာ၏။ ပြေလျော့နေသော ဆံပင်ကို တစ်ပတ်လျှိုထုံးပြီးနောက်.....

"ဩော်.....သိန်းခက်ညှော်သည် လား"

"ဟုတ်ပါတယ်ခင်ဗျ၊ မြို့ကလာတာပါ၊ ဒီမှာခဏထိုင်လို့ရမလားဟင်"

"အို.....ရပါတယ်၊ ထိုင်ပါတော် ထိုင်ပါ၊ သိန်းခက်လည်း ဒီအချိန်မရှိသေးဘူး၊ မြို့တက်ပြီး သူ့ဆိုင်အတွက် အထည်သွားဝယ်တယ်လေ၊ သိန်းခက်က ထောနေတာတော့၊ မြို့ကပြန်လာပြီးကတည်းက တောသူဌေးဖြစ်နေတာတော့"

ကျုပ်က စိတ်ထဲကနေ မိသိန်းခက်ကို ကျိန်ဆဲနေမိတယ်။ ထောမှာပေါ့။ ဦးထင်လင်းဆီက ဘာခိုးလာသလဲမှ မသိတာ။ ကျုပ်က လူမိုက်။ သူကောင်းစားဖို့ ကြားဝင်ခံပေးခဲ့သလိုဖြစ်ခဲ့တာပေါ့ဗျာ။

"သူ့မိဘတွေရော ရှိကြသေးသလား"

"အမေရှိပါတယ်၊ ဒါပေမဲ့ သူ့အဖေ ဒုက္ခိတကြီးက မနှစ်က ဆုံးသွားပြီ၊ သိန်းခက်တောင် အိမ်ထောင်ပြုတာ သုံးလလောက်ပဲရှိဦးမယ်"

"ဒီရွာကပဲလား"

"ဟုတ်တယ်လေ၊ ကြီးသိန်းသားနဲ့ပေါ့၊ ဖိုးတာက လူအေးပါတော်"

ကျုပ်လေ မိသိန်းခက်ကို ဒေါသတွေ ဆက်တိုက်ဖြစ်နေပါပြီ၊ သူ့ရွာကို ကျုပ် လိုက်လာလိမ့်မယ်လို့ သူထင်ထားမှာမဟုတ်ပါဘူး၊ ခုလောက် ဆို ကျုပ်ကို အိပ်မက်လိုသဘောထားပြီး မေ့ပျောက်နေမှာပါပဲ။

"ဒါနဲ့ ရှင်က သိန်းခက်မိတ်ဆွေလား"

"သူ့အလုပ်ရှင်ပါ"

"အို...ဟုတ်လား၊ တော်တို့မြို့ကြီးသားတွေက ကြည့်ကောင်းလိုက်တာနော်၊ ဒါဆိုလည်း သူ့အိမ်ကိုကျုပ်ပို့ပေးမယ်လေ"

"ဟုတ်ကဲ့ခင်ဗျ၊ အားနာလိုက်တာဗျာ"

"ရတယ် ရတယ်၊ အားမနာပါနဲ့တော်"

"ဒါနဲ့ အစ်မကြီးနာမည်က ဘယ်သူလဲ"

"မွှေးထုံတဲ့တော်၊ အဘတို့က မွှေးလည်းမွှေး၊ ထုံလည်းထုံအောင်လို့ ကျုပ်ကို နာမည်ပေးထားတာ၊ အဲဒါကြောင့်မို့ ကျုပ်လည်း ခုချိန်ထိ ထုံတုံတုံ အတတဖြစ်နေတဲ့ အပျိုကြီးပေါ့တော်၊ ဟီ.....ဟီ"

မမွှေးထုံက အရေးထဲ ကြော်ငြာဝင်နေပြန်သေးတယ်။ ကျုပ်လေ စိတ်ပျက်စရာကောင်းလောက်အောင် သူ့စကားတွေကို နားထောင်နေရတယ်။ မမွှေးထုံက ဦးဆောင်ပြီး မိသိန်းခက်တို့အိမ်ကို ခေါ်သွားတာပေါ့ဗျာ။

"အရီး.....ဒီမှာ ညှော်သည်ပါလာတယ်၊ သိန်းခက်နဲ့တွေ့ချင်လို့တဲ့၊ သူ့အလုပ်ရှင်လို့ပြောတာပဲ"

"ဟုတ်လား၊ ဘယ်သူပါလိမ့်"

ကျုပ်ကိုမြင်တော့ သွေးပျက်လု မတတ် ကြောက်လန့်သွားတော့တယ်။ ဒါပေမဲ့ မမွှေးထုံရှေ့မို့ထင်ပါရဲ့ ဘာမှ မပျက်ဘဲ.....

www.burmeseclassic.com

www.burmeseclassic.com

"ညော်...သားကိုး လာ..ထိုင် ကွဲ၊ မွေးထုံရေ ကျေးဇူးတင်တယ် နော်"

"ရပါတယ် အရီးရဲ့ သွားပြီ တော်"

မမွေးထုံမရှိတော့မှ ကျုပ်ကိုပြော ပြတော့တယ်။ ကျုပ်လည်း ဒေါ်နှင်းခ ပြောသမျှကို နားထောင်နေလိုက်တယ်။

"သမီးပြောတော့ သားကထောင် ကျသွားပြီတဲ့၊ သူ့ဆီ ဘယ်တော့မှပြန် လာမှာမဟုတ်ဘူးဆိုပြီး လွန်ခဲ့တဲ့ နှစ် လကျော်ကမှ အိမ်ထောင်သစ်ထူလိုက် တာပါကွယ်"

"အမေ့သမီး သိပ်ရက်စက်တယ် ဗျာ၊ ကျွန်တော့်ကို ထောင်ထဲမှာရှိတာ တောင် လာမတွေ့ဘူး၊ သူ့ကြောင့် လူ သတ်မှုဖြစ်ရတာပါ၊ ယောက်ျားအပေါ် တစ်စက်ကလေးမှ စာနာစိတ်မရှိတဲ့ မိန်းမ၊ အမေ စဉ်းစားကြည့်ပါဗျာ"

"ဟုတ်ပါတယ်ကွယ်၊ သမီးက လည်း ပြောပြပါတယ်၊ သားက လူ သတ်မှုဖြစ်တဲ့အချိန်မှာ သမီးက အိမ် နောက်ဖေးပေါက်ကနေဝင်ပြီး အိမ်ရှင် အခန်းထဲက ငွေနဲ့ရွှေထည်ပစ္စည်းတွေ ကို မ,ချလာတယ်တဲ့၊ အဲဒါကို ဘယ်သူ မှ မသိကြဘူးဆို"

ကျွန်တော်တောင် အံ့သြသွားရ တယ်။ မိသိန်းခက်ဟာ ပွဲလန့်တုန်း ဖျာ ဝင်ခင်းသွားတာပဲကိုး။ အိမ်ရှင်အန်တီ ကြီးအပေါ် သစ္စာမရှိတဲ့သူပါလား။ ဒါ ကြောင့်လည်း သူဟာ ကျုပ်မသိအောင် ထွက်ပြေးသွားမှန်း အခုမှသိရတော့ တယ်။

"ဟော.....ပြန်လာကြပါပြီကွယ်၊ နောက်က သူ့အိမ်ထောင်ပေါ့ သား ရယ်၊ သားဘက်က ပြဿနာတစ်ခုကို အေးအေးဆေးဆေးပဲ ဖြေရှင်းပါနော်၊ အမေတော့ ဝင်မပါချင်ဘူးကွယ်"

"စိတ်ချပါ အမေ၊ ကျွန်တော် ဟာ သူ့လင်မှန်း သူ့အကောင် မသိ စေရပါဘူး"

"အေး.....အေး၊ သာဓုပါ သား ရယ်"

မိသိန်းခက်ဟာ အထုပ်အပိုးတွေ ရွက်ပြီး အိမ်ထဲဝင်လာတယ်။ သူ့လင် က အနောက်ကနေ အထုပ်ထမ်းပေါ့ ဗျာ။ ကျုပ်က မနာလိုမဖြစ်ပါဘူး။ ဒါ ပေမဲ့ မိသိန်းခက်လည်တာကို ချီးကျူး မိတယ်။ အန်တီကြီးက ပစ္စည်းနဲ့ငွေတွေ ပျောက်လည်း သူ့ယောက်ျားသုံးတာပဲ လို့ ထင်နေမှာပါ။ ဘာကြောင့်လဲဆိုရင် သူတို့လင်မယားက အဆင်ပြေတာမှ မဟုတ်ဘဲဗျာ။ ဦးထင်လင်း ငွေသုံး ကြမ်းတာကို ဒေါ်မူယာ အသိဆုံးပါ။ ကေန္တ မိသိန်းခက်ယူလာတဲ့ ရွှေထည် ပစ္စည်းတွေက ဦးထင်လင်းအပိုင်တွေ ပဲ ဖြစ်ပါလိမ့်မယ်။

မိသိန်းခက်က ကျုပ်ကို အိမ်ပေါ် တက်လာရင်း ပြူးကြည့်လိုက်တယ်။ ကျုပ်မှန်းလည်းသိရော သူ့မျက်နှာဟာ ထိတ်လန့်ကြောက်ရွံ့ခြင်းများစွာနဲ့ မည်း ပုပ်သွားတော့တယ်။

"ကိုကြီး.....ကိုကြီးလွတ်လာပြီ လားဟင်"

"အေး.....ညည်းကိုလာနှုတ် ဆက်တာ၊ ဒါနဲ့ ညည်းက အိမ်ထောင် ပြုလိုက်ပြီဆို၊ သူလား ညည်းခင်ပွန်း"

ကျုပ်ကစပြီး သူ့ကို အနေမခက် အောင် ကြိုပြောလိုက်တယ်။ ဒီတော့ မှ မိန်းမလည်မက သူ့လင်ဘက်လှည့် ပြီး.....

"အတာရေ....သူက ရန်ကုန်မှာ သိခဲ့တဲ့ အစ်ကိုကြီးလို ခင်မင်ခဲ့တဲ့ မိတ် ဆွေပေါ့၊ အခက်ကို စောင့်ရှောက်ခဲ့တဲ့ ကိုကြီး ကိုထွဋ်ခေါင်တဲ့"

"ဟုတ်လား၊ ကိုကြီး ကျုပ်တို့ ရွာမှာ ပျော်သလောက်နေဗျာ၊ အိမ်မှာ ပဲတည်းပေါ့၊ ဒါနဲ့ အမေက ကိုကြီးကို ထမင်းကျွေးပြီးပြီလား"

"ညီ့သည်က အခုမှရောက်ပြီး စကားပြောကြတုန်းပါပဲတော်၊ မင်းတို့ လင်မယား လာတာနဲ့အတော်ပဲ၊ တစ် ခါတည်း စားလိုက်ကြပေါ့ကွယ်"

ကျုပ်က သူတို့အားလုံးကို အချိ သာဆုံးအပြုံးနဲ့ပြုံးပြရင်း ခေါင်းရင်းမှာ မြိန့်မြိန့်ကြီး ထိုင်ကြည့်နေတာပေါ့ဗျာ။ မဆိုးပါဘူး။ မိသိန်းခက် ရွေးချယ်တဲ့ ခင်ပွန်းက သူ့စိတ်ကြိုက်ဖြစ်လိမ့်မယ် လို့ ထင်မိတယ်။

ဒိမိန်းမယုတ်အကြောင်းကို ကျုပ် က သိနေတော့ သူ့စိတ်ကို ကျုပ်ခန့် မှန်းတတ်တယ်။

"ကိုကြီး ရေနွေးကြမ်းနဲ့ ငါး ခြောက်ဖုတ်လေး သုံးဆောင်ပါဦးနော်၊ ကျွန်မ ကိုကြီးကြိုက်တတ်တဲ့ဟင်း လေး ချက်လိုက်ဦးမယ်"

ကျုပ်ရှေ့ကို ရေနွေးကြမ်းလင် ဗန်းနဲ့ ငါးရံ့ခြောက်ဖုတ်ရဲရဲလေး လာ ချပေးတော့ လူတွေအလစ်မှာ ကျုပ် က သူ့ရဲ့လက်ကလေးကို ဆတ်ခနဲ ဆွဲကိုင်လိုက်တယ်။ သူက 'အို'ဆိုတဲ့ ရှက်ဟန်နဲ့ ကျုပ်ကို အရင်လို ညို့ မျက်လုံးနဲ့ ကြည့်တာပေါ့။ ကျုပ်စိတ် ထဲမှာ 'ကောင်မ၊ နင့်လက်ကိုကိုင်ရတာ သနလိုက်တာ'လို့ ပြောနေမိတယ်ဗျာ။ အဲဒါကို မိသိန်းခက်က သဘောအကျ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျပြီး ပဲများသွားသေးတယ်။ ကျုပ် ရှေ့မှာ တင်ပါးကို ခါသွားသေးတယ် ဗျာ။ ကျုပ် ပြေးရိုက်လိုက်ချင်စိတ်ဖြစ် မိတယ်။

သူ့စိတ်ထဲက ကျုပ်က သူ့အပေါ် သံယောဇဉ်မပြတ်သေးဘူးလို့များ ထင် နေသလား မသိဘူးဗျာ။ ကောင်မက လှေနံနှစ်ဖက်နင်းချင်သေးတယ်။ ဟို ငတုံးကောင်က ဘာမှသိမှာမဟုတ်ပါ ဘူး။ ကျုပ်ကို လူကြီးလူကောင်းလို သဘောထားနေရှာတယ်။ ဒေါ်နှင်းခ ကြီးက သူ့သမီးကို အကဲခတ်နေလေ ရဲ့လေ။ ပြီးတော့ သူ့သမီးရှိတဲ့ဆီကို ထွက်သွားတယ်။ ကျုပ်အကြောင်းတွေ ကို သွားပြောနေမှာပေါ့ဗျာ။

နောက်တော့ သူ့လင်ကိုအပြင် ကိုပထုတ်လိုက်ပြီး ကျုပ်နဲ့ စကားလာ ပြောတယ်။ ဒေါ်နှင်းခကြီးက မီးဖိုထဲ မှာပေါ့ဗျာ။

+ + +

"ကိုကြီး ကျွန်မကို မမုန်းဘူး လားဟင်"

ကျုပ်လား၊ ကျုပ်ရဲ့အမုန်းတွေက ဒီဘဝတင်မကဘူး။ နောင်ဘဝပါ သေ ရာပါမယ့် အမုန်းပါ။ အဲဒါကို မိသိန်း ခက်က မသိရှာဘဲ မေးနေသေးတယ်။ ဒီတော့ ကျုပ်ကလည်း မိသိန်းခက် အလိုကျ ပြောရတော့တာပေါ့လေ။

"သံယောဇဉ်ကို မင်းက လွယ် လွယ်နဲ့ ပြတ်နိုင်သလား မိန်းမ၊ ဟင် ပြောလေကွာ၊ ငါ့မှာ မင်းကို မေ့မရနိုင် လို့ ဒီအထိ လိုက်လာရတာပါ၊ မင်း သိပ်ရက်စက်တယ်နော်"

**ဒီစကားကြားရမှ**
**ကျုပ်ရဲ့အမှားကို**
**သိသွားရတော့တယ်။**
**ဒါပေမဲ့ နောင်းခဲ့ပြီပေါ့ဗျာ။**
**အမှားကိုသိပြီး**
**ပြန်ပြင်ဖို့ ကျုပ်မှာ**
**အခွင့်အရေးမရှိတော့ဘူးပေါ့။**
**ဒီတော့ ကျုပ်ရဲ့အမုန်းစိတ်ဟာ**
**ကျုပ်သေတဲ့အထိ**
**စွဲထင်ကျန်ခဲ့မယ်**
**ဆိုတာတော့ ဝန်ခံပါတယ်။**
**ကျုပ်လိုတော့**
**စာနာစိတ်မရှိတဲ့**
**လုပ်ရပ်မျိုး**
**မလုပ်ကြပါနဲ့လို့.**

...

"ကိုကြီးရယ် သိန်းခက်က ရက် စက်သလို ဖြစ်သွားရတာပါ၊ ကိုကြီးက ဒေါသကြီးတယ်မဟုတ်လား။ ဒီတော့ သိန်းခက်လည်း ပြန်ချော့ဖို့ ကြောက် တာပေါ့တော်"

"အေး.....ငါက မိန်းမများ အတင်းလိုက်ဆွဲခေါ်မလားလို့ အိုက် တင်ခံပြီး ထွက်လာတာကွာ၊ ဦးထင် လင်းက မကျေမနပ်ဖြစ်ပြီး ငါ့ကိုပြော လို့ ပန်းအိုးနဲ့ ကောက်ပေါက်လိုက်တာ၊ ကံဆိုးသွားတယ်"

"သူကံဆိုးတာပဲ ခပ်ကောင်း ကောင်း ကိုကြီးရဲ့၊ ဒီလူယုတ်မာကြီး က သိန်းခက်အပေါ် အမျိုးမျိုးလုပ်ညှဉ်း စားနေတာလေ၊ သူ့လက်ခုပ်ထဲကရေ ဆိုတော့ ပေးမယ်..ပေးမယ်နဲ့ လိမ်ညာ နေတာပါ၊ ဒါကြောင့်မို့ သူလည်းသေ ရော သိန်းခက်က သူ့ပစ္စည်းတွေတက် ယူတာပေါ့"

"မိန်းမက ဒါမျိုးတော့ တယ်သိ ပါလား။ ငါတောင်မတွေးမိဘူးကွာ"

"ကျုပ်လေ ရှင့်ကို လိမ်ညာထား ခဲ့တော့ ကိုယ့်လိပ်ပြာကိုယ်မလုံခဲ့လို့ပါ တော်၊ ရှင်နဲ့အန်တီကြီးတို့ မန္တလေး သွားတုန်းက ဒီလူကြီးက ကျုပ်တို့ အိမ်ထဲဝင်လာပြီး ကျုပ်ကို.....ကျုပ် ကို....."

"တော်ပါတော့ မိန်းမရာ၊ အဲဒါ ကြောင့် အိပ်ရာအောက်မှာ သဲလွန်စ ကျန်ခဲ့တာမဟုတ်လား။ မင်းလိမ်ညာ နေပေမယ့် မင်းရဲ့မျက်လုံးတွေက အမှန်တရားကို ဖုံးကွယ်ထားမှန်း သက်သေပြနေတယ်ကွ"

မိသိန်းခက်က ကျုပ်လက်ကိုဆွဲ ပြီး.....

"ယောက်ျား.....ရှင်က အရင်က ထက် ပိုလူလာတယ်နော်၊ ကြည့်လို့ ကောင်းလိုက်တာ"

"အောင်မာ.....လင်ကြီးပစ်ပြီး လင်ငယ်နဲ့ပေါင်းနေမှ ငါ့ကိုလွတ်သွား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ငါး ကြီးနေသေးသလား''

''တကယ်ပြောတာတော့၊ ရှင်နဲ့ ပြန်နေချင်သေးတယ်၊ ဒါပေမဲ့.....''

''ငါကလည်း မင်းလိုပါပဲ မိန်းမ ရာ၊ ဟဲ.....ဟဲ''

''အတော့ကို ငါးရှာထွက်နိုင်းလိုက် တယ်တော့၊ ညနေစောင်းမှ ပြန်ရောက် လာမှာ ယောက်ျားရဲ့''

ရေလာမြောင်းပေးစကားကို ကျုပ်က သိပ်သိတာပေါ့။ ဒါပေမဲ့ သူ နဲ့နေဖို့ကို ဆန္ဒက မရှိတော့ဘူး။ ဒီ ဟာမကို အပြင်ခေါ်ထုတ်နိုင်ဖို့ ကျုပ် က အစီအစဉ်ဆွဲနေလိုက်တယ်။

''မင်းတို့ရွာကို လျှောက်ကြည့် ချင်လိုက်တာကွာ၊ ငါ့ကိုလိုက်ပြပါလား မိန်းမရာ''

''ကောင်းသားပဲ၊ နေဦး၊ အမေ့ ကို သွားပြောလိုက်ဦးမယ်''

မိသိန်းခက် ထွက်သွားချိန်မှာ ကျုပ်က သူ့စက်ခုံပေါ်က ကတ်ကြေး တစ်လက်ကိုယူပြီး ခါးကြားထဲ ထိုး ထည့်လိုက်တယ်။ အထည့်မြန်လို့ပေါ့ ဗျာ။ မိသိန်းခက်ရဲ့မောင်လို့ယူဆရတဲ့ ကောင်လေးတစ်ယောက် အိမ်ပေါ်ပြေး တက်လာတယ်။

''ဟင်...ဧည့်သည်ရှိနေပါလား၊ အမေ.....အစ်မ အပြင်မှာ ဧည့်သည် ဗျို့''

''ဟဲ့.....အော်မနေနဲ့၊ သိတယ်၊ သွား.....အမေဟင်းချက်နေတယ်''

ကောင်လေးက ကုပ်ကုပ်လေး ဝင်သွားတယ်။ မိသိန်းခက်က ကျုပ် လက်ကိုဆွဲပြီး အပြင်ကို ခေါ်ထုတ် လာတယ်။ အပြင်ရောက်မှ လက်ကို လွှတ်ပေးတယ်လေ။

''အိမ်ထဲမှာ အမေရှိနေတော့ မလွှတ်လပ်ဘူးကွ''

''သိပါတယ်နော်၊ ရှင်ကအပြင် မှာ အေးအေးဆေးဆေး စကားပြော ချင်တာမဟုတ်လား''

''အေး.....ဟုတ်တယ်၊ ပြီးတော့ ခွဲနေရတဲ့မိန်းမကို အတိုးချပြီး...ဟဲ... ဟဲ''

''ဟင်း..သိပ်တတ်တယ်၊ မပြော ချင်ဘူး''

မိသိန်းခက်က သူ့အမျိုးတွေ အိမ်ကို လိုက်ပြလိုက်၊ မိတ်ဆက်ပေး လိုက်နဲ့ပေါ့။ ကျုပ်လည်း ဟန်မပျက် ပြောဆိုနေရပြီး သည်းခံနေရတယ်။ မကြာခင်မှာ ကျုပ်ရဲ့ရည်ရွယ်ချက်တွေ ပြည့်တော့မှာကိုး။

''မိန်းမ နားရအောင်ကွာ၊ အရိပ် ကောင်းတဲ့နေရာကိုရှာဦး''

မိသိန်းခက်က ကျုပ်ဘက်ကို မျက်စောင်းလှည့်ထိုးပြီး ရေတွင်းပျက် နောက်က ချုံထဲကို ခေါ်သွားတယ်ဗျာ။

+ + +

ရှေ့ကနေ လျှောက်နေတဲ့ မိသိန်း ခက်ကို နောက်ကနေသိုင်းဖက်ပြီး ကျုပ်က ခါးကြားထဲက ကတ်ကြေးနဲ့ သူ့ဗိုက်ကို ထိုးချလိုက်တယ်။

''ကဲ.....မိန်းမယုတ်မ၊ နင်သေ စေရမယ်''

''အစ်..အစ်..အစ်..ကို ကျုပ်ကို မသတ်ပါနဲ့၊ ကျုပ်မှာ ကလေးရှိနေ တယ်''

''ဟား.....ဟား.....ဟား၊ ဘာ ကလေးလဲ၊ နင်ငါ့ကို မာယာများနေ ပြန်ပြီလား''

မိသိန်းခက်ဟာ သွေးရူးသွေး တန်းနဲ့ ကြောက်လန့်နေတော့တာပေါ့။ ကျုပ်က သူ့ရဲ့နှလုံးသားတည့်တည့်ကို ကတ်ကြေးနဲ့ ဆက်တိုက်ထိုးနေပြန် တယ်။ သွေးတွေမှ ဖြာခနဲထွက်လာပြီး သူ့တစ်ကိုယ်လုံး နီရဲသွားတော့တယ်။ ပါးစပ်ထဲကပါ သွေးတွေထွက်ကျလာ ပြန်တယ်။

''ကဲ.....နင့်ရဲ့အမျိုးယုတ် မျိုး ဆက်ကိုပါ ဖြုတ်ပစ်မယ်''

ကျုပ်လေ သူ့ရဲ့ဗိုက်ကို ဆက် ခါဆက်ခါ လက်သီးနဲ့ထိုးပြီး တက်ခုန် လိုက်တယ်။ မိသိန်းခက် မအော်နိုင် တော့ဘူး။ တောထဲမှာ ကူညီသူမရှိ တော့ သူဟာ ကျုပ်ပြုသမျှ ခံနေရ တယ်လေ။

''သေစမ်း ကောင်မ၊ နင့်ကိုများ ငါက ရင်ခုန်ဖို့နေနေသာသာ မြန်မြန် သတ်ဖို့ဆန္ဒပဲရှိတယ်၊ သေစမ်း..သေ စမ်း၊ သေမင်းဆီကို နင့်ကလေးပါခေါ် သွား''

ကျုပ်ဟာ လက်ယဉ်နေတဲ့ လူ သတ်သမားတစ်ယောက်ဖြစ်နေမှန်း ကျုပ်ကိုယ်ကျုပ် သိလိုက်တယ်။ တစ် ဆက်တည်းမှာပဲ ပန်းရောင်ကိုသတ်ခဲ့ တာ ပြန်မြင်လာတယ်။ ခုလောက်ဆို ပန်းရောင်အသတ်ခံရတာ သက်ဆိုင်ရာ က သိလောက်ပြီပေါ့ဗျာ။ ကျုပ်ဟာ လူသတ်မှုနှစ်ခုကို ဆက်တိုက်ကျူးလွန် မိပါလား။ ဒါပေမဲ့ ခုချိန်မှတော့ မထူး တော့ပါဘူးဗျာ။ ကျုပ် ကိုယ်လွတ်ရုန်း ပြီး ထွက်ပြေးရတော့မှာပေါ့။

''အင်း.....ဟုတ်ပြီ၊ တောလမြိုင် ဘက်ကနေ ကူးရမယ်''

ကျုပ် ဆုံးဖြတ်လိုက်တယ်။ ဒီ

www.burmeseclassic.com

တော့ ငြိမ်သက်သွားတဲ့ မိသိန်းခက် အလောင်းကို သစ်ရွက်တွေနဲ့ဖုံးထားခဲ့ပြီး ကတ်ကြေးကို ရေတွင်းပျက်ထဲပစ်ချလိုက်တယ်။ သွေးစွန်းပေနေတဲ့လက်ကို အဝတ်နဲ့သုတ်ပြီး ရေတွင်းထဲပဲ ပစ်ချလိုက်တယ်။ နောက်တော့ ကျုပ်က မိသိန်းခက်တို့အိမ်မှာထားခဲ့တဲ့အိတ်ကို ပြန်ယူဖို့ ခပ်သွက်သွက် လျှောက်သွားလိုက်တယ်။

ကျုပ် အိမ်ပေါ်တက်လာတာ ဘယ်သူမှ မသိကြဘူး။ အဲဒါ ပိုကောင်းသွားတယ်။ ကျုပ်အဖို့ ကျုပ်ထွက်သွားတာ မသိလေ ကောင်းလေပေါ့ဗျာ။ တော်ကြာ ကျုပ်ပြန်သွားတာကိုသိရင် ဒေါ်နှင်းခက သူ့သမီးကိုသတ်တာ ရိပ်မိသွားမှာပဲ။

ဒီတော့ အိတ်ကိုမြန်မြန်ယူပြီး ဒီရွာကနေ ပြန်ထွက်လာလိုက်တယ်။ ကံကောင်းချင်တော့ မော်လမြိုင်သွားတဲ့ကား သွားတွေ့တယ်ဗျာ။

ကျုပ်အတွက် ကံကောင်းပြီးရင်းကောင်းရင်းပေါ့။ ဒါပေမဲ့ ကားပေါ်မှာ ကျုပ်က စဉ်းစားမိတယ်။ ကိုယ့်မြေကိုယ့်ရေက မခွာခင်အချိန်လေးမှာ တန်ခိုးကြီးတဲ့ ကျိုက်ထီးရိုးဘုရားကြီးကို သွားဖူးချင်တဲ့ဆန္ဒ ဖြစ်လာမိပြန်တယ်။ ဒါနဲ့ပဲ ကျုပ်က ကျိုက်ထိုမှာဆင်းပြီး ကျိုက်ထီးရိုးတောင်ပေါ်တက်တယ်ဗျာ။

ကျိုက်ထီးရိုးက တည်းခိုခန်းတစ်ခုမှာတည်းပြီး ကျုပ်က အနာဂါတ်အတွက် အစီအစဉ်ဆွဲနေမိတယ်။ ပြီးတော့ ဘုရားမှာ ဆုတောင်းမိတယ်ဗျာ။ နောင်ဘဝတွေမှာ အခုလို ဖြစ်ရပ်ဆိုးနဲ့ မကြုံတွေ့ရပါစေနဲ့ပေါ့။ ဆုတောင်းရင်း ကျုပ်ရဲ့မျက်လုံးအိမ်မှာ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျလာတော့တာပေါ့ဗျာ။ ကျုပ်လေ ဆို့နင့်ကြေကွဲခြင်းတွေနဲ့ ဝမ်းနည်းနေရတယ်။

နောက်တော့ ကျိုက်ထီးရိုးမှာ နှစ်ည ဆက်တည်းနေလိုက်တယ်။

ဘုရားရိပ်ဟာ တကယ်အေးမြမှန်း ကျုပ်သိသွားပြီဗျာ။

+ + +

"ညေ့စာရင်းအတွက် တံခါးဖွင့်ပေးပါဦး အစ်ကို"

တည်းခိုခန်းကကောင်လေး တံခါးခေါက်တော့ ကျုပ်လည်း အခန်းတံခါး ဖွင့်ပေးလိုက်တယ်။ အဲဒီမှာပဲ လူနှစ်ယောက်က အခန်းထဲကို အတင်းဝင်လာပြီး ကျုပ်ကို လက်ထိတ်ခတ်လိုက်တယ်ဗျာ။ ဒီတော့မှ ကျုပ်အဖမ်းခံလိုက်ရပြီဆိုတာသိလိုက်တော့တယ်။

"မင်းအပြစ်တွေ မင်းသိတယ်နော်၊ အေးအေးဆေးဆေးလိုက်ခဲ့ထွင့်ခေါင်"

ကျုပ် စိတ်လျှော့လိုက်တော့တယ်။ ကျုပ်က ယောကျ်ားပါဗျာ။ လုပ်ရဲရင် ခံရဲရတော့မှာပေါ့။ ကျုပ်ဘဝအတွေ့အကြုံအရ ထောင်ထဲပြန်ဝင်ရမှာလည်း ကျုပ် မကြောက်တော့ဘူး။ ကြိုးစင်တက်ရမယ်ဆိုလည်း ကျုပ်သေရဲပါပြီ။ ဘာကြောင့်လဲဆိုရင် ကျုပ်အမုန်းဆုံး မိန်းမနှစ်ယောက်ကို ကျုပ်သတ်နိုင်ခဲ့ပြီလေ။ ဒါပေမဲ့ ကျုပ် သ ချင်တဲ့အရာကို ကျုပ်က မေးလိုက်တယ်ဗျာ။

"ပန်းရောင်ချိုကားထဲမှာ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com


လက်ကိုင်ဖုန်းကျန်ခဲ့တာ မသိဘူး မဟုတ်လား၊ သေဆုံးသူကို ချိန်းခဲ့တဲ့ အချိန်နဲ့နေရာကို မင်းက Message ပို့လိုက်တော့ မင်းသတ်ခဲ့တာ ထင်ရှား နေပြီပေါ့ကွာ၊ ပန်းရောင်ချိုကားနဲ့ မင်းက လိုက်ခဲ့ပြီး သတ်ဖို့ခေါ်သွားတာ မဟုတ်လား''

ကျွန်ုပ် အဲဒီလောက်အထိ မစဉ်းစားမိဘူးဗျာ။ ရဲတပ်ဖွဲ့ဝင်တွေကို ကျွန်ုပ် ချီးကျူးမိပါရဲ့။

''မသိန်းခက်ကိုတော့ မင်းသတ်ခဲ့တာ ပိုထင်ရှားတာပေါ့ကွာ၊ မင်းက အသက်နှစ်သက်ကို ရက်ရက်စက်စက် သတ်ခဲ့တာပဲကွာ၊ သေဆုံးသူရဲ့မိခင်နဲ့ ခင်ပွန်းက တရားခံဟာမင်းဖြစ်ကြောင်း တပ်အပ်ပြောနိုင်ခဲ့တယ်၊ ဒီတော့ မင်းစီးသွားတဲ့ကားကို ခြေရာခံလိုက်ရာက တစ်ဆင့် မင်းသွားနိုင်တဲ့နေရာတွေကို ပိတ်ဆို့ပြီး ရှာဖွေနိုင်ခဲ့တာပေါ့ကွာ၊ ရာဇဝတ်ဘေးပြေးမလွတ်တဲ့ကွ''

ကျွန်ုပ်က နာကြည်းစိတ်နဲ့ ကလဲ့စားချေခဲ့သူဆိုတော့ နောင်တမရမိပါဘူး။ အဲဒါကိုလည်း ကျွန်ုပ်က ဝန်ခံလိုက်ပါတယ်ဗျာ။

''မင်းမှာ အဲဒီစိတ်ရှိနေတာ မှားတာပေါ့ကွာ၊ မင်းအမှားအတွက် ကိုယ့်ဘာသာ အဖြေရှာရမယ်၊ အကောင်းဆုံးကတော့ မေတ္တာစိတ်နဲ့ ခွင့်လွှတ်စိတ်ထားရှိခြင်းသာ မှန်မြတ်တဲ့လုပ်ရပ်ပဲကွ၊ ဘာသာရေးနဲ့ ကုစားနိုင်ရင် လူလူချင်း အနိုင်ယူလိုစိတ်မျိုး၊ ကလဲ့စားချေလိုစိတ်မျိုး မရှိကြတော့ဘူး၊ အဲဒါကို မင်းလိုစိတ်မျိုးရှိသူတိုင်း သင်ခန်းစာယူသင့်တာပေါ့ကွာ''

ဒီစကားကြားရမှ ကျွန်ုပ်ရဲ့အမှားကို သိသွားရတော့တယ်။ ဒါပေမဲ့ နှောင်းခဲ့ပြီပေါ့ဗျာ။ အမှားကိုသိပြီး ပြန်ပြင်ဖို့ ကျွန်ုပ်မှာ အခွင့်အရေးမရှိတော့ဘူးပေါ့။ ဒီတော့ ကျွန်ုပ်ရဲ့အမုန်းစိတ်ဟာ ကျွန်ုပ်သေတဲ့အထိ စွဲထင်ကျန်ခဲ့မယ်ဆိုတာတော့ ဝန်ခံပါတယ်။ ကျွန်ုပ်လိုတော့ စာနာစိတ်မရှိတဲ့လုပ်ရပ်မျိုး မလုပ်ကြပါနဲ့လို့ ကျွန်ုပ် အသိပေးလိုက်ချင်တာပါပဲဗျာ။

လေးစားစွာဖြင့်
နွေအလွန်

**အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်**

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-
ဆရာကြီး၏သား **ဆရာဦးရဲဝင်း**
ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။
ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊
ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်
ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းဖွင့်ရာ**
၇/၁၂၀၊ ဗိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၄၃) ဓမ္မာသီကားစီး၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်။ ။ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)
အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး
ဤဆေးခန်းတွင် ရနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ထက်ထက် ဟာသများ







## ညာစားတတ်သူ

မဂ္ဂဇင်းတိုက်ရှိ စာစီစာရိုက်သူအား အယ်ဒီတာကြီးက သူ့ဝတ္ထုစာမူ ရိုက်ပြီးသည်နှင့် အကျိုးအကြောင်းမေးတတ်၏။

**အယ်ဒီတာကြီး။** ။ ဘယ်လိုလဲကွ၊ ငါ့ဝတ္ထုကဇာတ်ကောင် ဘာဆက်ဖြစ်မယ်ထင်သလဲ၊ မင်းထင်တာ ပြောစမ်းကွာ။

**စာစီစာရိုက်သူ။** ။ ဆရာ့ကိုပြောလိုက်ရင် ဆရာက ဇာတ်ကို လှည့်ဦးမှာမဟုတ်လား။

**အယ်ဒီတာကြီး။** ။ မင်းက ဒီလိုတော့လည်း ကြိုသိနေပါလား၊ ဒါဆို ငါ့ဇာတ်လမ်း ကောင်းရဲ့လားကွ။

**စာစီစာရိုက်သူ။** ။ မဆိုးပါဘူး၊ ကောင်းပါတယ် ဆရာ။

အယ်ဒီတာကြီးက သဘောကျသွားစဉ် အယ်ဒီတာကြီးကတော် စာရေးဆရာမလေးက.....

**စာရေးဆရာမ။** ။ ဒါဆို ငါ့ဝတ္ထုရော ကောင်းရဲ့လား။

**စာစီစာရိုက်သူ။** ။ ဆရာမရဲ့ဝတ္ထု ဒီလ သိပ်ကောင်းတယ်ဗျာ။

စာရေးဆရာမလေးလည်း ကျေနပ်သွားရာ အယ်ဒီတာကြီးက သူ့အင်္ကျီအိတ်ထဲသို့ လက်နှိုက်ပြီး.....

**အယ်ဒီတာကြီး။** ။ ရော့.....လက်ဖက်ရည်နဲ့မုန့် သွားဝယ်စမ်းကွာ၊ မင်းအတွက်လည်း ပါတယ်နော်။

**စာစီစာရိုက်သူ။** ။ ဟုတ်ကဲ့ပါ ဆရာ။

စာစီစာရိုက်သမားလည်း ဝမ်းသာစွာဖြင့် ပြေးထွက်သွားတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ကြော်ငြာတတ်သူ

ဧည့်သည်တစ်ဦးသည် သူ့မိတ်ဆွေအိမ်သို့ အလည် ရောက်လာသည်။

**ဧည့်သည်။** ။ ကျုပ်လူကြီးရော၊ မမြင်ပါလားဗျ။

အိမ်ရှင်၏ဇနီးက ပြောရခက်နေစဉ် မိတ်ဆွေအိမ်ရှင်က သံယောက်မကြီးကိုင်လျက် ထွက်လာ၏။

**အိမ်ရှင်။** ။ ဟော.....အသံကြားပါတယ်လို့ ထွက်ထွက်ကြည့်တာ၊ခင်ဗျားကို။ ထိုင်ဦးဗျာ၊ ငါးကြော်နေလို့ပါ။

ဧည့်သည်က အံ့ဩသွားရာ အိမ်ရှင်၏ဇနီးက.....

**အိမ်ရှင်ဇနီး။** ။ ပေး.....ပေး ယောက်ျား၊ ကျွန်မ ဆက်လုပ်လိုက်မယ်။

**အိမ်ရှင်။** ။ နေပါစေကွာ၊ ပြီးတော့မှာပါ၊ အဲဒီလိုပဲ သူငယ်ချင်းရေ၊ မိန်းမတွေက ခိုင်းတဲ့နေရာမှာအကွက်စေ့တယ်၊ ရုံးမှာလည်း ပင်ပန်း၊ အိမ်ရောက်တော့လည်း ချက်ပြုတ်ကြော်လှော်ရနဲ့။

**အိမ်ရှင်ဇနီး။** ။ ဟင်း...ရှင်က ကြော်ငြာနေပြန်ပြီလား

ခါးကိုထောက်၍မေးလိုက်မှ အိမ်ထဲသို့ ပြေးဝင်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# လှည့်စားတတ်သူ

ဖုန်းမဲပေါက်သူဇနီးက ခင်ပွန်းဖြစ်သူအား ဖုန်းဆက်လိုက်သည်။ ဇနီးဖြစ်သူကိုင်နေကျဖုန်းနံပါတ်မဟုတ်သည့်အတွက်.....

**ခင်ပွန်း။** ။ ဟယ်လို..အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော်ကို-- စကားပြောနေပါတယ်။

ဇနီးဖြစ်သူလည်း အသံဖျက်၍.....

**ဇနီး။** ။ မီးကို မမှတ်မိတော့ဘူးလား ဦးရဲ့။

**ခင်ပွန်း။** ။ ဩော်.....ကလေးထင်တယ်၊ ဦးကိုစိတ်မဆိုးပါနဲ့ကွာ၊ ဦးက ကလေးဖြစ်မယ် မထင်လို့ပါ။

ဇနီးဖြစ်သူမှာ ခင်ပွန်းသည်အကြောင်းကို ဆက်သိချင်သဖြင့်.....

**ဇနီး။** ။ တွေ့ကြရအောင်လေ ဦးရဲ့၊ အဟင့်..။

**ခင်ပွန်း။** ။ နှစ်ဆက်ရှင်ကြို့ယူထားကွာ၊ မနက်ဖြန်နော်။

သည်တော့မှ KTV မှမိန်းကလေးမှန်း သိသွားရ၏။ သည့်နောက် ဒေါသဖြစ်လျက်နှင့်.....

**ဇနီး။** ။ ဦးက ဘယ်အချိန်လာမှာလဲဟင်။

**ခင်ပွန်း။** ။ အိမ်ကညီမလေး မရှိချိန်မှာ ထွက်လာမယ်။

**ဇနီး။** ။ ဦးရဲ့မိန်းမလားဟင်။

**ခင်ပွန်း။** ။ နိုး...နိုး၊ မောင်နှမပါကွာ၊ ဦးက လူပျိုကြီးပါ။



ဇနီးဖြစ်သူလည်း စိတ်ထဲမှ ကျိန်ဆဲလိုက်ရာ အသံထွက်သွား၏။

**ဇနီး။** ။ သေခြင်းဆိုးကြီး.....။

**ခင်ပွန်း။** ။ ဟင်...ဘာပြောလိုက်တာလဲ ကလေး။

**ဇနီး။** ။ ဩော်...သိပ်ကောင်းတာပဲလို့ပြောတာပါ ဦးရယ်၊ ဒါပဲနော်၊ တွေ့ကြသေးတာပေါ့။

ဇနီး၏ ကြုံးဝါးပုံအား ခင်ပွန်းဖြစ်သူက မသိရှာပေ။

www.burmeseclassic.com

# အဝေးမြင်တတ်သူ

အမျိုးသားကြီးတစ်ဦးသည် မျက်မှန်ဆိုင်တွင်ဝင်၍ ပါဝါမကိုက်သဖြင့် ဝင်ရောက်စစ်ဆေးကြည့်၏။

**မျက်မှန်ဆိုင်။** ။ အဘက အဝေးမှုန်လား၊ အနီးမှုန်လား။

ထိုအခါ အမျိုးသားကြီးက သူ့လက်ထဲရှိ စာရွက်အား ဖတ်ကြည့်လိုက်သည်။

**အမျိုးသားကြီး။** ။ အနီးက ပါဝါမကိုက်ဖြစ်နေတယ်ကွာ၊ အဝေးတော့ သဲသဲကွဲကွဲမြင်ရတယ်၊ ဟော.....ဟိုကလျှောက်သွားတဲ့ မော်ဒယ်လ်မလေးတွေဆို ကွင်းကွင်းကွက်ကွက်ပဲ။

မျက်မှန်ပြင်သူလည်း အမြင်ကတ်ကတ်ဖြင့်.....

**မျက်မှန်ဆိုင်။** ။ အဲဒါဆို အဘမျက်လုံးက မော်ဒယ်လ်မျက်လုံးပဲ၊ ဟဲ.....ဟဲ.....ဟဲ။




**ထက်ဆက်**

www.burmeseclassic.com

www.burmeseclassic.com


# ကျော်သိန်း စာပေ မှ ကြိုဆိုပါ၏

# Welcome to Kyaw Thein




(၁) အမှတ် (၂၀၄/၂၀၈) (၂) အမှတ် (၁၉၇)၊ မြေညီထပ်၊
(၃) အမှတ် (၁၈၃)၊ မြေညီထပ်၊ (၃၂)လမ်း၊ ရန်ကုန်၊ ဖုန်း ၃၇၆၀၉၆


www.burmeseclassic.com

www.burmeseclassic.com



# နှင်းဝတ်(လားရှိုး)


## မြေကြီးတွေရှိနေသေးရင်. . .



www.burmeseclassic.com

www.burmeseclassic.com





□

"ဆော့နေကြတယ်လေ၊ ဟော ဟိုမှာ နှစ်ယောက်"

နာ့စ် ခင်ခင်အေး လက်ညှိုးထိုး ပြရာကို ကြည့်လိုက်တော့ ပျော်ပျော် ရွှင်ရွှင် ဆော့ကစားနေကြတဲ့ ခုနစ်နှစ် နဲ့ ငါးနှစ်အရွယ်ယောကျ်ားလေး နှစ် ယောက်။

နာ့စ် ခင်ခင်အေး ပြန်ထွက်သွား တော့ အဲဒီကလေးနှစ်ယောက်အနီးဆီ ကျွန်မတို့နှစ်ယောက် လျှောက်သွား လိုက်ကြပါတယ်။ အငယ်ကောင်လေး က ပြည့်ဖြိုးဆဲဆိုပေမယ့် အကြီးကောင် လေးကတော့ အနည်းငယ်မျှ ခါးကိုင်း နေပြီ၊ မျက်လုံးအိမ်လေးတွေက ကျယ် နေပြီ။ မသိမသာဖြင့် နှာခေါင်းလေး တိုချုံ့သွားခဲ့ပြီ။ ဖိုက်ပူနံကားဆိုတာ မျိုးလေ။

အဲဒီကလေးနှစ်ယောက်လုံးက ဝမ်းသာအားရနဲ့ ကျွန်မဆီ ပြေးလာခဲ့ ကြပါတယ်။ ကျွန်မပေးတဲ့ တန်ဖိုးမများ လှသော မုန့်အိတ်ကိုယူပြီး ထမင်းစား ဆောင်ဘက် ပြေးထွက်သွားကြပါ တယ်။ ဒီနေ့က ဆေးခန်းဖွင့်ရက်ဆို ပေမယ့် စနေနေ့ ကျောင်းပိတ်ရက်။

"ဩော်....သူတို့လေးတွေနေရာ မှာ ကျွန်မသမီးလေးသာဆိုရင်....."

"အို.....ဖွဟဲ့၊ လွဲပါဖယ်ပါစေ၊ မမခိုင်ရယ် မနိူင်းကောင်းပါဘူး"

စန္ဒာအောင်ကို ကျွန်မ နား မလည်နိုင်စွာ ကြည့်လိုက်မိပါတယ်။ စန္ဒာအောင်ပြောတာကလည်း ကျွန်မ အတွက် စိုးရိမ်စိတ်ကြောင့် ပြောတာပါ လေ။

"ဘာဖြစ်လို့လဲ စန္ဒာအောင်ရယ်၊ သူတို့လေးတွေကလည်း လူပဲလေ"

"ဒါပေမဲ့ မမခိုင်ရယ် အဲဒီကလေး တွေက....."

"အားလုံးဟာ လူရယ်လို့ဖြစ် လာရင် သေရမယ့်နေ့ရက်တွေကို မျှော်လင့်စောင့်စားရတော့တဲ့ အပူ သည်တွေပါ၊ အဆင့်အတန်း၊ အသား အရောင် မတူကွဲပြား ခြားနားကြပေ မယ့် သေမင်းက အနီးအနားမှာရှိနေ သလားလို့ မမြင်ရဘူးနော်၊ ကိုယ့် သချိုင်းက ဘယ်ဆီမှာလဲမသိ"

စန္ဒာအောင် သက်ပြင်းချလိုက်ပါ တယ်။

"ခုလို ဆေးခန်းတွေဖွင့်ပြီး ရောဂါတွေ ကုသပေးနေလို့ လူတွေ က အတင့်ရဲလာကြပုံရတယ်၊ ငါ့မှာ ရောဂါရခဲ့ရင်လည်း ကုသပေးမယ့် ဆရာဝန်တွေ၊ စေတနာရှင်တွေ ရှိနေ တယ်ဆိုပြီးတော့လေ၊ အကာအကွယ် မပါဘဲ ပျော်ပါးကြတဲ့အခါ တကယ် တမ်း လူ့လောကထဲ ရောက်လာရတဲ့ ကလေးတွေက မြေစာပင်"

"စန္ဒာအောင်ပြောတာတွေက လက်တွေ့ကျပါတယ်လေ၊ ဒါဖြင့် အဲ ဒီဝေဒနာရှင်အားလုံးကို ဒီအတိုင်းပစ် ထားလိုက်ကြမလား"

စန္ဒာအောင် ကျွန်မကို အလန့် တကြား မော့ကြည့်လာပါတယ်။

"ကမ္ဘာနဲ့အဝန်းမှာ အသိ၊အမြင် တိုးတက်သူတွေ လက်ခံသဘောတူ ညီထားတာရှိတယ်၊ အဲဒါက ဘာလဲ ဆိုတော့ ပြည်သူလူထုတွေအားလုံးဟာ ပြဿနာအရပ်ရပ်အတွက် လက်တွဲညီ ညီ ဖြည့်ဆည်းကြမှ ဖြစ်တော့မယ်ဆို တာကိုပဲ၊ တစ်နေ့တစ်ရွာ့ အပျက်

www.burmeseclassic.com

သဘောဆောင်ပြီး သူများအကြောင်း အဖျင်းစကားပြောဆို တိုက်ခိုက်နေကြသူတွေထဲမှာ စန္ဒာအောင်နဲ့ ကျွန်မတို့ ရှင်သန်နေရတာလေ၊ ခုချိန်ခါမှာ ကမ္ဘာမြေကြီးအတွက် ငါအကောင်းဆုံး ဘာလုပ်ပေးနိုင်မလဲဆိုတာကိုပဲ စဉ်းစားမိတယ်၊ ဒါကြောင့်မို့လည်း နိုင်ငံရပ်ခြားက အဆင့်မြင့်တက္ကသိုလ်ထွက် လူရည်ချွန်ကြီးတွေထဲမှာ ဘယ်သူဟာ လူမှုဝန်ထမ်းအလုပ်တွေ လုပ်နိုင်သလဲလို့ပဲ စောင့်ကြည့်ရတဲ့၊ အတုယူရတဲ့ အထိ ထူးချွန်သူတွေ ပေါ်ထွက်လာကြပြီလေ''

ကျွန်မ စကားဆုံးတော့ စန္ဒာအောင်မှာ မျက်စိလေးကလယ်ကလယ်နဲ့။ ကျွန်မပြောတဲ့စကားတွေက စန္ဒာအောင်ရဲ့နားကို လျှံစေခဲ့ပြီလား။

\+ + +



လားရှိုးမြို့ရဲ့ စောမွန်လှ ဆေးကုသဆွေးနွေးခန်းရဲ့အမည်က 'သဇင်' ဆေးခန်းတဲ့လေ။ သွေးလှူနေသူတစ်ယောက်ဖြစ်တဲ့ ကျွန်မက အနည်းဆုံး လေးလတစ်ကြိမ် သွေးစစ်ပြီးသားဖြစ်နေတတ်ပါတယ်။ မမြဲတဲ့ခန္ဓာကိုယ်ကို ကျွန်မကိုယ်တိုင် မပိုင်ဆိုင်တာမို့ (Positive ဆိုတဲ့အဖြေမျိုးသာ ထွက်ခဲ့မယ်ဆိုရင်တောင် လက်ခံနိုင်နေပြီမို့)နေရချိန် တိုတိုလေးအတွင်းမှာ လုပ်စရာရှိတဲ့ အလုပ်တွေ ပြီးမှပြီးခဲ့ပါ့မလား။ သက်ရှိထင်ရှားရှိနေသေးတဲ့ မိဘနှစ်ပါးကို ကျေးဇူးဘယ်လောက်များ ဆပ်နိုင်ခဲ့မှာပါလိမ့်။ အရေးကြီးတာက နေ့စဉ်ငါးပါးသီလကို လုံအောင်ခြုံထားနိုင်ဖို့။

မောင်လေး B.E ပြီးတော့ စင်ကာပူသွားဖို့စီစဉ်တဲ့အခါ တစ်လကျော်ကျော်လောက်မှာပဲ King ဆိုပြီး ထွက်ခွာခွင့်ရတဲ့အခါ မောင်လေးရဲ့သူငယ်ချင်းတွေထဲမှာ စီပိုးထိသူ၊ ဘီပိုးတွေ့သူတွေ ရှိခဲ့ပါတယ်။ ကျွန်မ ကိုယ်ချင်းစာမိပါတယ်။ ကျွန်မမောင်လေး ပင်နီဆူလာမှာ ရောက်နေရတဲ့အချိန်မှာတော့ မောင်လေးရဲ့သူငယ်ချင်းတွေ အိပ်ရာထဲ လဲနေကြပါပြီ။ ဒါဖြင့် ကျွန်မမောင်လေး စင်ကာပူမှာ မပင်ပန်းဘဲ သူဌေးကောင်းနဲ့ ကြုံဆုံခွင့်ရလို့ ဝမ်းသာနေရမှာလား။ အိပ်ရာထဲလဲနေတဲ့

မောင်လေးရဲ
သူငယ်ချင်းတွေက
အား ပေးထူမတ်ပေး
မှာလား။ အတွေးတွေက
ယောင်ချာချာ။

စန္ဒာအောင်ကတော့ ရင်ခု
နေမှာ အမှန်ပါပဲလေ။ စန္ဒာအော
ကိုယ်တိုင်က လိုလားစွာနဲ့ တီဘီ၊ HIV
ကာလသား စသဖြင့် ရောဂါ ရှိ၊ မရှိက
ကျွန်မ အကူအညီယူပြီး စစ်ဆေးခံ
တာပါ။ အကယ်၍ ရောဂါတစ်ခုခုရှိမယ
ဆိုရင်လည်း စန္ဒာအောင့်ကို နှစ်သိ
အားပေး ဆွေးနွေးပေးမယ့် ဆရာဝ
တွေက အဆင်သင့်။ ကျွန်မတို့လ
မိန်းကလေးတွေအတွက်က ရောဂါမျိုး
ဝင်လာနိုင်ဖို့ တံခါးပေါက်တွေက မျာ
တယ်မဟုတ်လား။

တစ်ခန်းဂင်၊ တစ်ခန်းထွက်
အပေါ်တက်လိုက်၊ အောက်ဆင်းလိုက
နဲ့ ဆေးအဖြေစာရွက်တွေမှာ Negativ
လို့ပါလာတိုင်း စန္ဒာအောင်တစ်ယောက

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေပါတော့တယ်။ ဩော်.....ဟိုစဉ်က အခါက အဲဒီလိုအဖြေမျိုးတွေကို လက်ခံရရှိခဲ့စဉ်က စန္ဒာအောင့်လို ကျွန်မလည်း ပျော်ခဲ့တာပဲလေ။ HIV ကတော့ နောက်သုံးလခြားနှစ်ခါ ထပ်စစ်ကြည့်ဖို့ကိုတော့ စိတ်ရှည်ရမှာပေါ့လေ။

"တကယ်လို့ ကျွန်မဆီမှာ ဘာရောဂါမှ မရှိဘူးဆိုရင် ကျွန်မရဲ့ယောကျ်ားမှာလည်း မရှိဘူးပေါ့နော်မမနိုင်"

"ဒါပေါ့ စန္ဒာအောင်ရယ်"

စန္ဒာအောင်၏ အပျော်ကြီးပျော်သွားရသော မျက်နှာလဝန်းကြီးကို ကျွန်မဘဝမှာ တစ်သက်လုံး မေ့နိုင်တော့မည်မထင်ပါ။ စန္ဒာအောင်တို့က အထက်အညာက မထင်ရှားလှတဲ့ ရွာလေးတစ်ရွာဆီကပါ။ လားရှိုးမှာ လာရောက်စီးပွားရှာကြတာပါ။ သူတို့သားလေးက ကျွန်မရဲ့သမီးလေးနဲ့ အခန်းတူ ကျောင်းတက်ဖော်တွေပါ။ အစပိုင်းက ကျွန်မရဲ့ နေပုံထိုင်ပုံ၊ သွားလာပြောဆိုပုံတွေကို တချို့ကျောင်းသားမိဘတွေနဲ့ အတင်းအဖျင်းပြောကြသံကို ကျွန်မကိုယ်တိုင် ကြားဖူးတာပါ။ ဒီလိုကိစ္စတွေကို ဖြေရှင်းလေ့မရှိတဲ့ ကျွန်မကတော့ အပြုံးမပျက် ပန်းပန်လျက်နဲ့ပဲမျက်နှာချင်းဆိုင်တတ်တာပါ။ လောကကြီးမှာ အလကားရတဲ့အရာဆိုလို့ မျက်စောင်းထိုးတာနဲ့ အတင်းပြောတာတဲ့။ အဲဒီအလုပ်လုပ်သူတွေဟာ အလကားလူတွေပဲလို့ ဆရာတော်ကြီးတစ်ပါးက ဟောကြားတာ မှတ်သားဖူးပါတယ်။

စန္ဒာအောင့်အမျိုးသား ဆိုင်ကယ် Accident ဖြစ်တော့ "အစ်မရယ် အစ်မက သပြေညို ပရဟိတနဲ့ သွေးလှူရှင်အသင်းဖွဲ့ထားတာဆို၊ အခြားလူရဲ့သွေးတွေ မသွင်းပါရစေနဲ့၊ ကျွန်မကို ဆေးရုံက ညွှန်လိုက်တာပါ၊ အစ်မတို့ သွေးလှူရှင်အဖွဲ့သားတွေက ကာကွယ်ဆေးတွေ အကြိမ်ပြည့်ထိုးနှံထားပြီးသားတဲ့၊ ကယ်ပါဦး အစ်မရယ်"တဲ့လေ။ စန္ဒာအောင်မှာ သူ့အမျိုးသားအတွက် အပူလုံးကြွပြီး ငိုနေလိုက်တာများ။

"ကဲ.....ညီမလေးရဲ့အမျိုးသားက ဘာသွေးလဲ"

"အေဘီအမျိုးအစားပါ"

ဖြစ်ရလေတယ်။ ရှားပါးသွေးမှကွယ်။ ကျွန်မလည်း ပြန်လှူချိန်စေ့နေပေမယ့် ကျွန်မသွေးက ဘီသွေး။

"ကဲ.....ဟုတ်ပြီ၊ စိတ်အေးအေးထား၊ သွေးလှူဘဏ်ကနေပဲ ပြန်စောင့်နေ၊ ကျောင်းပိတ်ရက်မို့ တော်သေးတာပေါ့၊ အေဘီသွေးပိုင်ရှင်ကလေးတွေက သိပ်များများစားစားမရှိတာမို့ လေးလပြည့်ပြီးတဲ့ ကလေးတွေစာရင်းကြည့်ပြီး ဆက်သွယ်ခေါ်လာခဲ့ပေးမယ်၊ ဟုတ်ပြီလား"

တော်သေးတာက စာမေးပွဲရက်ဝေးနေသေးတဲ့ B-tech ကျောင်းသားလေးတစ်ယောက်က ခုပဲ သွေးလှူဘဏ်ကို လာခဲ့ပေးပါ့မယ်တဲ့ ကျွန်မလည်း ဖုန်းကို ဆလင်းဘက်ထဲထည့်ပြီး သွေးလှူဘဏ်ကိုသွားဖို့ပြင်ပါတယ်။ စန္ဒာအောင်လည်း သူ့လက်မောင်းအကျီစနဲ့ မျက်ရည်တွေကိုသုတ်ပြီး ကျွန်မကို ကျေးဇူးတင်စွာနဲ့ ကြည့်နေပါတယ်။

သွေးလှူပေးမယ့်ကျောင်းသားလေးရဲ့ ခုတင်ဘေးမှာရပ်ပေးပြီးတော့ သွေးထုတ်နေချိန်မှာ အားပေး စောင့်

မာသာထရီဇာရဲ့
ခြေဖဝါးကို
ခေါင်း၊ နဖူး၊ ဆံစတို့နဲ့
ပွတ်တိုက် ဂါရဝပြုခဲ့ကြတဲ့
နိုင်ငံအသီးသီးက
ခေါင်းဆောင်တွေဟာ
ဘာကြောင့်
မာသာထရီဇာကို
ဦးညွှတ်လေးစားရသလဲဆိုတာ
မာသာထရီဇာရဲ့
မျှတတဲ့ဂုဏ်ကြောင့်ပါ

www.burmeseclassic.com

www.burmeseclassic.com

ရှောက်ရဦးမှာလေ။

"ဒါနဲ့ စန္ဒာအောင်က ဘာသွေးလဲ"

"အေဘီပါ"

ဟင်.....အေဘီသွေးတဲ့။ အေးလေ သူ့မှာ လူနာကိုတစ်ဖက်၊ သုံးတန်းကျောင်းသား ကလေးငယ်ကို ကျောင်းကြို၊ ကျောင်းပို့ကိစ္စတွေကတစ်ဖက် လုံးပန်းရဦးမှာမို့ သွေးဖောက်ထုတ်ဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲလေ။

"ဟို..ဟိုလေ ကျွန်မယောက်ျား အတွက် သွေးထုတ်ပေးချင်ပေမယ့် မထုတ်ပေးရဲဘူးဖြစ်နေလို့ပါ"

"ဘာဖြစ်လို့လဲ၊ သွေးပေါင်ချိန် မပြည့်မှာစိုးလို့လား၊ ဒါမှမဟုတ် သွေးမထုတ်ယူခင်မှာ အပ်တစ်ချောင်းစာ အရင်ယူပြီး အရင်စစ်ဆေးတဲ့အခါ သွေးအဖြေကို မကြားရဲလို့လား"

"ဟင့်အင်း။ မဟုတ်ပါဘူး။ သူများတွေပြောတာ ကြားဖူးတယ်၊ သွေးထုတ်တဲ့အပ်က အခေါင်းပေါက်ကြီးပါတဲ့ အပ်ဆိုဒ်နံပါတ် အကြီးဆုံးကြီးတဲ့"

ဘုရားရေ..ဒီလိုသာကြောက်ရရိုးမှန်ရင် သွေးလှူရှင်ရယ်လို့ ရှိကြပါဦးမလား။ အဲဒီလိုအပ်ကြီးနဲ့ သွေးထုတ်လှူပေးခွင့်ရတဲ့ သွေးဒါနရဲ့ ကုသိုလ်အကြောင်းကိုကော အဲဒီ သူများဆိုတဲ့ လူတွေက ပြောမပြကြဘူးလား။ အဲဒါကြောင့် ကြားရတဲ့စကားမှန်သမျှကို မဖြေရှင်းဘူးဆိုတာ အဲဒါကြောင့်ပါပဲ။ ခလုတ်တိုက်ရာက ဖားပြုပ်ကိုက်ပြီး တရုတ်ရိုက်ပါလေရောလား။

\+ \+ \+

ကျွန်မနာမည် ခင်လေးခိုင်ဆိုတာမှန်း စန္ဒာအောင်သိသွားတဲ့အချိန်မှာတော့ အစ်မလို့ခေါ်ရာကနေ မမခိုင်ဖြစ်လာပါတယ်။ ဟိုအရင် အတင်းပြောအဖွဲ့ကနေ သင်းကွဲလာတဲ့ စန္ဒာအောင်ကို အပြုသဘောဆောင်ပြီး ကျွန်မဖေးမ ကူညီခဲ့ပါတယ်။

"ကျွန်မက ရွာကအတန်းကျောင်းမှာ သုံးတန်းအထိပဲ တက်ခဲ့ရတာမို့ တစ်ခါတလေ မမခိုင် ပြောပြတာတွေကို ဉာဏ်မမီလို့လားမသိပါဘူးတော်၊ ဉာဏ်မမီဘူး"

ကျွန်မ စန္ဒာအောင့်ကို ဝန်ခံရဲတဲ့ စိတ်ဓာတ်လေးရှိတာကိုတော့ ချီးကျူးမိတာအမှန်ပါ။ ဒါတောင်မှ ကျုပ်၊ ကျုပ်နဲ့ သုံးနှုန်းတတ်တာလေးတွေ၊ လမ်းဘေးမှာ တွန်းလှည်းနဲ့ ပုံကျထမင်းဟင်း ရောင်းစားရသူမို့ စကားနှုတ်ထွက်ကြမ်းတာလေးတွေ ကြားရတိုင်း သတိလေးတွေ တို့ပေးရပါတယ်။ နှုတ်အမူအရာကြမ်းတမ်းရင် အမိယုတ်လို့၊ ကိုယ်အမူအရာကြမ်းတမ်းရင် အဖယုတ်တာလို့ ဆိုရိုးစကားရှိကြောင်း၊ ကိုယ့်ကြောင့် မိဘတွေရဲ့ဂုဏ်သရေ ညှိုးနွမ်းအောင် မပြုအပ်ကြောင်း စသဖြင့်။

စန္ဒာအောင်ကိုယ်တိုင် ဆေးရုံကြီးမှာ အရေးပေါ်လူနာတွေကို တွေ့မြင်ရကာမှ ကုန်ခဲ့တဲ့အချိန်တွေကို နှမြောလိုက်တာ မမခိုင်ရယ်တဲ့။

ကမ္ဘာ့သွေးလှူရှင်များနေ့ဖြစ်တဲ့ ဇွန်လ (၁၄)ရက်မှာ ကျွန်မတို့ သပြေညှိုပရဟိတအဖွဲ့ သွေးလှူဒါန်းပွဲကို နှစ်စဉ်နှစ်တိုင်း လားရှိုးပြည်သူ့ဆေးရုံကြီးမှာ ကျင်းပဖို့စီစဉ်တဲ့အခါမှာလည်း စန္ဒာအောင်တို့ဇနီးမောင်နှံ ပါဝင်လာခဲ့ပါပြီ။ စန္ဒာအောင်က ကျွန်မထက် ငါးနှစ်ငယ်ပါတယ်။ သပြေညှိုမှာ ကျွန်မတစ်ယောက်ပဲ အသက်အကြီးဆုံးပါ။ ကွန်ပျူတာတက္ကသိုလ်၊ ဝိဇ္ဇာ/သိပ္ပံနဲ့နည်းပညာတက္ကသိုလ်က ကလေးတွေစုစည်းပြီး တစ်နေ့တစ်ရာနှုန်း စုကြတာမို့ တစ်ယောက်ကို တစ်လသုံးထောင်စီ ပေါင်းစုမိတဲ့အခါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊လူမှုဝန်ထမ်းကျောင်းနဲ့ မိဘမဲ့ကလေးကျောင်းတွေဆီ လိုအပ်တဲ့ တစ်ထောင့်တစ်နေရာအတွက် လှူဒါန်းကြတာပါ။

ယောက်ျားလေးလူမှုဝန်ထမ်းကျောင်းအတွက် တစ်ရက်စာ ထမင်းကျွေးမွေး လှူဒါန်းတဲ့အခါ စန္ဒာအောင်ဦးဆောင်ပြီး လူဆယ်ယောက်လောက် ပါလာခဲ့ပါတယ်။ ဒါ ကျွန်မကို သွေးတိုးစမ်းလိုက်တာပါပဲ။ ကျွန်မအမျိုးသားကလည်း ကားနားရက်မို့ သူကိုယ်တိုင် အဲဒီလူအုပ်ကြီးကို ကားပေါ်တင်ပြီး လိုက်မောင်းပို့ပေးပါတယ်။ ကလေးတွေလည်း ပါလာကြတာပါ။

ကျွန်မရဲ့အကြောင်းကို စန္ဒာအောင်ဆီကနေ ကြားထားရတာကို သက်သေပြချင်လို့ လိုက်လာကြတယ်ဆိုတာကိုလည်း ကျွန်မ ရိပ်မိပါတယ်။ ကျွန်မကို ခင်မင်ချင်စိတ် မရှိကြသော်ငြား ကျွန်မမှာသာ အမှားအပြစ်တစ်ခုခု ရှိခဲ့မယ်ဆိုရင် ကျောင်းပြန်ဖွင့်တဲ့နေ့မှာ လက်ညှိုးထိုး ကဲ့ရဲ့ကြမယ်။ ဟားတိုက်ကြမယ်။ လှောင်ပြောင်ရယ်မောကြမယ်ပေါ့။ ကျွန်မကတော့ အလှူ့အပျက်ခံ၊ အချိန်အကုန်ခံပြီး ကျွန်မနဲ့အတူ လိုက်ပါပေးတာကိုပဲ ချမ်းသာလှပါပြီ။ လူမှုဝန်ထမ်းကျောင်းက ကလေးတွေခမျာမှာလည်း ခြော်.....ငါတို့ကို

www.burmeseclassic.com

www.burmeseclassic.com



အရေးတယူ ဆက်ဆံကြရှာပါလားလို့ အားတက်သွားမှာ အမှန်ပါပဲ။

ကားပေါ်က ကလေးတွေအတွက် မုန့်၊ ရေသန့်တွေကို ကျွန်မ စီစဉ်ပေးတဲ့အခါ သူတို့ ကျွန်မအပေါ်မှာကြည့်တဲ့စိတ်အမြင် ဘယ်လိုရှိမလဲရယ်လို့ ကျွန်မ မဖတ်တတ်ခဲ့ပါဘူး။ လူမှုဝန်ထမ်းကျောင်းတွေဆီကို အလှူရက် တိုင်းလိုက်လေ့ရှိတဲ့ ကျွန်မ သမီးလေး က ဒီပွဲမှာတော့ ညှော်လမ်းညွှန်ပါပဲ။ ကားပေါ်မှာ ကျွန်မသမီးရဲ့အသံက အအောင်မြင်ဆုံးပါပဲ။

ကျောင်းသားလေးတွေက ကြိုတင်ပြီး လိုအပ်တာတွေ သွားစီစဉ်နေကြပြီမို့ ကျွန်မတို့အဖွဲ့က ဟန်ပြသက်သက်ပါပဲ။ ဖြစ်ချင်တော့ ကျွန်မ ငှားနေတဲ့ အိမ်ခန်းငှားတန်းလျားထဲက မိသားစုတွေကော၊ ကျွန်မဘက်က အသိမိတ်ဆွေတွေကော ပေါင်းစုပြီး ကားတစ်စီးထပ်ငှားရပါတော့တယ်။ အရင်အခါတွေတုန်းက လိုက်ပါဖူးတဲ့ မိတ်ဆွေတွေက အချိုရည်၊ ဆပ်ပြာ မှုန့် သွားတိုက်ဆေး၊ သွားတိုက်တံ တွေပါ လှူဖို့ပါလာခဲ့တော့ အင်အား အပြည့်။

လူမှုဝန်ထမ်းကျောင်းထဲရောက်တော့ ကလေးတွေအားလုံးက ထမင်းစားခန်းထဲမှာရောက်နေကြပါပြီ။ ဆရာ၊ ဆရာမတွေက ကျွန်မတို့ကို စားဖိုချောင်ထဲခေါ်ပြီး သူတို့စီမံချက်ပြုတ်ထားတာကို လိုက်ပြပေးပါတယ်။ ကျွန်မတို့ ထမင်းစားခန်းဘက်ဆီကို ရောက်တော့ လက်အုပ်လေးတွေချီ တတ်တတ်ရပ်ပြီး အလှူရှင်များ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ တညီတညွတ်တည်း ရွတ်ဆိုနေသံကြားရတော့ ကျွန်မရင်ထဲမှာ လှိုက်ခနဲ။ အကြိမ်ကြိမ် အခါခါ လာနေပါလျက်နဲ့ အဲဒီအသံလေးတွေ ကြားရတိုင်း ကျွန်မရင်ထဲမှာ မချိနိုင်တာ အမှန်ပါပဲ။ စန္ဒာအောင်ကိုယ်တိုင် မျက်ရည်တွေ ကျခဲ့ပါပြီကော။

ပရဟိတအဖွဲ့ဝင် ကလေးတွေက ဆပ်ပြာမှုန့်နဲ့ ပစ္စည်းပစ္စယ ပါလာသမျှကို လူဦးရေအလိုက် သူ့ဝေပုံလေးတွေ ဝေနိုင်ဖို့ အပုံလေးတွေ အတန်းလိုက် စီရီထားပါတယ်။ ရုံးပိတ်၊ ကျောင်းပိတ်ရက်မို့လို့ လိုက်ခဲ့ကြတဲ့ ကျွန်မမိတ်ဆွေအဖွဲ့က ကလေးတွေ ထမင်းစားတဲ့အချိန်မှာ ထမင်းလိုက်ပွဲတွေ ဝိုင်းထည့်ကြ၊ ဟင်းရည်ဖြည့်ကြနဲ့ ပီတိ တွေဝေဖြာနေတဲ့အချိန်မှာ စန္ဒာအောင်ဦးဆောင်လာတဲ့ ကျွန်မကို နှိပ်ကွပ်မယ့် အဖော်အပေါင်းပါတစ်စုကတော့ ငိုလို့မဆုံးသေးပါဘူး။ ဒီလိုကျောင်းတွေကို ခုမှရောက်ဖူးတာတဲ့လေ။



အနိမ့်ကျဆုံး
အလုပ်ကို
အမြင့်မြတ်ဆုံး
နှလုံးသားပိုင်ရှင်တွေကပဲ
လုပ်ကြတာဆိုတဲ့
စကားကိုသိပ်ချစ်လို့
ဒီမေတ္တာမွန်
ဂေဟာကို ...

www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေ ထမင်းစား၊ ပန်းကန်ဆေး လက်ဆေးပြီးတော့ သူ့ဝေစုခွဲတမ်းလေးတွေကို ယူတဲ့အခါမှာ လည်း လူ့တန်းရှည်ကြီးကို တစ်ဦးချင်း လက်ဆင့်ကမ်းပေးကြတာက ကျွန်မ သမီးလေး ခေါင်းဆောင်တဲ့ မူလတန်းကလေးအဖွဲ့ပါပဲ။ သူတို့လေးတွေမှာ ပျော်လို့ရွှင်လို့။ လက်လေးနှစ်ဖက်နဲ့ တရိုတသေယူပြီး ခါးညွှတ်လိုက်တဲ့ ခဏမှာ ကျေးဇူးတင်ပါတယ်ခင်ဗျာတဲ့။

ကျွန်မတို့ အပြန်ခရီးမှာလည်း ကျောင်းထဲကနေ ဂိတ်ဝအထိလိုက်ပြီးတော့ အလှူရှင်များ ဘေးရန်ကင်းပါစေလို့ ဆုတောင်းပေးပြီး လူအုပ်စုလိုက်ကြီးက လက်ပြနှုတ်ဆက်တဲ့အခါ မျက်ရည်မဆည်နိုင်။

✦ ✦ ✦

''နာ့စ်ခင်ခင်အေးနဲ့ ပရဟိတလူမှုကူညီရေးအသင်းကနေ စုပေါင်းတည်ထောင်လိုက်တဲ့ HIV/AIDS ရောဂါဝေဒနာရှင်ကလေးတွေကို ပြုစုစောင့်ရှောက်ပေးနေတဲ့ ဂေဟာပေါ့၊ ဟောဟို ညီအစ်ကိုနှစ်ယောက်က အရင်ရောက်လာတာလေ၊ စန္ဒာအောင်ကတော့ ရောက်ဖူးပြီးသားမို့ နာ့စ်နဲ့ ခင်နေပါပြီ၊ ရောက်တုန်း လိုက်ကြည့်ပါဦး''

လူမှုဝန်ထမ်းကျောင်းကအပြန် ဒီဂေဟာလေးဆီ ခေါ်လာခဲ့တဲ့အခါ အားလုံးမှာ ဟာခနဲ။ ရှို့တွန့်တွန့်ဖြစ်သွားကြပုံရတဲ့ လူအုပ်ကြီးကို ကျွန်မ နားလည်စွာနဲ့ ပြုံးပြလိုက်မိပါတယ်။ ကျွန်မ ဒီဂေဟာကို စရောက်စဉ်က သူတို့ထက်တောင် ဆိုးခဲ့သေးတာပါ။ လူတတ်ကြီးလုပ်ပြီး သပြေညိုကဗျာတွေ ရွတ်ခဲ့တဲ့ ကျွန်မ၊ ငါ့ကို ဒီရောဂါကူးခဲ့ရင် ဘယ်လိုလုပ်မလဲဆိုတဲ့ ကြောက်စိတ်။ ငါ၊ သူတစ်ပါးဆိုတာကို သိလာရတော့.....

''မာသာထရီဇာရဲ့ ခြေဖဝါးကို ခေါင်း၊ နဖူး၊ ဆံစတို့နဲ့ ပွတ်တိုက် ဂါရဝပြုခဲ့ကြတဲ့ နိုင်ငံအသီးသီးက ခေါင်းဆောင်တွေဟာ ဘာကြောင့် မာသာထရီဇာကို ဦးညွှတ်လေးစားရသလဲဆိုတာ မာသာထရီဇာရဲ့ မျှတတဲ့ဂုဏ်ကြောင့်ပါ၊ မြန်မာနိုင်ငံမှာလည်း အကျော်ဇေယျ ဘွားဦးဇွန်းရှိတယ်၊ ကျွန်မတို့ လုပ်နိုင်တယ်ဆိုတာ နည်းနည်းလေးပါ၊ အလှတွေဖုံးထားတဲ့ လူတွေအနီးကိုတော့ လူတွေကပ်ချင်ကြမှာပါပဲ၊ ဒါပေမဲ့ သူ့မှာ HIV ပိုးရပ်စ် ရှိ၊ မရှိဆိုတာ သွေးစစ်ကြည့်မှပဲ သိရမှာပါ၊ အဲလိုမသိကြလို့၊ သွေးမစစ်ရဲကြလို့၊ မသိလိုက်မသိဘာသာ နေခဲ့ကြမိလို့သာ ဒီကလေးတွေ ဒီလိုမျိုး ဖြစ်ကြရတာပါ၊ ကိုယ့်မှာ ရောဂါရှိခဲ့ရင် လူတွေ ပစ်ပယ်မလားဆိုတဲ့ အဆင့်နိမ့်တဲ့ အတွေးအခေါ်တွေ ရှိနေသမျှ ဒီဂေဟာထဲကို နောက်ထပ်နောက်ထပ်သော ကလေးတွေ ရောက်လာလိမ့်ဦးမယ်ဆိုတာ သေချာပါတယ်''

ကျွန်မစိတ်တွေ မခိုင်နိုင်တော့ပါဘူး။ ပါလာသမျှ လူအုပ်ကြီးမှာလည်း တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါပြီ။ ဟုတ်တယ်လေ။ ကျွန်မတို့ဟာ နေမင်းကြီး၊ လမင်းကြီး ဖြစ်ခွင့်မရခဲ့ရင်တောင်မှ ကြယ်စင်တစ်ပွင့်လောက်တော့ ဖြစ်နိုင်သေးတာပဲလေ။ ကိုယ်သာလျှင် အရှင်ဖြစ်ပေတဲ့လေ။

ထိုစဉ်မှာပဲ နာ့စ် ခင်ခင်အေးက ကျွန်မကို သောက်ရေတစ်ခွက် လာပေး ပါတယ်။ ကျွန်မ ကျေးဇူးတင်စွာနဲ့ နာ့စ် ခင်ခင်အေးကို ပြုံးပြလိုက်ပါတယ်။ နာ့စ် ခင်ခင်အေးက ကျွန်မနဲ့အသက်တူ သုံး ဆယ်စွန်းခဲ့ပြီ။ ဖြူဖြူနုနု၊ လှလှလေးနဲ့ ရှမ်းသွေးစပ်ပြီး ရှမ်းသံဝဲနေတာကပင် ချစ်စဖွယ်။

''လစာမရဘဲနဲ့ ဒီမှာဘာလို့လုပ် နေတာလဲဆိုတော့ ပရဟိတကို မြတ်နိုး လို့ပါ၊ ဘုရားရှင်လက်ထက်ကတည်းက ပရဟိတကြောင့်ပဲ ပရိတ်ကြီး (၁၁) သုတ် ပေါ်ထွက်လာခဲ့ရတာပါ၊ ကျွန်မ ဒီကလေးတွေကို စောင့်ရှောက်တဲ့အခါ မှာတော့ လက်အိတ်ဘာညာတော့ သုံး ရတာပေါ့၊ ကျွန်မဘဝမှာ လစာရ တယ်ဆိုတာထက် အရေးကြီးနေပါလား လို့ သိလိုက်ရခြင်းအဖြေဟာ ဒီကလေး တွေပါပဲ၊ အနိမ့်ကျဆုံးအလုပ်ကို အမြင့် မြတ်ဆုံး နှလုံးသားပိုင်ရှင်တွေကပဲ လုပ်ကြတာဆိုတဲ့စကားကို သိပ်ချစ်လို့ ဒီမေတ္တာမွန်ဂေဟာကို ကျွန်မ ရောက် လာတာပါ၊ ကျွန်မက ရှမ်းမိဘမဲ့ကလေး ကျောင်းထွက် နာ့စ်အပြာ ခင်ခင်အေး ဖြစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်''

နာ့စ်ခင်ခင်အေးမှာ ပြောပြီး တစ် ယောက်ပြီးတစ်ယောက်ကို လက်ဆွဲ နှုတ်ဆက်နေတာများ အားလုံးမှာ ကြောင်တက်တက်နဲ့ နာ့စ်ခင်ခင်အေး ကို ပြန်လည်လက်ဆွဲနှုတ်ဆက်နေပါ သေးတယ်။ ကျွန်မမှာ ရိုးသားပွင့်လင်း သော နာ့စ်ခင်ခင်အေးကို ကျေးဇူးတင် မဆုံးတော့၊ မိဘမဲ့ကလေးတစ်ယောက် အနေနဲ့ စာကြိုးစားခဲ့ရှာသူ နာ့စ်ခင်ခင် အေးမှာ ဘဝရည်မှန်းချက် ကြီးကြီးမား

www.burmeseclassic.com

www.burmeseclassic.com



မားရှိခဲ့မှာတော့ အမှန်ပင်။ သို့ဖြစ်ပါလျှင် မေတ္တာမွန်ဂေဟာအပေါ် သူပေးဆပ်လိုက်တာ တန်ရဲ့လား။ ဒါဖြင့် ကျွန်မကကော.....။

ကျွန်မ ဒီဂေဟာမှာ ပထမဦးဆုံး အဝတ်အစားတွေ လာလှူခဲ့စဉ်က ရှုံသလို ဖြစ်ခဲ့မိတာတွေအတွက် ရှက်လည်းရှက်၊ နောင်တလည်းရ၏။

"ကဲ.....ဧည့်သည်တွေကို ကျွန်မတို့ဂေဟာက အမြဲတမ်းကြိုဆိုနေပါတယ်ရှင်၊ အချိန်အခါမရွေး လမ်းကြုံတဲ့အခါ ဝင်လည်နိုင်ပါတယ်ရှင်"

ဝန်ထမ်းအမျိုးသမီးလေးကပြောပြောဆိုဆိုဖြင့် စပို့ရှပ်အင်္ကျီ အထုပ်နှစ်ခုကို မ,ယူလာပါတော့တယ်။ လှူပါလှူပါလို့ မပြောခဲ့ပါတကား။

"ဒါကတော့ အမျိုးသားဝတ် နံပါတ်ဆိုဒ် လေးဆယ်နဲ့ အမျိုးသမီးဝတ် သုံးဆယ့်ရှစ်တွေပါ၊ မေတ္တာမွန်ဂေဟာကို လာလည်ပြီး ဒီက ဝေဒနာရှင် ကလေးတွေကို အားပေးတဲ့အတွက် ကျေးဇူးတုံ့ပြန်တဲ့ မေတ္တာလက်ဆောင်ပါ၊ ဒီအင်္ကျီတွေရဲ့ အလှူတွေအတွက်တော့ သပြေညိုက စီစဉ်ပေးပါတယ်"

အားနာသူကော၊ အားမနာတတ်သူပါမကျန် စပို့ရှပ်အဖြူများကို ကိုယ်တိုင်ကောက်ယူကြတဲ့အခါ ကျွန်မ သေရကျိုးနပ်သွားရတယ်ဆိုတဲ့ စိတ်ခံစားမှုမျိုး ခံစားရပါတယ်။ အင်္ကျီမှာ ရေးထိုးထားတာက ဆရာဇော်ဂျီရဲ့ "သင်သေသွားသော်" ကဗျာလေး။

-ဪ...လူ့ပြည်ထောင၊ လူ့ဘဝထား
အိုရ၊ နာရ၊ သေရဦးမည်။
ခုနှစ်သေသည့်တည်း။
-သို့ထပြီးထား၊ သင်သေသွားသော်
သင်ရှားသောမြေ၊ သင်တို့မြေသည်
အမြေတိုးဖြင့် ထျန်ထောင်းသင့်၏။
-သင်၏ချိုးသား၊ ဓာတေားထည်း
ဖြိုးပွားထတ်ဖြင့်၊ ထျန်ထောင်းသင့်၏။
-သင်ဦးချဉ်း အချုဝေရာ
ဓေတ်သာခွင့် သရှာအရောင်
ဉာဏ်ထန်ဆောင်ထည်း
ပြောင်ထျတ်ဝင်းထျတ် ထျန်ခေသတည်း။ ။

နှင်းစက်(လားရှိုး)


# ဆရာမ ဒေါ်အေးမြတ်ချို B.A (MS)

## (လက္ခဏာ၊ ဗေဒင် + ယတြာအစီအရင်)

**(အမျိုးသမီး၊ သီးသန့်ဌာန၊)**

♠ ခင်ပွန်းရှာဖွေသမျှငွေကြေး တခြားသူကိုမအပ်ဘဲ မိမိကိုသာ ပြန်အပ်စေဖို့။
♠ ခင်ပွန်းဖြစ်သူ အရက်သေစာ စွဲလမ်းခြင်းမှ အမြန်ပြတ်စေဖို့။
♠ အိမ်မှာမနေချင်၊ အပေါင်းအသင်း၊ အပျော်အပါးမက်နေသူ ခြေငြိမ်၊ အိမ်မြဲလာစေဖို့။
♠ လူကြီးမိဘပြောစကား နားမထောင်ဘဲ ထင်ရာစိုင်းနေသော သား၊ သမီး လိမ္မာယဉ်ကျေးလာစေဖို့။
♠ မိမိတို့အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲစေဖို့။
♠ လူကြီးမိဘသဘောကျသူနှင့် အမြန်ဆုံးသဘောတူ စေ့စပ်လက်ထပ်ကိစ္စ လက်ခံလာစေဖို့။
♠ မိမိအိမ်ထောင်ဖက်နဲ့ ရှုပ်ထွေးငြိစွန်းနေသူတို့ တစ်ယောက်ကိုတစ်ယောက် မကြည့်ချင်လောက်အောင် အမြန်ဆုံးမုန်းတီး၊ အဆက်အသွယ်ပြတ်သွားစေဖို့။

လိပ်စာ– အမှတ် (၈၄၃)၊ (၃၄) ရပ်ကွက်၊ ဦးဝိစာရလမ်း၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း– ၀၉ ၅၀၆၂၈၄၃၊ ၀၉ ၄၉၃၃၉၈၅၄။


www.burmeseclassic.com

တကယ့်ဖြစ်ရပ် မဂ္ဂဇင်း
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထံသို့ သူတို့ရောက်မလာမီ ကတည်းက မကြာမီအချိန်ကာလ အတွင်း သူတို့ရောက်လာကြတော့မည် ဟု ကျွန်ုပ် ကြိုတင်သိထားနှင့်သည်။ ကျွန်ုပ်က မည်ကဲ့သို့ အဖြေပေးရမည် ကို ကြိုတင်စဉ်းစားထားခြင်း မပြုခဲ့ပါ ချေ။

ထိုသားရဲတိရစ္ဆာန်နှင့် ပတ်သက်၍ ကျွန်ုပ် ကြားသိလိုက်ရပြီးနောက် ကျွန်ုပ်၏ဝမ်းဗိုက်ထဲတွင် တင်းကျပ်သော ဝေဒနာတစ်ခု ခံစားမိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် မကြာမီအချိန် အတိုင်းအတာတစ်ခုတွင် သူတို့အနေနှင့် ကျွန်ုပ်တွင် တာဝန်ရှိသည်ဟူ၍ပင် သတ်မှတ်ယူဆထားကြပေလိမ့်မည်။

လွန်ခဲ့သော လအနည်းငယ် အတွင်းက လူတစ်ယောက်သည် ညဘက်တွင် သူ့ကားကိုမောင်း၍ပြန်လာစဉ် ကားလမ်းမကြီးပေါ်မှဖြတ်လျှောက်သွားသော သားရဲတိရစ္ဆာန်တစ်ကောင်ကို ကားရှေ့မီးအလင်းရောင်ဖြင့် ထင်ထင်ရှားရှား မြင်လိုက်ရသည်။ ထိုအခါ ကားမောင်းလာသူသည် ကိုယ့်လမ်းကို ကိုယ် ဖြောင့်ဖြောင့်တန်းတန်း ဆက်မသွားဘဲ လက်ဆော့ခြေဆော့သဘောမျိုး သူ့ကားကိုရပ်လျက် အဆင်သင့်ပါသော ရိုင်ဖယ်သေနတ်ဖြင့် လှမ်းပစ်သည်။ သေနတ်ပစ်မကျွမ်းကျင်သောကြောင့်ဖြစ်စေ၊ စိတ်လှုပ်ရှားနေသောကြောင့်ဖြစ်စေ သူပစ်လိုက်သောကျည်ဆန်သည် သားကောင်ကို ဖြစ်ဖြစ်မြောက်မြောက် မထိပါချေ။ သားကောင်က အမှောင်ထဲတွင် လွတ်မြောက်ပျောက်ကွယ်သွားသည်။

ထိုအချိန်မှ ဇာတ်လမ်းစလေတော့သည်။ ထိုသားရဲတိရစ္ဆာန်နှင့် ပတ်သက်သော အကြောင်းအရာ၊ ဖြစ်ရပ်တို့သည် ထိုနယ်မြေဒေသ ဝန်းကျင်တွင် လူပြောသူပြော များလာလေတော့၏။ မည်သည့်တောထဲတွင် ထိုသားရဲတိရစ္ဆာန်ကို တွေ့လိုက်သည်၊ မည်သူမည်ဝါကို မည်သို့ခုန်အုပ်၍ ကိုက်ချီသွားသည်၊ မည်သူ၏ခန္ဓာကိုယ်အစိတ်အပိုင်း တစ်စိတ်တစ်ခြမ်းကို သားရဲတိရစ္ဆာန်၏ စားကြွင်းစားကျန်အဖြစ်တွေ့ရှိရသည် စသည်စသည်ဖြင့် ကျေးလက်ဇနပုဒ် ဒေသသာမက မြို့စွန်မြို့ဖျားအထိ ပြောစမှတ်ပြုကြသည်။ အချို့ကလည်း အမှန်တကယ်ဖြစ်ရပ်ကို လူတကာ စိတ်ဝင်စားစေရန် ချဲ့ကား၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုလေ့ရှိကြသည်။

များမကြာမီ အချိန်ကာလ အတွင်း၌ ကျွန်ုပ်ထံသို့ နံနက်စောစော စီးစီးကြီး သူတို့ရောက်လာကြသည်။ သူတို့အားလုံး ငါးယောက်ဖြစ်သည်။ ရွာလူကြီးက ဦးဆောင်၍ ရပ်မိရပ်ဖဟူ၍ ထင်မြင်ယူဆရသူတို့ ဖြစ်ဟန်တူသည်။

ကျွန်ုပ်သည် ပတ်ဝန်းကျင် ဒေသခံများနှင့် ကင်းကင်းရှင်းရှင်း နေတတ်သူဖြစ်သည်။ မည်သူ့ကိုမှ အရောတဝင် မဆက်ဆံ။ အကယ်၍ သာရေး နာရေး စသော လူမှုရေးကိစ္စများ ပေါ်ပေါက်လာပါက ထိုကိစ္စအဝဝကို ကျွန်ုပ်၏ ဇနီးသာလျှင် ဆောင်ရွက်လေ့ရှိသည်။ ယခုအခါတွင် ကျွန်ုပ်၏ဇနီးနှင့် မပြီးပြတ်နိုင်သည့် ကိစ္စဖြစ်နေသောကြောင့် ကျွန်ုပ်၏မျက်မှောက်သို့ တန်းတန်းမတ်မတ် ရောက်လာကြခြင်းဖြစ်သည်။

ကျွန်ုပ်က လောကွတ်ပျူငှာစွာ 'ကြွပါ.....ထိုင်ပါ' ဟူသော ပဋိသန္ထာရစကားကိုမဆို။ သူတို့နှင့် မျက်နှာချင်းဆိုင် ရပ်နေလိုက်သည်။ သူတို့ ပြောစရာရှိသမျှကို နားထောင်ရန် အသင့်ဖြစ်နေသည်။ ရွာလူကြီးက ချောင်းတစ်ချက်ဟန့်ပြီးမှ ပြောပြသည်။

"တောကောင်ကြီးကို မနေ့ည က တွေ့လိုက်တယ်၊ ကဖိုးမြရဲ့ ဝက်ခြံထဲ ဝင်ဆွဲဖို့ကြိုးစားနေတုန်း ဝက်တွေ ဝိုင်းအော်သံကြားလို့ ကဖိုးမြ နိုးလာပြီး ဒူးလေးနဲ့ လှမ်းပစ်လိုက်သတဲ့"

"ထိသွားလား"

ကျွန်ုပ်က ဖြတ်မေးသည်။

"ထိ၊ မထိ သေချာမသိလိုက် ဘူး ဝက်ပျိုတစ်ကောင်ရဲ့ကုပ်ကို ခဲလျက်သားနဲ့ လက်တစ်ဖောင်လောက် မြင့်တဲ့ ခြံစည်းရိုးကို ခုန်ကျော်ထွက်သွားတာ ကျုပ်ကိုယ်တိုင် တွေ့လိုက်ရသဗျ"

ကိုဖိုးမြဆိုသူက အာလုတ်သံကြီးဖြင့်ပြောသည်။

"သူ့အတွက် လေးငါးရက်စာ ရသွားတဲ့အတွက် နောက်တစ်ပတ်မပြည့် မီအထိ ထပ်လာဦးမှာမဟုတ်ဘူး"

ကျွန်ုပ်က မှတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ သူသွားတဲ့လမ်းကြောင်းအတိုင်း လိုက်နိုင်ရင်တော့....."

ရွာလူကြီးက ဝင်ပြောသည်။ ရွာလူကြီး၏စကားမဆုံးမီ ကျွန်ုပ်က.....

"အတိုင်းမသိ ကျယ်ပြောနက်ရှိုင်းတဲ့ တောကြီးမျက်မည်းထဲမှာ အဲဒီကောင်တစ်ကောင်ကို ဘယ်နေရာသွားရှာမလဲ၊ အဲဒီကောင် ဘယ်မှာရှိတယ်လို့ကော ဘယ်သူသေချာပေါက်ပြောနိုင်သလဲ"

ဖြတ်မေးလိုက်သည်။

သူတို့ငါးယောက်စလုံး ကျွန်ုပ်ကိုမျက်လုံးမျက်ဆန်ပြူးလျက် ကြည့်နေကြသည်။

"နောင်ကြီးက ဟိုတစ်ချိန်ကဆိုရင် တကယ့်မုဆိုးအကျော်အမော်တစ်ယောက်လို့ အများက ပြောနေကြတာပဲ၊ နောင်ကြီးရဲ့ အတွေ့အကြုံနဲ့ အဲဒီတောကောင်ရှိမယ့်နေရာကို တွက်လို့ရမှာပေါ့"

ကိုဖိုးမြက အားကိုးအားထားပြုလျက် ပြောသည်။

ရွာလူကြီးကလည်း ဝင်ရောက်ဖြည့်စွက် တောင်းပန်ပြန်သည်။

"အခုဆိုရင် ကျုပ်တို့တောင်ကြားဒေသ ရွာကလေးမှာ ရှိရှိသမျှ ရွာသူရွာသားတိုင်းဟာ အထိတ်တလန့်နဲ့ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရ၊ ညနေရောက်ပလားဆိုမှဖြင့် ခြံတံခါးရော၊ အိမ်တံခါးပါ အလုံအခြုံပိတ်ပြီး တိတ်တိတ်ဆိတ်ဆိတ်နားစွင့်နေကြရပါတယ်ဗျာ၊ ကျေးဇူးပြုပြီး ကျုပ်တို့တစ်တွေ အသက်အန္တရာယ်ဖြစ်နေကြတာကို သနားသဖြင့် ကူညီပါခင်ဗျာ"

"မဖြစ်နိုင်ပါဘူးဗျာ၊ ကျွန်ုပ်လုံးဝအမဲမလိုက်ဖို့ ဆုံးဖြတ်ထားတာ ကြာပါပြီ"

"ဒါ အမဲလိုက်ဖို့ တိုက်တွန်းတာမဟုတ်ပါဘူးဗျာ၊ ရွာသူရွာသား၊ ကလေးသူငယ်နဲ့ သက်ကြီးရွယ်အိုတွေရဲ့အသက်ကိုကယ်ဖို့ မွန်မြတ်တဲ့အလုပ်ဖြစ်ပါတယ်ဗျာ"

ရွာလူကြီးက မျက်နှာငယ်ငယ် ဖြင့်ပြောနေသည်။

ကျွန်ုပ်က နောက်ထပ်ပြောစရာစကားမရှိတော့။ ထို့ကြောင့် အိမ်တွင်းသို့ဝင်ခဲ့သည်။ ထမင်းစားခန်းတွင်ထိုင်လိုက်စဉ် ကျွန်ုပ်ဇနီးက ကရားထဲမှကော်ဖီကို ပန်းကန်လုံးအတွင်းသို့ ငှဲ့ထည့်ပေးသည်။

"ရှင်ဘာဖြစ်လို့ အမဲမလိုက်ဖို့သန္နိဋ္ဌာန် ချလိုက်တာလဲဟင်"

ဇနီးကမေးသည်။

"အဲဒါ မင်းမေးစရာလား၊ ကိုယ့်ကိစ္စကိုယ် စိတ်ဝင်စားရင်ကောင်းမယ်"

ကျွန်ုပ်က စကားပြတ်ပြောလိုက်သည်။ ကျွန်ုပ်၏ရင်ထဲတွင် အသည်းအသန်ဝေဒနာတစ်ခု ဖြစ်ပေါ်နေလေသည်။

+ + +

နောက်တစ်နေ့နံနက် လင်းအားကြီးအချိန်တွင် ရွာလူကြီးနှင့် ရပ်မိရပ်ဖတို့ ထပ်မံရောက်လာကြပြန်သည်။

ကျွန်ုပ်အနေနှင့် သူတို့ကို လက်ခံစကားပြောစရာ အကြောင်းမရှိ။ ထို့ကြောင့် ကျွန်ုပ်၏ စာဖတ်ခန်းထဲတွင် တစ်ယောက်တည်းထိုင်၍ ဝတ္ထုတိုတစ်ပုဒ်ရေးရန် ဆုံးဖြတ်လိုက်သည်။

ထိုအခိုက်အတန့်တွင် ကျွန်ုပ်၏ဇနီးဖြစ်သူက ရွာလူကြီးနှင့် ရပ်မိရပ်ဖများကို ညှိခံစကားပြောနေရာမှ ညှိသည်များကို ထားခဲ့၍ ကျွန်ုပ်ထံသို့ လာရောက်သတင်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''မနေ့ညတုန်းက သီလရှင်ကျောင်းကပြန်လာတဲ့ မိန်းကလေးနှစ်ယောက်ကို တောကောင်ကြီးလိုက်လို့ ထွက်ပြေးခဲ့ကြရသတဲ့၊ တစ်ယောက်တော့လွတ်လာတယ်၊ လမ်းမှာခလုတ်တိုက်လို့ မှောက်လျက်လဲကျခဲ့တဲ့ မိန်းကလေးကိုတော့ တောကောင်ကြီးကိုက်ချီသွားတာပဲ တွေ့လိုက်ရတယ် လို့ လွတ်လာတဲ့မိန်းကလေးက ငိုကြီးချက်မနဲ့ ပြောပြသတဲ့''

''ဒါဆိုရင် အဲဒီလို တောရဲတိရစ္ဆာန် အတင့်ရဲနေတဲ့ အခိုက်အတန့်မှာ အချိန်မဲ့အခါမဲ့ အိမ်ထဲက အိမ်ပြင် မထွက်ကြစေနဲ့ပေါ့၊ တကယ်တော့ ငါ့အထင်ပြောရရင် အဲဒီသားရဲတိရစ္ဆာန်ဟာ မထိတထိ သေနတ်ပစ်ခံခဲ့ရတဲ့အတွက် အနာတရဖြစ်နေပါလိမ့်မယ်၊ ဒါကြောင့် ကျားနာအဖြစ်နဲ့ တခြားတိရစ္ဆာန်တွေကို မလိုက်နိုင်တော့ဘူး၊ ဒါကြောင့် အလွယ်တကူ အစာရနိုင်တဲ့ ရွာနီးချုပ်စပ်အထိ ချဉ်းကပ်ပြီး အစာရှာတဲ့အကျင့်ဖြစ်သွားပြီ၊ အဲဒါ သူ့ကို ကျားနာဖြစ်အောင် ဖန်တီးခဲ့လို့ ဖြစ်ရတာ''

''ဒါဖြင့် လူတွေကို နေ့စဉ်နဲ့အမျှ အန္တရာယ်ပေးနေတဲ့ အဲဒီကျားနာကို ရှင်ဒီအတိုင်း လွှတ်ထားမှာလား''

ကျွန်ုပ်၏စကားအဆုံးတွင် ဇနီး က မကျေမနပ်ဖြင့်မေးသည်။

''အေး.....''

ကျွန်ုပ်က တစ်ခွန်းတည်းဖြေသည်။

''ဒါဆိုရင် ရွာလူကြီးနဲ့ ရွာသူရွာသားတွေ ရှင့်ကိုအားကိုးလို့မရတဲ့အဆုံးမှာ သူတို့ဘာသာသူတို့ ရရာလက်နက်နဲ့ အဲဒီတောကောင်ကိုသွားရှာဖွေရင်ဆိုင်ရတော့မယ်တဲ့၊ အဲဒါရှင်ဘယ်လိုသဘောရသလဲ''

''ဟာ.....သူတို့ မကျွမ်းမကျင်နဲ့ အဲလိုမျိုးစွတ်လုပ်ရင် သေကုန်ကြလိမ့်မယ်''

ကျွန်ုပ်က လွှတ်ခနဲ ရုတ်တရက်ပြောလိုက်မိသည်။

ဇနီးဖြစ်သူကကျွန်ုပ်ကိုအဓိပ္ပာယ်ရှိသော အကြည့်တစ်မျိုးဖြင့် တစ်ချက်ကြည့်သည်။ ထို့နောက် စာဖတ်ခန်းထဲမှ ပြန်ထွက်သွားသည်။ ဧည့်ခန်းတွင်းသို့အရောက်တွင်.....

''ကျွန်မရဲ့အမျိုးသားက သူကိုယ်တိုင် ဆောင်ရွက်မှာပါ၊ ဒီနေ့ပဲ အဲဒီတောကောင်ကြီးကို သူကိုယ်တိုင် ပစ်ခတ်ရှင်းလင်းမှာ သေချာပါတယ်''

ဟူ၍ ဇနီး၏ ပိုင်ပိုင်နိုင်နိုင်ပြောကြားသံကို ကြားလိုက်ရသည်။

+ + +

''အဲဒီတောကောင်ကြီးကို ဒီနေ့မှာပဲ ကျုပ်သွားပြီး ပစ်ခတ်ရှင်းလင်းတော့မယ်လို့ မင်းက သေချာပေါက်ပြောတာ မလွန်ဘူးလား''

ကျွန်ုပ်က ဇနီး၏မျက်လုံးအစုံကို စူးစူးရဲရဲကြည့်၍မေးသည်။

''မလွန်ပါဘူးရှင်၊ ရှင်စောစောက ပြောတဲ့ စကားလုံးတွေထဲမှာ ရှင့်စေတနာ ပါပြီးသားပဲ၊ ရွာလူကြီးနဲ့ ရွာသူရွာသားတွေ မကျွမ်းမကျင်နဲ့ အဲလိုမျိုးစွတ်လုပ်ရင် သေကုန်ကြလိမ့်မယ် လို့ ရှင်ပြောခဲ့တယ်မဟုတ်လား''

''အေးလေ ပြောခဲ့တယ်၊ အဲဒါနဲ့ပဲ ကျုပ်ကိုယ်တိုင်သွားပြီး ပစ်ခတ်ရှင်းလင်းရတော့မှာလား၊ ဘာမှမဆီလျော်ဘူး''

ဇနီးက ပိုင်နိုင်သော အပြုံးသဲ့သဲ့ဖြင့် ပြုံးပြသည်။

''ရှင်ဟာ ရွာလူကြီးနဲ့ ရွာသူရွာသားတွေ သေကုန်ကြတော့မှာပဲဆိုတဲ့ စကားကို အလေးအနက်ပြောခဲ့တယ်မဟုတ်လား၊ ကျွန်မယောကျ်ားဟာ ဘယ်တုန်းကမှ တခြားလူတွေ သေကုန်ကြမှာကို လက်ပိုက်ကြည့်နေမယ့်သူ မဟုတ်ဘူးဆိုတာ ကျွန်မ သိပြီးသား၊ ဒါကြောင့် ဘယ်နည်းနဲ့မဆို ရွာလူကြီးနဲ့ ရွာသူရွာသားတွေ မကျွမ်းမကျင်နဲ့ မသေရအောင် ကျွမ်းကျင်တဲ့ရှင်ကိုယ်တိုင် ကူညီဆောင်ရွက်တော့မယ်ဆိုတာ ကျွန်မ သဘောပေါက်တယ်၊ ဒါကြောင့် ဘယ်နည်းနဲ့မဆို ရှင် ဒီနေ့ မုချသေချာပေါက် တောထဲကိုသွားမှာပဲလို့ပြောလိုက်တာ''

ကျွန်ုပ်၏ဇနီးဖြစ်သူသည် နှစ်ရှည်လများ ပေါင်းသင်းလာသော ကျွန်ုပ်၏စိတ်သဘောကို နောကြေအောင် သိထားသူဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ယနေ့အဖို့ အမဲပစ်ထွက်ရန် လိုအပ်သော ဆောင်ရွက်မှုများကို မခြွင်းမချန် ဆောင်ရွက်လိုက်ပြီး.....

''ကဲ...မင်းကိုယ်တိုင် ရွာလူကြီးကို သွားတွေ့ပြီး ကြိုတင်ပြောထားလိုက်၊ ငါ တောထဲကို အမဲပစ်သွားတဲ့အချိန်မှာ အဲဒီတောအုပ်ထဲကို ရွာကလူတွေ တစ်ယောက်မှ မသွားစေနဲ့လို့ တင်းတင်းကျပ်ကျပ် တားမြစ်ထားခိုင်းပါ၊ တကယ်လို့ ငါပစ်လိုက်တဲ့သေနတ်သံကြားလိုက်ရင်တော့ တစ်ခုခုထူးခြား

www.burmeseclassic.com

www.burmeseclassic.com

ပြီလို့ ကောက်ချက်ချနိုင်တယ်''

ကျွန်ုပ်က လေးနက်စွာသတိပေးနိုင်းလိုက်သည်။

''ရှင် အခုလို အများအကျိုး၊ အများရဲ့အသက်အန္တရာယ်ကို စွန့်စွန့်စားစား ကူညီတော့မယ်ဆိုတာ သိရလို့ ရှင့်အတွက် ကျွန်မ ဂုဏ်ယူပါတယ်ရှင်''

ဖနီးက လှိုက်လှိုက်လှဲလှဲပြော၏။

အိမ်ရှေ့တံခါးပေါက်မှ မထွက်မီ ကျွန်ုပ်၏နဖူးကို အနမ်းတစ်ပွင့် ခြွေလိုက်သေးသည်။

''စိတ်ချ၊ ရှင်မှာခဲ့တဲ့စကားအတိုင်း အခုချက်ချင်း ရွာလူကြီးကို ကျွန်မ သွားပြောထားလိုက်မယ်''

ဖနီးသည် စကားဆုံးသည်နှင့် ရွာလူကြီးအိမ်ရှိရာ ရွာထဲသို့ သုတ်သီးသုတ်ပျာ သွားလေတော့သည်။

\+ + +

စင်စစ်အားဖြင့် ကျွန်ုပ်သည် လွန်ခဲ့သော ရှစ်နှစ်ခန့်က အုပ်စုလိုက် အမဲပစ်ထွက်စဉ် အမြင်မှား၍ မတော်တဆဖြစ်ခဲ့ရသည်။ တောလိုက်သူ အချင်းချင်း သားရဲတိရစ္ဆာန်အမှတ်ဖြင့် ပစ်ခဲ့မိသည်။ ထိုဖြစ်ရပ်ကြောင့် ကျွန်ုပ်သည် နောင်တကြီးစွာဖြင့် ထိုနေ့ရက်မှ အစပြု၍ အမဲလိုက်ခြင်းကို လုံးဝစွန့်လွှတ်ခဲ့လေတော့သည်။

သို့ရာတွင် ယခုအခါ၌ ကျွန်ုပ်သည် မိမိရှောင်လွှဲခဲ့လျှင် ရွာလူကြီးနှင့် ရွာသားအချို့ အသက်အန္တရာယ်ဖြစ်တော့မည်ဟု သိထားပါလျက်နှင့် နောက်ဆုတ်၍ မဖြစ်တော့ပါချေ။ ထို့ကြောင့် တောထဲသို့ လက်နက်နှင့်ကျည်အပြည့်၊ ရေဘူးနှင့် ရိက္ခာခြောက် သုံးရက်စာအပါအဝင် ကျောပိုးအိတ်တစ်လုံးထဲ၌ လိုအပ်သမျှ ဖြည့်ဆည်းလျက် ခရီးထွက်ခဲ့ရလေသည်။

\+ + +

ညနေဆည်းဆာချိန်တွင် ကျွန်ုပ်သည် တောကောင်ကြီး၏ ခိုအောင်းရာဟု ယူဆနိုင်သော နေရာဝန်းကျင်သို့ ရောက်ရှိလာလေပြီ။ အတွေ့အကြုံအရ တောမုဆိုးဖြစ်သော ကျွားသည် အစဉ်အလာအားဖြင့် ညအခါတွင် ကျက်စား လေ့ရှိသော်လည်း ယခုကဲ့သို့ ဆည်းဆာချိန်မျိုးတွင်လည်း တစ်ခါတစ်ရံ ဆုံစည်းရတတ်သည်။

တောစည်းကမ်းအရ သူ့စည်းကိုယ့်စည်း ခွဲခြားကျင့်သုံးရသော်လည်း တောမုဆိုးဖြစ်သောကျားသည် ရွာသူရွာသားစသော လူသားများကို ရွာတွင်းသို့ဝင်၍ဆွဲခြင်း၊ ရွာဝန်းကျင်သို့ ချဉ်းကပ်၍ လူများမွေးမြူထားသော ကြက်၊ ဝက်၊ နွား စသည်တို့ကို စားသောက်ရန်ကြိုးစားခြင်း စသည့်လုပ်ရပ်များကြောင့် ထိုတောရိုင်းတိရစ္ဆာန်သည် စည်းဖောက်သူဖြစ်နေလေပြီ။

ထို့ကြောင့် ကျွန်ုပ်သည် ရွာသူရွာသားတို့၏ အသက်အန္တရာယ် ကင်းရှင်းစေရန် ထိုတောရိုင်းတိရစ္ဆာန်ကို ဒဏ်ခတ်ရပေတော့မည်။ ကျွန်ုပ်သည် တောင်ကြောပေါ်သို့ တက်ရောက်ခဲ့လေသည်။

ကျွန်ုပ်အဖို့ ယင်းသို့ဒဏ်ခတ်သူဖြစ်လင့်ကစား သတိမပြုမိပါက မိမိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပင်လျှင် သားကောင်ဘဝသို့ ရောက်သွားတတ်သော သဘော သဘာဝ ရှိချေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏မြင်ကွင်းထဲတွင် တစ်ဖက်တောင်စောင်း၏ ဆင်ခြေလျှော အဆုံးတွင် လှုပ်ရှားမှုတစ်ခုကို သတိပြုမိသည်။ ကျွန်ုပ်က တတ်နိုင်သမျှ ရှေ့သို့တရွေ့ရွေ့တိုးခဲ့ပြီးလျှင်သင့်လျော်သော အကွာအဝေးတွင် ရပ်တန့်၍ အမဲလိုက် မဂ္ဂနမ်ပြောင်းရှည်တွင် တပ်ဆင်ထားသော မှန်ပြောင်း၏အကူအညီဖြင့် ကြည့်လိုက်သည်။

''ဟိုက်...ဘယ်လိုဖြစ်တာပါလိမ့်''

ကျွန်ုပ်သည် ရုတ်တရက် လေသံဖြင့် ရေရွတ်လိုက်မိသည်။ ကျွန်ုပ်မြင်ရသူမှာ တောရိုင်းတိရစ္ဆာန်တစ်ကောင် မဟုတ်ပါချေ။ လွန်ခဲ့သော ရှစ်နှစ်ခန့်က ကျွန်ုပ်ကိုယ်တိုင် အမြင်မှား၍ တောကောင်ဟူ၍ ယူဆကာ မတော်တဆပစ်ခဲ့မိသော ဘကျည်းဒန်ဖြစ်နေသည်။

သူသည် သင်တိုင်းရှည်ကြီးကို ဖားလျားခြုံထားပြီး ဦးခေါင်းတွင် ရှပ်ပန်းထည် စည်းထားသည်။ ကျွန်ုပ်အား လက်ညှိုးတငေါက်ငေါက်ထိုးလျက်.....

''နင်နဲ့ငါ ဒီနေ့ ထပ်တွေ့ရပြန်ပြီ၊ ဒီတစ်ခါ ငါ့အလှည့်ပဲဟေ့၊ နင့်ရဲ့ဇီဝိန်ကို ခြွေတော့မယ်၊ ပြေးနိုင်မှ လွတ်စေ့မယ်နော်''

ပြောပြောဆိုဆိုဖြင့် ဘကျည်းဒန်က လေးဘက်ထောက်လျက်သား ပြေးလာသည်။ သို့ရာတွင် သူ့ခြေဖဝါးနှစ်ဖက်သည် တစ်ခါတစ်ရံမြေကြီးနှင့်မထိ၊ ရှင်းရှင်းဆိုရသော် မြေပြင်နှင့် တစ်ထွာသာသာအကွာတွင် မြောက်ကြွလျက် လေထဲတွင် လွင့်မျောလာသူပမာ တည်း။

ကျွန်ုပ်က အစပထမတွင် ဇဝေဇဝါဖြင့် မျက်စိများကို လက်ဖမိုးဖြင့်ပွတ်၍ စူးစိုက်ကြည့်ရှုသည်။ ဘကျည်းဒန်၏ရုပ်ဆင်းသဏ္ဌာန်မှာ အစကတည်းက အကျည်းတန်သူဖြစ်သည်။ ယခုအခါတွင် ပို၍ဆိုးဝါးနေသည်။ ကျွန်ုပ်ထံသို့ပြေးလာနေသော ဘကျည်းဒန်သည် တစ်စတစ်စနှင့် နီးလာသည်။

ကျွန်ုပ်က သေချာသည်ထက် သေချာစေရန် ထပ်ကာတလဲလဲ ကြည့်သည်။ အကွာအဝေးမှာ ကိုက်တစ်ရာမှ ကိုက်ငါးဆယ်၊ ကိုက်အစိတ်အထိ နီးကပ်လာသည်နှင့် တစ်ပြိုင်နက် ဘကျည်းဒန်၏အသွင်ပျောက်သွားပြီး သမန်းကျားတစ်ကောင်အဖြစ်သို့ ရုတ်တရက် ပြောင်းလဲသွားလေတော့သည်။

ကျွန်ုပ်သည် ဘကျည်းဒန်ဟု မြင်နေရစဉ် အဆင်သင့်ချိန်ထားသော သေနတ်ပြောင်းကို မောင်းဖြုတ်ရန် ဝန်လေးနေမိသည်။ တစ်ချိန်က အလွယ်တကူ လျင်မြန်သွက်လက်စွာ ထိုးချိန်မောင်းဖြုတ်ခဲ့သောကြောင့် အမှားအယွင်းဖြစ်ခဲ့ရသည်။ သားရဲတိရစ္ဆာန်ဟု ယူဆခဲ့သော်လည်း သေဆုံးသူမှာ ဘကျည်းဒန်ဖြစ်နေခဲ့ဖူးသည်။

ယခုအခါတွင် ကျွန်ုပ်နှင့် ကိုက်အစိတ်သို့ နီးကပ်စွာ ရောက်ရှိလာသော ဘကျည်းဒန်ကို ပစ်ရကောင်းနိုးနိုး၊ ခြောက်လှန့်မောင်းထုတ်ရကောင်းနိုးနိုး ယတိပြတ် ဆုံးဖြတ်နိုင်ခြင်း မရှိပါချေ။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏အမြင်အာရုံထဲတွင် လက်ညှိုးငေါက်ငေါက်ထိုးလျက်ကလဲ့စားချေမည့် အသွင်သဏ္ဌာန်အပြည့်အဝမြင်နေရသော ဘကျည်းဒန်၏အသွင်မှ တစ်မုဟုတ်ချင်း ကျားဆိုးအသွင်သို့ ပြောင်းသွားသည်။ နောက်ထပ် စက္ကန့်ပိုင်းအတွင်း ကျွန်ုပ်အား ခုန်အုပ်လိုက်သည့် အခိုက်အတန့်တွင် ကျွန်ုပ်က သေနတ်မောင်းခလုတ်ကို တည်ငြိမ်စွာ ဆွဲညှစ်လိုက်သည်။

ကော်ဒိုက်ယမ်းပေါက်ကွဲသံနှင့် အတူ သေနတ်ပြောင်းအတွင်း ရစ်လိုင်းကြောင်းအတိုင်း ထွင်းဖောက်စွမ်းအင်ဖြင့် လည်ထွက်သွားသော ကျည်ထိပ်ဖူးသည် လေထုကိုတိုးခွဲလျက် ကျားဆိုး၏ရင်အုံထဲသို့ စူးဝင်ထွင်းဖောက်သွားသည်။ တစ်ချိန်တည်းမှာပင် ထိုသားရဲတိရစ္ဆာန်သည် ကျွန်ုပ်ထံသို့ ရောက်ရှိမလာတော့ဘဲ လမ်းခုလတ်တွင် လေထဲမှ မြေပြင်သို့ ဝုန်းခနဲပြုတ်ကျသွားလေသည်။

ဤသည်ပင်လျှင် ကျွန်ုပ်၏ လူသားစားကျားဆိုး သုတ်သင်ခန်းနိဂုံးချုပ်လေသတည်း။ ကျွန်ုပ်၏ သေနတ်သံကြောင့် မကြာမီ ရောက်လာကြမည့် ရွာလူကြီးနှင့် ရွာသားအချို့သည် စိတ်ချမ်းသာစွာဖြင့် ကျားသေကောင်ကို သယ်ဆောင်သွားကြပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ တစ်ချိန်က သားကောင်ဟူ၍ အမြင်မှားကာ ပစ်ခတ်ခဲ့မိသော ကျွန်ုပ်သည် ဤတစ်ကြိမ်တွင် ဘကျည်းဒန်ဟူ၍ စိတ်ချောက်ချားစွာ ထင်မြင်ယူဆခဲ့ရာမှ တကယ်တမ်းပစ်လိုက်သောအချိန်တွင် လူသားစားကျားဆိုး ဖြစ်သွားရသည့်အကြောင်းကို မည်သူ့ကိုမှ ပြောမပြရန် သန္နိဋ္ဌာန်ချလိုက်မိပါတော့သည်။

ဆွေမြင့်


www.burmeseclassic.com

www.burmeseclassic.com

# မောင်သာမန်

(စီးကုန်း)

## နှလုံးသားထဲ၌ ခွင့်လွှတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးမင်းသည် ဘီယာကို တစ်ကျိုက်မော့လိုက်ပြီး.....

"ဒီကိစ္စနဲ့ပတ်သက်ပြီး အခုထိတိုင် ငါခံစားနေရပေမယ့် မင်းကို ငါနားလည်ပါတယ် သက်ဇော်ရာ၊ ငါတို့ဘဝကလည်း ဒီအတိုင်းဖြစ်လာဖို့ ကံပါလာသလား မပြောတတ်ဘူး၊ အခုအခြေအနေမှာတော့ ငါနဲ့မူယာရဲ့ဖူးစာဟာ ဒီလောက်နဲ့ပဲ ကုန်သွားတယ်လို့ မှတ်ရတော့မှာပဲ၊ မင်းကိုခွင့်လွှတ်ပါတယ်"

မျိုးမင်းသည် သက်ဇော်အား ပြောနေရာမှ စကားပြောရပ်၍ အတန်ကြာ စဉ်းစားသလို ငေးနေရာမှ ဆက်၍.....

---

ငါ့ရဲ့အချစ်၊
ငါ့ရဲ့သစ္စာကို
လွယ်လွယ်နဲ့
ဥပေက္ခာပြုတဲ့ မူယာ့ကို
ငါသင်ခန်းစာပေးဖို့
ဆုံးဖြတ်ထားတယ်၊
မင်းကိုတော့
ငါအခင်မင်မပျက်ပါဘူးကွာ၊
နောက်ပြီး
မင်းတို့ရဲ့
အိမ်ထောင်ရေးကိုလည်း
ငါမဖျက်ဆီးပါဘူး . . .

စားသောက်ဆိုင်ထဲသို့ သက်ဇော် ဝင်လာသည်ကို တွေ့လိုက်ရသော မျိုးမင်းမှာ လတ်တလော စိတ်နောက်ကျိသကဲ့သို့ ဖြစ်သွားရ၏။ မိမိဘီယာသောက်နေသည့်နေရာသို့ တန်း၍ဝင်လာသော သက်ဇော်အား စိတ်မပါ လက်မပါဖြင့် ဖိတ်ခေါ်လိုက်ရသည်။

"လာကွာ သက်ဇော်၊ မင်း ဘာသောက်မလဲ၊ ဘီယာသောက်မလား"

လေပြည်အေးဖြင့် တောင်းပန်ဟန်ပါနေသော သက်ဇော်က.....

"ဘာမှမသောက်ပါဘူးကွာ၊ မင်ကို တောင်းပန်ချင်လို့ နောက်ပြီး အဖြစ်မှန်တွေကိုလည်း ပြောပြချင်လို့ မင်းရှိမယ့်နေရာကို စုံစမ်းပြီးလာခဲ့တာ"

ဘီယာသောက်ထား၍ မျက်နှာရဲနေသော်လည်း ဟန်မပျက်သော မျိုးမင်းက သက်ဇော်အား.....

"မလိုပါဘူးကွာ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပါပဲကွာ"

ဖြစ်ပြီးသမျှကိစ္စအား မကြားချင်၍ ထားနေသည်ကို သက်ဇော်က ဖွင့်အတင်းပင်။

"ငါ့ကိုခွင့်လွှတ်ပါကွာ၊ လွန်ခဲ့တဲ့တစ်နှစ်က မင်းဘာမှမဖြစ်ဘူးလို့သာ ကြားခဲ့ရင် မူယာနဲ့ငါ လက်ထပ်မှာ မဟုတ်ပါဘူးကွာ၊ မင်းတန်ဖိုးရှိကျောက်ကိုရခဲ့လို့ အချင်းချင်း မကျေမနပ်ဖြစ်ပြီး အသတ်ခံရတယ်လို့ပဲ ကြားခဲ့ရ တယ်၊ ဒါပေမဲ့ ငါရောမူယာပါ သူတစ်ပါးရဲ့လက်ချက်နဲ့ သေတယ်ဆိုတာ လုံးဝမယုံခဲ့ဘူး၊ ငါ့စိတ်ထဲမှာ လုံးဝမယုံကြည်တာကြောင့် ငါကိုယ်တိုင် လက်လှမ်းမီသမျှ လိုက်စုံစမ်းပါသေးတယ်၊ ဒါပေမဲ့ မင်းရဲ့သတင်းအစအနတောင် လုံးဝမကြားခဲ့ရပါဘူး၊ တစ်နှစ်ကျော်ကြာလာတော့ မူယာတို့ရဲ့မိသားစုအခြေအနေ သိပ်မကောင်းဘူးဆိုတာ ကြားရတယ်၊ မူယာ့ဘဝကလည်း တစ်ခုလပ်လိုလို၊ မုဆိုးမလိုလိုနဲ့ အထီးကျန်ဆန်ပြီး မျက်နှာငယ်နေရတော့ ငါ မူယာ့ကိုသနားလာခဲ့တယ်၊ ဒါကြောင့် မူယာ့ကို မိကောင်းဖခင်သားသမီးပီသစွာနဲ့ တောင်းရမ်းလက်ထပ်ခဲ့တယ်ကွာ၊ ဒါကြောင့် ငါ တောင်းပန်နေရတာပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ငါ့ရဲ့စိတ်ထဲမှာ မူယာ့ကို သံသယမရှင်းဘူးကွာ၊ သူနဲ့ငါနဲ့က ငယ်ချစ်ဦးတွေဆိုတာ မင်းသိပါတယ်၊ ဒါကြောင့်လည်း ရာသက်ပန် ရှိးမြေကျ ပေါင်းသင်းပါ့မယ်လို့ ဘုရားမှာ သစ္စာဆိုရင်း တရားဝင်လက်ထပ်ခဲ့ကြတာပဲ၊ သူနဲ့ငါ့ဘဝ အေးချမ်းသာယာဖို့ ငါ စွန့်စွန့်စားစားနဲ့ ဖားကန့်ကို ကျောက်တူးသွားခဲ့တာလည်း မြင်လျက်သိလျက်နဲ့ ငါဟိုမှာ ဖြစ်နေတဲ့ အခြေအနေကို တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် စုံစမ်းသင့်တယ်လို့ ငါယူဆတယ်၊ ဟိုးငယ်ငယ်ကတည်းက သစ္စာတွေ၊ မေတ္တာတွေ အပ်နှံပြီးချစ်ခဲ့ရတဲ့ ငါလိုလူတစ်ယောက်ကို သေလွန်သွားတာတောင်မှ သစ္စာမပျက်သင့်ပါဘူးကွာ၊ ဒါကြောင့် မင်းကို အားနာပေမယ့် မူယာ့ကိုတော့ မဖြစ်မနေ ပညာပေးရမှ ငါကျေနပ်နိုင်မယ်ကွ"

သက်ဇော်တစ်ယောက် မျက်လုံးပြူးသွားရသည်။

"စဉ်းစဉ်းစားစားလည်းလုပ်ပါကွာ၊ မူယာ့ကိုလည်း ပညာပေးမနေပါနဲ့တော့၊ မူယာ့ကို မင်းပြန်ပေါင်းလိုက်ပါတော့ကွာ၊ ငါကြည်ဖြူပါတယ်၊ သေသေချာချာ မလေ့လာ၊ မစုံစမ်းမိတဲ့ ငါ့မှာလည်း အပြစ်ရှိပါတယ်၊ မင်းမရှိတဲ့နောက် မူယာ့ဘဝကလည်း ဒုက္ခမျိုးစုံနဲ့ မုဆိုးမဖြစ်နေရတော့ မင်းစာနာကြည့်ပါဦးကွာ၊ ဒါကြောင့် မူယာ့ရဲ့ဘဝ မတိမ်းစောင်းရလေအောင် ငါ လက်ထပ်ခွင့်တောင်းခဲ့တာပါ၊ မူယာကလည်း အတန်တန်ငြင်းပါသေးတယ်၊ နောက်ပိုင်း မိဘတွေရဲ့ခွင့်ပြုချက်နဲ့ ငါ သူ့ကို လက်ထပ်ခဲ့ယာပါကွာ"

မျိုးမင်းတစ်ယောက် သက်ဇော်၏ စကားများကို နားမဝင်ပါ။

"ဘာပဲဖြစ်ဖြစ်ကွာ ငါ့ရဲ့အချစ်၊ ငါ့ရဲ့သစ္စာကို လွယ်လွယ်နဲ့ ဥပေက္ခာပြုတဲ့ မူယာ့ကို ငါသင်ခန်းစာပေးဖို့ ဆုံးဖြတ်ထားတယ်၊ မင်းကိုတော့ ငါအခင်မင်မပျက်ပါဘူးကွာ၊ နောက်ပြီး မင်းတို့ရဲ့အိမ်ထောင်ရေးကိုလည်း ငါမဖျက်ဆီးပါဘူး၊ စိတ်ချပါကွာ"

သက်ဇော်တစ်ယောက် စိတ်လွတ်လက်လွတ်ဖြင့် ပြောနေသော မျိုးမင်းအား မည်သို့မျှမပြောတော့။ သက်ပြင်းချလျက် မျိုးမင်းအား ငေးကြည့်နေသည်။ ဖြစ်ပြီးသမျှကံကိုသာ ပုံချရမည်ဖြစ်သော်လည်း ပြေလည်အောင် မည်သို့ဖြေရှင်းရမည်ကို မသိနိုင်သဖြင့် သက်ဇော်မှာ ငိုင်တွေ၍သာ နေတော့သည်။ ရှိစေတော့။ ယခင်ယခင်အခါများက.....

+ + +

မျိုးမင်းနှင့်မူယာတို့သည် ငယ်ချစ်ဦးများဖြစ်သည့်အပြင် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့သော အကြင်လင်မယားများ ဖြစ်ကြ၏။ သက်ဇော်မှာမူ မျိုးမင်းနှင့် မူယာတို့၏ အချစ်ဆုံးသူငယ်ချင်းဖြစ်ပေ၏။ ထို့ပြင် မျိုးမင်းနှင့် မူယာတို့၏ ချစ်ခရီးလမ်းကြောင်းတွင် ဝင်ရောက်ကူညီ ပံ့ပိုးရသော မြားနတ်မောင်လည်းဖြစ်ပေ၏။

ဆုတောင်းပြည့်မြို့ဦးစေတီတွင် မျိုးမင်းနှင့်မူယာတို့ ချစ်သူနှစ်ဦး ကတိသစ္စာဆိုရာတွင်လည်း သက်ဇော်သည် မပါမဖြစ် ပါခဲ့ရ၏။ ထိုစဉ်က မျိုးမင်းက ချစ်သူမူယာအား.....

"မောင်တို့နှစ်ယောက် မြတ်စွာ ဘုရားရှင်ရှေ့မှာ သစ္စာမပျက်တမ်း ရှိး မြေကျ ချစ်ရ၊ ပေါင်းရပါစေသားလို့ ဆု တောင်းကြမယ်နော်"

မူယာကလည်း ရှက်စနိုးအမူ အရာဖြင့်.....

"စိတ်ချပါ မောင်ရယ်၊ မူယာ့ ဘက်က ရေချချ၊ မီးချချ မောင့်ကိုချစ် တဲ့အကြောင်း ဘုရားရှင်ရဲ့ရှေ့မှာ မောင် နဲ့အတူ သစ္စာကတိ ပြုမှာပါရှင်"

ချစ်သူနှစ်ဦး သစ္စာကတိပြုစဉ်က သူတို့နားတွင် သူငယ်ချင်း သက်ဇော် သည် ပြုံးဖြီးဖြီးဖြစ်နေပေသည်။

မျိုးမင်းနှင့် မူယာတို့၏ မိဘများ သည် လက်လုပ်လက်စားများဖြစ်၍ မိသားစု များလှသည်။ သူတို့နှစ်ဦးသည် ချစ်ခြင်းကိုသာမြင်၏။ တခြားကိစ္စများ အား မမြင်မိ။ ထို့ကြောင့်ပင် ပညာ တစ်ပိုင်းတစ်စဖြင့် ခိုးရာလိုက်ပြေးခဲ့ကြ သည်။ သက်ဇော်၏အကူအညီဖြင့် တရားရုံးတွင် လက်မှတ်ထိုး၍ လက် ထပ်ခဲ့ကြသည်။ ယင်းနောက် မိဘများ က သင့်တင့်စွာဖြင့် မင်္ဂလာဆောင်ပေး ခဲ့သည်။ လတ်တလောအားဖြင့် မျိုး မင်းနှင့် မူယာတို့မှာ နှစ်ဖက်မိဘများ အိမ်တွင် တစ်လှည့်စီနေ၍ မိဘများ၏ အလုပ်များကို ကူညီလုပ်ကိုင်ပေးခဲ့ကြ သည်။ အချိန်ကြာလာသည်နှင့်အမျှ နှစ် ဖက်မိဘများ၏ စီးပွားရေးလုပ်ငန်း အဝသည် အဆင်မပြေသည့်အပြင် စားဝတ်နေရေး ခက်ခဲမှုများကြောင့် မိဘများအိမ်တွင် ကြာရှည်ကြာများနေ ထိုင်ရန် မဖြစ်နိုင်တော့ပေ။ သို့ဖြင့် မျိုး မင်းတစ်ယောက် ... ချင်ပြည်နယ်၊ ...

www.burmeseclassic.com

www.burmeseclassic.com


ကန့်သို့သွားရောက်၍ ကျောက်တူးလုပ်ငန်းတွင် လုပ်ကိုင်ရန် အကြောင်းဖြစ်ပေါ်လာရသည်။ ထို့ပြင် 'တူနှစ်ကိုယ်တဲအိုပျက်မှာနေရ ချစ်တာပမာန'ဟူသောစကားသည် လက်တွေ့ဘဝ၌ လွန်စွာခဲယဉ်းနေသည်ကို သိလာရသည့်အခါတွင် ငယ်ငယ်ရွယ်ရွယ်နှင့် စောစီးစွာ အိမ်ထောင်ကျခြင်းသည် လွန်စွာမှားယွင်းကြောင်း သဘောပေါက်လာရသည်။

လူ့လောက၊ လူ့အသိုင်းအဝိုင်းတွင် အမှားကို ပြန်လည်ပြင်ဆင်ရန် ခက်ခဲသည့်အရာတစ်ခုမှာ အိမ်ထောင်ထူခြင်းတစ်ခုပါဝင်ပါ၏။ မျိုးမင်းတို့ချစ်သူနှစ်ဦးသည် ချစ်ခင်နှစ်သက်၍ ဆောလျင်စွာ အိမ်ထောင်ထူခြင်းဖြစ်၍ မိမိထူထောင်သောအိမ်ထောင် မပျက်စီးစေရန် တသီးတခြား အိမ်တစ်ဆောင်မီးတစ်ပြောင် နေနိုင်အောင် ကြိုးစားရမည်ကို အလိုလိုသိလာ၏။ သို့ဖြင့် ပင်ပန်းခက်ခဲသော်လည်း ကံကောင်းပါက ချမ်းသာနိုင်သည့် တစ်ခုတည်းသောနည်းလမ်းကို ရွေးချယ်လိုက်ပါ၏။ ယင်းမှာ မျိုးမင်းတစ်ယောက် ဖားကန့်သို့တက်၍ ကျောက်တူးခြင်းသာဖြစ်၏။ မူယာမှာမူကား မိဘများအိမ်တွင် တစ်လှည့်စီနေထိုင်၍ ချစ်သူခင်ပွန်း မျိုးမင်း ပြန်အလာကို စောင့်ဆိုင်းရန်သာဖြစ်ပေ၏။ မျိုးမင်း၏ ဆုံးဖြတ်ရွေးချယ်သော ငွေဝင်လမ်းအား မူယာအနေဖြင့် မည်သို့မျှ မပြောလိုပေ။ လက်ရှိဘဝအခြေအနေမှ လွန်မြောက်၍ ချစ်သူနှင့်အတူ တကွနေထိုင်ရန် သည်တစ်လမ်းသာ အထင်အရှားရှိနေခြင်းကြောင့် မူယာ ဆိတ်ဆိတ်နေခြင်းသာဖြစ်သည်။

သက်ဖော်မှာမူကား သူငယ်ချင်းမျိုးမင်းတစ်ယောက် ဝေးလံသောအရပ်ဒေသတွင် စွန့်စွန်းစားစား သွားရောက်အလုပ်လုပ်ကိုင်မည့်အရေးကိုကန့်ကွက်ခဲ့ပါသေးသည်။



သို့သော် မျိုးမင်း၏ စကားကြောင့် သက်ဖော် ဘာမှမပြောတတ်တော့။

"ငါတို့အပြစ်နဲ့ ငါတို့ပါ သက်ဖော်ရာ၊ အချိန်မတိုင်ဘဲ စောစောစီးစီး အိမ်ထောင်ပြုလိုက်မိတဲ့ အကျိုးကျေးဇူးကို ငါနဲ့မူယာတို့ လည်စင်းခံနေရပြီဆိုတာ ငါသဘောပေါက်ပါတယ်ကွာ၊ အဲဒီလို သဘောပေါက်ခြင်းနဲ့အတူ တစ်ဆက်တည်း ငါ့အသိက ငါ့ရဲ့အိမ်ထောင်မပြိုကွဲအောင် တစ်လုံးတစ်ခဲတည်း ငွေရတဲ့လုပ်ငန်းဆိုလို့ ဖားကန့်မှာ ကျောက်တူးဖို့ပဲရှိတာမို့ ဖားကန့်သွားဖို့ ဆုံးဖြတ်ချက်ချလိုက်တာပဲ၊ ဒီဆုံးဖြတ်ချက်ဟာ ငါတို့ရဲ့ မပြုပြင်၊ မပြောင်းလဲတော့မယ့် ဆုံးဖြတ်ချက်ပဲကွာ"

သက်ဖော်တစ်ယောက် ဘာဆိုဘာမှမပြောတော့။ သက်ပြင်းသာချနေခဲ့သည်။

သို့ဖြင့် ရထားဘူတာတွင် ဖားကန့်သို့သွားရန် ရထားစောင့်နေစဉ် မူယာမှာ မျိုးမင်း၏ ရင်ခွင်တွင်း၌ တရှုပ်ရှုပ် ဖြစ်နေရသည်။

"မောင် ‥ မောင်ပြန်လာမယ့်ရက်ကို မူယာဆက်ဆက်စောင့်နေမယ်နော်၊ နှစ်ရှည်ကြာများ မောင့်ကိုမခွဲနိုင်ပါဘူး၊ မဖြစ်နိုင်လို့သာ ဒီလောက်ဝေးတဲ့နေရာ မောင့်ကိုလွှတ်ရတာ၊ ဖြစ်နိုင်ရင် မောင်သွားမယ့်နေရာကို မူယာ့ကိုလည်း ခေါ်သွားပါလား မောင်ရယ်"

မျိုးမင်းကလည်း မူယာအား ထွေးပွေ့လျက်.....

"မောင်လည်း ဘယ်သွားချင်ပါ့မလဲ မူယာရယ်၊ ဖြစ်နိုင်ရင် မူယာ့နားမှာပဲ တစ်သက်လုံးနေချင်တာပေါ့၊ ဒါပေမဲ့ မူယာ့ကို ဆင်းဆင်းရဲရဲ ကျပ်ကျပ်တည်းတည်းနဲ့ မောင်မထားရက်နိုင်ဘူးကွာ၊ မောင်တို့၊ မူယာတို့ ဘဝမြင့်မားအောင်၊ ပြောင်းလဲအောင် ဒီဖားကန့်ကို မသွားမဖြစ် သွားရတာပါ၊ မူယာ့ကို မောင်နဲ့အတူ ခေါ်ချင်ပေမယ့် ကြမ်းတမ်းခက်ထန်တဲ့ လမ်းကိုသိနေတော့ မူယာ့ကို ဘယ်ခေါ်ရက်ပါ့မလဲ မူယာရယ်၊ မောင်တစ်ယောက်တည်းသွားပြီး ထူးခြားတာနဲ့ အပြီးပြန်လာမှာနော်"

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနှစ်ဦး အူလှိုက်သည်းလှိုက် လွမ်းဆွေးခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်၍ လွတ်ထွက်သွားမည်ကို စိုးရိမ်သည့်ပမာ။ သက်ဇော်က သက်ပြင်းချလျက် စိတ်မချမ်းမြေ့စွာဖြင့်.....

"ကဲ.....ကဲ တော်ကြပါတော့ကွာ၊ မင်းတို့ကိုကြည့်ရင်း ဘယ်ဆီတမ်းတ တပ်မသိဖြစ်နေပြီ၊ ဟိုမှာ ရထားဝင်လာပြီ၊ မျိုးမင်းကလည်း ဟိုရောက်ရင် မူယာ့ဆီ စာရေး၊ အလုပ်ကိုလည်း သတိဝီရိယနဲ့လုပ်ပေါ့ကွာ၊ အသက်ကိုဉာဏ်စောင့်တဲ့၊ ဘယ်အရာမဆို ဆင်ခြင်ပြီးလုပ်ပေါ့၊ မူယာ နင်ကလည်း မျိုးမင်း အလုပ်သွားလုပ်တာကို နောက်ဆံတင်းအောင် ငိုပြမနေနဲ့"

မျိုးမင်းသည် မူယာ့ကိုလည်းကောင်း၊ မိဘဆွေမျိုးများနှင့် သက်ဇော်အားလည်းကောင်း နှုတ်ဆက်လျက် ရထားပေါ်တက်သွားပေ၏။ ရထားပေါ်ရောက်သည့်တိုင် မျိုးမင်းသည် မူယာ၏လက်ကလေးအား လှမ်းကိုင်လျက် မခွဲခွာလိုသည့်ပမာ။

+ + +

မျိုးမင်းတစ်ယောက် ဖားကန့်သို့ ထွက်ခွာသွားပြီးနောက် သုံးလခန့်ကြာသောအခါ မူယာ့ထံသို့ မျိုးမင်းထံမှ စာတစ်စောင်ရောက်လာပါ၏။ စာနှင့်အတူ ငွေတစ်သိန်းလည်း ထည့်ပေးလိုက်၏။ မူယာမှာ မျိုးမင်းထံမှ ငွေတစ်သိန်းရရှိ၍ ဝမ်းမသာနိုင်။ မိဘအား ခွဲဝေပေးခဲ့ပါ၏။ နောက်ပိုင်း မျိုးမင်းထံမှ မည်သည့်စာမှ ရောက်မလာတော့။ ရှစ်လခန့်ကြာသောအခါ ဖားကန့်မှ သတင်းတစ်ခုရောက်လာ၏။ ထိုသတင်းကား မူယာ့အတွက် မင်္ဂလာရှိသောသတင်းမဟုတ်၊ အမင်္ဂလာသတင်းပင်။

မျိုးမင်းတစ်ယောက် တန်ဖိုးရှိကျောက်ရရှိပြီး ထိုကျောက်ကြောင့် အဝေမတည့်စကားများကြ၍ မျိုးမင်းမှာ အသတ်ခံရသည်ဆိုသော သတင်းပင်ဖြစ်သည်။ ထိုသတင်း မှန်သည်၊ မမှန်သည်ကို တိကျစွာမသိသော်လည်း မျိုးမင်းထံမှ မည်သို့မျှ အကြောင်းကြားခြင်း မရှိပါလေတော့။

သက်ဇော်သည်လည်း သူငယ်ချင်းဖြစ်သူ၏ သတင်းအတွက် မယုံကြည်သဖြင့် လက်လှမ်းမီရာ လိုက်လံစုံစမ်းခဲ့ပါ၏။ ဖားကန့်မှ ပြန်လာသူများအား မေးမြန်းသော်လည်း မည်သူမျှ တိကျစွာ ပြောဆိုနိုင်ခြင်းမရှိဖြစ်နေရသည်။ သို့ဖြင့် သက်ဇော်လည်း လက်မှိုင်ချရတော့သည်။ မူယာ့မှာလည်း သူမ၏ခင်ပွန်း မျိုးမင်း၏သတင်းမှာ ထူးခြားမလာဘဲ တည်ငြိမ်နေသည်ကြောင့် ချုံးပွဲချငိုလို့မဆုံး ဖြစ်နေတော့သည်။

မျိုးမင်း၏သတင်းကြားပြီး နှစ်လခန့်ကြာ စုံစမ်းသည့်အခါတွင် ဖားကန့်တွင် လူသတ်မှုဖြစ်ပွားသည်မှာ မှန်ကန်သော်လည်း အသတ်ခံရသူမှာ မည်သူမည်ဝါမှန်း မသိကြကြောင်းသာသတင်းရရှိခဲ့သည်။ ခြောက်လခန့်ကြာသောအခါ မျိုးမင်းတစ်ယောက် လောကတွင် မရှိတော့ဟု ယုံကြည်ကြပြီး သပိတ်ဆွမ်းသွတ်ခြင်းများကို ဆောင်ရွက်ရတော့သည်။ ယင်းအခြေအနေတွင် မူယာမှာ မိဘအိမ်၌ ဈေးရောင်းဈေးဝယ်လုပ်ငန်းများ လုပ်ကိုင်ရသည်။ တစ် နှစ်ခန့်အကြာတွင် တစ်အိမ်လုံး၏ လုပ် ငန်းများကို မူယာတစ်ဦးတည်းသာ တာဝန်ယူနေရသဖြင့် ပင်ပန်းဖျား ဖျား လေတော့သည်။

မူယာဖျားနေသည်ကို ဘယ်က သတင်းရသည်မသိ။ သက်ဇော်ရောက် လာ၍ လိုအပ်သည်များကို ကူညီဖေးမ ပေးခဲ့သည်။ မူယာ၏ကျန်းမာရေးချို့တဲ့ ၍ ပင်ပန်းနွမ်းနယ်ဟန်ရှိသော မျက် နှာလေးအား ငေးမော၍ သက်ဇော် သနားကြင်နာမှုဖြစ်ရသည်။ သက်ဇော် ကား ဆယ်တန်းအောင်သည်နှင့် အဝေး သင်တက္ကသိုလ်တက်ရင်း ရုံးတစ်ရုံးတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်။ ပထမ တွင် မိမိ၏အလုပ်အကိုင်များကြောင့် မူယာ့ထံသို့ မလာရောက်နိုင်ခဲ့သော် လည်း လမ်းတွင် တွေ့ကြုံခဲ့သော မူ ယာ၏ညီမငယ် ပြောပြမှ မူယာ နေ မကောင်းကြောင်း သိရခြင်းဖြစ်သည်။ သို့ဖြင့် သက်ဇော်သည် မူယာ့၏ ကရုဏာသက်ဖွယ်အနေအထားများ ကြောင့် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချ ခဲ့လေသည်။ ထိုဆုံးဖြတ်ချက်ကား မိ ကောင်းဖခင်သားသမီးပီသစွာ မူယာ့ အား တောင်းရမ်းလက်ထပ်ယူရန်ပင် ဖြစ်တော့သည်။ ပထမ မူယာ ငြင်းခဲ့ ပါ၏။ အတန်တန်ငြင်းခဲ့ပါ၏။ နောက် ပိုင်းတွင် သက်ဇော်၏ မလျှော့သောဇွဲ ကို အကြောင်းပြု၍ သက်ဇော်အား သနားသွားခဲ့ရသည့်နောက် လူကြီးမိဘ များ၏ ဆန္ဒအတိုင်း လက်ထပ်လိုက်ကြ တော့သည်။

လက်ထပ်ပြီးစီး၍ တစ်လခန့်ကြာ သောအခါ မျိုးမင်းတစ်ယောက် မြို့သို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ရောက်ရှိလာသည့်သတင်းမှာ ပျံ့နှံ့သွားရပြီး မူယာမှာ စိတ်ဆင်းရဲခြင်းများစွာဖြင့် ကြုံတွေ့ရတော့သည်။ တစ်ရက်မပျက် ငိုပွဲဆင်နေရသည်။ သက်ဇော်မှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ မျိုးမင်းမှာ အစပထမတွင် သက်ဇော်အား စိတ်ဆိုးသော်လည်း မိမိ၏ ကံကြမ္မာကိုသာ ပုံချခဲ့၏။

သို့သော် မျိုးမင်းသည် ချစ်သော မူယာနှင့် သစ္စာကတိတွေ အတန်တန်ထားခဲ့သည်ကို မူယာ သစ္စာဖောက်ဖျက်သည်ဟုသာ မြင်ပေသည်။ မကျေမနပ်ဖြစ်နေသော မျိုးမင်းသည် မူယာ့အား ပညာပေးရမည်ဟုသာ တွေးနေခဲ့သည်။ မျိုးမင်းသည် တန်ဖိုးရှိသော ဆယ်သိန်းတန်ကျောက်ကို ရရှိသည်မှာ မှန်ပါ၏။ ဖားကန့်မှာကား လူတန်းစားအမျိုးမျိုးရှိပေရာ မျိုးမင်းရရှိသော ကျောက်သည် မည်မျှတန်ဖိုးရှိသည်ကို မလေ့လာမစူးစမ်းဘဲ မျိုးမင်းအား သတ်ဖြတ်၍ သူ၏ကျောက်အား အပိုင်သိမ်းရန် လူတစ်စုမှ ကြံစည်ခဲ့သည်။ သို့သော် မျိုးမင်းနှင့်တူသောသူတစ်ဦးအား မျိုးမင်းအမှတ်ဖြင့် သတ်ဖြတ်ခဲ့သည်။ ထိုသူများ မကြံစည်စဉ်ကပင် မျိုးမင်းမှာ ဆယ်သိန်းတန်ကျောက်ကို ပိုက်လျက် မူယာ့ထံသို့ အပြီးပြန်လာခဲ့သော်လည်း လမ်းတွင် ငှက်ဖျားမိ၍ သတိလစ်မေ့မြောခဲ့သည်။ ငှက်ဖျားဒဏ်ဖြင့် အဖျားတက်နေစဉ် တိုင်းရင်းသားသားအဖနှစ်ဦးမှ သူတို့၏ရွာသို့ ခေါ်ဆောင်၍ ဆေးကုရသည်။ ငှက်ဖျား၏ အရှိန်ဖြင့် မျိုးမင်းမှာ သတိရတစ်ချက်၊ မရတစ်ချက်ဖြင့် တိုင်းရင်းသားရွာလေး၌ နေခဲ့ရာ တစ်နေ့တွင် သူ၏ကျောပိုးအိတ်ထဲမှ ကျောက်ကိုစမ်းမိပြီးနောက် ကျောက်နှင့်ဆက်စပ်၍ အတိတ်ကာလများကို သတိရခဲ့သည်။ ထို့နောက်.....

\+ + +

မျိုးမင်းသည် ထိုကျောက်ကို ရောင်းချပြီးနောက် ဇာတိမြို့ရှိ မူယာ့ထံ ပြန်လာသည့်အခါတွင် သက်ဇော်နှင့်မူယာတို့အကြောင်း သိရှိသွားပြီး ရှိုက်ကြီးတငင် ငိုကြွေးရတော့သည်။ သို့ဖြင့် မျိုးမင်းသည် ဇနီးဟောင်းဖြစ်သူ မူယာအား ပညာပေးမည်ဟုဆိုလျက် သက်ဆိုင်သူများထံ သွားရောက်ခဲ့၏။ သက်ဆိုင်ရာမှ ရှင်းပြချက်အရမူ ဇနီး

**တရားဉပဒေဖြင့် မူယာ့အား ပညာပေး၍မရသကဲ့သို့ မယားခိုးမှုဖြင့် သက်ဇော်အား တရားစွဲပါလျှင်လည်း သူ့ဘဝတစ်လျှောက် ကောင်းလာခဲ့သော သူငယ်ချင်းတစ်ယောက် ဒုက္ခရောက်ရမည့် အရေးမို့ မျိုးမင်းမှာ ချီတုံချတုံ ဖြစ်နေတော့သည် ...**



www.burmeseclassic.com

ဟောင်း မူယာအား တရားစွဲဆိုတိုင်တန်းရန် မဖြစ်နိုင်ပါချေ။ အားပေးကူညီသူအဖြစ်လည်း အပြစ်ပုံချ၍မရဖြစ်နေ၏။ တစ်ခုတော့ရှိသည်။ မူယာ့အား ဦးတည်သည်တော့မဟုတ်။ သက်ဇော်သည် မူယာ၌ ကာမပိုင်လင်ယောကျ်ား ရှိသည်ကို သိလျက်နှင့် လက်ထပ်ပေါင်းသင်းခြင်းသည် မုဒိမ်းမှုမမြောက်သော်လည်း မယားခိုးမှုမြောက်သည်ဟု ဆိုကြခြင်းကြောင့် မူယာ့အား ပညာပေးရန် မျိုးမင်း အခက်တွေ့ရသည်။ မယားခိုးမှုဖြင့် တရားစွဲပါက သက်ဇော်တစ်ယောက် ဒုက္ခရောက်တော့မည်။ မူယာကား လင်ဖြစ်သူ ထောင်ကျ၍ စိတ်ဆင်းရဲရုံ ခံစားရပေမည်။ အချိန်တန်၍ ထောင်မှလွတ်မြောက်ပါက မူယာတစ်ယောက် ထောင်ထွက်ယောကျ်ားအား ပို၍ယုယသည်မှလွဲ၍ မည်သို့မျှ အကျိုးမရှိပေ။ သက်ဇော်မှာလည်း အပြစ်ကျမည့်အပြင် ဝန်ထမ်းဘဝကိုလည်း လက်လွှတ်လိုက်ရမည်ဖြစ်၏။

တရားဥပဒေဖြင့် မူယာ့အားပညာပေး၍မရသကဲ့သို့ မယားခိုးမှုဖြင့် သက်ဇော်အား တရားစွဲပါလျှင်လည်း သူ့ဘဝတစ်လျှောက် ကောင်းလာခဲ့သော သူငယ်ချင်းတစ်ယောက် ဒုက္ခရောက်ရမည့်အရေးမို့ မျိုးမင်းမှာ ချီတုံချတုံဖြစ်နေတော့သည်။ နောက်ပိုင်းတွင် မျိုးမင်းသည် မူယာနှင့်သက်ဇော်အား မျက်နှာချင်းဆိုင်တွေ့ရန် ဆုံးဖြတ်လိုက်သည်။

စားသောက်ဆိုင်တစ်ခုတွင်ဖြစ်၏။ ဆိုင်ထဲတွင် မျိုးမင်းဘီယာသောက်နေစဉ် ဆိုင်တွင်းသို့ မဝံ့မရဲဝင်လာသူများကား သက်ဇော်နှင့် မူယာပင်ဖြစ်၏။



ယခင်အတိုင်း အလှမပျက်ရှိနေသည့် မူယာသည် သူ၏ရှေ့၌ မျက်နှာငယ်လေးဖြင့် ကရုဏာသက်စရာကောင်းလှပါ၏။ သက်ဇော်က အားနာသောအပြုံးဖြင့်.....

"သူငယ်ချင်းခေါ်လို့သာ လာရတာ၊ ငါတို့တွေ တစ်ခါမှ ဒီကိုမရောက်ဖူးပါဘူးကွာ"

မျိုးမင်းက နှုတ်ခမ်းတစ်ဖက်ရွဲ့လျက်.....

"စကားတွေ အပိုမပြောပါနဲ့ကွာ၊ ဘာစားမလဲ၊ မှာချင်တာမှာကွာ"

သက်ဇော်က.....

"ဘာမှမစားတော့ပါဘူးကွာ၊ အိမ်မှာစားလာခဲ့ပါပြီ၊ မင်းငါတို့ကိုခေါ်တာ ဘာပြောချင်လို့လဲ သူငယ်ချင်း၊ ပြောစရာရှိတာ ပြောပါကွာ"

မျိုးမင်းသည် ဘီယာတစ်ကျိုက် ငုံလိုက်ရင်း.....

"ငါ့အပေါ် ကတိသစ္စာပျက်ခဲ့တဲ့ ဟောဒီက မူယာ့ကို ငါ တရားစွဲဖို့ကြိုးစားခဲ့တယ်ကွ၊ ဒါပေမဲ့ မူယာ့ကို တရားစွဲလို့မရဘူးဖြစ်နေတယ်၊ စွဲမယ်ဆိုရင်တော့ မင်းကိုပဲ မယားခိုးမှုနဲ့ တရားစွဲရမယ်လို့ပြောတယ်"

သက်ဇော်မပြောခင်မှာပင် မူယာက ပျာပျာသလဲဖြင့်.....

"ကိုသက်ဇော်ကို တရားမစွဲပါနဲ့ မောင် အဲ...ကိုမျိုးမင်းရယ်၊ ကိုမျိုးမင်းကျေနပ်အောင် မူယာဘာလုပ်ပေးရမလဲဟင်၊ ကိုသက်ဇော် ဒုက္ခရောက်ရမယ့်အဖြစ်မျိုးတော့ မူယာအဖြစ်မခံနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုသက်ဇော်ဟာ မူယာ့ရဲ့ခင်ပွန်းဖြစ်နေလို့ပါ"

မူယာ၏ ပွင့်လင်းသောတောင်းပန်မှုကြောင့် မျိုးမင်းမှာ ချစ်တတ်သည့်နှလုံးသားများ ကြေမွပျက်စီးသွားရသည့်နှယ် ခံစားရ၏။ ငိုရှိုက်နေသော မူယာ၊ ငေးငိုင်နေသော သက်ဇော်တို့အား မျိုးမင်းက ခြုံငုံ၍ကြည့်လိုက်ပြီး သက်ပြင်းချလျက် သက်ဇော်အား.....

"သက်ဇော် ငါ့ကိုယုံကြည်တယ်ဆိုရင် ငါနဲ့မူယာ စကားပြောချင်တယ်ကွာ၊ တစ်ဖက်က စားပွဲမှာ သွားထိုင်ပေးကွာ"

"အေးပါ သူငယ်ချင်းရာ"

ပြောပြောဆိုဆို သက်ဇော် ထသွားပါ၏။

ရှိုက်၍ငိုနေသော မူယာအား မျိုးမင်းက ရင်နာနာဖြင့် ကြည့်နေလေ၏။ မျိုးမင်း၏အကြည့်များသည် မူယာ့ရင်ထဲသို့တိုင် ထိုးဖောက်နိုင်စွမ်းရှိသဖြင့်လည်း မူယာမှာ မျိုးမင်း၏အကြည့်ကို လွှဲဖယ်နေရသည်။ မျိုးမင်း၏နှုတ်ဖျား

www.burmeseclassic.com

www.burmeseclassic.com



မှ ပေါ်ထွက်လာသော စကားများမှာ ထူးဆန်းလှစွာ နူးညံ့လှပါ၏။

"မူယာ မောင်တို့တွေ ရာသက်ပန် ရိုးမြေကျ ချစ်ကြရပါစေ၊ ကြင်နာရပါစေ၊ ပေါင်းသင်းရပါစေလို့ သစ္စာဆိုဆုမွန်တောင်းခဲ့ပေမယ့် ဆုတောင်း မပြည့်ခဲ့ပါဘူး မူယာရယ်"

ဆို့နင့်တိုးတိတ်သွားသော မျိုးမင်း၏အသံသည် လွမ်းမောဖွယ် စီးမျောနေသည့်နှယ်။

"ဖားကန့်ကိုမသွားခင်ကာလက အစ ဒီကိုပြန်ရောက်လို့ မူယာ့ရဲ့ အကြောင်း မသိရသေးခင်အထိ မောင် မူယာ့ကို ဖြူစင်ရိုးသားတဲ့ အချစ်တွေနဲ့ ချစ်နေခဲ့ပြီး ဥစ္စာဓနကိုလည်း ရိုးသားစွာနဲ့ ရှာလာခဲ့တာပါ၊ ဒါပေမဲ့ မောင်နဲ့မူယာတို့ရဲ့ ဖူးစာကံက ကုန်ခဲ့ပါပြီ မူယာ၊ ကုန်ခဲ့ပါပြီကွာ၊ သက်ဇော်ကိုရော၊ မူယာ့ကိုပါ မောင် အမုန်း မဖက်တော့ပါဘူး၊ အာဃာတတွေ၊ မနာလိုမှုတွေနဲ့လည်း မူယာတို့ကို မောင် အပြစ်မရှာတော့ပါဘူး၊ မောင့်ရဲ့ကံက မကောင်းခဲ့တာကို ကောင်းစေဖို့လည်း မဖန်တီးတော့ပါဘူး၊ မူယာ ဒီနေ့၊ ဒီအချိန်၊ ဒီနေရာမှာပဲ မောင်နဲ့မူယာတို့ ထာဝရမတွေ့ကြေး လမ်းခွဲကြရအောင်နော်"

မူယာသည် မျိုးမင်း၏ တိုးတိတ်ညင်သာသော အပြော၌ ဝမ်းနည်းပူဆွေးမှု ပိုမိုလျက်တိုး၍သာ ငိုကြွေးနေတော့သည်။ ငိုကြွေးလျက်မှပင် "မူယာ ဘာပြောရတော့မှာလဲ မောင်ရယ်"ဟုသာ ပြောနိုင်တော့သည်။

ယင်းနောက် မျိုးမင်းက ကျဆင်းနေသော သူ၏မျက်ရည်များအား သုတ်လိုက်ပြီး မူယာ့ကိုလည်း မျက်ရည်များ သုတ်ရန် လက်ကိုင်ပဝါ ထုတ်ပေးလိုက်၏။ မျိုးမင်းက သက်ဇော်အား လှမ်းခေါ်လိုက်ပြီး သက်ဇော် သူ၏အနားသို့ ရောက်သည်နှင့် မျိုးမင်းသည် သူ၏ ပိုက်ဆံအိတ်ထဲမှ ငွေဆယ်သိန်းထုတ်၍ စားပွဲပေါ်တင်လိုက်၏။ မျိုးမင်းက..

"သက်ဇော်၊ မင်းနဲ့မူယာအတွက် ငါ့ရဲ့ရှာဖွေရသမျှ ငွေဆယ်သိန်း လက်ဖွဲ့လိုက်ပါတယ်ကွာ၊ မူယာနဲ့မင်း ရာသက်ပန် ပေါင်းသင်းနိုင်ကြပါစေ၊ ငါ ဒီနေ့ပဲ ရှမ်းပြည်တက်မယ် သူငယ်ချင်း၊ ဟိုမှာပဲ အသိမိတ်ဆွေတွေနဲ့ ခြံစိုက်ပျိုးရေးတွေ လုပ်တော့မယ်ကွာ၊ ကဲ.....ငါ အရင်သွားမယ်၊ ငါဆိုင်ထဲကထွက်ပြီးလို့ ခဏနေပြီးရင် ထွက်သွားကြပေါ့ကွာ"

မျိုးမင်းသည် အတတ်နိုင်ဆုံး မူယာ့ကိုမကြည့်ဘဲ စိတ်ကိုထိန်းလျက် ပြောလိုက်ခြင်းပင်ဖြစ်၏။ မူယာ့ကို ကြည့်လိုက်မိပါက မိမိ၏အချစ်စိတ်သည် ထိန်းမရသိမ်းမရဖြစ်လျက် ယောကျ်ားတန်မဲ့ ငိုမိမည်သာ။ ထို့ကြောင့် ကြာကြာမနေ။ ပြောပြောဆိုဆိုဖြင့် မျိုးမင်းတစ်ယောက်တည်း မူယာတို့အား ဆိုင်ထဲတွင်ချန်ရစ်၍ထွက်လာတော့သည်။ ဆိုင်ပြင်တွင် မိုးတွင်းကာလမို့ မိုးတဖွဲဖွဲရွာလျက်ရှိနေ၏။ မိုးစက်မိုးပေါက်တို့သည် ရင်ထဲ၌ ငိုနေသော မျိုးမင်းအား ထောက်ခံနေသယောင်ယောင်။


မောင်သာမန်(ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com





ခင်ဦး (ပုတီးကုန်း)

# ရေသာများတော့သည် ငါးမတွေ့နိုင်တဲ့ မန်ဒါလိ

www.burmeseclassic.com

www.burmeseclassic.com



**မိန်းမငယ်တစ်ဦး.....**

သူ့နာမည်က 'ပုလဲ'ဟု လူသိများသည်။ ဤရပ်ကွက်လေးထဲ၌ ပေါ်ပေါ်လွင်လွင်လေးဖြစ်သည်။ အရွယ်ကငယ်ငယ်၊ ချစ်စဖွယ်အမူအရာ၊ ဖြူဖြူဝင်းဝင်းလေးဖြစ်၍ လူချစ်လူခင်ပေါလှ၏။ စကားပြော ပါးနပ်လိမ္မာသည်။ သွက်လက်ချက်ချာသည်။ အသံကားသာယာချိုလွင်၍ အေးမြမြလေးနှင့် ဆွဲဆောင်မှုရှိသည်။ ဟန်အမူအရာလေးနှင့်စကားပြောဆိုင်း မြင်ရသူတို့ ငေးမောနားထောင်ရသည်။ ကိုယ်လုံးကိုယ်ပေါက်အချိုးအစားကျ၍ အဆင့်ရှိသော မိန်းမတို့၏အပြင်အဆင်မျိုး တွေ့ရသည်။ သူ့ဇာတိ၊ သူ့ဇာတ်ကို ခြေခြေမြစ်မြစ်မသိကြပေ။ ဝန်ထမ်းလိုလို၊ ပွဲစားလိုလို၊ စာရေးဆရာမလိုလိုနှင့် အတည်တကျမပြောနိုင်ကြပေ။ သို့သော် ဝတ်စားဆင်ယင်မှုကြောင့် မိဘများက ဆင်းဆင်းရဲရဲ မဟုတ်တန်ရာဟု ထင်မြင်ကြသည်။ ထို့ကြောင့် ပုလဲမှာ လူဝင်ဆံ့ပါသည်။

"ပုလဲရေ နီလာဆွဲသီးလှလှလေး ပါလို့ လာပြတာ"

"ဟယ်.....ဟုတ်လား။ နီလာကို ပုလဲက ကြိုက်ပါတယ်၊ မတည့်လို့ နီလာဆွဲကြိုးတောင် မဆွဲရဘူး"

ရတနာကုန်သည်တစ်ဦးကပစ္စည်းလာပြသည်ကို ခံ့ညားထည်ဝါစွာ ငြင်းပယ်လိုက်သည်။

တစ်နေ့တွင် အိမ်နီးချင်းအမျိုးသမီးတစ်ဦးက 'Life Style'စာအုပ်ကို ဖတ်ရင်း ၎င်းစာအုပ်ထဲမှ ကြော်ငြာတစ်ခုကို ပြလိုက်သည်။

"Loreal အသားလှလူးဆေးက သိပ်ခေတ်စားလာလို့ မမတောင် တစ်ဘူးဝယ်လိုက်သေးတယ်"

ထိုသို့ မမဆိုသူက ကြွားပြလိုက်ရာ ပုလဲမှာ မိမိအခန်းထဲသို့ ပြေးဝင်ပြီး မိတ်ကပ်အသစ်တစ်ဘူးကို ပြလိုက်၏။

"ဒီ Doaru မိတ်ကပ်က ဈေးလည်းကောင်းတယ်၊ လူးရတာလည်း သိပ်အဆင်ပြေတယ်၊ မမရော သုံးဘူးလား"

ထိုသို့သော အသုံးအစွဲနှင့်အပြောအဆို၊ အဆင်အပြင်လေးများကြောင့် ပုလဲသည် ငွေကြေးအဆင့်အတန်းရှိသော အမျိုးသမီးဟု သိထားကြသည်။ အဘယ်ကြောင့် တစ်ဦးတည်းလာနေသည်ကိုကား တိတိကျကျမသိကြသေးပေ။ ရံဖန်ရံခါ ခရီးသုံးလေးရက်သွားလိုက်၊ ပြန်လိုက်လုပ်နေတတ်သဖြင့် အရောင်းအဝယ်လုပ်နေသည်ဟုလည်း ထင်ကြသည်။

ပုလဲတို့ဝန်းကျင်ရှိ အိမ်များထဲမှ ကိုထွန်းဖဲဟူသော လူပျိုကြီးမှာ ဆိုင်ကယ်အရောင်းအဝယ်လုပ်သည်။ လူ့ကပ်စေးဖြစ်၍ ကိုထွန်းဖဲကျွေးသည်ကို စားရသူ အလွန်နည်းပါးသည်။ တစ်နေ့တွင် ကိုထွန်းဖဲ အရောင်းအဝယ်ဖြစ်သွားကြောင်း ပုလဲက သိသွားသည်။

"တို့အစ်ကိုကြီးတို့များ ကံကိုက လိုက်တာ၊ ဒီနေ့ အတော်မြတ်လိုက်တယ်ဆို၊ ပုလဲတို့က ဘာများစားရဦးမလဲလို့ စောင့်နေတာ"

ပုလဲက အသံချိုချိုလေးနှင့် ပြောတတ်သဖြင့် လူပျိုကြီး ကိုထွန်းဖဲမှာ တဟဲဟဲလုပ်ရင်း ခေါက်ဆွဲတစ်ထုပ်လာပို့သည်။ ပုလဲတို့ အမျိုးသမီးတစ်စုက ထမင်းဝိုင်း၌ ကိုထွန်းဖဲအကြောင်းပြောရင်း ခေါက်ဆွဲစားကြသည်။

"အင်း...ပုလဲနဲ့ကျမှပဲ ဒီကပ်စေးနဲ့ကြီး အန္တာခံရတော့တယ်"

"ဟား.....ဟား.....ဟား"

အမျိုးသမီးတစ်စုက တဝါးဝါးရယ်လိုက်ကြသည်။ ပုလဲက မျက်ခုံးလေး ပင့်ပြလိုက်သည်။ နောက်တစ်ရက်နှစ်ရက်အကြာ ပုလဲ၏အခန်းတံခါးလေး ပိတ်ထားသည်ကို တွေ့ရသည်။

+ + +

"ဟို..ဒီအိမ်က --ဦးစိုး ဦးသန့်ဇော်တို့အိမ် ဟုတ်ပါတယ်နော်"

ချောချောလှလှ အမျိုးသမီးတစ်ဦးမှာ ခရီးဆောင် အတက်ချိကေ့စ်တစ်လုံး၊ ဖုန်းတစ်လုံးကို ဖုန်းအိတ်လှလှလေးနှင့်ကိုင်လျက် ပန်းနုရောင် ဆွယ်တာလေးခြုံကာ တံခါးဝ၌ ရပ်နေရှာသည်။ ယဉ်ကျေးလှပစွာ မေးပုံလေးနှင့် အသံချိုမြမြလေးကြောင့် ဦးသန့်ဇော်မှာ ပြန်ဖြေရန် ခေတ္တတုံ့ဆိုင်းမိသည်။ အသံချိုချိုလေး ထပ်မံပေါ်လာ၍ သတိဝင်လာပြီး ခေါင်းကိုဆတ်ခနဲညိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com

တံခါးဖွင့်ပေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဝင်ပါခင်ဗျာ"

အမျိုးသမီးမှာ ခံ့ညားထည်ဝါလှသော ဧည့်ခန်းအတွင်း မဝံ့မရဲခြေလှမ်းလေးများဖြင့် ဝင်လာသည်။ အိစက်ညက်ညော၍ ခေတ်မီလှပသော ဆိုဖာကြီးပေါ်သို့ ထိုင်ရန်မဝံ့မရဲဖြစ်နေစဉ် ဦးသန့်ဇော်က ထိုင်ခိုင်းမှ ဖြည်းညင်းစွာ ထိုင်လိုက်သည်။ ခေတ္တ တဒင်္ဂ တစ်ဦးနှင့်တစ်ဦးကြည့်ကာ စကားစရန် နှောင့်နှေးနေကြသည်။

"ညီမ ဘာကိစ္စရှိလို့လဲ"

ထိုအခါ အမျိုးသမီးမှာ ခေါင်းလေးကို အသာအယာမော့လာပြီး မျက်ရည်ကြည်များ ရစ်သိုင်းလာသော မျက်ဝန်းဖြင့် ပြန်ကြည့်သည်။ ဝမ်းပန်းတနည်း အသံလေးတုန်ယင်စွာဖြင့်ပြောလိုက်သည်။

"ကျွန်မက ဒီကအစ်ကိုရဲ့ဇနီး မခင်ထားဝင်းရဲ့ သူငယ်ချင်းအရင်းပါ"

"ခင်ဗျာ...သူဆုံးသွားတာ မကြာသေးပါဘူးဗျာ"

ဦးသန့်ဇော်က ဆို့ဆို့နင့်နင့်ပြန်ပြောသည်။

"ဟုတ်ပါတယ်၊ ကျွန်မ သတင်းစာမှာ ဖတ်လိုက်ရလို့ အခုလာခဲ့တာပါ၊ ဒါပေမဲ့ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းကို မတွေ့ရတော့ သိပ်ဝမ်းနည်းတာပဲရှင်"

"ကျွန်တော် စိတ်မကောင်းလိုက်တာဗျာ"

"ကျွန်မက တောင်ကြီးမြို့အနားက ရွာလေးကပါ၊ မြို့တက်ပြီး အဆင်ပြေလာကာမှ မိဘတွေ ကားအက်ဆီးဒင့်ဖြစ်ပြီး နှစ်ဦးလုံး ဆုံးပါးသွားကြပါတယ်၊ ကျွန်မလည်း တစ်ဦးတည်းသောသမီးမို့ စိတ်လေပြီး သူငယ်ချင်း အဝင်းဆီ သွားမယ်ဆိုပြီး လာခဲ့ပါတယ်၊ မန္တလေးမှာ ခဏဝင်နေချိန် သတင်းစာမှာ အဝင်းရဲ့နာရေးကို ဖတ်လိုက်ရပါတယ်၊ ကျွန်မလည်း ကိုယ်အားကိုးရမယ့်သူ သေဆုံးသွားတော့ ဘာလုပ်ရမှန်းမသိတော့ဘဲ အခုလို ထွက်လာခဲ့တာပါ"

"အို.....ဖြစ်ရလေဗျာ၊ အဝင်းကလည်း ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ဆုံးသွားတော့ ကျွန်တော်တို့လည်း အိပ်မက်မက်သလို ခံစားရပါတယ်ဗျာ"

"အခု အစ်ကို တစ်ဦးတည်းနေတာလား၊ ကလေးတွေရော ကျန်ခဲ့သေးသလား"

"အစ်ကို့ဘဝက အဝင်းနဲ့မညားခင်ကတည်းက တစ်ကောင်ကြွက်ပါဗျာ၊ အဝင်းနဲ့အစ်ကို အိမ်ထောင်သက် သုံးနှစ်အတွင်းမှာ သားသမီးမရခဲ့ကြပါဘူး၊ အခုတော့ ငယ်စဉ်ကတည်းက အဝင်းနဲ့အတူနေလာတဲ့ အိမ်အကူ ဒေါ်အေးနဲ့ နေပါတယ်၊ သူလည်း အသက် ၆၀ နီးပါးဖြစ်နေပါပြီ"

"ဟင်.....ဟုတ်လား"

အမျိုးသမီးမှာ 'တစ်ကောင်ကြွက်ဘဝပါဗျာ'ဟု ပြောဆိုစဉ်ကတည်းက ကျိတ်၍ဝမ်းသာနေသူဖြစ်သည်။ကလေးမရှိဟူသည့်စကားကလည်း သူမ၏ဘဝင်ကို အကြိုက်တွေ့စေသည်။

"အစ်ကို"

"ခင်ဗျာ"

"ဟို..ကျွန်မအနေနဲ့ မပြောသင့်တဲ့စကားပါ၊ ဒါပေမဲ့ ဆွေမျိုးအသိမရှိနဲ့ သွားစရာလည်းမရှိပါဘူး၊ တည်းခိုခန်းလည်း မတည်းရဲလို့ ဒီမှာ ခဏလောက်တည်းခိုခွင့်ပြုနိုင်မလားရှင်"

"ဗျာ....."

ဗျာဟု အာမေဋိတ်ပြုလိုက်မိသော်လည်း မျက်နှာငယ်လေးနှင့် မိန်းမလှလေးကိုကြည့်ရင်း အားနာနေမိပြန်သည်။ ထို့ပြင် အဝင်းထံလာရန် ဆုံးဖြတ်ခဲ့သူဖြစ်၍လည်း သနားနေမိပြန်သည်။

"ဟို...ဟို အင်း...တည်းပါဗျာ၊ ဒေါ်အေးလည်း အဖော်ရှိပါတယ်"

ထိုသို့ပြောပြီး အိမ်ထဲမှ ဒေါ်အေးအား လှမ်းခေါ်၍ ဧည့်သည်အား အခန်းပေးခိုင်းလိုက်သည်။

+ + +

"အစ်ကို၊ မနက်အစောကြီး ဘယ်ကိုသွားမလို့လဲဟင်"

အိပ်ရာအစောကြီးထ၍ အဝတ်အစားလဲနေသော ဦးသန့်ဇော်အား ဧည့်သည်အမျိုးသမီးက မေးလိုက်၏။

"သြော်..ဒီနေ့ဆိုရင် အဝင်းဆုံးတာ သုံးလပြည့်လို့ အဝင်းအတွက် ဘုရားမှာ ပန်း၊ ရေချမ်းကပ်ဖို့ ရွှေတိဂုံဘက်ကိုပါ"

"ဟယ်.....ညီမလည်း လိုက်ပါရစေ၊ အန်တီလည်း ခေါ်ခဲ့ပါလား၊ အဖော်ရတာပေါ့"

ဦးသန့်ဇော်မှာ အင်တင်တင်လုပ်ရင်း ခေါင်းညိတ်မိသွားပြန်သည်။

"ငါ့နှယ်နော် ဒီအမျိုးသမီးအပေါ် ဘာကြောင့်အားနာနေတာလဲ၊ အားနာရင် ခါးပါတော့မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို အပြစ်တင်မိရင်း ကားဆီသို့ ထွက်လာခဲ့သည်။ မိန်းမ သေပြီးစ သုံးလအတွင်း အမျိုးသမီး တစ်ဦးကို အိမ်ပေါ်တင်ထားရသည်ကို စိတ်ထဲ၌ မဝံ့မရဲဖြစ်နေရှာသည်။

ကားဆီသို့ ဒေါ်အေးနှင့် အမျိုးသမီးတို့ ဆင်းလာကြသည်။

"ဩော်.....ညီမ မ.....မအတ"

"အို.....ပုလဲပါ အစ်ကိုရဲ့"

"မပုလဲ အဲ.....ပုလဲ ဘယ်တော့လောက် ပြန်မှာလဲဗျာ"

"ရှင်....."

ပုလဲဆိုသူ အမျိုးသမီးလေးမှာ မျက်နှာလေးငုံ့ကာ ညှိုးနွမ်းသောအပူရုပ်ဖြင့် မျက်ရည်များဝိုင်းနေရှာသည်။

"ဩော်.....အစ်ကို ဝန်လေးနေပြီနော်၊ ညီမရဲ့သူငယ်ချင်း အဝင်းသာ ရှိခဲ့ရင် ပြန်မှာတောင် စိုးရှာမှာပဲ၊ သူ မရှိတော့ ညီမလည်း ဘယ်သောင်ကမ်းကို ကပ်ရမလဲတောင် မသိတော့လို့ပါ အစ်ကိုရယ်"

"နေ.....နေပါဦးဗျာ၊ အားလုံး စိတ်မကောင်းဖြစ်ကြရတာ ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျားအတွက် လည်း ကိုယ်ချင်းစာပါတယ်၊ ကျွန်တော် စဉ်းစားပါရစေဦး၊ ကဲ.....အခု ဘုရား သွားစို့"

ဘုရားသွားရာလမ်း၌ ကားမောင်းရင်း စကားပြောဖြစ်ကြသည်။

"မင်းနဲ့အဝင်းက တက္ကသိုလ်ကတည်းက သူငယ်ချင်းလား၊ သူပြောတဲ့အထဲမှာ သူငယ်ချင်း တော်တော်များများပါတယ်၊ ပုလဲဆိုတဲ့အမည်ကို ကျွန်တော် မကြားမိဘူးဗျာ၊ ဟို.....ဟို ရိုင်းတယ်လို့မထင်ပါနဲ့ဗျာ"



ဒီလူကို
ကျွန်မ
လုကြိုက်တာက
မိန်းကလေးချင်း
မာနပြိုင်ရာက
အဝင်းကိုနိုင်ချင်တဲ့
သဘောနဲ့
အဝင်းရဲ့ချစ်သူကို
ကျွန်မဘက်ပါအောင်
လုပ်ခဲ့တာပါ၊
တကယ်တော့ ဒီလူဟာ
အဝင်းလို
ရိုးသားတဲ့
မိန်းကလေးရဲ့
အချစ်နဲ့
မတန်ပါဘူးရှင်
...

www.burmeseclassic.com

www.burmeseclassic.com



"ဩော်.....ဟုတ်ပါတယ်၊ အရင်းနှီးဆုံးသူငယ်ချင်းပါ၊ ဒါပေမဲ့ နောက်ဆုံးခွဲခွာခါနီး နောက်ဆုံးနှစ်ပေါ့ သူနဲ့ ညီမ စိတ်ခုစရာဖြစ်ခဲ့တယ်လေ"

"ဟင်.....ဘာပြဿနာလဲ"

"သေတဲ့လူလည်း သေသွားပြီဆိုတော့ အဝင်းကို သစ္စာဖောက်တယ်တော့မဟုတ်ဘူး၊ မေးလို့သာ ပြောပြရမှာ"

"ပြောသာပြောပါဗျာ၊ အဝင်းနဲ့ ပတ်သက်တာဆို ကျွန်တော် စိတ်ဝင်စားတယ်"

"သူနဲ့ကျွန်မ ရည်းစားပြိုင်လုဖူးတယ်"

"ဗျာ....."

ဦးသန့်ဇော်တစ်ယောက်မှာ ကားဘရိတ်ကိုပင် နင်းမိမလို ဖြစ်သွားရှာသည်။ ထိုအဖြစ်ကိုကြည့်ပြီး အမျိုးသမီးလေးမှာ ကျိတ်၍ပြုံးလိုက်မိ၏။

"ရှင်ဟာ သူ့ရဲ့ရည်းစားဦးတော့ မဖြစ်တန်ရာဘူး"

"ဗျာ...ကျွန်တော် ယုံရမှာခက်တယ်၊ သူက ကျွန်တော်သာအချစ်ဦး၊ ကျွန်တော်နဲ့ပဲ လက်ထပ်ခဲ့တာ၊ ကျွန်တော့်အပြင် သူ့မှာချစ်ရမယ့်သူမရှိဘူးလို့ ပြောခဲ့တာပါ"

"အို.....ကျွန်မစကားတွေ လွန်ကုန်တော့မယ်၊ ငယ်ကအကြောင်းတွေ ပြီးခဲ့ပါပြီရှင်၊ သေလူအပေါ် ကျွန်မတို့ သစ္စာမဲ့ရာ ကျနေပါ့မယ်၊ ရှင့်ကိုချစ်လို့ ယူခဲ့ပြီပဲ၊ ပထမရည်းစားကိုသာချစ်ရင် သူယူမှာပေါ့၊ ရှင်က သူ့အချစ်ကိုရခဲ့တဲ့သူပဲ၊ ရှင် ဘာမှဝမ်းနည်းစရာမရှိဘူး"

"အို.....ကျွန်တော်က အဝင်းရဲ့ အချစ်ကို ထာဝရယုံကြည်နေသူပါ"

"အို..ရှင်ကလည်း သူသေခဲ့ပြီပဲ၊ ကျွန်မတို့က ငယ်ဘဝလေ၊ အပျိုလူပျိုဘဝမှာ ချစ်ကြိုက်ကြတယ်၊ စိတ်ကစားကြတယ်၊ ကျွန်မလည်း ဒီလူကို တကယ်မချစ်ခဲ့ပါဘူး၊ အဝင်းလည်း မယူခဲ့ဘူး၊ ဒီလူကို ကျွန်မ လုကြိုက်တာက မိန်းကလေးချင်း မာနပြိုင်ရာက အဝင်းကိုနိုင်ချင်တဲ့သဘောနဲ့ အဝင်းရဲ့ချစ်သူကို ကျွန်မဘက်ပါအောင် လုပ်ခဲ့တာပါ၊ တကယ်တော့ ဒီလူဟာ အဝင်းလို ရိုးသားတဲ့မိန်းကလေးရဲ့ အချစ်နဲ့ မတန်ပါဘူးရှင်၊ ကျွန်မကြောင့် ဒီလူနဲ့ လွဲခဲ့ရပေမယ့် အဝင်းဘဝ ကံကောင်းခဲ့တာ၊ အဲဒီဟန်ဆောင်မှုက အဝင်းအတွက်လည်း ပါပါတယ်၊ ဒါ ပေမဲ့ သူ ကျွန်မကို အချစ်ဆုံးသူငယ် ချင်းလို့ သတ်မှတ်ထားတာ ကျွန်မ ယုံကြည်တယ်"

"တော်.....တော်ပါတော့ဗျာ၊ ကျွန်တော် မကြားပါရစေနဲ့တော့"

ထို့နောက် ဦးသန့်ဇော်ကိုအရိပ်အကဲကြည့်ရင်း ပုလဲမှာ အားရကျေနပ်နေသည်။ မကြာမီ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်သို့ ရောက်ခဲ့တော့၏။

ပုလဲမှာ ဘုရားပေါ်အရောက် သောကြာထောင့်၌ ဘုရားပန်းကပ်ကာ ဆုတောင်းနေစဉ် ဦးသန့်ဇော်မှာလည်း ပုလဲ၏အနီးထိုင်ကာ ဆုတောင်းနေသည်။ ဘေးလူများအမြင်တွင် ထူးကဲလှသော အတွဲတစ်စုံဟုသာ မြင်မိကြပေမည်။

ဦးသန့်ဇော်မှာ ဦးချပြီး၍ မိမိဘေးမှ ပုလဲအား အနီးကပ်ကြည့်ရာ နားသယ်ဆံစသည် စိမ်း၍ဝင်းဝါသော အသားအရေနှင့် လုပနနယ်သော မိန်းမလှတစ်ဦးကို ကြည့်ခွင့်ရလိုက်၏။ ဝင်းဖန့်သော မျက်နှာလေးပေါ်၌ မျက်ခွံဖောင်းဖောင်းလေးက မျက်စိမှိတ်ထား၍ အကြောစိမ်းလေးများပင် မြင်နေရသည်။ လက်ကိုင်းကွေး မျက်ခုံးမွေးက စိမ်းရွှင်နေသည်။ ဖြောင့်စင်းသော နှာတံနှင့် လိုက်ဖက်လှသည်။ ဦးသန့်ဇော်မှာ လှလွန်းသော ညှော်သည်မလေးကို မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။

"ဟင်.....အစ်ကို၊ ဆုတောင်းပြီးပြီလား"

"ဩော်.....အင်း"

ရှက်ကိုးရှက်ကန်းအမူအရာကို ပုလဲက မြင်သွားသည်။ ပြုံးပြုံးလေးလုပ်ရင်း ဦးသန့်ဇော်၏လက်ကို ဆွဲ၍ ထူလိုက်သည်။

"လာ...အစ်ကို၊ အဝင်းရဲ့မွေးနံ ထောင့်ဆီကို သွားရအောင်"

နှစ်ဦးသား လက်ကိုတွဲ၍လျှောက်နေရသည်ကို ဦးသန့်ဇော်မှာ ရှက်၍ လက်ကိုရုပ်လိုက်သည်။ သာယာကြည်နူးမိသလို ခံစားရင်း အသိတရားက ဝင် လာမိသည်။

"သွားလေ ညီမ"

"လာပါ အစ်ကိုရယ်"

ပုလဲက လက်ကိုပြန်ဆွဲရာ နုနုထွေးထွေး ပူပူနွေးနွေးအထိအတွေ့ကြောင့် ဦးသန့်ဇော်မှာ ခြေလှမ်းများ ပင်မှားနေမိပြန်သည်။

"အဲ..အဲ ရောက်ပြီလေ၊ ကြာသာပတေးနံ"

"ဩော်.....ဟုတ်သားပဲ"

ပုလဲမှာ အဝင်း၏နာမည်အရှည်မှာ ခင်ထားဝင်းဖြစ်၍ တနင်္လာနံဟုထင်

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ကြာသပတေးနံဖြစ်သည်ကို သူမ သိသလိုလို၊ ကျော်သွားသလိုလို နှင့်လုပ်ကာ ဦးသန့်ဇော်အနီး၌ ထိုင်လိုက်သည်။ အဝင်းအတွက် နှစ်ဦးသား ဆုတောင်းနေစဉ် ဒေါ်အေးမှာ တနင်္ဂနွေထောင့်တွင် ပုတီးစိတ်ရင်း ကျန်ခဲ့သည်။

"အစ်ကို....."

"ဗျာ....."

"ဘာဆုတွေတောင်းပေးသလဲ ဟင်"

"ဩော်.....ကောင်းရာဘုံဘဝ ရောက်ပါစေ၊ ဘဝဆက်တိုင်း ဆုံတွေ့ပါရစေလို့"

"ဩော်....."

ပုလဲမှာ ဦးသန့်ဇော်၏ ညှိုးငယ်နေသော မျက်နှာအားကြည့်ရင်း ဩော်ဟုသာ ပြန်တုံ့ပြန်ခဲ့သော်လည်း သူမကိုယ်တိုင် စိတ်မကောင်းဖြစ်နေမိသည်။

"အစ်ကိုရယ်"

"ဘာလဲ ညီမ"

ပုလဲမှာ ဦးသန့်ဇော်၏ လက်မောင်းအား ဖွဖွလေးကိုင်ရင်း မျက်ဝန်းအစုံကို မော့ကြည့်ရင်း ပြောလိုက်၏။

"အစ်ကို့ကို ပုလဲ အရမ်းသနားမိတယ်ရှင်"

ဦးသန့်ဇော်မှာ ပုလဲ၏ ရီဝေသော မျက်ဝန်းလေးနှင့် ချိုသာသော သံစဉ်လေးကြောင့် ရင်၌တုန်ခါသွားမိသည်။ မျက်တောင်များကိုလည်း ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်သည်။ ပုလဲ၏ကြင်နာသောအကြည့်နှင့် ရွှန်းလဲ့သောမျက်ဝန်းအစုံကို ရှောင်လွှဲမိသည်။

"သွားစို့ ညီမ"

ပုလဲအား ယုယုယယပင် လက်ကလေးဆွဲ၍ တစ်ဖန်ထူမိပြန်သည်။ အကြင်နာအရိပ်အငွေ့လေးများကြောင့် ဘုရားမှပြန်လာပြီး ရင်မောနေမိသည်။ နှစ်ဦးသား စကားမပြောဘဲ ကိုယ်စီ အိပ်ခန်းထဲသို့ဝင်၍ လှဲနေမိသည်။

ထို့နောက် ညပိုင်းတွင် ထမင်းစားပြီး အိပ်ရာဝင်ချိန် ဘုရားစင်ရှေ့၌ ပုလဲကို တွေ့ရပြန်သည်။

"ဟော..ညီမ၊ အရင်ရှိခိုးလေ"

"ပြီးပါပြီ အစ်ကို၊ အစ်ကို့ရဲ့မွေးနေ့မို့ ပန်းကပ်၊ ရေချမ်းကပ်ပြီး ဆုတောင်းပေးနေတာပါ"

"အို.....ဟုတ်လား၊ ကျေးဇူးပါဗျာ"

ဦးသန့်ဇော်တစ်ယောက် ရင်၌ထိမှန်သွားပြန်တော့သည်။

မကြာမီ ပုလဲမှာ အိမ်၏ဆည်းလည်းလေးဖြစ်လာသည်။ နံနက်စာပြင်ခြင်း၊ အလှအပ ပြုပြင်ဖန်တီးခြင်း၊ အဝတ်အစား အဆင်သင့်ပြင်ပေးခြင်း၊ ချက်ပြုတ်စီမံပေးခြင်းတို့၌ ပုလဲ၏ အရည်အသွေးကို တွေ့မြင်နေရသည်။ အိမ်သည် ယခင်ကကဲ့သို့ ခြောက်ကပ်မနေဘဲ သန့်ရှင်းသာယာလှပနေ၏။ ပုလဲမှာ အလုပ်ပင်ပန်းမှုကြောင့် နွမ်းနယ်နေရာမှ ဖျားလေတော့သည်။ ထိုအဖျားကြောင့် ဦးသန့်ဇော်ရော ဒေါ်အေးပါ အိပ်ရေးပျက်ကြရသည်။

ကယောင်ကတမ်းနှင့် အဖျားတက်နေသော ပုလဲ၏ကိုယ်လေးကို ပွေ့ရင်း ယုယကြင်နာစွာပြုစုပေးနေမိသည်။ မိမိကိုယ်ကိုလည်း အပြစ်တင်နေမိသည်။ ထို့နောက် မိန်းမလှလေးကို ငေးမောကြည့်ရှုနေမိပြန်သည်။ ယင်းနောက် ကိုယ့်အခန်း၌ ပြန်အိပ်သည်။ နံနက်လင်းသော် ဒေါ်အေးနှင့် တွေ့သည်။

"ဒေါ်အေး ပုလဲသက်သာလား၊ ညကရော အိပ်နိုင်ရဲ့လား"

"အင်း.....အဖျားမရှိသလောက်ပါပဲ၊ အားလေးရှိဖို့ပါပဲ၊ ညက အိပ်နိုင်ပါတယ်၊ ထပြီးတော့ ယောင်နေသေးတယ်၊ မင်းနာမည်လည်း အော်ခေါ်နေရဲ့၊ လန့်သွားတာပဲ"

"ဗျာ....."

ဦးသန့်ဇော်မှာ အားကိုးရာမဲ့နေသော ပုလဲကို ကိုယ်ချင်းစာ သနားမိသည်။ မိမိလို ဘဝချင်းတူသူလေးဖြစ်သည့်အပြင် မိန်းမသားမို့ ပိုမိုအားငယ်နေမည်ကိုသိပြီး ပြန်နှင်ရန် ခက်နေတော့သည်။

"ဒေါ်အေး"

"ရှင်"

"ကျွန်တော့်ကို ကော်ဖီတစ်ခွက် ဖျော်လာပေးပါ"

ဦးသန့်ဇော်မှာ ဒေါ်အေးအားပြောပြီး ပုလဲ၏အခန်းသို့ ဝင်ခဲ့သည်။ ပုလဲမှာ အိပ်ရာမှမထသေးပေ။ ဦးသန့်ဇော်က ပုလဲ၏နဖူးအား လက်ဖြင့်အသာအယာစမ်းကြည့်ရာ ပုလဲမှာ မျက်လုံးပွင့်လာပြီး ဦးသန့်ဇော်အား တစ်အားဖက်ထားလိုက်သည်။

"အို.....ပုလဲ...ပုလဲ၊ အစ်ကိုပါ"

"အစ်ကို မသွားပါနဲ့၊ ဟိုအဝေးကြီးကို ထွက်သွားတယ်လို့ အိပ်မက်မက်တယ်၊ ပုလဲလေ ငိုလိုက်ရတာ အစ်ကိုရယ်"

ပုလဲမှာ ဦးသန့်ဇော်ရင်ခွင်ထဲ၌ ခေါင်းလေးဝှေ့ကာ ကလေးတစ်ဦးသဖွယ် ငိုနေရှာသည်။ ဦးသန့်ဇော်၏ ရင်ခွင်နှင့် မျက်နှာတစ်ဝိုက်တွင် ပုလဲ၏ နှ

www.burmeseclassic.com

www.burmeseclassic.com



ထွေးသော ဆံစများက ကလူကျီစယ်နေသည်။

"ပုလဲ.....ပုလဲ ပြန်အိပ်နော်"

ဒေါ်အေးလာမည်စိုး၍ ပုလဲကို အတင်းပြန်လှဲပြီး စောင်ခြုံပေးလိုက်သည်။ ရင်မှာ တလုပ်လုပ်တုန်နေသလို ခြေလက်တို့လည်း တုန်ယင်နေသည်။ မိမိအခန်းထဲသို့ ပြေးဝင်ပြီး တဒိန်းဒိန်းခုန်နေသောရင်ကိုစမ်း၍ အဓိပ္ပာယ်မဲ့ လမ်းလျှောက်နေမိသည်။

နောက်တစ်နေ့နံနက်တွင် အိတ်ကလေးကိုဆွဲ၍ ဧည့်ခန်းထဲသို့ဝင်လာသော ပုလဲကိုကြည့်ရင်း အံ့အားသင့်နေမိသည်။

"ပုလဲ"

"ရှင်"

"မင်း ပြန်တော့မလို့လား"

"နှင်တဲ့သူက နှင်နေပြီပဲ၊ အရိပ်သုံးပါးကို နားလည်ပါတယ် အစ်ကို"

"မင်း ဘယ်သွားမှာလဲ"

"မသိဘူး အစ်ကို"

ပုလဲမှာ နှုတ်ခမ်းလေးစူကာပြောပြီး ကလေးငယ်ပမာ မျက်ရည်ပူများ လိမ့်ဆင်းလာပြီး ဦးသန့်ဇော်၏ရင်ခွင်ထဲသို့ ပြေးဝင်ကာ ငိုချလိုက်သည်။

"ပုလဲ.....ပုလဲ၊ မငိုပါနဲ့ကွာ"

"နှင်တဲ့လူက နှင်မှတော့ ပုလဲပြေးရတော့မှာပါ အစ်ကိုရယ်"

"ပုလဲကို မနှင်ရက်ပါဘူး၊ ချစ်စရာကောင်းပြီး ကြင်နာတတ်တဲ့ ပုလဲရဲ့ အပြုအစု အယုအယတွေကို အစ်ကို စွန့်လွှတ်ရမှာ ဝန်လေးနေပါတယ်"

"တကယ်တော့ ပုလဲလေ အစ်ကို့ကို သနားတယ်၊ အစ်ကို့အနားမှာ ပြုစုချင်တယ်၊ အစ်ကို့အတွက် အဖြည့်ခံဘဝနဲ့ နေပေးချင်တယ် အစ်ကို"



"ဩော်...ပုလဲရယ်၊ အစ်ကို့ရင် မှာ ဒုတိယဖြစ်ထွန်းလာတဲ့ အချစ်ဟာ ပုလဲအတွက် ဖြစ်နေပြီထင်တယ်"

"အစ်ကို ဘာပြောလိုက်တာလဲ ဟင်"

"ဩော်.....ပုလဲဆိုတဲ့ ကောင်မလေး၊ တစ်ကောင်ကြွက်မလေးကို တစ်ကောင်တည်းသော ကြွက်ဖိုကြီးက ချစ်မိနေပြီလို့"

"ဟင်း.....ဟင်း.....ဟင်း"

လက်သီးဆုပ်နုနုလေးက ဦးသန့်ဇော်၏ရင်ကို ထုကာထုကာဖြင့် ခေါင်းနှင့်ဝှေ့ကာ ကျီစယ်နေသော ပုလဲ၏ ကိုယ် နုနုထွေးထွေးကို ဦးသန့်ဇော်တစ်ယောက် ကျစ်ကျစ်ပါအောင် ဖက်ထားမိပါတော့သည်။

+ + +

'သတင်းစာ'

နံနက်တိုင်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများကို အငမ်းမရကြည့်ရှုတတ်သောအလေ့မှာ ပုလဲ၏အကျင့်ဖြစ်သည်။ အထူးသဖြင့် နာရေးကြော်ငြာကို ဂရုတစိုက်ဖတ်တတ်သည်မှာ အပျိုဖော်ဝင်စအရွယ်လေးကတည်းကပင်ဖြစ်သည်။ ယခုလည်း သူဖတ်၍ ညှပ်ကာ သိမ်းထားခဲ့ဖူးသော သတင်းဖြတ်ပိုင်းလေးကို ဒိုင်ယာရီစာအုပ်ကြားထဲမှယူ၍ ပြန်ကြည့်မိသည်။ ပထမစာ

www.burmeseclassic.com

ရှက်မှာ မန်းနေးဂျင်းဒါရိုက်တာ ဦးကျော်သူ၏ဇနီး ကွယ်လွန်ကြောင်း၊ ဒုတိယဖြတ်ပိုင်းမှာ ဆန်စက်ပိုင်ရှင်နှင့် သစ်လုပ်ငန်းရှင်ကြီး ဦးနေလ၏ဇနီးနာရေး၊ တတိယဖြတ်ပိုင်းမှာ --ဦးစီး ဦးသန့်ဇော်၏ဇနီး မခင်ထားဝင်း၏ နာရေးကြော်ငြာဖြစ်သည်။ ဤနာရေးများသည် ပုလဲနှင့် ပတ်သက်ခဲ့ကြသည်။ နောက်ဆုံးနာရေးကို အသေအချာဖတ်၍ ဦးသန့်ဇော်၏ကိုယ်ရေး၊ မခင်ထားဝင်း၏ကိုယ်ရေး၊ ဆွေမျိုးဇာတိ၊ နေရပ်၊ အခြေခံ ပတ်သက်ရာအကြောင်းအားလုံးကို လေ့လာပြီးမှ ဦးသန့်ဇော်ထံသို့ ပုလဲရောက်လာခြင်းဖြစ်သည်။ ပုလဲမှာ ထိုဖြတ်ပိုင်းလေးကိုကြည့်ပြီး မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်သည်။ ယင်းနောက်တစ်ဦးတည်း အားရပါးရ ရယ်ချလိုက်သည်။

ထိုစဉ် 'ချွတ်ခနဲ'အသံတစ်ခုကို ကြားရသောကြောင့် ထိတ်လန့်သွားပြီး ဖြတ်ပိုင်းလေးများကို ဒိုင်ယာရီစာအုပ်အတွင်း ကပျာကယာထည့်ကာ စာအုပ်ကို သိမ်းလိုက်လေသည်။ ယင်းနောက် အခန်းဝသို့ ခြေသံကိုဖော့နင်းကာ အပြင်သို့ ချောင်းကြည့်လိုက် သည်။ ဘာမျှမထူးခြားသဖြင့် ကျွန်တော် မပျက်ထွက်ခဲ့လေသည်။ ထမင်းစား ခန်းထဲ၌ ဦးသန့်ဇော်မှာ ငူငူကြီးထိုင်နေသည်ကိုတွေ့လိုက်ရ၍ ရုတ်တရက် မလုံမလဲဖြစ်သွားသည်။

"ဟင်...အစ်ကို၊ ဘာဖြစ်လို့လဲဟင်"

မမေးရဲမေးရဲဖြင့် အရဲစွန့်ကာ မေးလိုက်သည်။ ဦးသန့်ဇော်မှာ မျက်လုံးစိမ်းကြီးများဖြင့် တစ်ချက်ဝင့်ကြည့်လိုက်ရာ ပုလဲမှာ လိပ်ပြာလွင့်မတတ် လန့်သွားသည်။

"ပုလဲ အစ်ကို အလုပ်ထွက်လိုက်ပြီ"

ပုလဲမှာ အံ့အားသင့်သွားသည်။ မိမိလက်ထပ်တော့မည့်သူမှာ ရာထူးရှိစေချင်သည်။ စည်းစိမ်ချမ်းသာ ရှိစေချင်သည်။ အထူးသဖြင့် မိမိမှာ မွေးကတည်းက ကတော်ဆယ်ပါး တစ်ပါးပါသည်ဟု ဗေဒင်ကဟောသည်။ ရုပ်ချော၍ အပျိုဖြစ်လာချိန် လူများက 'ကတော်ရုပ်'ကလေးဟုဆိုသည်။ မိမိကိုယ်၌က အိပ်မက်လှလှလေးများ စိတ်ကူးယဉ်ကာ မက်ခဲ့ဖူးသည်။ ကားနှင့်၊ ရာထူးနှင့်ကိုကိုသာ သူ့ချစ်သူဖြစ်ရမည်။ သာမန်ဘဝတူ လူပျိုများက ချစ်ရေးဆိုလာလျှင် "ဘူဘူချင်းတော့ မမှုတ်ချင်"ဟုဆိုသည်။

မိမိဘဝက နုံချာခဲ့သည်။ ဆင်းရဲမှုဒဏ်ကိုကြောက်သည်။ ချမ်းသာချင်သည်။ ကတော်ဖြစ်ချင်သည်။ အထက်တန်းလွှာလုပ်ချင်သည်။ အမေ့ကိုမကျေနပ်၊ အဖေ့ကိုမကျေနပ်။ ဆင်းဆင်းရဲရဲနှင့် သေဆုံးခဲ့ရသော မိဘနှစ်ပါးကိုပင် အပြစ်တင်ချင်သည်။ ထို့ကြောင့် တစ်ကိုယ်တည်းဘဝကို နာကြည်းကာ ချမ်းသာရေးကို တွေးတောကြံစည်နေသူဖြစ်သည်။

ယခု မိမိကိုချစ်၍ လက်ထပ်မည့် ချစ်သူသည် ရာထူးရှိပါလျက် အလုပ်ကထွက်သည်ဆို၍ မကျေနပ်မှုဖြစ်ရသည်။ ထိုစိတ်က ပုလဲ၏အသိစိတ်ကို လွှမ်းမိုးထားရာ သိတတ်စအရွယ်ကပင် သူဌေးဖြစ်ချင်နေ၍ ဘဝင်ရူးမလေးဟု အများက ခေါ်ခဲ့ကြသည်။

"ပုလဲက အစ်ကိုရာထူးမရှိတော့ လက်မထပ်ချင်တော့ဘူးလား"

"အစ်ကိုရယ် ဒီလိုတော့မဟုတ်ပါဘူး"

"အင်း.....အစ်ကိုက ပုလဲနဲ့ လွတ်လွတ်လပ်လပ်နေပြီး လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်ချင် တယ်၊ ပုလဲအတွက်ပါ"

"ဘာ.....ပုလဲအတွက်"

ပုလဲမှာ လန့်၍ပင်အော်မိသည်။ ဦးသန့်ဇော်မှာ ပုလဲ၏အမူအရာကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ပုလဲမှာ ဦးသန့်ဇော်၏စကားကြောင့် မိမိ၏မုန်းချက်နှင့် နှမ်းထွက်မကိုက်သလို ဖြစ်နေသည်။ စိတ်ထဲ၌ အလိုမကျဖြစ်နေသဖြင့် မျက်နှာကြီးမည်းနေသည်။ ပုလဲ လိုချင်သည်မှာ အရာရှိကတော်၊ သူဌေးကတော်၊ အသိုင်းအဝိုင်းနှင့်။ ယခုအခါ ရာထူးရော၊ အသိုင်းအဝိုင်းပါစွန့်သည့်သူနှင့် လက်ထပ်ရန် ဝန်လေးနေမိသည်။

ပုလဲမှာ စကားပင် လုံးဝမဟနိုင်တော့ဘဲ အခန်းအောင်းနေတော့သည်။

"ပုလဲရေ.....ပုလဲ၊ အိပ်ပြီလားကွဲ"

ည ၈ နာရီခန့်တွင် ဒေါ်အေးက သံပရာရည် လာပို့သည်။ ပုလဲမှာ သံပရာရည်ကို နှစ်ငြိုက်စွာသောက်ပြီး ဒေါ်အေးအား စကားစလိုက်သည်။

"ဒေါ်အေး ခဏထိုင်ပါဦး"

"အေး.....ပြော၊ မိန်းကလေး"

"ဒီလိုပါ၊ ဒေါ်အေးက ဒီအိမ်ရဲ့ အကြောင်း သိပြီးသားမို့ ပုလဲကို ကူညီပါ"

www.burmeseclassic.com

www.burmeseclassic.com

"အေး.....ပြောလေ"

"အစ်ကိုနဲ့ပုလဲအကြောင်းကို ဒေါ်အေးလည်း သိနေမှာပါ၊ အစ်ကိုက ပုလဲကို လက်ထပ်ဖို့ ပြောပြီးပြီလေ"

"အင်း.....ငါလည်း သံယောဇဉ် ရှိပါတယ်၊ သဘောတူပါတယ် ပုလဲ ရဲ့"

"ကျေးဇူးပါပဲ အဒေါ်ရယ်၊ ပုလဲက မိန်းကလေးပါ၊ လက်ထပ်ရမယ့် ယောကျ်ားတစ်ဦးရဲ့အကြောင်း အသေအချာ သိချင်လို့ပါ၊ သူက အလုပ်ထွက်ပစ်တယ်ဆိုလို့ စိတ်ထဲတစ်မျိုးပဲ ဒေါ်လေးရယ်"

"ဟာ.....အလုပ်ထွက်တာမှန်တယ်၊ သူက ဒီအလုပ်ကို ထွက်ချင်တာကြာပြီ၊ သူ့မိန်းမထားခဲ့တဲ့အတွင်းပစ္စည်းတွေက ဒီတစ်သက် စားမကုန်ဘူး၊ နောက်ပြီး အသေးစားစက်မှုလုပ်ငန်းတွေလည်း အုပ်ချုပ်ရဦးမှာ၊ ရော်ဘာနဲ့ ဆီအုန်းခြံတွေလည်း ရှိနေသေးတယ်၊ အလုပ်ထွက်တာကောင်းတယ်"

"ဟင်.....တကယ်လားဟင်"

"တကယ်ပေါ့၊ ညည်း စိတ်ကူးမလွဲနဲ့"

"ဟား....."

ဒေါ်အေးပြန်သွားပြီးနောက် တစ်ဦးတည်း ပီတိဖြစ်ကျန်ခဲ့သူမှာ ပုလဲပင်ဖြစ်ပေသည်။

"ငါ့အိပ်မက် တကယ်နိုးထလာ ပြီ ရွှေအိုရောင်အိပ်မက်တွေ တကယ်ဖြစ်လာပြီ၊ ဟီ.....ဟိ"

+ + +



"

အဲဒီအမျိုးသမီးက မစန်းစန်းမြင့် ခေါ် ပုလဲပါ၊
သူက အရင်အိမ်ထောင်သည် စက်သူဌေးဆီက
ရွှေတွေခိုးယူလာမှုနဲ့ တိုင်ထားလို့
သတင်းအရ လာစုံစမ်းတာပါ၊ အဲဒီအမျိုးသမီးက
အရင်အိမ်ထောင်နဲ့ကွာပြီး
စက်သူဌေးနဲ့ ထပ်အိမ်ထောင်ပြုတာပါ၊
သိပ်ကြီးပွားချင်တဲ့မိန်းကလေးလို့ ပြောကြတယ်...

နောက်တစ်နေ့နံနက်တွင် ကြည်ကြည်လင်လင် နိုးထလာပြီး ဦးသန့်ဇော်အား အထူးပင် ဂရုတစိုက် လုပ်ကိုင်ပေးတော့သည်။

"အစ်ကို ပဲပြုတ်နဲ့ထမင်းကြော် ကိုကြက်ဥကြော်လေး အုပ်ထားတယ်၊ လက်ဖက်ရည်က ချိုဆိမ့်လေးပဲဖျော်ပေးထားတယ်"

"ကြိုက်ပါတယ်ဗျား၊ ခုဆို ပုလဲရဲ့လက်ရာကို စွဲနေပြီမို့ ထွက်ပြေးမှာတောင် ကြောက်နေရတယ်ဗျာ"

"အို...ပုလဲက အစ်ကို့ကို ဘယ်တော့မှမခွဲဘူး၊ အစ်ကိုသာ ပုလဲကို တစ်နေ့မှာမုန်းသွားမှာ အရမ်းစိုးကာ"

"မစိုးရိမ်ပါနဲ့ဗျာ၊ ကျုပ်ကသာ ရင်ကွဲဘူးတော့ ကြောက်နေတာ"

"အစ်ကို....."

"ဟင်.....ဘာလဲ"

"ပုလဲလေ လက်မထပ်ခင် တောင်ကြီးကို ခဏပြန်ဦးမယ်"

"ဗျာ..အစ်ကိုလိုက်ပို့မယ်လေ"

"အို.....ဟင့်အင်း၊ မပို့နဲ့၊ လက်မထပ်ရသေးဘဲ သူစိမ်းတစ်ယောက်ကို ခေါ်မသွားချင်ဘူး၊ ဆွေမျိုးတွေက ကဲ့ရဲ့မှာ"

ပုလဲ၏ ဟန်ပါပါအမူအရာလေးကြောင့် ဦးသန့်ဇော်မှာ မနောခွေ့သွားသည်။

"ကောင်းပါပြီဗျာ"

ပုလဲနှင့်စကားပြောအပြီး ဦးသန့်ဇော်မှာ အပြင်သို့ထွက်ခဲ့လေသည်။ ပုလဲမှာ ဈေးသို့သွားမည်ဖြစ်သည်။ ဦးသန့်ဇော်မှာ အပြင်သို့ရောက်မှ ကိုက်ဆံအိတ်ကျန်ခဲ့၍ တစ်ခေါက်ပြန်ခဲ့ရသည်။ အိပ်ခန်းအသီးသီးတွင်ရှာပြီး ပုလဲအခန်း

www.burmeseclassic.com

တွင်များ ထားမိလေသလားဟု ဝင်ကြည့်မိသည်။ ပုလဲအိပ်ရာ၏ ခေါင်းအုံးအောက်သို့ လှန်ကြည့်ရာ သော့တွဲလေးတစ်ခုတွေ့ရသည်။ သို့သော် သူရှာသောပစ္စည်းမဟုတ်၍ ပြန်ချထားလိုက်သည်။ ယင်းနောက်မှ တစ်ချိန်ကအကြောင်း ပြန်တွေးမိသည်။ တစ်ချိန်က အခန်းထဲ၌ သတင်းစာဖြတ်ပိုင်းများကို ပုလဲကဖတ်နေစဉ် ဦးသန့်ဇော်က ချောင်းကြည့်မိခဲ့သည်။ ထိုအချိန်က ပုလဲ၏မျက်နှာအနေအထားနှင့် အပြုအမူတို့သည် သံသယဖြစ်စရာဖြစ်၍ သော့တွဲကိုပြန်ကောက်ယူကာ သူမ၏ အတက်ချီကေ့စ်ကို ဖွင့်လိုက်သည်။

ဒိုင်ယာရီစာအုပ်လေးအတွင်းမှ ရှေ့ဆုံးစာမျက်နှာအတွင်း သတင်းစာဖြတ်ပိုင်း သုံးခုကို တွေ့လိုက်ရသည်။ သူ့ဇနီး၏ နာရေးကြော်ငြာပါတွေ့ရာ တွေးကြည့်လိုက်မိသည်။

“သြော်.....သူ့ငယ်သူငယ်ချင်း မို့အမှတ်တရသိမ်းထားတာဖြစ်မယ်၊ ကျန်တဲ့ဖြတ်ပိုင်းတွေက သူနဲ့နီးစပ်ရာလူတွေထင်ပါရဲ့”

ထိုမျှသာ တွေးတောမိသည်။ ဒိုင်ယာရီစာအုပ်ကိုဖွင့်၍ လှန်လှောကြည့်ရာ စာသားများမှာ မြင့်မားသောဘဝကို ရည်ရွယ်ထားကြောင်း ကဗျာလေးများ၊ ရှေးပညာရှိတို့ အဆုံးအမများသာတွေ့ရပြီး တစ်မျက်နှာ၌ စာကြောင်းလေးတစ်ခုကို ဖတ်လိုက်ရသည်။

“အချစ်ဆိုတာ အစ်ကိုနဲ့ကျမှသိသာရတယ်”

ထို့နောက် အတက်ချီကေ့စ်၏ အောက်ပိုင်း၌ သေတ္တာလုလုလေးတစ်လုံးကိုတွေ့လိုက်ရသည်။ ဖွင့်ကြည့်ရာ စိန်ဆွဲသီးတစ်ခု၊ စိန်လက်ကောက်တစ်ရံ၊ စိန်လက်စွပ်တစ်ကွင်း၊ ပတ္တမြားနားကပ်တစ်ရံ၊ နီလာဆွဲကြိုး၊ ပုလဲလက်စွပ်နှင့် ရွှေသုံးကျပ်သားခန့်ရှိ ဆွဲကြိုးတစ်ကုံးကို တွေ့လိုက်ရသည်။

ဦးသန့်ဇော်တစ်ယောက်မှာ ပုလဲသည် အဆင့်ရှိသော၊ ဥစ္စာရှိသော မိဘများမှ ပေါက်ဖွားလာပုံရသည်။ ဆင်းဆင်းရဲရဲမဟုတ်ကြောင်း တွေးလိုက်မိပြီး ပြုံးမိလိုက်ပြန်သည်။

“ငါယူမယ့်မိန်းကလေးက မဆိုးပါဘူး”

ဤသို့အတွေးဖြင့် ပျော်သွားပြီး အပြင်ဘက်သို့ ပြန်လည်ထွက်လာခဲ့ပေတော့သည်။ ပုလဲနှင့် ပုလဲ၏ရတနာများက ဦးသန့်ဇော်၏ရင်ကို ချမ်းမြေ့စေခဲ့ပြန်ပါသည်။

ပုလဲခရီးထွက်သွားအပြီး အိမ်မှာ ယခင်ကအတိုင်း ခြောက်သွေ့သွား၏။ တိတ်ဆိတ်လွန်း၍ ဦးသန့်ဇော်မှာ မနေတတ်ဖြစ်နေရှာသည်။ ပုလဲရှိစဉ်က သူ၏ရယ်မောသံ၊ သီချင်းသံ၊ လှုပ်ရှားသံလေးများက သူ၏ဝေဒနာကို သက်သာစေပြီး သာယာခဲ့ပါသည်။

ပုလဲကို ယခင်ကနှင်ခဲ့ပုံ ခပ်ကြမ်းကြမ်း ပြောဆိုခဲ့ပုံကိုတွေး၍ နောင်တရနေမိသည်။ အဝင်းရှိစဉ်က မိမိမှာ အဝင်း၏အလိုကို လိုက်ခဲ့ရသူဖြစ်သည်။ ယခုမူ မိမိအလိုဆန္ဒမှန်သမျှကို ပုလဲက နားလည်သည်။ လိုလေသေးမရှိ လုပ်ကိုင်ပေးသည်။ သူ၏ယုယမှုက အဝင်းထက်ပိုကဲသည်ဟု ထင်မိသည်။ အဝင်းကိုချစ်သည့်အချစ်က အားငယ်ခြင်း၊ အားကိုးခြင်း၊ သည်းခံခြင်း၊ ညှာတာခြင်းများဖြင့် ချစ်ခဲ့ရသည်။ ပုလဲကို ချစ်သည့်အချစ်က ကလေးငယ်လို အပြုအစု ခံယူချင်နေသည်။ သူမထံမှ အကြင်နာ၊ ဂရုစိုက်မှုကို မကြောင့်မကြ ရယူနေရသည်။ အမြဲအဆင်သင့်မို့ သခင်လိုအချစ်မျိုး ချစ်ရသည်။ အချစ်နှစ်ခု ကွာခြားပုံကို ဦးသန့်ဇော် လေ့လာမိသည်။

“ပုလဲဟာ ထူးခြားတဲ့ မိန်းမသားတစ်ဦးပဲ”

ဦးသန့်ဇော်မှာ မိမိနှလုံးသားကို မညာချင်ပါ။ သူနှင့်ပတ်သက်ခဲ့ဖူးသော မိန်းမနှစ်ဦး၏ ချစ်ပုံချင်း မတူညီ။ ပုလဲကို ပို၍သဘောတွေ့သည်။ သို့သော် အဝင်းအပေါ် သံယောဇဉ်ကြီးလှသည်။ အဝင်းကား အေးဆေးသည်။ မိမိအပေါ် အမြဲအနိုင်ယူ၍ နွဲ့ဆိုးဆိုးသည်။ ပုလဲကား အစ်မတစ်ဦးသဖွယ် အစစပြုစုသည်။ မိန်းမတစ်ဦး၏ ဆွဲဆောင်မှု အပြည့်ရှိသည်။ အားကိုးအားထားပြုစရာကောင်းလှသည်။ သွက်လက်၍ ထက်မြက်ပုံရသည်။

ပုလဲ၏အသံ ချိုမြမြလေးမှာ ရင်ထဲ၊ နားထဲမှမထွက်။ သွေ့ခြောက်ခြောက်နိုင်လှသော မိမိအိမ်ကို မိမိပင် မနေတတ်ဘဲ တောင်မြောက်လေးပါး ငေးမောရင်း တွေးတောနေမိသည်။ ဘုရားပန်းရနံ့ သနပ်ခါးနံ့ သင်းသင်းလေးများ မရှူရှိုက်ရသည်မှာ တစ်ပတ်ပင်ပြည့်တော့မည်။ အလုပိုင်ရှင်မလေး၏ အရိပ်အယောင်ပင် မတွေ့ရ၍ စိတ်လေးနေမိသည်။ ထမင်းပွဲတွင်လည်း အနားမှာ အရိုးထွင်ပေး၊ အသားနွှာပေးသူလေးမရှိ။ ပုလဲ၏ ကိုယ်သင်းရနံ့လေးများကို အောက်မေ့လေးတရင်း

www.burmeseclassic.com

www.burmeseclassic.com


ရင်ထဲ၌ နာနာကျင်ကျင် ခံစားလာမိသည်။

"သိပ်ချစ်တယ် ပုလဲရယ်၊ ပုလဲကို တစိမ်းဆန်ဆန် ဆက်ဆံမိခဲ့တာလေးတွေတွေးပြီး စိတ်မကောင်းဖြစ်မိတယ်၊ ပုလဲဟာ အစ်ကို့ဘဝအတွက် ကွက်လပ်ဖြည့်ပေးသူလေးပါ၊ ပတ်ဝန်းကျင်က ပြောချင်တာ ပြောပါစေတော့၊ အစ်ကို ပုလဲကို ထာဝရလက်တွဲဖို့ စောင့်နေပါတယ်"

"ဦးသန့်ဇော်...တံခါးဖွင့်ပါဦးဗျ"

အိမ်ရှေ့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏အသံကြောင့် တံခါးဖွင့်လိုက် သည်။ ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်အချို့ ကိုပါ တွေ့လိုက်ရသည်။

"ဘာကိစ္စရှိလို့လဲ အုပ်ချုပ်ရေးမှူးရဲ့"

"ခင်ဗျားကိုတော့ အားနာပါတယ်ဗျာ၊ မေးစရာလေးရှိလို့ပါ"

"မေးပါဗျာ"

"ခင်ဗျားအိမ်မှာ အမျိုးသမီးတစ်ဦး ရောက်နေတယ်ကြားတယ်"

"ဟုတ်ကဲ့၊ အမျိုးသမီးတစ်ဦး တော့ရောက်နေတယ်၊ အခုမရှိဘူး၊ နာမည်ကရောဗျာ"

"နာမည်က မစန်းစန်းမြင့်တဲ့၊ အသက်ကတော့ ၂၈ နှစ်လောက်ရှိတယ်၊ လှလှချောချောပဲဗျ"

"ဟင်.....မစန်းစန်းမြင့်တော့မရှိဘူးဗျ၊ ပုလဲဆိုတာပဲရှိတယ်"

ထိုစဉ် ရဲအရာရှိက ဝင်၍ပြော၏။

"ဒီလိုပါခင်ဗျာ၊ အဲဒီအမျိုးသမီးက မစန်းစန်းမြင့် ခေါ် ပုလဲပါ၊ သူက အရင်အိမ်ထောင်သည် စက်သူဌေးဆီက ရွှေတွေခိုးယူလာမှုနဲ့ တိုင်ထားလို့ သတင်းအရ လာစုံစမ်းတာပါ၊ အဲဒီအမျိုးသမီးက အရင်အိမ်ထောင်နဲ့ကွာပြီး စက်သူဌေးနဲ့ ထပ်အိမ်ထောင်ပြုတာပါ၊ သိပ်ကြီးပွားချင်တဲ့မိန်းကလေးလို့ ပြောကြတယ်"

"ဗျာ....."

ဦးသန့်ဇော်မှာ မတ်တတ်ရပ်နေရာမှ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။ လက်နှင့်ခြေများ တုန်နေသကဲ့သို့ သူ၏နှလုံးသားများ တဆတ်ဆတ်တုန်နေသည်။ ရင်ထုမနာဖြစ်ခြင်း၊ နာကြည်းခြင်း၊ ရှက်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ ရောထွေးနေသော ဝေဒနာဆိုးကြီးက ပြင်းထန်စွာ ဆောင့်တွန်းလိုက်သကဲ့သို့ တလှပ်လှပ်ခံစားနေရသည်။ သူ့မျက်စိထဲ၌ ပုလဲ၏ရတနာများက သူ့အတွေးကို ပို၍ထင်ဟပ်စေပြန်၏။

"ဒီရတနာတွေ ခိုးလာတာဖြစ်မယ်"

ယင်းနောက် စိတ်ကိုမနည်းထိန်း၍ ရဲအရာရှိအား ပြန်မေးမိသည်။

"သူက တောင်ကြီးကလို့ပြောပါတယ်၊ သူ့မှာ လက်ရှိယောကျ်ားကြီးနဲ့ပေါ့နော်"

"ဟုတ်ပါ့ဗျား"

"ဗျာ.....ကျွန်တော့်အမျိုးသမီးရဲ့ သူငယ်ချင်းပါ၊ ဒုက္ခရောက်လာလို့ပါဆိုပြီး ကျွန်တော့်အိမ်မှာ ခဏနေခွင့်တောင်းခဲ့တာပါ"

ထိုသို့ ဟန်လုပ်၍သာ ပြောရသော်လည်း ဦးသန့်ဇော်မှာ ကြက်သီးမွေးညင်းများထမိသည်။ မိမိယူတော့မည့် မိန်းမသားမှာ လက်ရှိလင်နှင့်။ ထို့အပြင် ပစ္စည်းဥစ္စာ ခိုးလာသူ။ မိမိမှာ မယားခိုးနှင့် သူခိုးလက်ခံဖြစ်တော့မည့်အရေးကြောင့် ပုလဲအပေါ် စိတ်နာမိသည်။ သူမ၏ ဟန်ဆောင်မှုကိုလည်း မုန်းတီးမိသည်။ မိမိကိုယ်မိမိလည်း ခွင့်မလွှတ်နိုင်ဘဲ ရှက်ရွံ့နေမိသည်။ မျက်နှာပြင်ပေါ်တွင် ချွေးသီးချွေးပေါက်များပင် စို့လာသည်။

ထိုအချိန် အိမ်ရှေ့ခြံဝင်းတံခါးမှ ပုလဲမှာ ပြုံးရွှင်သောမျက်နှာလေးဖြင့် ဝင်လာသည်။

"အစ်ကိုရေ...အစ်ကို၊ ဟင်..."

နုနယ်လှပသော ပုလဲ၏မျက်နှာလေးမှာ ရဲတပ်ဖွဲ့ဝင်များအား တွေ့မြင်သွားပြီးနောက် ထိတ်လန့်တုန်လှုပ်စွာ ပြန်ပြေးမည်အပြုတွင် ရဲအရာရှိက ဟန့်တားလိုက်သည်။

"ရပ်၊ မပြေးပါနဲ့ မစန်းစန်းမြင့်"

ပုလဲမှာ ခြေလှမ်းများရပ်တန့်ပြီး ပြန်လှည့်လိုက်ရာ လငပုပ်ဖမ်းထား သောမျက်နှာကြီးနှင့် ရှုံ့ရှာမုန်းတီးသောအကြည့်ဖြင့်ကြည့်နေသူ ဦးသန့်ဇော်ကို မြင်လိုက်ရသည်။

"အစ်ကို.....အစ်ကို"

"ကျုပ်ကိုမခေါ်ပါနဲ့၊ ခင်ဗျားရဲ့ လှည့်ကွက်နဲ့ ကျားကွက်တွေမှာ ကျုပ်မူးနေပါပြီဗျာ"

"ရှင်းပြပါရစေဦး အစ်ကိုရယ်"

"မရှင်းနဲ့ဗျာ၊ မကြားချင်ဘူး၊ ခင်ဗျားကြောင့် ကျုပ် အရှက်တကွဲအကျိုးနည်း ဖြစ်ရတော့မလို့၊ ခင်ဗျားက ပိုင်းလုံးမပဲဗျ"

"အစ်ကို ညီမကို အရမ်းမပြောပါနဲ့ အစ်ကိုရယ်၊ ညီမ ခွင့်လွှတ်ပါ တယ်၊ ညီမဘဝက ကောင်းမှုမကောင်းခဲ့တာဘဲ၊ ညီမရဲ့အိပ်မက်တွေနဲ့ ဖြစ်ရပ်တွေက တခြားစီပါ အစ်ကို၊ ညီမ

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက
ပြင်းပြတဲ့ဆန္ဒတစ်ခုကြောင့်
အတ္တလောဘကြီးပြီး
ဘဝကို ဖန်တီးချင်သလို
ဖန်တီးခဲ့တဲ့သူပဲ၊
လုပ်ချင်ရာလုပ်၊
ဖြစ်ချင်ရာဖြစ်
ဆန္ဒရဲ့စေခိုင်းရာ
လုပ်ခဲ့ပေမယ့် မင်းရဲ့
အသိတရားရလာတဲ့အချိန်၊
မင်းမှာစစ်မှန်တဲ့ခံယူချက်တွေ
ရှိလာတဲ့အချိန်
မင်းမှာ ပြင်လို့မရတော့တဲ့
အမှားကြောင့်。。

ဖြစ်ချင်တဲ့ဆန္ဒ၊ ညီမဘဝအတွက် အလို အပ်ဆုံးအရာတွေက အစ်ကို့ဆီမှာ ရှိခဲ့တာပါ''

''မပြောပါနဲ့လားဗျာ''

ဦးသန့်ဇော်မှာ နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ကာ ခေါင်းခါယမ်းလျက် ရှိသည်။

''အစ်ကိုရယ် ပုလဲကို နောက်ဆုံးပြောပြခွင့်ပေးပါရှင်၊ ညီမလေ ချမ်းသာချင်ခဲ့တယ် အစ်ကို၊ ညီမဘဝက အရမ်းဆင်းရဲခဲ့တာပါ၊ ဒါကြောင့် စိတ်ကူးယဉ်မှုတွေကို ပုံဖော်ဖို့ ပထမ အရာရှိတစ်ဦးနဲ့ လက်ထပ်ခဲ့ပါတယ်၊ မပြေလည်ပါဘူး အစ်ကို၊ ကွဲခဲ့ရပါတယ်၊ နောက် သူဌေးတစ်ဦးနဲ့ လက်ထပ်ပြီးမှ ညီမအနေနဲ့ အငယ်အနှောင်းဘဝဆိုတာ သိခဲ့ရတာပါ၊ သူပေးခဲ့တဲ့ ပစ္စည်းတွေပါ၊ ညီမပိုင်တာပဲဆိုပြီး ယူလာခဲ့တာပါ၊ ညီမ ခိုးလာတာမဟုတ်ပါဘူး၊ ရသင့်ရထိုက်တယ်ထင်လို့ပါ၊ သူနဲ့ဘာကြောင့်မနေချင်တာလဲဆိုတာရော၊ ပထမလူနဲ့ ကွဲခဲ့တာရောဟာ ညီမမှာ အချစ်ဆိုတာ နားမလည်တဲ့အချိန်၊ ဘာမှမသိရတဲ့အချိန်မို့ပါ၊ သူတစ်ပါးရဲ့ သားမယားအဖြစ် မပျော်ပိုက်ခဲ့ရပါဘူး၊ မယားဆိုပေမယ့် ငွေဝယ်ကျွန်ဘဝနဲ့ နေခဲ့ရတာပါ၊ အခုအစ်ကို့ဆီကအချစ်ဟာ ညီမရဲ့ စစ်မှန်တဲ့ချစ်ခြင်းနဲ့ ထပ်တူထပ်မျှ ခံစားရလို့ အချစ်စစ်အချစ်မှန်ကို ညီမ ခံစားခဲ့ရပါတယ်၊ ဒါကြောင့် ပထမ ချမ်းသာချင်၊ ကတော်ဖြစ်ချင်တဲ့ဆန္ဒက မှေးမှိန်ပြီး အချစ်စစ်ဆိုတာ နားလည်လာရတယ်၊ ဟန်မဆောင်ခဲ့ပါဘူး၊ ညီမ အစ်ကို့ကို တကယ်ချစ်ခဲ့တာပါ၊ ညီမဘဝ၊ ညီမရဲ့နှလုံးသားမှာ ပျော်ရွှင်ချမ်းမြေ့ရတော့မယ်လို့ ထင်နေတဲ့အချိန် ညီမ အခုလို ဟင့်.....ဟင့်.....ဟီး.....အီး''

ပုလဲမှာ ပြောရင်း ငိုပါတော့သည်။

''ကဲ...မိန်းကလေး၊ ပြောပြီးရင် ရဲစခန်းကိုလိုက်ခဲ့ပါ''

''ဟုတ်ကဲ့၊ ကျွန်မ လိုက်ပါ့မယ်၊ အစ်ကို့ကို ကန်တော့ပါရစေ''

ပုလဲမှာ ထိုင်၍ ဦးသန့်ဇော်အား ကန်တော့စဉ် ဦးသန့်ဇော်မှာ ပုလဲအား မကြည့်ဘဲ မျက်ရည်အဝိုင်းသားနှင့် နောက်လှည့်နေသည်။

''အစ်ကို ပုလဲလေ အစ်ကို့ကျေးဇူးကို ထာဝရမမေ့သလို တစ်သက်မှာ တစ်ခါပဲ ရခဲ့ဖူးတဲ့ အစ်ကို့အချစ်ကို မြတ်မြတ်နိုးနိုးနဲ့ ထာဝရသိမ်းထားပါ့မယ် အစ်ကို''

ပုလဲကား အတက်ချီကော့စ်ကိုဆွဲလျက် အိမ်တံခါးမသို့ လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်ခွာနေစဉ် ဦးသန့်ဇော်မှာ ကြမ်းပြင်ကိုသာ ငေးစိုက်ကြည့်နေရင်း မျက်ရည်ပေါက်ကြီးများ စီးကျလာသည်။

''ခွင့်လွှတ်ပါတယ် မိန်းကလေးရယ်၊ မင်းရဲ့မသိစိတ်နဲ့ သိစိတ်က ဒွန်တွဲအားပြိုင်ရင်း ငယ်စဉ်ကတည်းက ပြင်းပြတဲ့ဆန္ဒတစ်ခုကြောင့် အတ္တလောဘကြီးပြီး ဘဝကို ဖန်တီးချင်သလို ဖန်တီးခဲ့တဲ့သူပဲ၊ လုပ်ချင်ရာလုပ်၊ ဖြစ်ချင်ရာဖြစ် ဆန္ဒရဲ့စေခိုင်းရာ လုပ်ခဲ့ပေမယ့် မင်းရဲ့အသိတရား ရလာတဲ့အချိန်၊ မင်းမှာစစ်မှန်တဲ့ ခံယူချက်တွေ ရှိလာတဲ့အချိန် မင်းမှာ ပြင်လို့မရတော့တဲ့အမှားကြောင့် အရှုံးနဲ့ရင်ဆိုင်ခဲ့ရသူပါ၊ ကိုယ် နားလည်ပေးပါတယ်၊ တကယ်တော့ မင်းဟာ စိတ်ကူးယဉ်ဆန်တဲ့မိန်းကလေး၊ အချစ်ကို ရယူခံစားခွင့်မရှိတဲ့မိန်းကလေးမို့ အစ်ကို သနားပါတယ်၊ ဒါပေမဲ့လေ မင်းကို ထာဝရ နှုတ်ဆက်လိုက်ပါတယ်''

ရင်ထဲမှ ခွင့်လွှတ်စကားများ ပြောရင်း ရဲတပ်ဖွဲ့ဝင်များခေါ်ဆောင်ရာသို့ လိုက်ပါသွားရသော စိတ်ကူးယဉ်ဆန်သည့် မိန်းမငယ်လေးကို မျက်ရည်များကြားမှ ဝေဝါးစွာ ကြည့်နေမိတော့သည်။

ခင်ဦး(ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်းစဉ့်မြေတောခက်
## ခေတ်ပျက်ထဲက
## မြေစာပင်များ



www.burmeseclassic.com

www.burmeseclassic.com



''ကဲ.....ပန်းတောပိုင်းအုပ်စုက ဇာတ်တိုင်ခုတ်မယ်၊ အလယ်ပိုင်းအုပ်စုက ဇာတ်စင်မှာ လိုအပ်တဲ့ဝါးတွေ စီစဉ်ရမယ်၊ ရွာဟောင်းပိုင်းအုပ်စုက ဇာတ်စင်ကို အပြီးဆောက်ကြရမယ်၊ ကြားကြတယ်နော်''

ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင်က ရွာသားများအား အစည်းအဝေးခေါ်ပြီး ကဇာတ်ရုံဖြစ်မြောက်ရေးအတွက် စီစဉ်ပေးလိုက်၏။

ရွာသားများမှာ ဇာတ်အဖွဲ့ ရွာသို့ရောက်လာသည့်အတွက် အရမ်းပျော်နေကြ၏။ သရက်တောင်ရွာသားများမှာ စပါးပေါ်ချိန်၊ ငွေပေါ်ချိန်ဆိုလျှင် ရှေးဟောင်းသမိုင်းဝင် စည်ပင်သာယာဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပနေမြဲဖြစ်သည်။ လယ်ယာလုပ်ငန်းဖြင့် တစ်နှစ်တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှကို ဘုရားပွဲတော်ကျင်းပကာ ရွာစရိုက်နှင့်အကြိုက် ကနေကြခြင်းပင်ဖြစ်သည်။

ရပ်ရွာလူကြီးက အပိုင်းအလိုက် တာဝန်ပေးလိုက်သည်ဆိုရင်ပဲ ရွာသားများမှာ ကိုယ့်တာဝန်နှင့်ကိုယ် သွားကြတော့သည်။ တိုင်ခုတ်မည့်သူများက ဓားသွေးတက်ရှာ၊ ထမင်းထုပ်ကိုယ်စီဆွဲပြီး ချောင်းထဲဆင်းကြတော့သည်။ ကျွန်းစဉ်ဒေသမှာ ဒီရေရောက်တောများ ထူထပ်စွာ ပေါက်ရောက်သောဒေသဖြစ်၍ ကဇာတ်ရုံတိုင်က မရှား။

အလွယ်တကူရသော လမုနှင့် လင်းပိုက်သားကို ခုတ်ပြီး ဖောင်မျှောယူလာခြင်းဖြင့် ရရှိကြသည်။ ဖောင်မျှောရာတွင်လည်း သိပ်ခက်ခဲမှုမရှိပေ။ ဓနိပေါင်များကိုခုတ်ပြီး နွယ်ကြိုးဖြင့်သီကာ တိုင်လုံးများတွင် ဖက်ချည်လိုက်ခြင်းဖြင့် တိုင်လုံးများမှာ ရေပေါ် ပေါလောပေါ်နေတော့သည်။ ဒီရေအတက်အကျချိန်ဆပြီး မျှောလိုက်ရုံဖြင့် ရွာသို့ရောက်သည်။

ကြမ်းခင်းနှင့် တန်းများအတွက် ဝါးကိုတော့ ရခိုင်ရိုးမတောင်စွယ် ရေထိုးတောင်တွင် သွားခုတ်ခြင်းဖြင့် အဆင်ပြေသည်။ ဝါးခုတ်ပြီးလျှင် အစည်းလိုက်စည်းပြီး တောင်ကျရေနှင့် မျှောဆင်းလာခြင်းဖြင့် ရွာသို့ရောက်သည်။ ရွာဆိပ်ကမ်းသို့ရောက်လျှင် အပိုင်အလိုက် တာဝန်ယူထားရသော ရွာသားများက သစ်ကို ကဇာတ်ရုံဆောက်မည့်နေရာသို့ရောက်အောင် သယ်ပေးကြရသည်။ ဝါးတာဝန်ကျသော အပိုင်းသားများမှာလည်း ဝါးကို အရောက်သယ်ပေးကြရသည်။

ဆောက်လုပ်ရေးတာဝန်ကို ယူထားကြရသော အပိုင်းသားများကတော့ တူးရွင်း၊ ဓား၊ တူ၊ လွှများ

**ပိုက်ဆံကို**
**ပါးစပ်နဲ့ ကိုက်ပေးပြီး**
**မင်းသမီးကို ပါးစပ်နဲ့**
**ကိုက်ယူခိုင်းတာတောင်ရှိသေး၏။**
**လူရှင်တော်တွေက**
**အမြင်မတော်တော့လို့ ချော့မော့ပြီး**
**ပြန်ဆင်းခိုင်းသော်လည်း မရ။**
**ပွဲခင်းထိန်းသိမ်းရေးကော်မတီက**
**ဘီလူးကြမ်းကြမ်းပြီး**
**အတင်းဆွဲချတော့မှသာ**
**သားသတ်ရုံသွင်းသည့်**
**နွားကြီးကိုဆွဲသလို**
**တုံ့ဆိုင်းတုံ့ဆိုင်း**
**ပါသွားတော့သည်**

...

www.burmeseclassic.com

www.burmeseclassic.com



ယူဆောင်ပြီး နေ့ချင်းပြီး ဆောက်ရသည်။ သံရိုက်၊ နီးချည် အကုန်လုံး သူတို့တာဝန်ယူရသည်။ ကျွန်းစဉ်သားတိုင်းလိုလို အခြေခံ လက်သမားအလုပ်ကို လူတိုင်းလုပ်နိုင်ကြသည်။ ရပ်ရွာထဲတွင် မိသားစုတစ်စု အိမ်ဆောက်လျှင်လည်း ရင်းနှီးရာ ဆွေမျိုးမိတ်ဆွေများကိုခေါ်ပြီး ဝိုင်းဝန်းဆောက်လုပ်ပေးကြသည်။ အိမ်ရှင်က အသားငါးများရှာဖွေပြီး ထမင်းကျွေးရသည်။ ဆောက်လုပ်ခဟူ၍ ပေးစရာမလိုပေ။ တစ်စိတ်လက် တစ်ဝမ်းညီ ရွာသစ်တည်ကြခြင်းပင်ဖြစ်သည်။

"ဟော့.....လက်သမားတာဝန်ယူထားကြတဲ့ ကိုယ့်လူတွေ ကဇာတ်ရုံ တစ်နေ့တည်းနဲ့ အပြီးဆောက်ရမှာနော်"

"ဟုတ်တယ် ဟုတ်တယ်၊ တို့တစ်တွေက သစ်တို့ဝါးတို့ တစ်နေ့တည်းနဲ့ အပြီးရှာပေးထားတာနော်"

"ဟုတ်တယ်ဟ၊ ဇာတ်သမားတွေက ဒီနေ့ပြီးရင် ဒီနေ့ကပြမယ်တဲ့၊ ဇာတ်ပွဲကြည့်ချင်လှပြီနော်"

"အေးပါဟ၊ ခင်ဗျားတို့တောင် တစ်နေ့တည်းနဲ့ သစ်ဝါးတွေ ရတတ်သေးတာပဲ၊ တို့လည်း တစ်နေ့တည်းနဲ့ အပြီးဆောက်မယ်ကွာ"

ရွာသားများမှာ ဇာတ်စင်ဖြစ်မြောက်ရေးအတွက် တာဝန်ကိုယ်စီယူပြီး လုပ်ကိုင်နေကြသည်မှာ ရွာလေး၏ စည်းရုံးမှုကို ပြဆိုနေသယောင်။

+ + +

"လစန္ဒာ××××ငွေရောင်ဖျန်း×××× ရွှန်းလက်ညအချိန်မှာ××××သဘင်ပွဲကို ဆင်နွှဲကြလို့××××အစဉ်အမြဲ××××ရွှင်လန်းကြစေရာ××××မြပုလဲသွယ်က တင်ဆက် အသုံးတော်ခံမှာ××××ငါတော်တယ် ငါတတ်တယ်လို့လည်း မဆိုလိုပါ××××ဝါသနာကို အရင်းခံ နည်းမှန်ပြကာ××××အမေအဖေ ဖေးမခဲ့လို့×××× မြတ်ဆရာက သင်ပေးခဲ့တာ သဘင်ပညာပါ"

ညရင့်ရင့်၏ တိတ်ဆိတ်ခြင်းကို မင်းသမီး မြပုလဲသွယ်၏ သီချင်းသံက ဖြိုခွင်းလိုက်သည်။ သီချင်းသံဆုံးလျှင် မြပုလဲသွယ်က ခပ်မြူးမြူး ကခုန်လိုက်သည်။ တင်ကလေးကိုကော့ပြီး ခွေယမ်းကပြ၏။ ရင်ကလေးကိုချီပြီး လှုပ်ခါပြ၏။

"နက်နဲသိမ်မွေ့လှတဲ့×××သုခုမပညာ××××အငြိမ့်အတတ်ပညာ×××× မြန်မာ့ဂီတ××××အကတစ်ပင်တိုင်×××× မြိုင်ဆိုင်လှပ××××မြူးကြွလို့သာ×××× ကကွက်×××ကလက်တွေက×××ဝေဝေဆာဆာ××××"

မြပုလဲသွယ်မှာ အဝိုက်အဝန်းညီပြီး အချိုးအစားကျလှသော ခန္ဓာဗေဒဆိုင်ရာတို့ကြောင့် ပရိသတ်အသည်းစွဲ။ ဇာတ်တစ်ဇာတ်လုံးတွင် မြပုလဲသွယ်ကကွက်ကိုမှ ရွေးကြည့်ကြသော ကိုကိုမောင်မောင်တို့တောင် ရှိပေသကိုး။

မြပုလဲသွယ်ကလျှင် လူရွှင်တော်များလည်း အငြိမ်မနေရတော့ချေ။ ဟိုကလာပါဦး၊ သည်ကလာပါဦးနဲ့ ခေါ်သူများကခေါ်ကြ၊ ကိုယ်တိုင် ဇာတ်စင်ပေါ် တက်ပြီး မင်းသမီးလက်ထဲ ထည့်သူထည့်ကြနဲ့ ဆုငွေတွေ ဆုငွေတွေ။ ရွှေပွဲလာများ၏ မေတ္တာတော်အနန္တတွေပေါ့။ လူရွှင်တော်များက စာရွက်ကလေးကိုဖြန့်ပြီး စာရွက်ထဲကအတိုင်း မင်းသမီးကို မေတ္တာရှိပါသဖြင့် ဆုတော်ငွေ ဘယ်လောက်ဆိုပြီး ကြေညာလိုက်ရင်ပဲ မေတ္တာရှင် ကိုလူချောက ဆုချသူသည် သူဖြစ်ကြောင်း မင်းသမီးမြင်အောင် ပွဲခင်းထဲက ဆတ်ခနဲထရပ်ကာ ရင်ဘတ်ကိုပုတ်ပြသည့် ခပ်ကြောင်ကြောင်လူလည်းရှိရဲ့။

အချို့ ခပ်ကဲကဲလူတွေဆို ဇာတ်စင်ပေါ်တက်ပြီး ပိုက်ဆံကို ပါးစပ်နဲ့ ကိုက်ပေးပြီး မင်းသမီးကို ပါးစပ်နဲ့ ကိုက်ယူခိုင်းတာတောင်ရှိသေး။ လူရွှင်တော်တွေက အမြင်မတော်တော့လို့ ချော့မော့ပြီး ပြန်ဆင်းခိုင်းသော်လည်း မရ။ ပွဲခင်းထိန်းသိမ်းရေးကော်မတီက ဘီလူးကြမ်းကြမ်းပြီး အတင်းဆွဲချတော့မှသာ သားသတ်ရုံသွင်းသည့် နွားကြီးကိုဆွဲသလို တုံ့ဆိုင်းတုံ့ဆိုင်း ပါသွားတော့သည်။ သည်အခြေအနေမျိုးမှာတောင် သည်ကောင်တွေက မင်းသမီးကို အငမ်းမရ်ဝန်းနဲ့ ပြန်ကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည်။

"ပွဲကြည့်သူတွေ××××မာစေဖို့ရာ ဆုပတ္တနာခြွေကာ××××မြပုလဲသွယ်ရဲ့ မေတ္တာတေးလွှာ××××မွှေးထုံစွာ×××× ကြီးစားမှုတွေ××××နိုးကြားမှုတွေ××××ရင်မှလာ××××ထာဝရ ရှင်သန်ရာ×××× မြန်မာ့ဂီတ××××ဘဝင်ချမ်းမြ××××သုခုမပညာ××××"

သီချင်းသံဆုံးလျှင် မင်းသမီး မြပုလဲသွယ် တီးကွက်နဲ့ စည်းချက်ဝင်ပြီး ကကြိုးပြောင်းပြီး ကလိုက်ပြန်သည်။ ခုန်၏၊ ပျံ၏၊ ခါယမ်း၏။ မြပုလဲသွယ်မှာ အပျိုရွယ်၊ လူငယ်ဖိုင်းမို့ သွက်သည်။ ခန္ဓာကိုယ်ရေးမှာ ကတိုင်း၊ ခုန်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း လှုပ်ခါနေပေရာ ခါတ်မီးရောင်အောက်တွင် အချိုးကျလှသော ခန္ဓာဗေဒဆိုင်ရာတို့ အထင်းသား ပေါ်နေပေတော့သည်။

"အဘ အရိုတွေသိမ်းဦး၊ စီးကျနေပြီ၊ မင်းသမီးကတာ ကြိုက်တယ်ဟုတ်လား၊ ဆုလည်းချဦးလေ"

ဦးဖိုးတုတ်မှာ သန်းမောင်စကားကြောင့် ရှက်သွား၏။ လူမိသည့်သူနိုးဖြစ်ကာ နှုတ်ခမ်းလျော့တွဲတွဲမှ စီးကျနေသော အရိတန်းကို ဖျတ်ခနဲ သုတ်ပစ်လိုက်၏။ ဦးဖိုးတုတ်မှာ အသက် (၆၀) ကျော်နေပေပြီ။ တစ်ကိုယ်တည်းသမားဖြစ်၏။

ဓာတ်ကိုဝါသနာပါ၍ ပွဲခင်းအစပ်လေးတွင် ဝါးကုလားထိုင်လေးဖြင့် ထိုင်ကြည့်နေခြင်းဖြစ်၏။ မြပုလဲသွယ်၏ အခုန်၊ အပျံ၊ အခါ၊ အယမ်းတို့ကြောင့် ပတ်ဝန်းကျင်ကိုမေ့ပြီး စိတ်ဝင်စားနေခိုက် ပွဲခင်းထိန်းသိမ်းရေးကော်မတီဝင်တို့ အနားသို့ရောက်လာခြင်းကို မသိလိုက်ခြင်းပင်။ ဤတွင် စကားသွက်ပြီး စတတ်နောက်တတ်သော သန်းမောင်က အဘိုးကြီးကို အငိုက်တွင်ထိုးလိုက်ခြင်းပင်ဖြစ်ပေသည်။

မြပုလဲသွယ်မှာ သီချင်းတစ်ကြော့ ကကွက်တစ်ကြော့ဖြင့် ဆိုင်းသံကိုနားထောင်ပြီး ကကြိုးမှန်အောင် ကနေ၏။ ပွဲခင်းကြီးတစ်ခုလုံးမှာ စီညံနေသဖြင့် ညဏ်တန်ဆာလို ဖြစ်နေ၏။ သရက်တောင်ရွာသားတို့မှာ ဘဝအမောတွေ ပြေနေကြလေသယောင်တကား။

"ဓာတ်သဘင် စင်ပေါ်မှာ လူတိုင်းကြိုက်တဲ့ အငြိမ့်သဘင်ပါ××××အစဉ်လန်း အသွင်ဆန်း ဘဝင်လန်းတဲ့ အနုပညာ××××မြန်မာ့ဂီတရဲ့ အနှစ်အရသာ××××"

"ဒိုင်း.....ဒိုင်း.....ဒိုင်း"

စည်းချက်ဆုံးပြီး ကကြိုးကလေးအရပ်တွင် သေနတ်သံများက ည၏အလှကို ဖြိုခွင်းလိုက်သည်။ ချက်ချင်းဓာတ်စင်ပေါ်သို့ လက်နက်ကိုင်များရောက်ရှိသွားပြီး မင်းသမီး မြပုလဲသွယ်လေးကို အတင်းလက်ဆွဲပြီး ဆင်းသွားကြသည်။

"ဓာတ်ဆရာရယ်...ကယ်ပါဦး"

"ရွာလူကြီးတွေရယ်...ကယ်ကြပါဦး....."

မြပုလဲသွယ်၏ အကူအညီတောင်းသံမှာ ရှတ်ရှတ်သဲသဲဖြစ်နေကြသော လူအုပ်ကြီးကြားမှ ခပ်စူးစူးထွက်ပေါ်နေ၏။ မြပုလဲသွယ်မှာ ရွာအရှေ့ဘက် တောင်ခြေအစပ်သို့ ရှန်း



ရင်းကန်ရင်း ပါသွားခဲ့ချေလေပြီ။ ရွှေပွဲလာများလည်း အန္တရာယ်ကြုံလာခဲ့ပြီမို့ အိမ်ပြန်ပြေးကြတော့သည်။ သရက်တောင်ရွာသားတို့အတွက် အရေးကောင်း ဒိန်းဒေါင်းဖျက်ခဲ့လေပြီကော။

သရက်တောင်ရွာသားတို့ကား ကံကြမ္မာမကောင်းရှာကြ။ ၁၉၅၅ ခုနှစ်ကာလဝန်းကျင်ကလည်း သည်လိုပဲစပါးပေါ်ချိန်၊ ငွေပေါ်ချိန်မှာ ဓာတ်အငြိမ့်ပွဲ ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲနေကြချိန်ဖြစ်သည်။ ဗကပတို့ ရွာသို့ရောက်လာကြပြီး ရွာသားနှစ်ဦးကို အစိုးရနဲ့အဆက်အသွယ်လုပ်သည်ဆိုပြီး ပွဲခင်းထဲက ဆွဲခေါ်ထုတ်သွားကြသည်။ ရွာအပြင်သို့အရောက်တွင် ရက်ရက်စက်စက် သတ်ပစ်ခဲ့ကြသည်။ ရွာကိုလည်း ချက်ချင်းပဲ ရိုးမတောင်ခြေသို့ရွှေ့စေပြီး နယ်နှင်ဒဏ်ပေးခဲ့ကြသည်။

ခုတစ်ခါ ဖြစ်ပြန်ပြီကော။ သည်တစ်ချီတွင်တော့ သရက်တောင်သားတို့ စည်းရုံးမှုသရုပ်ကိုပြပြီး ဓာတ်မာန် ထကြပေတော့သည်။ ရပ်ရွာအုပ်ချုပ်ရေး အဖွဲ့က ဦးဆောင်ပြီး အပိုင်လူကြီးများနဲ့ တက်တက်ကြွကြွလူငယ်များ စည်းရုံးလိုက်ကြသည်။

ရွာလုံခြုံရေးအတွက် အပိုင်းလိုက် လုပ်ထားသော ယမ်းထောင်းသေနတ်များကို ထုတ်ယူလာကြ၏။ ယမ်းထောင်းသေနတ်များမှာ သစ်သားပေါင်တွင် သံပြောင်းတပ်ပြီး လုပ်ထားသော သေနတ်ဖြစ်သည်။ ယမ်းမှုန့်များကို သံပြောင်းထဲသို့ ဆောင့်သောင်း

www.burmeseclassic.com

ပြီး ထည့်ရ၏။ သို့ဖြစ်၍ ယမ်းထောင်း သေနတ်ဟုခေါ်သည်။ ယမ်းမှုန့်နှင့်ရောပြီး ခဲလုံးသေးသေးလေးများကိုပါ သံပြောင်းထဲ ရောထည့်ရသည်။ ပစ်မည်ဆိုလျှင် သေနတ်ပေါ်ရှိ ယမ်းခွက်တွင် ယမ်းအပြင်းစားကို ထည့်ရသည်။ ခလုတ်ကို ဆွဲညှစ်လိုက်ချိန်တွင် မောင်းစူးကလေး ပြုတ်ပြီးနောက် ယမ်းခွက်ကို သွားရိုက်သည်။ ဤအချိန်တွင် ယမ်းပွင့်ပြီး မီးကူးကာ သေနတ်ပေါက်တော့သည်။ ထောင်းထည့်ထားသော ယမ်းများနှင့် ခဲလုံးလေးများ ဖြာထွက်ပြီး ထိလျှင် သေနိုင်သည်ထိ အန္တရာယ်ရှိသည်။ ထိုကာလအချိန်က အုပ်ချုပ်ရေးပျက်နေသော ကာလဖြစ်၍ ရပ်ရွာလုံခြုံရေးအတွက် ရွာသားများ စုပေါင်းလုပ်ဆောင်ထားကြခြင်းပင်ဖြစ်သည်။ သေနတ်ဖြစ်မြောက်ရေးအတွက် ပန်းထိမ်ဆရာ ကိုဖိုးဝင်းက ဦးဆောင် သည်။

ယမ်းထောင်းသေနတ်သမားများ အပြင် မှုတ်ပစ်ကျွမ်းသော ကျော်ဖဲဦး လိုလူမျိုးများကိုပါ ခေါ်လိုက်သည်။ မှုတ်လုပ်ရန်အတွက် နှုတ်ခမ်းနှစ်ခုကြားတွင် ဖိညှပ်၍ အလွယ်တကူရနိုင်သော ဝါးလုံးအရင်းသေးသေးလေးကို ရှာရသည်။ ဝါးလုံးအရှည်ကို ၆ ပေမှ ၁၀ ပေထိ ထားတတ်ကြသည်။ ဝါးလုံးတွင်းရှိ ဝါးဆစ်များကို သံလုံးရှည်ရှည်ကို မီးဖုတ်ပြီး ထိုးဖောက်ပစ်ရသည်။ ဝါးလုံးခေါင်းတွင် အဆစ်များ အထစ်အငေါ့ မဖြစ်စေရန် ကြိုးစားပြီး ဖောက်ထွင်းရသည်။ မှုတ်ခေါင်းရပြီဆိုလျှင် မှုတ်စူးလုပ်ရသည်။ မှုတ်စူးကို တစ်တောင်အရှည် ဝါးခြမ်းကို လုံးလုံးလေးဖြစ်အောင် ဓားဖြင့်အချောကိုင်ရသည်။ တစ်ဖက်တွင် ကြက်မွေးများကို တိတိဖြတ်ပြီး ချည်ရသည်။ အခြားတစ်ဖက်တွင် သံစူးချွန်ချွန်တပ်ပြီး ချည်ရသည်။ သံစူးတပ်ထားသောဘက်ကို အရှေ့ဘက်ထားပြီး မှုတ်ခေါင်းထဲသွင်းရသည်။ ကြက်မွေးများတပ်ထားသောဘက်ကို နောက်ဘက်ထားရသည်။ ဤအချိန်တွင် မှုတ်ဝကို နှုတ်ခမ်းဝမှာတပ်ပြီး လေအားသွင်းကာ မှုတ်လိုက်ခြင်းအားဖြင့် မှုတ်စူးမှာ မြားမှလွှတ်သည့်မြားစူးနယ် တန်းခနဲထွက်သွားတော့သည်။ လူကိုထိလျှင် သေနိုင်သည်ထိ စွမ်းရည်ရှိသည်။ အဓိကအားဖြင့် တောကြက်ပစ်ရာတွင် အသုံးပြုကြ၏။

"ဘကြီး ကျွန်တော်ပါ လိုက်မယ်၊ ဒီကောင်တွေကို တောင်ပေါ်က ခဲလုံးနဲ့ရိုက်ထည့်မယ်၊ မင်းသမီးခမျာ သနားစရာပျာ"

ကျော်ဖြူကပါ အပိုင်လူကြီးများနဲ့ လာရောသည်။ မတရားစော်ကားသူအတွက် မခံချင်သော မျိုးချစ်စိတ်သည် ကျော်ဖြူနှလုံးသားကို ကိုင်လှုပ်နေပေပြီ။ ကျော်ဖြူမှာ ခဲလုံးပစ်ရာတွင် အလွန်အားပြင်းပြီး လက်ဖြောင့်သူလည်းဖြစ်သည်။ သစ်ပင်ပေါ်မှာနားနေသောငှက်ကို သစ်ပင်အောက်ကနေ ခဲလုံးဖြင့် လက်လွှဲပစ်ပြီး ငှက်သားစားသူဖြစ်သည်။

"မတရားတဲ့ကောင်တွေကို တို့လည်းချမယ်ကွာ"

"ဟုတ်တယ်၊ ဒီမှာ ခဲလောက်စာလုံးတွေ ပါလာတယ်၊ နားထင်ကို မြုပ်ဝင်သွားအောင် ပစ်ထည့်မယ်"

လေးခွတကိုင်ကိုင်နဲ့ မောင်မဲနဲ့ ကျောက်ခဲတို့ကလည်း တိုက်ပွဲခေါ်သံ

ပျူစောထီး အပွဲဆိုသည်မှာ ကျွန်းစဉ်ဒေသရွာများမှ ရွာသားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပေသည်။ တပ်ဖွဲ့ဝင် အများစုမှာ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်သည့် လူတေ၊ လူပေ၊ လူရမ်းကားများ ပါဝင်သည်။ ပျူစောထီးတပ်ဖွဲ့ဝင်များမှာ အစိုးရလိုလို အဖွဲ့အစည်းတစ်ခုသာ ...

www.burmeseclassic.com

www.burmeseclassic.com





ပေးလာကြသည်။

အရေးကြီးတော့ သွေးနီးဖို့ လိုအပ်လာပြီလေ။

✦ ✦ ✦

''ဒိုင်း.....ဒိုင်း.....ဒိုင်း''

''ဖလူး.....ဗုံး.....ဒုတ်''

''ဒိုင်း.....ဒိုင်း.....ဒိုင်း''

''ဗုံး...ဒုတ်..ဒိုင်း..ဒုတ်...ဗုံး''

ညဉ့်ရုံလွှာထဲတွင် တိုက်ပွဲကားပြင်းထန်နေလေပြီ။ သေနတ်သံ၊ မှုတ်ပစ်သံ၊ ခဲလုံးပစ်သံ၊ လေးခွပစ်သံတို့မှာ သံစုံမြည်ကာ ဆူညံနေပေသည်။

''မိစ္ဆာကောင်တွေ...ချကြဟေ့''

''ဒိုင်း.....ဒိုင်း.....ဒိုင်း''

''လူမဆန်တဲ့ မုဒိမ်းကောင်တွေချ.....''

''ဒိုင်း.....ဒိုင်း.....ဒိုင်း''

''ဖလူး.....ဗုံး.....ဒုတ်''

''မင်းတို့ ကပ်ရဲရင်ကပ်ကြည့်၊ မသာပေါ်သွားမယ်''

''ဒိုင်း.....ဒိုင်း.....ဒိုင်း''

အစမှသမားများဘက်မှလည်း အပေါ်စီးကရနေသူမို့ ကြုံးဝါးသည်၊ ပြန်ချသည်။

''ဗုံး.....ဒုတ်''

''ထိသွားပြီ.....ထိသွားပြီ''

ကျော်ဖြူ၏ခဲလုံးက မိစ္ဆာကောင်တစ်ကောင်ကို ထိသွားပုံရသည်။ ကျော်ဖြူ့ထံမှ အားရဝမ်းသာအော်လိုက်သံကြားရသည်။

''ရွာသားတို့ရယ် ကျွန်မကို ကယ်ကြပါဦး''

တိုက်ပွဲသံများကြားမှ မင်းသမီးမြပုလဲသွယ်၏ အော်ဟစ်အကူအညီတောင်းသံက ထွက်ပေါ်လာပြန်သည်။

''မင်းသမီးရေ မကြောက်နဲ့၊ တို့ရွာသားတွေ ဝိုင်းလိုက်လာကြပြီ''

''မင်းတို့တွေ မကပ်ကြနဲ့နော်''

''ဒိုင်း.....ဒိုင်း.....ဒိုင်း''

လူမိစ္ဆာကောင်များထံမှ အသံဆိုးကြီးများ ထွက်လာပြန်သည်။

ရွာသားများမှာ ခေတ်ကာလအခြေအနေ၏ တောင်းဆိုချက်အရ အိမ်တိုင်းလိုလို ပုန်းကျင်းရှိကြ၏။ ခုလိုတိုက်ပွဲဖြစ်ပလားဆို မိသားစုတိုင်း ပုန်းခိုကျင်းထဲ ရောက်နေကြပေပြီ။

မနက်လင်းအရုဏ်အရောက်တွင်တော့ မိစ္ဆာကောင်များ တပ်ဆုတ်သွားကြတော့သည်။ သူတို့ တပ်ဆုတ်သွားရခြင်း၏ အဓိကအကြောင်းရင်းမှာ မနက်လင်းလျှင် သူတို့ကို ရွာသားတွေမြင်မှာစိုး၍ဖြစ်သည်။ သူတို့ကား နယ်မြေအုပ်ချုပ်ရေးကို တာဝန်ယူထားရသော နိုင်ငံရေးလက်ကိုင် ပျူစောထီးတပ်များပေတည်း။ ခေတ်ကာလဆိုးကြီးက တရားကျစရာကောင်းလိုက်ပါဘိ။

လင်းရောင်ခြည်များ သန်းလာချိန်တွင် တိုက်ပွဲဖြစ်ရာ ရွာအရှေ့ဘက်ခြမ်း ကောင်ခြေကွင်းစပ်သို့ သွားကြည့်လိုက်ကြသည်။ ရွှေမင်းသမီး မြပုလဲသွယ်မှာ ညောင်ပင်ကြီးခြေရင်းတွင်မှီထိုင်ရင်း မျက်ရည်စမ်းစမ်းဖြင့် ငိုကြွေးနေသည်ကို စိတ်မကောင်းစွာတွေ့လိုက်ကြရသည်။

သြော်.....ခေတ်စနစ်ဆိုး၏ အနိဋ္ဌာရုံပေတကား။

✦ ✦ ✦

အဖြစ်အပျက်တို့၏ ကာလဝန်းကျင်မှာ ၁၉၅၇ ခုနှစ်ဖြစ်ပေသည်။

ရခိုင်ကမ်းရိုးတန်း ကျွန်းစဉ်ဒေသတစ်ခုလုံးကို ဗကပတို့ ကြီးစိုးထား၏။ ရိုးမခြေရင်းကို ခြေကုပ်ယူပြီး ကျွန်းစဉ်ဒေသရွာများဘက်သို့ အခါအားလျော်စွာ လာကြ၏။ ဆက်ကြေးကောက်ကြ၏။ သို့သော် ခိုင်မာသည့် အုပ်ချုပ်ရေးမရှိ။ ဓားပြ၊ သူခိုးတွေ ဆူပူသောင်းကျန်းကြ၏။ ဤအခြေအနေတွင် ဖဆပလအစိုးရက ပျူစောထီးဆိုသည်ကို ဖွဲ့စည်းပေးပြီး လက်နက်တပ်ဆင်ပေးလိုက်၏။ မြေပုံမြို့နယ်၊ ကျွန်းစဉ်နယ်၊ ကမ်းထောင်းကြီးရွာတွင် စခန်းအခြေစိုက်စေခဲ့သည်။

ပျူစောထီးအဖွဲ့ဆိုသည်မှာ ကျွန်းစဉ်ဒေသရွာများမှ ရွာသားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပေသည်။ တပ်ဖွဲ့ဝင်အများစုမှာ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်သည့် လူပျော်၊ လူပေ လူရမ်းကားများ ပါဝင်သည်။ ပျူစော

www.burmeseclassic.com

www.burmeseclassic.com



ထီးတပ်ဖွဲ့ဝင်များမှာ အစိုးရလိုလိုအဖွဲ့ အစည်းတစ်ခုသာဖြစ်သည်။ သူတို့မှာ လစာလား၊ ထောက်ပံ့ကြေးလားတော့ မသိ။ လစဉ် ပိုက်ဆံထုတ်ကြရသည်။

ယင်းအချိန်က ဘင်္ဂလားပင်လယ် အော်ထဲ ပေါ်လောပေါ်နေသော မာန်အောင်ကျွန်း (မြန်မာနိုင်ငံမှာ ဒုတိယ အကြီးဆုံးကျွန်း)ကို ရဲဘော်ဖြူတွေက ကြီးစိုးထားချိန်ဖြစ်သည်။ မာန်အောင်ကျွန်းတွင် ရွာပေါင်း (၆၄)ရွာရှိသည်။ မြို့ပြဟု သတ်မှတ်ထားသောနေရာမှာ ကျွန်း၏ မပြောပလောက်သောအစိတ်အပိုင်းငယ်တစ်ခုမျှသာဖြစ်သည်။ မြို့ပြဝန်းကျင်မှအပ မာန်အောင်ကျွန်း၏ အစိတ်အပိုင်းအားလုံးကို ရဲဘော်ဖြူတို့ ကြီးစိုးထား၏။ ရွာပေါင်း ၆၄ ရွာစလုံးကို ကြီးစိုးထားခြင်းပင်ဖြစ်သည်။

တပ်မတော်မနေဖြင့် မြန်မာ့မြေ အရှေ့ခြမ်းတွင် နယ်စပ်စစ်ဆင်ရေးတွေနဲ့ စစ်မျက်နှာဖွင့်နေရ၍ မာန်အောင်ကျွန်းဘက်သို့ စစ်မြားဦးမလှည့်နိုင်ဖြစ်နေချိန်။ ဤအခြေအနေမျိုးတွင် မြန်မာ့မြေပြင်အနောက်ခြမ်း၌ ပျူစောထီးတို့ကို လက်နက်တပ်ဆင်ပေးလိုက်သည့် အချိန်တွင်ကား ယမ်းပုံထဲ မီးချပေးသလို ဖြစ်သွားခဲ့ရပါတော့သည်။

ပျူစောထီးအဖွဲ့မှာ မည်မျှထိ ရဲရင့်သည်၊ သတ္တိရှိသည်၊ စွမ်းရည်ရှိသည်ကို သူတို့၏လုပ်ရပ်ကို ကြည့်ခြင်းဖြင့် သိနိုင်သည်။ ပျူစောထီးတပ်ဖွဲ့ဝင်များသည် အစိုးရပိုင် ယူပီရေယာဉ်ဖြင့် ကျောက်ဖြူမြို့မှတစ်ဆင့် မာန်အောင်ကျွန်းသို့ ထွက်ခွာခဲ့ကြ သည်။ ရခိုင်ကမ်းရိုးတန်းရှိ မာန်အောင်ရေလက်ကြားမှာ ပင်လယ်လှိုင်းလုံးကြီးများ လွန်စွာဆိုးသွမ်းသော ရေလမ်းခရီးဖြစ်သည်။ ယူပီသင်္ဘောလေးမှာ ငယ်ပင်ငယ်သော်လည်း လှိုင်းလုံးကြီးများကို ရင်ဆိုင်ထိုးဖောက်ကာ ခရီးနှင်ခဲ့ပေသည်။ ပျူစောထီးတပ်ဖွဲ့ဝင်များ၏ ရင်ထဲမှာ ဥပဒေပြင်ပက သောင်းကျန်းသူများ၏ လုပ်ရပ်ကို ရှင်းလင်းနှိမ်နင်းရန် ရဲရဲတောက်စိတ်ဖြင့် စစ်မြေပြင်သို့ ချီတက်ခဲ့ကြခြင်းဖြစ်သည်။

ယင်းခေတ်၊ ယင်းအချိန်က ရခိုင်ကမ်းရိုးတန်းတွင် အင်္ဂလိပ်အုပ်ချုပ်ရေးခေတ်က လက်ကျန်မီးသင်္ဘောအနည်းအကျဉ်းမှအပ စက်ဘုတ်စက်လှေဟူ၍ ပြောပလောက်အောင် မရှိသေးပေ။ သို့ဖြစ်၍ အစိုးရအနေဖြင့် ရှိစုမဲ့စု ယူပီသင်္ဘောလေးဖြင့် ပင်လယ်ပြင်ခရီးကို ချီတက်စေခြင်းဖြစ်ပေသည်။ ရဲဘော်ဖြူများမှာ သူတို့စိုးမိုးထားသည့် ပင်လယ်ထဲရှိကျွန်းသို့ မည်သူမျှလာရောက်တိုက်မည့်သူမရှိဟု ခံယူထားချိန်ဖြစ်သည်။ ဤအခြေအနေတွင် ခိုင်မာသည့် ခံယူချက်ဖြင့် တိုက်ပွဲဝင်ကြသော ပျူစောထီးတို့အတွက် အကွက်ကောင်းဆိုက်ခဲ့ကြခြင်းပင်ဖြစ်ပေသည်။

ပျူစောထီးတပ်ဖွဲ့ဝင်များသည် မာန်အောင်ကျွန်းသို့အရောက်တွင် ပင်လယ်ပြင်ဘက် ကျိုးချောင်းဝက လှည့်ဝင်ပြီး ပြင်ကောက်ရွာကို ခြေကုပ်ယူကာ တပ်စွဲလိုက်ကြသည်။ သူပုန်တပ်ဖွဲ့ဝင်များမှာ ပျူစောထီးတို့နဲ့ တိုက်ပွဲဖြစ်တိုင်း အကျအရှုံးများကြ၏။ ပျူစောထီးတို့သည် သူပုန်တို့တပ်စွဲထားသော ရွာများကို တစ်ရွာပြီးတစ်ရွာ သိမ်းယူလိုက်ကြ၏။

ပျူစောထီးတပ်ကို ကျွန်းစဉ်နယ်သား စံလှဘော်က ဦးဆောင်သည်။ တစ်ရွာတည်းသားများဖြစ်ကြသော ရွှေလှဦးနှင့် ဖြူထွန်းအောင်တို့က စစ်ဆင်ရေး အောင်မြင်ရေးအတွက် ပံ့ပိုးပေးကြသည်။ တိုက်ပွဲပေါင်း ၂၀ ကျော် ဆင်နွှဲခဲ့ကြသည်။ စစ်ဆင်ရေးကာလမှာ တစ်လခွဲတိတိ ကြာမြင့်ခဲ့သည်။ ပြည်သူ့ရဲဘော်ဘက်မှ မြို့နယ်တာဝန်ခံ စောမြ၊ စစ်ရေးတာဝန်ခံ ကျော်နုတို့ခေါင်းဆောင်ပြီး တပ်သား ၈၄ ယောက် လက်နက်အပြည့်အစုံဖြင့် လက်နက်ချ အလင်းဝင်ခဲ့ကြသည်။ ပျူစောထီးတို့၏ မာန်အောင်ကျွန်းသိမ်းတိုက်ပွဲသည် အကြွင်းမဲ့ အောင်မြင်ခဲ့လေပြီတကား။

ပျူစောထီးတပ်တွင် စုစုပေါင်း တပ်သား ၆၄ ဦးသာရှိသည်။ မာန်အောင်ကျွန်းစစ်ဆင်ရေးတွင် ၄၄ ဦးသုံးပြီး ၂၀ ဦးကို ကမ်းထောင်းကြီးတွင် စခန်းလုံခြုံရေးအတွက် ချန်ထားခဲ့၏။ ပျူစောထီးတို့၏ သတ္တိ၊ စွမ်းရည်နဲ့ ရဲရဲတောက်စိတ်တို့ကြောင့် အဝေးကွင်းတွင် မိမိထက် အင်အားများသော ရန်သူများကို ချေမှုန်းနိုင်ခဲ့ခြင်းဖြစ်သည်။

မာန်အောင်ကျွန်းတိုက်ပွဲအပြီးတွင် ပျူစောထီးတို့ အရမ်းမြောက်ကြွမြောက်ကြွ ဖြစ်လာကြသည်။ ဘဝင်လေခိုက်လာကြသည်။ ငါတို့လိုလူ ဇမ္ဗူမှာရှိသေးရဲ့လားဟု ခံယူထားကြပုံရသည်။ လက်ရဲဇက်ရဲလည်း ရှိလာကြသည်။ တိုက်ရဲသည်၊ သတ်ရဲသည်။

ကျွန်းစဉ်ဒေသကို ပျူစောထီးတို့ ကြီးစိုးလာသည့်အချိန်တွင် ဗဟိုပြည် ကွန်မြူနစ်ပါတီဝင်ဆိုသူများလည်း ယခင်လို ရဲရဲမဝင်ရဲတော့ပေ။ ရခိုင်ရိုးမ

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေနဲ့ အောက်ကျွန်းစဉ်နယ် ကွမ်းချောင်းတောင်ကြီးနဲ့ ပတ်ဝန်းကျင်ဒေသတို့သို့ ဆုတ်ခွာသွားကြ သည်။ ဖွံ့ဖြိုးစည်ပင်သော အထက်ကျွန်းစဉ်နယ်သို့ အရောက်အပေါက်နည်းလာကြသည်။ အထက်ကျွန်းစဉ်နယ်တစ်ခုလုံးကို ပျူစောထီးတို့ ကြီးစိုးထားသည်။

သို့သော် သူခိုး၊ ဓားပြ၊ မုဒိမ်းကောင် လူယုတ်မာများ ရှုပ်ထလာကြသည်။ တစ်နေရာမှတစ်နေရာ ဒေသထွက်ကုန်လေးတွေ သွားရောင်းလျှင်လည်း ဓားပြတိုက်ခံရသည်။ လယ်ထဲမှာ လယ်လုပ်သူကိုလည်း အနိုင်ကျင့်သည်၊ လုယက်သည်။ ဓားထိုးမှု၊ ဓားခုတ်မှု၊ လူသတ်မှုတွေကလည်း ပေါများသည်။

အိမ်ထောင်ပြုမှုများတွင်လည်း မိန်းကလေးကို ယောကျ်ားလေးက ရင်ဝကို ဓားထောက်ပြီး လက်ဆွဲအိမ်ထောင်ပြုမှုမျိုး ရှိလာကြသည်။ ပျူစောထီးတို့သည် ပြဿနာတိုင်းတွင် တစ်ခုမဟုတ်တစ်ခု ပါဝင်ပတ်သက်နေတတ်ကြ၏။ ပျူစောထီး တပ်ဖွဲ့ဝင်အချို့သည် ဓားပြတိုက်ရာတွင် သူတို့ကိုယ်တိုင်ပါဝင်ခြင်း၊ လက်နက်ထုတ်ပေးခြင်းတို့ကို ပြုလုပ်ကြသည်။ လက်နက်ထုတ်ပေးခြင်းတို့ကို ပြုလုပ်ကြသည်။ လက်နက်ထုတ်ပေးခြင်းဖြင့် သူတို့မိုက်ကြေးခွဲယူကြသည်။ ကျွန်းစဉ်နေ ပြည်သူများမှာအိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားကြရ။ ဒုက္ခပင်လယ်ဝေကြရသည်။

အဆိုးဆုံးမှာ မိုးကျပြီလားဆို ကျွန်းစဉ်သူအပျိုများ လယ်ထဲသို့မဝင်နိုင်သည့်အခြေအနေထိ ဖြစ်လာခဲ့၏။ နောက်ဆုံးတွင် ပထစအစိုးရသည် အခြေအနေမဟန်တော့သော ပျူစောထီးတပ်ဖွဲ့ကို ဖျက်သိမ်းလိုက်သည်။ သူတို့ထဲက လက်နက်ကိုင်အဖွဲ့အစည်းတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူများကို ရဲတပ်ဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

မတည်ငြိမ်သည့် ခေတ်စနစ်၏ ပြယုဂ်များပင်ဖြစ်သည်။

\+ + +

သရက်တောင်ရွာနဲ့ ဇာတ်မင်းသမီး မြပုလဲသွယ်တို့၏ ဇာတ်ဝင်ခန်းသည် ပျူစောထီးခေတ်၏ သမိုင်းစာမျက်နှာပေါ်က မီးတောက်ငယ်တစ်ကွက်ဟု မှတ်ချက်ချလိုက်ပါက မှားအံ့မထင်မိပေ။

**ကျွန်းစဉ်မြေစောခက်**


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com

# မောင်သိန်းနိုင်

## အရေးဆို ကိုလှရွှေကိုခေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ ဘဝအစမှသည် အဆုံးတိုင်အောင် သင်တန်းပေါင်းများစွာဖြင့် ကျော်ဖြတ်ကြရသည်။ အောင်မြင်သူများရှိသလို ကျရှုံးသူများလည်းရှိသည်။ ဘဝကို သင်တန်းလို သဘောမထားသူများက ကျရှုံးကြသည်။

သင်တန်းပေပဲကိုး။ သင်တန်းတွင် အခက်အခဲများရှိသည်။ ဘဝတွင်လည်း အခက်အခဲများရှိသည်။ သင်တန်းသည် ပင်ပန်းသည်၊ ဆင်းရဲသည်။ ဘဝသည်လည်း ပင်ပန်းသည်၊ ဆင်းရဲသည်။ ထို့ကြောင့် ဘဝကို သင်တန်းနှင့် ထပ်တူပြုသည်ဆိုလျှင် မှားနိုင်အံ့မထင်ပါ။

သင်တန်းသည် ငယ်စဉ်တောင်ကျေး ကလေးဘဝမှပင်စသည်။ မြင်သမျှ မှတ်နေရသည်။ ကြားသမျှကိုလည်း မှတ်နေရသည်။ စကားပြောသင်ရသည်။ လမ်းလျှောက်သင်ရသည်။ လူတစ်လုံးသူတစ်လုံးဖြစ်ဖို့အတွက် ထိုထိုသောအရာများကို သင်တန်းရယ်လို့ တွေးထင်သူက များမည်မထင်ပါ။

လက်ဦးဆရာသည် မိခင်နှင့်ဖခင်ဖြစ်သည်။ မိဘရင်ခွင်မှ ရုန်းထွက်ချိန်တွင် လောကဆရာကြီး၏ အတွေးသစ်အမြင်သစ်များ၊ အလှည့်အပြောင်းများကို ဆက်လက်သင်ကြားရပြန်သည်။ ထိုထိုသော ဖြစ်စဉ်အဆင့်ဆင့်ကို သင်တန်းရယ်လို့ တွေးထင်သူ များမည်ဟုမထင်သလို ဘဝနှင့်သင်တန်းသည် ရှုပက အလင်္ကာမြောက်နေသည်ကိုလည်း မြင်နိုင်သူများလည်းရှိမည်၊ မမြင်နိုင်သူများလည်း ရှိနိုင်မည်ထင်ပါသည်။

လုပ်ငန်းခွင်အတွင်း အပုံသင်ရန်အတွက် နည်းဥ၊ ရင့်စဉ်များကို ကျော်ဖြတ်ခဲ့သူ အမှုစစ်ဆရာတစ်ဦးထံ ဆက်လက်သင်ကြားရန် ချဉ်းကပ်ရပြန်သည်။

ထိုဆရာသည် အမြဲတစေပင် ပျော်ရွှင်စွာနေတတ်သည်။ ပုံတိုပတ်စနှင့် ရယ်ရယ်မောမောနေတတ်သည်။ အသားလတ်လတ်၊ မျက်နှာလေးထောင့်၊ လက်မောင်းပခုံးသားတောင့်တောင့်တင်းတင်းတို့က ယောက်ျားကောင်းတစ်ယောက်ဖြစ်ကြောင်း ပြဆိုနေသည်။

အမှုစစ်သွားတိုင်း သူနှင့်လိုက်နိုင်အောင် ကြိုးစားရသည်။ သူ့အမူအရာ၊ ပြောဟန်ဆိုဟန်ကိုက ရိုးရိုးလေးဖြစ်သော်လည်း အလိုလိုနေရင်း လေးစားနေမိသည့်ပုံစံမျိုးဖြစ်သည်။ အချင်းဖြစ်အရပ်သွားခြင်း၊ အမှုစစ်ဆေးခြင်းများတွင် သူနှင့်အတူလိုက်ပါရင်း နားမလည်သည်များကို အပြန်လမ်းတွင် ရှင်းပြတတ်သဖြင့် သူ့ကိုပိုမိုလေးစားမိပြန်သည်။

\+ \+ \+

ယခုလည်း ပိုင်နက်ကျူးလွန်မှုနှင့် နာကျင်မှုများပါသော အမှုတစ်ခုကို သွားရောက်စစ်ဆေးသည့်ဒေသသို့ လိုက်ပါသွားရင်း အပြန်တွင် ဆရာ၏ ရှင်းလင်းပြောဆိုမှုများကို ဆိုင်ကယ်နောက်မှထိုင်ရင်း နာခံမှတ်သားရပြန်သည်။

"ဆရာကလည်း ထမင်းစားမလို့ ရှိသေးတယ်၊ အရေးတကြီး ထလိုက်သွားရတယ်လို့ဗျာ၊ ကဲ.....အခု ကျွန်တော်တို့ ခုထိ ဘာမှမစားကြရသေးဘူး"

"မင်းဗိုက်ဆာသလို ငါလည်းဆာတာပဲလေကွာ၊ ဒါပေမဲ့ ငါ မင်းကိုပြောလို့လား။ ယောက်ျားကောင်း။ ယောက်ျားမြတ်ဆိုတာ ဗိုက်ဆာရင်တောင် ဆာတယ်လို့ မပြောရ၊ မခံစားရဘူး မောင်ရဲ့၊ မင်းပြောသလို အရေးတကြီး ထလိုက်ရတာလည်း ငါ့ရဲ့ရည်ရွယ်ချက်ကြောင့်ပဲ ကိုယ့်ညီရဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

"အချင်းဖြစ်အရပ်ဆိုတာ မြန်မြန်ရောက်လေ ကောင်းလေပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေရာကိုရောက်တာနဲ့ သူတို့က ငါ့ကို အကူအညီပေးတော့တာပဲ"

"ဘယ်သူတွေကလဲ ဆရာ"

"သက်ရှိတွေရော၊ သက်မဲ့တွေရောပေါ့ကွာ၊ အဲဒီကိုရောက်ရင် တိုင်ထားတာနဲ့ ရှေ့နောက်ညီတာရော၊ မညီတာတွေရောတွေ့မယ်၊ ဒါတွေကို သရုပ်သွင်ဆန်းမှန်အောင် မျက်မြင်ကြည့်ရှုနိုင်မယ်ကွာ၊ နောက်ပြီး စွပ်စွဲချက်နဲ့ ပတ်ဝန်းကျင်အခြေအနေတွေကိုလည်း မြင်တွေ့လိုက်ရတော့ ဖြစ်နိုင်၏၊ မဖြစ်

www.burmeseclassic.com

နိုင်ငံ၏ကို နှိုင်းယှဉ်နိုင်မယ်၊ သဘောက တော့ ယှဉ်တွဲရှိလား၊ မရှိဘူးလားဆိုတာ မပါ့ကွာ၊ ခြေရာတွေ၊ လက်ရာတွေ၊ သွေးစွန်းသွေးကွက်တွေကို မင်းတွေ့ခဲ့ တယ်မဟုတ်လား''

''ဟုတ်ကဲ့၊ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့တယ်လေ၊ ဆရာတောင် ဓာတ်ပုံ ရိုက်လိုက်၊ မြေပုံဆွဲလိုက်လုပ်နေသေး တယ်''

''နောက်ရက်မှာ ဒါတွေ တွေ့နိုင် ပါ့မလား''

''လူသွားလူလာနဲ့ နွားတွေ၊ ခွေး တွေ၊ တိရစ္ဆာန်တွေ သွားကြလာကြ တာနဲ့ ဘယ်ရှိပါ့မလဲ''

''ရှိအောင် ဘယ်လိုလုပ်ရင်ရမယ် လို့ မင်းထင်လဲကွာ၊ ပြောကြည့်စမ်းပါ ဦး''

''အချင်းဖြစ်အရပ်ကို ထိန်းသိမ်း ရမှာပေါ့''

''မင်းကလည်း သင်ရိုးညွှန်းတမ်း တွေ လာရွတ်နေပြန်ပြီ၊ ရွာသားတွေကို အချင်းဖြစ်အရပ်ထိန်းသိမ်းနည်း ဘယ် သူက လာသင်ပေးထားလို့လဲ''

ရဲတပ်သားလေးက ဆိုင်ကယ် နောက်ကလိုက်ရင်း ရယ်လိုက်သည်။

''ဆရာကလည်း တွေ့အောင် ဘယ်လိုလုပ်ရင် ဖြစ်မလဲ''

''မင်းအခု ငါနဲ့လိုက်တော့ ထမင်း မစားလိုက်ရဘူးမဟုတ်လား''

''ဟုတ်ပါတယ်''

''အေး.....အဲဒါပဲ''

''ဆရာကလည်း ထမင်းမစားရင် အဲဒါတွေ တွေ့ရောတဲ့လားဗျာ''

''တော်တော်ဝေးတဲ့ မောင်ပဲ၊ ထမင်းမစားဘဲ ချက်ချင်းထလိုက်သွား တာမျိုးကို ပြောတာကွ''

ဆိုင်ကယ်နောက်က ရဲတပ်သား လေးက ရယ်ပြန်သည်။

\+ \+ \+

နေကပူပူ၊ ခရီးကကြမ်းကြမ်း၊ ဗိုက်ကဆာဆာနှင့် ခရီးနှင်ကြရင်း ရေ အိုးစင်လေးတစ်စင်ကို ထနောင်းပင်ညို နောင်အောက်တွင် တွေ့လိုက်ရသဖြင့် ဆရာက ဆိုင်ကယ်ကို ထိုးရပ်လိုက် သည်။

''ရေအိုးလေးကလည်းစိုလို့၊ ဘယ်ကုသိုလ်ရှင်ရဲ့ မေတ္တာတရားပါ လိမ့်၊ ကျေးဇူးအတိုင်းမသိကို တင်ပါ တယ်ဗျာ၊ သာဓုခေါ်ပါတယ်ဗျာ''

ဆရာတပည့်နှစ်ယောက် ရေ ကြည်ချမ်းချမ်းလေးများကို တစ်ဝကြီး သောက်ကြသည်။ ပင်ပန်းနွမ်းနယ်မှု များ ကြက်ပျောက်ငှက်ပျောက်ပင် ပျောက်သွားသည်။

''ကျေးဇူးကြီးလှတဲ့ ရေအလှူရှင် ကြီး ကျန်းမာပါစေဗျာ၊ ထနောင်းရိပ် မှာ တို့လည်း ခဏနားကြရအောင်ကွာ၊ အသက်ကိုဉာဏ်စောင့်တဲ့၊ ဒီနေနဲ့ဆို မလွယ်ဘူး''

ရဲတပ်သားလေးက.....

''အသက်ကို ဉာဏ်စောင့်ဆိုပြီး ကျွန်တော်တို့လာတုန်းကလည်း နေပူ ကျဲကျဲပါပဲ''

''အဲဒါက ဥစ္စာကိုကံစောင့်ကွ''

''ဘာဆိုင်လို့လဲ''

''မင်းတို့ငါတို့ စားနေရတာ ပြည် သူကပေးတဲ့ဥစ္စာလေကွာ၊ ကံဆိုတဲ့ စေတနာနဲ့တုံ့ပြန်ပါမှ ဥစ္စာကို ကံက စောင့်တော့မပေါ့ကွ၊ နားလည်ပြီလား''

ရဲတပ်သားလေးက သူ့ဆရာပြော သမျှကိုမှတ်သည်။ ထိုရဲတပ်သားလေး သည် သိပ္ပံဘွဲ့ရတစ်ယောက်ဖြစ်သည်။ နောင်တစ်ချိန်တွင် ၎င်းသည် မလွဲမသွေ ပင် အရာရှိဖြစ်မည်။ ဒါကြောင့်လည်း ဆရာဖြစ်သူက ဆရာစားမချန် သင်ပေး နေခြင်းဖြစ်သည်။

ဆရာအမြဲပြောတတ်သည့် စကား ရှိသည်။ နတ်ထဲမှာလည်း နတ် ကောင်းနတ်မြတ်ရှိသလို ယောကျ်ားထဲ မှာလည်း ယောကျ်ားကောင်းယောကျ်ား မြတ်ရှိတယ်၊ ယောကျ်ားကောင်းအင်္ဂါ ရပ်က ဥပမာ ဆယ်ခုရှိတယ်ပဲဆိုပါစို့၊ ကိုယ့်မှာ အဲဒီအရည်အချင်း ဘယ်နှခု ရှိပြီလဲဆိုတာ မညှာတမ်း ဆန်းစစ်နိုင် ရမယ်ဟု ဆိုလေ့ရှိသည်။

''ကိုယ့်လူ အဆင်ပြေလောက်ပြီ ထင်ပါတယ်''

ရဲတပ်သားလေးက ထနောင်းပင် ကြီးမှီပြီး မျက်လုံးမှေးနေရာမှ ကပျာ ကယာထလိုက်ပြီး အမှုစစ်အိတ်ကို ကောက်လွယ်ကာ အသင့်ဖြစ်နေတော့ သည်။

''ကိုယ်တို့ ဆက်လုပ်စရာတွေ အများကြီးရှိသေးတယ်၊ သွားကြရ အောင်၊ သွားရင်းပြောကြတာပေါ့''

နေပူကျဲကျဲမှာပင် ဖုန်တထောင်း ထောင်းနှင့်နေသော မြေသားလမ်း အတိုင်း ခရီးနှင်ကြပြန်သည်။ ရဲတပ် သားလေးက တော်တော်ဖွဲ့ကောင်း၏။ မညည်းမညူလိုက်လေ့ရှိသည်။ တစ် နေ့တွင် သူပျံသန်းရတော့မည်ကို သူ ကောင်းကောင်းသိသည်။ သူများတွေ မည်သို့ပျံသန်းကြသည်ကို သိလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာပေးဖတ်သည့် 'ယောနသန်စင်ရော်'လိုပဲ။ လေထဲပျံရမှာကြောက်ပြီး ပင်လယ်ကမ်းစပ်က ကျောက်ဆောင်ပေါ် ရပ်နေရုံနဲ့ ဘဝကို ဘယ်လိုရပ်တည်နိုင်ပါ့မလဲ။ ပျံရမယ့်သတ္တဝါက ပျံကိုပျံပါမှ ဘဝရပ်တည်နိုင်မည်။ အဓိကအချက်က ဘယ်လိုပျံရမယ်ဆိုတာရယ်၊ ဘယ်လိုမြန်အောင် ပျံရမယ်ဆိုတာရယ် ပဲဖြစ်သည်။

ဆရာအမြဲပြောသည့် စကားလေးရှိသည်။ FLY FLY TO THE SKY. TRY TRY TILL YOU DIE တဲ့။ ကြိုက်နှစ်သက်၍ မှတ်ထားသည်။

လမ်းကြမ်းတစ်ခုကိုလွန်မှ ရဲတပ်သားလေးက ဆရာဖြစ်သူကို စကားစပေးလိုက်သည်။

"တိုင်တဲ့လူကလည်း နည်းနည်းလေးများနေသလားလို့ ကျွန်တော်ထင်မိတယ် ဆရာ"

"ဒါက ဒီလိုပဲ၊ မလွဲမသွေ ကြုံတွေ့ရစမြဲပဲ ကိုယ့်ဆရာ၊ အဖြစ်မှန်ထက် ပိုမိုချဲ့ထွင် ပြောဆိုတတ်ကြတယ်၊ အဲဒါကို သတိပြုမိဖို့ပဲလိုတယ်၊ ကိုယ်က ပါးပါးနပ်နပ်မေးလေ ရှေ့နောက်မညီတာတွေ တွေ့လေပဲ၊ တစ်ခုရှိတယ် ဆရာရေ၊ ကွဲပေါက်တစ်ခုပေါ့ကွာ၊ လုပ်ရပ်မှာ မဖြစ်နိုင်ပါဘူးကွာ၊ ယုတ္တိမရှိပါဘူးကွာလို့ ယူဆလိုက်တဲ့ ဖြစ်စဉ်မှာလည်း အမှန်တကယ် ဖြစ်ပွားခဲ့တာတွေလည်း ရှိသဗျ၊ အဲဒီမှာ ကွဲတာပဲ"

"ဘာကွဲတာလဲ၊ ဆရာကလည်း တစ်ကွဲတည်းချည့် ကွဲနေတော့တာပဲ"

"ဒီငတိ နာတော့မယ်၊ အမှုစစ်ကို ပြန်ပြီးအတိုင်ခံရတာကို ပြောတာ ငတုံးရဲ့"

ရဲတပ်သားလေးက ငြိမ်သွား၏။

"ပရိက္ခန်ဆစ်သီအိုရီလို့ခေါ်တယ်၊ ကြိုတင်မျှော်တွေးခြင်းလေ၊ အဲဒီသီအိုရီက လက်ကိုင်မထားလို့လည်း မရဘူး၊ တရားသေလည်း စွဲမှတ်မရပြန်ဘူး မောင်ရေ့"

"ဘယ်လိုကြိုတင်မျှော်တွေးခြင်း မျိုးလဲ မသိဘူး ဆရာ"

"ဒီလိုကွာ၊ တန်ဖိုးကြီးကြီးပစ္စည်းတွေဆိုပါတော့၊ ဥပမာကွာ စိန်လို၊ ရွှေလို၊ ငွေတွေအများကြီးကို ဘတ်စ်ကားစီးရင်း ပါသွားတယ်ဆိုပါတော့ကွာ"

"ရဲကိုတိုင်ပြီပေါ့"

"ဒီလောက်ပါသွားမှတော့ မျက်ကလဲဆန်ပျာဖြစ်ပြီပေါ့ဟ၊ ပြဿနာကလည်း ရဲဆီရောက်မှစတာ"

"မဟုတ်ဘူးလေ ဆရာ၊ ပြဿနာက ဘတ်စ်ကားပေါ်မှာလေ"

"ဘတ်စ်ကားပေါ်က ပြဿနာက သေးသွားပြီး ရဲဆီရောက်မှ ပြဿနာက ပိုကြီးသွားတာ ဆရာရေ့၊ ဘာလို့လဲဆိုတော့ ရဲကပြောပြီ၊ ခင်ဗျားကလည်း ဘတ်စ်ကားပေါ်ကို ဒီလောက်တန်ဖိုးကြီးတာတွေ ယူလာတယ်လို့ပဲ၊ ခင်ဗျား နေကောင်းရဲ့လား၊ တကယ်ဆိုရင် တက္ကစီငှားပေါ့၊ နောက်ပြီး ဒီလောက်ချမ်းသာမှတော့ ကိုယ်ပိုင်ကားစီးပေါ့၊ ရဲကို မမှန်မကန်တိုင်ရင် ပြန်ပြီးအရေးယူနိုင်တယ်နော်လို့လည်းဆိုရော တိုင်တဲ့လူ ဆွေ့ဆွေ့ခုန်တော့တာပဲ"

"သူက ဘာလို့များ ဆွေ့ဆွေ့ခုန်ရတာလဲ"

"မင်းအဘကြီးတဲ့ ပစ္စည်းလည်း ဆုံးသေး၊ လူကိုလည်းစော်ကားသေး၊



www.burmeseclassic.com

www.burmeseclassic.com

မင်းဆိုရင်ရော ဘယ်လိုနေမလဲ''

ရဲတပ်သားလေးက အားပါးတရ ရယ်လေသည်။

''ဇတိ၊ မင်းကရယ်နေ၊ စခန်းမှူး က သူ့ပရိကွန်ဆစ်နဲ့သူ အလုပ်ကို ပြုတ်ရော''

''ဘာလို့လဲ ဆရာ''

''ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ ကို မလိုက်နာလိုက်လို့ပေါ့ ဟ''

''သြော်.....အမှုမဖွင့်လို့ပေါ့''

''အမှုထိမ်ချန်တာမျိုးကို လူကြီး တွေ လက်မခံဆုံးပဲ''

ဆိုင်ကယ်က ကုန်းဆင်းအတိုင်း ဆင်းသွားပြန်သဖြင့် တပည့်က ဆရာ့ ခါးကိုဖက်ပြီး လိုက်ရပြန်သည်။

+ + +

အဆင်ပြေသည့် မြေသားလမ်း ကြောလေးပေါ်ရောက်မှ အသက်ဝ အောင် ရှူရတော့သည်။

''ပရိကွန်ဆစ်သီအိုရီကို လက် ကိုင်ထားတဲ့ နောက်အမှုစစ်တစ် ယောက်ရှိသေးဗျာ၊ သူက ဆားပုလင်း နှင်းမောင်လို လုပ်တဲ့လူ''

''ဘယ်လိုလုပ်တာလဲ ဆရာ၊ ရေ ခဲတောင်စီးကရက်သောက်လို့လား''

''မင်းကလည်း နားထောင်ပါဦး ဟ၊ ဘယ်အမှုဆိုရင် ဘယ်ကောင်ဖြစ် မယ်၊ ဘယ်အမှုက ဘယ်ကောင်၊ ဒီ ကောင်တွေရဲ့ဇာကို ကျွန်တော်သိတာပေါ့၊ အမှုစစ်သက်တမ်းပဲ ဘယ်လောက်ရှိပြီ မှတ်လို့လဲလို့ ဆိုတဲ့သူကွ''

''ဟုတ်ကဲ့''

ရဲတပ်သားလေးက ကြားဖြတ် မမေးရဲတော့ဘဲ ဟုတ်ကဲ့ဆိုတာပဲပြော တော့သည်။

''ဖြစ်ချင်တော့ သူ့ခိုးမှု တရားလို ကို ပြောရောကွာ၊ သူ့ပရိကွန်ဆစ် အတိုင်းပေါ့၊ အစ်ကိုကြီး မပူနဲ့၊ အချင်း ဖြစ်အရပ် စစ်ပြီးကတည်းက ကျွန် တော် ဒီကောင်မှန်း သိနေတယ်တဲ့''

''တရားလိုက ဘာပြောသလဲ ဆရာ''

''တရားလိုက လေးစားအထင် ကြီးသွားတာပေါ့ကွာ၊ တရားလိုက လည်း သူပြောတဲ့ သူခိုးသာမိရင် သူ့ ပစ္စည်းတွေ ပြန်ရမှာပဲလို့ တရားသေ စွဲကိုင်လိုက်ပြန်ရော''

''ဟုတ်ကဲ့''

''အဲဒီမှာတင် အမှုစစ်ပြောပြော နေတဲ့ ဂျလေဘီကို လှည့်ကင်းအဖွဲ့က မှောင်ရိပ်ခိုမှုနဲ့ ဖမ်းလာပါလေရော''

''အလိုလေး.....ပေါ်ချင်တော့ လည်း သူများကကို ဖမ်းပေးရတဲ့ အဆင့်နဲ့ပါလား''

ဆရာက ဆိုင်ကယ်မောင်းရင်း တံတောင်နှင့် နောက်ပြန်တွက်လိုက် သည်။

''ပြောပြန်ပြီလား၊ အသာနား ထောင်မနေဘူး၊ ထင်တာစွတ်စွတ် ပြောတယ်''

ရဲတပ်သားလေး ငြိမ်သွားသည်။

''အမှုပေါ်တာမဟုတ်ဘူးဟေ့၊ ပေါ်တာကို မပြောလိုက်ချင်ဘူး''

''ဟုတ်ကဲ့''

''လုပ်ပြန်ပြီလား''

''ဆရာ့အသံက ပြတ်တောင်း ပြတ်တောင်းနဲ့ ဝမ်းတူးရိုက်နေတော့ မေးရတော့တာပေါ့''

ဆရာတပည့်နှစ်ယောက် ရယ် ကြပြန်သည်။

''တရားလိုကလည်း အမှုစစ်ပြော ပြောနေတဲ့ သူခိုးကိုမိပြီဆိုတော့ ဝမ်း သာအားရနဲ့ပေါ့၊ အမှုစစ်ဆီကို မြစ်ဖြစ် ခမန်းပဲ လာလိုက်တာဆိုတာ''

''ချောင်းဖြစ်ခမန်းမဟုတ်ဘူး လား''

''တစ်နေ့လာလည်း စစ်တုန်းဗျ၊ တစ်နေ့လာလည်း စစ်တုန်းဗျဆိုတော့ တရားလိုကတွက်ပြီ၊ အမှုစစ် မှုမမှန် တော့ဘူး၊ စစ်တုန်းချည်း ပြောပြောနေ တယ်၊ ငါ့တွေ့ရင်လည်း ရှောင်ဖယ် ရှောင်ဖယ်နဲ့၊ တန်တော့ အမှုစစ်က သူခိုးနဲ့ပေါင်းပြီး ငါ့ပစ္စည်းတွေ အပိုင် ကိုင်လိုက်ပြီထင်ပြီး တိုင်တော့တာပဲ မောင်ရေ့''

''ဆရာပြောမှပဲ ဖော်မြူလာတွေ ကို လန့်တောင်လာပြီ''

''သိပ္ပံပညာအရ အိတ်ချ်တူးအို က မှန်တယ်လေကွာ၊ ဒီထက်ပိုပြီးမှန် တာက တို့ဘုရားကဟောတာက ခြွင်း ချက်မရှိမှန်တာ၊ သာသနာနှစ်တောင် နှစ်ထောင့်ငါးရာငါးဆယ့်ခုနစ်ရှိပေါ့၊ ဘုရားဟောကို မှားတယ်လို့ ဘယ်သူ ပြောနိုင်လဲ၊ ဒါမျိုးကျတော့လည်း တရားသေ လက်ကိုင်ထားရတာရှိတယ် လေ၊ ဘုရားအမြတ်ဆုံး၊ တရားအမြတ် ဆုံး၊ သံဃာအမြတ်ဆုံးဆိုတာကို၊ အခု အဲဒီလိုမဟုတ်တော့ဘူးဗျို့လို့ ဘယ်သူ ပြောရဲလဲ''

ရဲတပ်သားလေးသည် သူ့ဆရာ ပြောသမျှကို Ctrl+S= Save လုပ်နေ ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့်နှစ်ယောက်၏ ဆိုင်ကယ်လေးသည် မြို့လမ်းကတ္တရာပေါ်သို့ ရောက်လာပေပြီ။

"ကျွန်တော်တို့ အခြေခံသင်တန်းတုန်းက အမှုခင်းရာများကို သိမည့်သူ ဘယ်သူပဲဖြစ်ဖြစ် ရဲစခန်းကိုလာဖို့ အမိန့်စာနဲ့ ဆင့်ဆိုခွင့်ရသည်လို့ သင်ဘူးတယ်၊ ဆရာကျတော့ မခေါ်ဘဲ လိုက်ချည့်စစ်နေတယ်"

"ဒီလိုကွ၊ ရဲလက်စွဲ ဒုတိယတွဲ အပိုဒ် ၁၆၈၅ တို့၊ ၁၆၈၆ တို့ကပြောတယ်၊ 'ပြုလုပ်ရိုးထုံးစံ နည်းဥပဒေများအရ အမှုဖြစ်ပွားရာအရပ်တွင်သာ စစ်ဆေးရမည်၊ သက်သေများအဖို့ ရဲစခန်းလာရောက်ရသည့်အတွက် ပင်ပန်းဒုက္ခကျရောက်စေနိုင်ကြောင်း၊ သို့ဖြစ်၍ သက်သေများက များသောအားဖြင့် ကြားသိတွေ့မြင်ရသည့် အကြောင်းခြင်းရာများကို ထွက်ဆိုလိမ့်မည်မဟုတ်ပါ'အဲဒီလိုပြောတယ်ကွ၊ ဒါကြောင့် ငါကိုယ်တိုင် အပင်ပန်းခံပြီး လိုက်စစ်နေရတာပဲ ကိုယ့်လူရေ့၊ ရှင်းပြီလား"

+ + +

မြို့အဝင် လက်ဖက်ရည်ဆိုင်လေးတွင် ဗိုက်ဖြည့်ကြသည်။ ဆရာတစ်ခုခုကို တွေးနေပုံပေါ်သဖြင့် ရဲတပ်သားလေး အလိုက်တသိ ငြိမ်နေလိုက်သည်။ ခဏအကြာ ဆရာ၏ လေးလေးပင်ပင်နှင့် ပြောလိုက်သည့်အသံကို အံ့သြစွာ ကြားလိုက်ရသည်။

"အမေနေထိုင်မကောင်းဘူးတဲ့ကွာ၊ ဆေးဖိုး ငါးသောင်းလောက် လိုမယ်ထင်တယ်တဲ့၊ ရှိရင် ပို့ပေးပါဦးဆိုပြီး မနေ့က ဖုန်းလာတယ်၊ ငါ့မှာကလည်း အသင့်ကမရှိ၊ ပို့လည်းပို့ချင်တယ်၊ ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူးကွာ၊ အဲဒီအတွက် ငါခေါင်းပူနေတာကလည်း တစ်စိတ်တစ်ဒေသပါတယ်ကွ"

"ဟောဗျာ.....ခုနက တရားလိုကပေးတဲ့ ငါးသောင်းကျတော့ မယူခဲ့ဘဲနဲ့၊ ခုမှလာညည်းနေတယ်၊ ဆရာဒီကစောင့်၊ ကျွန်တော် တရားလိုဆီကို ဆိုင်ကယ်နဲ့ ပြန်ပြေးလိုက်မယ်"

ရဲတပ်သားလေး၏စကားကြောင့် သူ့ဆရာထံတွင် တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ဘူးခြင်းမရှိသည့် အသံနှင့် ဟန်ပန်အမူအရာကို တွေ့လိုက်ရသည်။

"ခွေးကောင်....အောက်တန်းစားကောင်၊ အသုံးမကျတဲ့ကောင်၊ မင်းကို ငါက အထင်တကြီးရှိခဲ့သမျှ အလကားပဲ၊ မင်း ဒီစိတ်ဓာတ်ရှိမှန်း မသိလိုက်တာ ငါညံ့သွားတယ်"

"စိတ်မဆိုးပါနဲ့ ဆရာရယ်၊ ဆရာ့အပူက ကျွန်တော့်အပူပဲဆိုတော့ ပြောမိပြောရာ ပြောလိုက်မိတာပါ၊ ဆရာ့ကို စော်ကားတာမဟုတ်ပါဘူး၊ တကယ်ပါ"

သည်တော့မှ ဆရာ၏မျက်နှာက နဂိုနေပြန်ဖြစ်သွားတော့သည်။

"မင်းပဲပြောတယ်မဟုတ်လား၊ တိုင်တဲ့လူက နည်းနည်းလေးများနေသလားလို့ဆိုတာလေ၊ မင်းပြောတာ မင်းမှတ်မိလား"

"ဟုတ်ကဲ့၊ မှတ်မိပါတယ်ဆရာ"

"အေး.....အဲဒါပဲ၊ မင်းတောင် သုံးသပ်နိုင်သေးရင် ငါက မသိဘဲနေပါ့မလား၊ မင်းလည်းကြားတာပဲ၊ အိမ်ထဲမရောက်တဲ့ဖြစ်စဉ်ကို အတင်း အိမ်ထဲရောက်ပါတယ်ချည့်လုပ်နေတာ၊ ပုဒ်မ အတိမ်အနက်က အများကြီးပြောင်းလဲတယ်လေကွာ၊ အာမခံ မရအောင် အိမ်ထဲရောက်တယ်ချည့်လုပ်နေတာ မင်းအမြင်ပဲမဟုတ်လား၊ ငါက အတိအကျလုပ်မှန်းသိလို့ သူ့ဆန္ဒအတိုင်းလုပ်ပေးအောင် ပေးတဲ့ငွေကို ငါကယူရအောင် ငါက သူ့အခိုင်းအစေလား၊ ဒီလူကွာ.."

ရဲတပ်သားလေး လန့်သွားသည်။ ဟိုမှာတုန်းကတော့ စိတ်ဆိုး၊ စိတ်တိုသည့်လက္ခဏာ မတွေ့ရဘဲ အခုမှ ထသတ်တော့မည့်ပုံဖြစ်နေသည့် ဆရာဖြစ်သူကို မရဲတရဲကြည့်လိုက်သည်။ ဆရာက ရဲတပ်သားလေးကို နှစ်လိုဖွယ် ပြုံးပြလိုက်၍ စိတ်သက်သာရာရသွား၏။

"ဆရာကလည်း လန့်သွားတာပဲ၊ ဟိုလူ့ကိုစိတ်တိုတာက ကျွန်တော့်ကို စိတ်တိုတယ်မှတ်ပြီး....."

"နှစ်ယောက်လုံးကွ၊ နားလည်လား"

"ဗျာ....."

"မဗျာနဲ့၊ လူကိုဖျက်တာ အရက်၊ ဓားကိုဖျက်တာ ဝါးမျက်ဆိုတာ မင်းလည်းသိတယ်၊ ငါလည်းသိတယ်၊ ရဲကိုဖျက်တာ ဘယ်သူလဲ.....ပြော"

"ဗျာ....."

"လုပ်ပြန်ပြီ၊ တစ်ဗျာတည်း ဗျာနေတော့တာပဲ၊ ခေါင်းကြီးက ဘာလုပ်ဖို့ထားတာလဲ၊ နည်းနည်းစဉ်းစားပါတော့လား"

"သိမှမသိတာ"

"မင်းခေါင်းက အခွံကြီး၊ ဘာမှမရှိဘူး၊ ရဲကိုအကျင့်ပျက်အောင်လုပ်တာက အခု မင်းတွေ့ခဲ့တဲ့ အမျိုးသည်မျိုးကွ၊ မှတ်ထား၊ မင်း ဒါမျိုးကို သာ

www.burmeseclassic.com

www.burmeseclassic.com



ယာရင် မင်းလည်း အကျင့်ပျက်ရဲ၊ အောက်တန်းစားရဲ၊ အခိုင်းအစေရဲဖြစ်ရော၊ မင်း ငါနဲ့လာတွဲတာက ပိုက်ဆံတွေရနေတယ်ထင်လို့ တွဲတာလား၊ ပိုက်ဆံရတဲ့အလုပ်မျိုး ရွေးလုပ်တာရယ်၊ အလုပ်လုပ်ပြီး ထိုက်သင့်တဲ့ပိုက်ဆံရတာရယ်ရှိတယ်၊ တို့က အလုပ်လုပ်ပြီး ထိုက်သင့်တဲ့ လုပ်ခ၊ လစာ ရပြီဆိုရင် တော်ပြီလေကွာ၊ ချမ်းသာချင်ရင် ကုန်သည်လုပ်ဆိုပြီး လောကနီတိမှာပါ တယ်၊ မင်းမှာ ရွေးချယ်ပိုင်ခွင့် ရှိပေမယ့် ဒီအလုပ်ကို ရွေးပြီးတဲ့နောက်တော့ ကိုယ့်လူ ချမ်းသာချင်လို့မဖြစ်ဘူး ဆရာရေ''

ရဲတပ်သားလေးက ဒါလေးပြောမိတာများဆိုပြီး အတွေးဝင်သွားသည်။ ချက်ချင်းပင် ဆရာပြောတာမှန်တယ်၊ မှတ်ရမယ်၊ ငါ ဘယ်တော့မှ ဆရာပြောတဲ့ အကျင့်ပျက်ရဲ၊ အောက်တန်းစားရဲ၊ အခိုင်းအစေရဲ မဖြစ်စေရဘူး၊ ဘွဲ့ရအောင်လည်း သင်ခဲ့ရတယ်၊ ပင်ပန်းတဲ့ သင်တန်းကိုလည်း တက်ခဲ့ရပြီးမှ သူများခိုင်းစားတဲ့ အခိုင်းအစေရဲဖြစ်နေရင် တန်ရဲ့လား၊ ဒီလိုအကျင့်ဖျက်အမှုသည်မျိုး ပြန်ကိုတရားစွဲရမယ်ဟု တွေးနေမိသည်။

''ဟော့...ကိုယ့်ညီ၊ သွားမယ်ဟ''

ရဲတပ်သားလေးသည် ဆရာ့အသံကြားမှ အလန့်တကြားဖြစ်သွားသည်။ ဆရာက ထိုင်နေရာကထပြီး ဆိုင်ကယ်ပေါ်တောင်ရောက်နေပေပြီ။ ကမန်းကတန်း ဆိုင်ကယ်နောက်ဝင်ထိုင်ကာ လိုက်ပါသွားတော့သည်။

\+ + +

ရဲစခန်းမှူးထံ ဆောင်ရွက်ချက်များကို တင်ပြပြီး.....

''အရေးဆို ကိုလှရွှေကို ခေါ်လိုက်ပါ''

စခန်းမှူးက ဆရာ့ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

''အရေးဆို ကိုလှရွှေကို ခေါ်လိုက်ပါ့မယ်၊ ခေါ်လွှန်းလို့ ရွှေစိတ်တော်ညိုမှဖြင့်.....''

ဆရာက ရယ်သည်။ ရဲစခန်းမှူးကို စနစ်တကျ အလေးပြုသည်။

အလေးပြုခြင်းသည်ပင် ရည်ရွယ်ချက်ရှိပြီးဖြစ်သည်။ အတိုကောက်အားဖြင့် ''ခင်၊ ထက်၊ ချင်း၊ စည်း၊ တိုင်း'' ဖြစ်သည်။ အပြန်အလှန် လေးစားသည့်သွေးစိတ်ကို တွေ့ရသည်။ ထိုအပြုအမူများကို ငေးကြည့်ရင်း ကြည်နူးမှုကြောင့် တစ်ကိုယ်လုံး ဖျင်းခနဲပင်ဖြစ်သွားသည်။

ဆရာက ပေါ့ပါးလန်းဆန်းစွာဖြင့် ရဲတပ်သားလေးကို ပခုံးပုတ်လိုက်၏။

''ကိုင်း.....၃၂ ကိုင်ကြစို့''

ထမင်းစားကြရအောင်ဟု ပြောခြင်းဖြစ်သည်။

''ကျွန်တော် မလိုက်တော့ပါဘူး ဆရာ''

''ဒီငတိ နာချင်ပြီထင်တယ်၊ ငါ့မှာ ပိုက်ဆံမရှိတာက အမေ့ကိုပေးဖို့ မပြည့်တာကို ပွင့်ထွက်သွားတာပါကွာ၊ ထမင်းဖိုးတော့ရှိပါတယ်၊ ဒီမှာတွေ့လား''

ဆရာက ငါးရာတန် လေးငါးခြောက်ရွက်ကို ထုတ်ပြသည်။ ရဲတပ်သားလေးက ဆရာ့ကို ချစ်ကြောက်ရိုသေသောကြောင့် ဆရာနှင့် လိုက်ပါခဲ့ရတော့သည်။

\+ + +

''အလုပ်သင်အရာရှိ ဆယ်ဦး မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှု နာခံရန် အသင့်''

ရဲစခန်းမှူး၏ အလေးပြုသတင်းပို့သံကြားမှ အလန့်တကြား မော့ကြည့်မိပြီး ပြန်လည်အလေးပြုကာ စားပွဲရှေ့ထိုင်ခုံတွင် ထိုင်ခိုင်းလိုက်ရသည်။ စားပွဲမှန်အောက်ရှိ ဆရာ၏ဓာတ်ပုံကိုကြည့်ရင်း တစ်ချိန်က ရဲတပ်သားလေးဘဝကို အတွေးရေယဉ်ကြော မျောသွားမှန်းကိုယ်တိုင်ပင်မသိ ဖြစ်သွားသည်။

''အကျင့်ပျက်ရဲ အောက်တန်းစားရဲ၊ အခိုင်းအစေရဲ မဖြစ်စေနဲ့''

မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အစမရှိ အဆုံးမရှိ ကောက်ကာငင်ကာ ပြောချလိုက်သံကြောင့် ရဲစခန်းမှူးနှင့် အလုပ်သင်အရာရှိများ လန့်သွားကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက အလုပ်သင်အရာရှိ တစ်ဦးချင်းစီကိုကြည့်ပြီး.....

''ပိုက်ဆံရတဲ့အလုပ်မျိုး ရွေးလုပ်တာရယ်၊ အလုပ်လုပ်ပြီး ထိုက်သင့်တဲ့ ပိုက်ဆံရတာရယ်ရှိတယ်၊ တို့တွေက အလုပ်လုပ်ပြီး ထိုက်သင့်တဲ့ လုပ်ခ လစာရပြီဆိုရင် တော်ပြီလေကွာ၊ ချမ်းသာချင်ရင် ကုန်သည်လုပ်ဆိုပြီး လောကနီတိမှာပါတယ်၊ မင်းတို့မှာ ရွေးချယ်ပိုင်ခွင့်ရှိပေမယ့် ဒီအလုပ်ကို ရွေးပြီးတဲ့နောက်တော့ ကိုယ့်လူတို့ ချမ်းသာချင်လို့ မဖြစ်ဘူး''

မြို့နယ်ရဲတပ်ဖွဲ့မှူးက ...ရားရေလွှတ် ပြောချလိုက်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင်ပင် ...ယ်ဆရာ၏ဝိညာဉ်

www.burmeseclassic.com

များ ဝင်ပူးသွားလေသလား ထင်မိသည်။

"နှစ်ပေါင်းမှတ်ပုံတင် ၂၀ ကို တစ်နှစ်တာလုံး အပြန်အလှန်လေ့လာ၊ ရှေ့မျက်နှာက ဖော်ပြတဲ့ပုံဒ်မကို နောက်ကျောဘက်ဖြစ်စဉ်နဲ့ တွဲပြီးလေ့လာ၊ အဲဒါပြီးရင် နောက်ကျောဘက်ခြမ်းမှာရှိတဲ့ ဖြစ်စဉ်ကို ဖတ်၊ ဖတ်ပြီးရင် ဒါက ဘာပုဒ်မနဲ့ အကျုံးဝင်မယ်ဆိုတာတွေ၊ မှန်မမှန် ရှေ့မျက်နှာကိုလှန်ကြည့်၊ ကိုယ်တွေးထင်တာ မမှန်ရင် ဘာလို့မမှန်တာလဲဆိုတာ ပြန်ပြီးအဖြေရှာ၊ ထပ်တွေး၊ မသိတော့ဘူးဆိုရင် ရဲစခန်းမှူးကိုမေး၊ မင်းကလည်းနားလည်သည်အထိရှင်းပြ"



"ဟုတ်ကဲ့ပါ"

ရဲစခန်းမှူးက သတိဆွဲဖြေကြားပြီး ထိုင်ခုံတွင် ပြန်ထိုင်သည်။

"ရဲစခန်းမှတ်ပုံတင် သုံးဆယ့်ခုနစ်ခုရှိတယ်၊ အဲဒါ သိလား"

အလုပ်သင်အရာရှိများက သိရှိကြောင်း သတိဆွဲဖြေကြားသည်။ ရဲစခန်းမှူး ပြုလုပ်သလိုပြုလုပ်ပြီး ထိုင်ခုံတွင် ပြန်ထိုင်ကြသည်။ ရှေ့ကနွားလား ဖြောင့်ဖြောင့်သွားပါမှ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်သည်ဟု ဥပမာပေးလျှင် ရိုင်းကောင်းရိုင်းပေမည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက အလုပ်သင်အရာရှိများကို အကဲခတ်ရာ ကြောက်လန့်နေကြပုံပေါက်နေကြသည်။ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းသလို ဖြစ်သွားသည်ကိုး။ အကြောက်တရားကို မလိုချင်။ ရဲတပ်သားလေးဘဝတုန်းက ဆရာ့ကို ချစ်ကြောက်ရိုသေစိတ်မျိုးပဲရှိသလို ရှိစေချင်သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက အလုပ်သင်အရာရှိများကို ငယ်ဆရာ၏ နှစ်လိုဖွယ်အပြုံးမျိုး ပြုံးပြပြီး.....

"မှတ်ပုံတင်ဆိုလို့ အဆင့်တိုးစာမေးပွဲဖြေတုန်းက ရဲဘော်တစ်ယောက်ဖြေသလိုတော့ မဖြေနဲ့"

"ဘယ်လိုဖြေလို့လဲ ဗိုလ်ကြီး"

ရဲစခန်းမှူးက ဝင်မေးသည်။

"မှတ်ပုံတင်ပျောက်သွားလို့ လျှောက်ထားဆဲပါဆိုပြီး ဝင်ဖြေတယ်လေဗျာ"

အားလုံးရယ်မောကြသည်။ စိတ်သက်သာရာရအောင် ဖန်တီးပေးလိုက်ခြင်းဖြစ်သည်။

"အမှုစစ်အရာရှိကောင်း ဖြစ်ရမယ်လို့ ခံယူကြိုးစားကြ၊ အချိန်ပိုင်းခြားထားတဲ့ အစီအစဉ်အတိုင်း အရာရှိများကို ကျူပ်ပို့ချပေးမယ်၊ စနစ်တကျမှတ်သားပါ၊ အမြဲတမ်း အသင့်အနေအထားရှိရမယ်၊ နောက်ဆုံးပြောရရင် 'အရေးဆို ကိုလှရွှေကိုခေါ်ပါ'လို့ကို ဖြစ်နေရမယ်၊ ကိုလှရွှေဆိုတာ သိလား"

"ရဲသားကြီးက ကိုလှရွှေလို့ မူလတန်းတုန်းက သင်ဖူးပါတယ်"

ခပ်သွက်သွက်အရာရှိတစ်ဦးက သတိဆွဲဖြေသည်။ ပြန်ထိုင်ရန်ပြောပြီးနောက်.....

"မှန်တယ်ဗျာ၊ မင်းတို့၊ ငါတို့ကို အရေးဆို ခေါ်နေရမယ်၊ ခေါ်ရင်လည်း အသင့်ရှိပြီး ချက်ချင်းကူညီ ဖြေရှင်းပေးနိုင်ရမယ်၊ အမှတ်ရနေအောင်၊ ခေါ်ချင်အောင်လည်း လုပ်ရမယ်၊ ဘာမေးစရာရှိလဲ"

ရဲစခန်းမှူးနှင့် အလုပ်သင်အရာရှိများက သတိဆွဲအလေးပြုသည်။ ရဲစခန်းမှူးက.....

"ဆက်လုပ်ခွင့်ပြုပါ"

မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်အလေးပြုသည်။

"ဆက်လုပ်"


ရဲစခန်းမှူးနှင့် အလုပ်သင်အရာရှိများ ပြန်ထွက်သွားကြသည်။

"အရေးဆို ကိုလှရွှေကို ခေါ်လိုက်ပါ"ဟု တစ်ယောက်နှင့်တစ်ယောက် ပြောဆိုနေကြသည်ကို ကြားလိုက်ရသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးမှာ ပြုံးပြုံးကြီးဖြစ်နေတော့သည်။

စာဖတ်သူများကိုလေးစားစွာဖြင့်
မောင်သိန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဤဆောင်းပါး၏အမည်သည် ကျွန်တော်၏ ကိုယ်ပိုင်အမည်မဟုတ်ပါ။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က မြန်မာ့စာပေလောကတွင်လည်းကောင်း၊ ရုပ်ပြကာတွန်း မဂ္ဂဇင်းလောကတွင်လည်းကောင်း လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ကာတွန်းပညာရှင် ဦးအောင်ရှိန်၏ ကာတွန်းရုပ်ပြဇာတ်ဆောင်တစ်ဦးဖြစ်သော ဦးရုံစား၏ လက်သုံးစကားတစ်ခုဖြစ်ခဲ့ရာ ထိုစဉ်ကာလက လူအများသုံးစွဲကြသော လက်သုံးစကားဖြစ်ခဲ့ပါသည်။ ကာတွန်းဦးအောင်ရှိန်သည် ဦးရုံစားနှင့် ဦးဒိန်းဒေါင်ဟူသော ကာတွန်းဇာတ်ဆောင်နှစ်ဦးအား ဖန်တီးခဲ့ပါသည်။

ထိုဇာတ်ဆောင်များပါဝင်သော ရုပ်ပြဇာတ်လမ်းတွဲ စာအုပ်များသည် အရောင်းရအသွက်ဆုံး စာအုပ်များဖြစ်ခဲ့ပြီး ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့ရာ အောင်မြင်ပေါက်ရောက်သော ရုပ်ရှင်ကားတစ်ကား ဖြစ်ခဲ့သည်သာမက ဝင်ငွေသောက်သောက်လဲရရှိခဲ့သော ရုပ်ရှင်ကားကြီးတစ်ကားဖြစ်ခဲ့ပါသည်။ ဤအမည်ကို ကျွန်တော် ဆက်လက်သုံးစွဲခဲ့သဖြင့် စာဖတ်သူများသည် ကျွန်တော့်အား ခွင့်လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခုရေးသားမည့် ဆောင်းပါးတွင် ပါဝင်ခဲ့သူများမှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်ကြီးများ မဟုတ်ကြပါ။ ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း မြန်မာနိုင်ငံစစ်မျက်နှာတွင် အမိကတာဝန်များကို ထမ်းဆောင်ခဲ့ကြသော ဗိုလ်ချုပ်ကြီး အလက်ဇန္ဒား၊ အမှတ် ၁၇ တပ်မတော် တပ်မှူးကြီး ဝီလီယန်စလင်း (နောင်အခါ ဆာဘွဲ့ရသူ)နှင့် ထိုစဉ်ကာလက ဗြိတိသျှဘုရင့်တပ်မတော်၊ ထောက်လှမ်းရေးဌာနမှ ဒုတိယဗိုလ်မှူးကြီး ပီတာဖလိမ်းမင်း [နာမည်ကျော် ဂျိမ်း(စ်)ဘွန်းဝတ္ထုများကို ဖန်တီးခဲ့သော ဗြိတိသျှဘုရင့်ရေတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး အိုင်ယန်ဖလိမ်းမင်း၏ အစ်ကိုအရင်းတော်သူ]နှင့် အခြားဗြိတိသျှနှင့် မဟာမိတ်တပ်မတော်မှ ထိပ်တန်းအရာရှိကြီးများ ပါဝင်ခဲ့ပါသည်။ ထိုစစ်ဆင်ရေးကို ပြုလုပ်ရန် အတည်ပြုပေးခဲ့ကြသူများမှာ ထိုစဉ်က အရှေ့တောင်အာရှတွင် တာဝန်ယူခဲ့ကြသော ဗြိတိသျှဘုရင့်တပ်မတော်ဌာနချုပ်မှ ထိပ်တန်းအရာရှိကြီးများနှင့် ဗြိတိသျှဘုရင့်တပ်မတော် စစ်ဦးစီးချုပ်တာဝန်နှင့် အိန္ဒိယတိုက်ငယ်ဘုရင်ခံချုပ်၏တာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့ရသော ဗိုလ်ချုပ်ကြီး ဝေဗယ်(လ်)ကိုယ်တိုင် အမိကအခန်းမှ ပါဝင်ခဲ့ပါသည်။

ထိုစစ်ဆင်ရေးမှာ အရှိန်အဟုန်မြင့်မားစွာဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံအတွင်း ထိုးစစ်ဆင်လာသည်။ ဂျပန်ဘုရင့်တပ်မတော်မှ ထိပ်တန်းအရာရှိများအား လှည့်စားရန် ရည်မှန်းပြုလုပ်သည့် လူမသိသူမသိ စစ်ဆင်ရေးတစ်ရပ်ဟု ဆိုနိုင်ပါသည်။ ထိုစစ်ဆင်ရေးကြီးအမည်ကို ဗြိတိသျှဘုရင့်တပ်မတော် တပ်မှူးများက "Operation Error" 'အမှားစစ်ဆင်ရေး'ဟု အမည်ပေးထားခဲ့၏။

ဤစစ်ဆင်ရေး အောင်မြင်မည်ဆိုပါက ဂျပန်တို့၏ ထိုးစစ်သည် အတော်အသင့် ရပ်ဆိုင်းသွားမည်ဖြစ်သည်သာမက စစ်ရေးအခြေအနေမှာလည်း တစ်မျိုးပြောင်းသွားနိုင်ပေသည်။ ဗြိတိသျှဘုရင့်တပ်မတော် အာဏာပိုင်များအနေဖြင့် ဤစစ်ဆင်ရေး၏ ဆောင်ရွက်ချက်များအား ဂျပန်တို့ကို လိုလားသော မြန်မာနိုင်ငံသားများက ဂျပန်စစ်အာဏာပိုင်များအား သေသေချာချာ သတင်းပေးပို့လိမ့်မည်ဟု တွက်ဆထားခဲ့၏။ သို့သော် ထိုစစ်ဆင်ရေး၏အမည်မှာ "အမှားစစ်ဆင်ရေး"ဟု ဆိုသည့်အတိုင်း ဗြိတိသျှဘုရင့်တပ်မတော် အာဏာပိုင်များအဖို့ "မှားတဲ့အခါလည်း မှားပေမပေါ့"ကိန်းဆိုက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

မှန်ပါသည်။ ''စစ်မြေပြင်လက်စွဲကျမ်း''(စစ်ဆင်ရေး) တွင် ဤသို့ဆိုထား၏။ ''တိုက်ပွဲလှည့်စားခြင်းသည် စစ်ဆင်မှု ဖြစ်၍ ၎င်းသည် ကျွန်ုပ်တို့၏ တည်နေရာများ၊ စွမ်းဆောင်နိုင်မှုများနှင့် ကြံရွယ်ချက်များကို ရန်သူအထင်မှားစေရန်နှင့် ရန်သူသည် သူ့အတွက် အကျိုးယုတ်၍ ကျွန်ုပ်တို့အတွက် အကျိုးရှိရန် တုံ့ပြန်စေအောင် ရည်ရွယ်၍ အသွင်ပြောင်း စီမံထားခြင်းဖြစ်သည်''ဟု ဆိုထားသည်။ ထို့ကြောင့် ဗြိတိသျှတို့သည် မြန်မာပြည်သူလူထုအကူအညီကို အထိုက်အလျောက်ရထားသော ဂျပန်ဘုရင့်တပ်မတော်အား ပိပိရိရိ လှည့်စားရန် အထက်ဖော်ပြပါ ''အမှားစစ်ဆင်ရေး''ကို ပြုလုပ်ခဲ့ကြသည်။

ဤကဲ့သို့ တစ်ဖက်ရန်သူအား လှည့်စားသည့် စစ်ဆင်ရေးလုပ်ငန်းများကို ပထမကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှထောက်လှမ်းရေးတပ်ဖွဲ့နှင့် ဗြိတိသျှဘုရင့်တပ်မတော် အာဏာပိုင်များသည် အတော်ပင် အောင်မြင်စွာ ထမ်းဆောင်ခဲ့ဖူးသည်။ ထိုလုပ်ငန်းများအနက် ထူးထူးခြားခြား အောင်မြင်ခဲ့သည့် စစ်ဆင်ရေးတစ်ခုမှာ အရှေ့အလယ်ပိုင်း ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားခဲ့ပါသည်။ ထိုစဉ်ကာလက တူရကီတို့သည် ဂျာမန်ကိုင်ဇာဘုရင့်တပ်များနှင့် လက်တွဲ၍ ဗြိတိသျှတို့အား ထိုဒေသမှ မောင်းထုတ်ရန် ကြိုးပမ်းနေသည့်အချိန် ဖြစ်သည်။

တူရကီတို့သည် ဂျာမန်ကိုင်ဇာဘုရင့်တပ်များက ထောက်ပံ့သော လက်နက်ခဲယမ်းမီးကျောက်များဖြင့် ကျားကုတ်ကျားခဲ အသေခံ၍ ခုခံတိုက်ခိုက်ခဲ့ကြသဖြင့် ဗြိတိသျှတို့အဖို့ အထိနာခဲ့သည်။ သို့ဖြစ်၍ တူရကီတပ်များအား လှည့်စားရန် စီမံကြရသည်။ ပထမတွင် ရန်သူဖြစ်သော တူရကီတပ်များသည် ဗြိတိသျှတို့ ထိုးစစ်ဆင် တိုက်မည့်နေရာကို တွက်ဆထားပြီး ဖြစ်သည်။ အမှန်အားဖြင့်လည်း ဗြိတိသျှတို့သည် ထိုနေရာမှ ထိုးစစ်ဆင် တိုက်ကြမည်ဖြစ်၏။ သို့သော် မိမိတို့တပ်များသည် ထိုနေရာတွင် တိုက်ခိုက်ကြလိမ့်မည်မဟုတ်၊ အခြားနေရာတစ်နေရာဖြစ်သည်ဟု ရန်သူ တူရကီများက ယုံကြည်လက်ခံလာစေရန် ပိပိရိရိနှင့် လှည့်စားနိုင်ခဲ့သည်။ ဤတွင် တူရကီတို့သည် အသင့်ပြင်ထားသော ခံစစ်အားများကို အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားတော့သဖြင့် ဗြိတိသျှတို့ လွယ်လွယ်ကူကူနှင့် ရည်မှန်းချက်ကို သိမ်းယူနိုင်ခဲ့၏။

ရန်သူကို လှည့်စားရသည့်လုပ်ငန်းမှာ အပြောလွယ်သလောက် လက်တွေ့လုပ်ဆောင်မှုမှာ ခက်ခဲလှသောလုပ်ငန်းဖြစ်၏။ ထိုစဉ်ကာလက တူရကီတို့အား ရင်ဆိုင်တိုက်နေရသော ဗြိတိသျှဘုရင့်တပ်မတော်အား တာဝန်ယူနေရသူမှာ ဗိုလ်ချုပ်ကြီး ဆာအက်(ဒ်)မွန်အယ်လင်ဘီဖြစ်၏။

သူ၏တပ်ဖွဲ့ထောက်လှမ်းရေးတာဝန်ခံမှာ ဗိုလ်မှူး မိန်နက်ဇေဂင် (Meinertzhagan) ဖြစ်သည်။ သူ၏ကျောပိုးအိတ်တွင် အတုအယောင်စစ်ဆင်ရေး စာရွက်စာတမ်းများ၊ သူနှင့်သူ့မိသားစုများ အပြန်အလှန်ပေးသည့်ဟန် ရေးသားထားသော စာအတုများ၊ ဗြိတိသျှသုံးငွေ ပေါင် ၂၀ ထည့်ကာ ဗြိတိသျှတပ်များနှင့် တူရကီတပ်များအကြား မြင်းတစ်စီးဖြင့် ထွက်ခွာလာခဲ့သည်။ ဤတွင် တူရကီတပ်များက သေနတ်ဖြင့် လှမ်းပစ်သောအခါ ထိခိုက်ဒဏ်ရာရသဖြင့် သူ့ကျောပိုးအိတ် လွတ်ကျဟန်ပြုပြီး ခက်ခက်ခဲခဲ လွတ်မြောက်သွားသည်ဟု ရန်သူထင်အောင် သရုပ်ဆောင်ခဲ့သည်။ ဤသရုပ်ဆောင် ယောင်ပြစစ်ဆင်ရေးကို တူရကီစစ်ဘက်အရာရှိကြီးများက အစစ်အမှန် စာရွက်စာတမ်းများဟု ထင်မှတ်သည်။ သို့ဖြစ်၍ တူရကီတပ်များကို အခြားစစ်မျက်နှာဘက်သို့ ရွှေ့ပြောင်းပစ်ခဲ့ရာ ဂါဇာဒေသတွင် ဗြိတိသျှဘုရင့်တပ်မများအဖို့ တူရကီတပ်များအား လွယ်လွယ်နှင့် အောင်မြင်ခဲ့သည်။

ပထမကမ္ဘာစစ်ကြီးအတွင်း ရန်သူကို လှည့်စားနိုင်ခဲ့သော စစ်ဆင်ရေးများတွင် ဤစစ်ဆင်ရေးမှာ မှတ်တိုင်တစ်တိုင် ထူနိုင်ခဲ့သည်။ ဤစစ်ဆင်ရေးတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သော ဗိုလ်မှူး မိန်နက်ဇေဂင်မှာ ဒုတိယဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးမြှင့်ပေးခြင်းခံခဲ့ရပြီး ဤစစ်ဆင်ရေးမှာ ဗြိတိသျှဘုရင့်တပ်မတော်များသမိုင်းတွင် အောင်မြင်ပေါက်ရောက်သော စစ်ဆင်ရေးတစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရ၏။ သို့ဖြစ်၍ ဤစစ်ဆင်ရေးကို နမူနာယူ၍ ဂျပန်ဘုရင့်တပ်မတော်ကို လှည့်စားနိုင်လိမ့်မည်ဟု ဗိုလ်ချုပ်ကြီး ဝေဗယ်(လ်)က ယုံကြည်ထားသည်။ ဗိုလ်ချုပ်ကြီး ဝေဗယ်(လ်)သည် ဗိုလ်ချုပ်ကြီး အယ်လင်ဘီကို လေးစားကြည်ညိုသူတစ်ဦး ဖြစ်သည်သာမက ဗိုလ်ချုပ်ကြီး အယ်လင်ဘီ၏ အတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေခဲ့သူဖြစ်ရကား ဤလှည့်စားသော စစ်ဆင်ရေးအကြောင်း လက်တစ်ဆုံးနှိုက် လေ့လာထားခဲ့သူဖြစ်၏။ သို့ဖြစ်၍ သူတာဝန်ယူခဲ့ရသော စစ်မျက်နှာတွင် ဤစစ်

www.burmeseclassic.com



ဆင်ရေးပုံစံနှင့် ဆင်တူသော ''အမှားစစ်ဆင်ရေး''ကို ပြုလုပ်ရန် ထောက်လှမ်းရေးအရာရှိ ဒုတိယဗိုလ်မှူးကြီး ပီတာဖလီမ်းမင်းကို တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့ အခြေအနေအရပ်ရပ်ဖြစ်ရခြင်းအား အလျဉ်းသင့်သဖြင့် အနည်းငယ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ညတွင် ဂျပန်ဘုရင့်ရေတပ်မတော်မှ ရေငုပ်သင်္ဘောများနှင့် လေတပ်မတော်မှ ဗုံးကြဲလေယာဉ်ပျံများနှင့် တိုက်လေယာဉ်ပျံများသည် ပစိဖိတ်သမုဒ္ဒရာအလယ်ရှိ ဟာဝိုင်ယီကျွန်းရှိ ပါးလ်ဟာဘာခေါ် အမေရိကန်ပြည်ထောင်စု ရေတပ်စခန်းအား စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ဥရောပတိုက်တွင်ဖြစ်ပွားလျက်ရှိသော ဒုတိယကမ္ဘာစစ်မီးကြီးသည် အရှေ့အာရှသို့ ကူးစက်လာခဲ့သည်။ အထက်ဖော်ပြပါ အလစ်ဝင်ရောက်တိုက်ခိုက်သည့်နေ့တွင် ဂျပန်သည် အင်္ဂလိပ်နှင့် အမေရိကန်ပြည်ထောင်စုတို့အား စစ်ကြေညာခဲ့သည်။

ဒီဇင်ဘာလ ၈ ရက်နေ့တွင် အင်ဒိုချိုင်းနားတွင် တပ်ချထားသော ဂျပန်တပ်များသည် ယိုးဒယားနိုင်ငံ(ထိုင်း)သို့ ထိုးဖောက်ဝင်ရောက်လာခဲ့တော့၏။ ထိုစဉ်ကာလက ယိုးဒယား(ထိုင်း)တို့က တိုက်ဟန်ပြုခဲ့ပြီး ဂျပန်နှင့် ယိုးဒယား (ထိုင်း)တို့ ပူးပေါင်းခဲ့သည်။ ဂျပန်ဘုရင့်တပ်မတော်သည် ယိုးဒယား (ထိုင်း)မှတစ်ဆင့် မလေးရှားသို့ ထိုးဖောက်ဝင် ရောက်တိုက်ခိုက်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဗြိတိသျှအင်ပါယာကြီး၏ အကြီးအကျယ်ဆုံး၊ အခိုင်မာဆုံး စင်ကာပူခံတပ်ကြီး ကျခဲ့ရတော့၏။

ဗြိတိသျှဘုရင့်တပ်မတော်သား ခြောက်သောင်း၊ ဩစတြေးလျနှင့် အိန္ဒိယတိုင်းရင်းသားတပ်သား လေးသောင်းကျော်တို့သည် စစ်လက်နက်ပစ္စည်းများစွာနှင့် ဂျပန်တို့ထံ လက်နက်ချခဲ့ရ၏။ ထိုစဉ်ကာလက မြန်မာနိုင်ငံကာကွယ် ရေးမှာ စင်ကာပူခံတပ်အပေါ်တွင် မှီခိုနေရ၏။ မြန်မာနိုင်ငံ တွင် ဗြိတိသျှတပ်မကြီး နှစ်တပ်စာမျှသာရှိ၏။ လက်နက် နှင့် စစ်အသုံးအဆောင်ပစ္စည်းများမှာ ဟောင်းနွမ်း၍ တပ်သားများမှာလည်း အလေ့အကျင့်မရှိကြ။

ဗြိတိသျှတို့သည် ဥရောပတိုက်တွင် ဝင်ရိုးတန်း မဟာမိတ်နိုင်ငံများဖြစ်သော နာဇီဂျာမနီ၊ အီတလီနှင့် မဟာမိတ်တို့နှင့် အပြင်းအထန် စစ်ပွဲဆင်နွှဲနေရပြီဖြစ်ရကား အရှေ့တောင်အာရှစစ်ဆင်ရေးများတွင် အားပျော့လျက်ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က အိန္ဒိယ အမှတ် ၁၇ နံပါတ်တပ်မတော်ကြီးမှာ မော်လမြိုင်ခွင်တွင် တာဝန်ယူထားရ၏။ ဂျပန်ဘုရင့်တပ်မတော်သည် မြန်မာ့မျိုးချစ်တပ်မတော်သားများနှင့်အတူ မြဝတီနှင့် ယိုးဒယား (ထိုင်း)နယ်ခြားကိုဖြတ်၍ တစ်ဟုန်ထိုးချီတက်လာခဲ့ကြသည်။ ဂျပန်ဘုရင့်တပ်မတော်၏ စစ်ဆင်နည်းမှာ စစ်ဦးကို အရှိန်ပြင်းပြင်းနှင့် အားသွန်ခွန်စိုက် တွေ့မရှောင် အကုန်လှဲ၍ ဝင်သောနည်းဖြစ်သည်။ ဤစစ်ဆင်နည်းကို ရင်ဆိုင်တွေ့ရသော စစ်ရေးအတွေ့အကြုံနည်းသည့် အမှတ် ၁၇ အိန္ဒိယတပ်မတော်မှာ လုလုကြီးခံရတော့၏။ ဤသို့ဖြင့် ဗြိတိသျှတပ်မတော်ကြီးသည် ဖရိုဖရဲဖြစ်သွားခဲ့ရ၏။



ထိုအချိန်တွင် ဗြိတိသျှဘုရင့်လေတပ်မတော်၏ အင်အားမှာ ဂျပန်လေတပ်မတော်ထက် အင်အားနည်းပါးလှရကား မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား ဂျပန်ဘုရင့်လေတပ်မတော်မှ စိုးမိုးထားနိုင်ခဲ့၏။ ထိုစဉ်က ဗြိတိသျှဘုရင့်တပ်မတော်မှတပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာအံ့ဆဲဆဲတွင်ပင် တရုတ်အမျိုးသားတပ်များ ရောက်လာရာ တောင်ငူတစ်ဝိုက်မှ ဂျပန်တို့ကို ပြင်းပြင်းထန်ထန် ခုခံကာကွယ်သော်လည်း အရှုံးနှင့်ရင်ဆိုင်ရတော့သည်။

၁၉၄၂ ခုနှစ်၊ ဧပြီလ၊ ဒုတိယအပတ်တွင်မူ ဂျပန်ဘုရင့်တပ်မတော်မှတပ်များနှင့် မြန်မာ့မျိုးချစ်တပ်မတော်စစ်ကြောင်းများသည် ဧရာဝတီမြစ်ကြောင်းအနောက်ဘက်ကို ဖြတ်၍တက်လာခဲ့သည်။ ရေနံချောင်းတွင် ဗြိတိသျှတပ်များသည် ရန်သူတပ်များ၏ ဝိုင်းထားခြင်း ခံခဲ့ရတော့၏။ ဤတွင် ရေနံတွင်းများကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ပြီး ဂျပန်တပ်တို့ ဝိုင်းဝန်းပိတ်ဆို့ခံထားရသော ဗြိတိသျှတပ်တို့သည် သံချပ်ကာကားတပ်များ အကူအညီနှင့် ဖောက်ထွက်နိုင်ခဲ့ကြ၏။

ဗြိတိသျှတပ်တို့သည် မန္တလေးမြို့တောင်ဘက် ကျောက်ဆည်တွင် ဂျပန်တပ်များနှင့် အပြင်းအထန် ကျားကုတ်ကျားခဲ တိုက်ကြရပြန်သည်။ ဤတွင် ဗြိတိသျှတို့၏ နောက်ချန်တပ်များသည် စွန့်စွန့်စားစား ကြိုးစား၍ ဂျပန်တို့၏ စစ်ကြောင်းများကို ထိုးဖောက်ကြရသည်။ သံချပ်ကာကားများနှင့် တင့်ကားများ၊ စစ်သားတင်ကားများသည် အင်းဝတံတားကြီးဆီသို့ ဆုတ်လာခဲ့ရသည်။ ဂျပန်ရှေ့တန်းတပ်ဦးများက လည်း ထိုဆုတ်ခွာသည့်လမ်းတစ်လျှောက် တိုက်ခိုက်ကြသဖြင့် တိုက်ပွဲများ အဆက်မပြတ် ဖြစ်ခဲ့ရတော့သည်။

ဤတွင် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော "အမှားစစ်ဆင်ရေး"ကို ပြုလုပ်ရန် ဗြိတိသျှဘုရင့်တပ်မတော် တပ်မှူးကြီးများသည် စီစဉ်ခဲ့ရသည်။ ထိုစစ်ဆင်ရေးသာ အောင်မြင်မည်ဆိုလျှင် အနိုက်အတန့်အားဖြင့် ဂျပန်တို့၏ ထိုးစစ်သည် နှောင့်နှေးသွားနိုင်သည်သာမက မြန်မာနိုင်ငံမှ ခွာစစ်ပြုခဲ့ရပြီဖြစ်သော ဗြိတိသျှတပ်များနှင့် တရုတ်တပ်များအဖို့ အောင်မြင်စွာ အေးအေးဆေးဆေး ဆုတ်ခွာနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ထောက်လှမ်းရေးတပ်မှ ဒုတိယဗိုလ်မှူးကြီး ပီတာဖလီမ်းမင်းသည် ဗိုလ်ချုပ်ကြီး ဝေဗယ်(လ်)ထံမှ ဗိုလ်ချုပ်အလက်ဇန္ဒားထံသို့ ပေးပို့သော စစ်ရေးနှင့်ပတ်သက်သည့် စာအတုများ၊ မြန်မာနိုင်ငံမှခွာစစ်ပြုစဉ် ဗိုလ်ချုပ်ကြီးဝေဗယ်(လ်)ထိခိုက် ဒဏ်ရာရခဲ့ပုံ၊ ဗိုလ်ချုပ်ကြီး ဝေဗယ်(လ်)၏ သမီးထံမှ ဗိုလ်ချုပ်ကြီးထံပေးသည့် စာအတုများ၊ အိန္ဒိယမြန်မာနယ်စပ်တွင် မြန်မာနိုင်ငံအား ချက်ချင်း ပြန်လည် ထိုးစစ်ဆင်ရန် ပြင်ဆင်နေသော စစ်တပ်အင်အားများ အဆမတန် ဖော်ပြထားသော လေတပ်အင်အားနှင့် တင့်ကားတပ်အင်အား

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍
ဂျပန်တို့ ခြွင်းချက်မရှိ
လက်နက်ချခဲ့ပြီးနောက်
မြန်မာနိုင်ငံတိုက်ပွဲစဉ်များတွင်
တာဝန်ယူခဲ့ရသော
ဂျပန်တပ်မှူးကြီးများကို
ဤ"အမှားစစ်ဆင်ရေး"နှင့်
ပတ်သက်၍
စုံစမ်းမေးမြန်းသောအခါ
ဂျပန်တပ်မှူးကြီးများမှာ
အံ့အားသင့်လျက်ရှိပြီး
ထိုစစ်ဆင်ရေးကို
ကြားပင်မကြားမိကြပါဟု
တညီတညွတ်တည်း
ဖြေဆိုခဲ့ကြသဖြင့်...

များကိုလည်း ရေးသားဖော်ပြထားသည့် စာ၊ ဗိုလ်ချုပ်ကြီး ဝေဗယ်(လ်) ဖတ်ရှုလေ့ရှိသော ဝတ္ထုတစ် အုပ်နှစ်အုပ် စသည်တို့ပါဝင်သော အရာရှိကိုင် လက်ဆွဲ သေတ္တာတစ်လုံးကို စီစဉ်ခဲ့သည်။

အဓိကပစ်မှတ်မှာ ယင်းလက်ဆွဲသေတ္တာအား ဂျပန်ဘုရင့်တပ်မှူးကြီးများလက်တွင်း ရောက်ရှိရေးဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံစစ်မြေပြင်တွင် ဗြိတိသျှစစ်သေနာပတိများ စီးလေ့ရှိသော ဖို့ဒ်ဆီဒင် မော်တော်ကားလေးကို စစ်ကိုင်းမြို့နယ်လူထုမြင်အောင် မောင်းနှင်စေခဲ့သည်။ မြန်မာလူထုမြင်လျှင် မဟာမိတ်ထိပ်သီး စစ်သေနာပတိသည် ဤမော်တော်ကားဖြင့် ပျားပန်းခပ် သွားလာလှုပ်ရှားနေသည်ဟု အထင်ရောက်စေရန်ဖြစ်၏။ ဧပြီလနောက်ဆုံးရက်တွင် ဗြိတိသျှတပ်များသည် အင်းဝတံတား (စစ်ကိုင်းတံတား)ကြီးပေါ်မှ အနောက်ဘက်သို့ အပြီးတိုင်ဆုတ်ခွာခဲ့၍ ဧပြီလ ၃၀ ရက်နေ့ နံနက် အရုဏ်ဦးအချိန်တွင် တံတားကြီးကို ဖောက်ခွဲလိုက်ရာ တံတားကြီး၏ အလယ်ခုံးနှစ်ခုံးပျက်စီးခဲ့ရတော့၏။

ဤတွင် "အမှားစစ်ဆင်ရေး"ပြုလုပ်မည့် ထောက်လှမ်းရေးတပ်သားများကလည်း လူသူအများ မြင်သာသည့် ရေဝတီမြစ်ကမ်းထိပ်မှ စာတုများပါဝင်သော သေတ္တာတင်ထားသည့် ဖို့ဒ်ဆီဒင်မော်တော်ကားလေးအား မြစ်ထဲသို့ တွန်းချခဲ့ကြသည်။ ဗြိတိသျှတပ်မတော် တပ်မှူးများနှင့် မဟာမိတ်တပ်ဖွဲ့ အာဏာပိုင်များကမူ ထိုစာတုများပါဝင်သော သေတ္တာငယ်ကို ဂျပန်စစ်အာဏာပိုင်များ ရရှိသွားမည်မှာ သေချာသည်ဟု တွက်ဆထားခဲ့သည်။ ဤ"အမှားစစ်ဆင်ရေး" ကြောင့် ဂျပန်စစ်ဘက်အာဏာပိုင်များ အတွက်မှားကာ ၁၉၄၂ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံအတွင်းသို့ ဂျပန်တပ်များ ဆက်လက် ထိုးစစ်မဆင်ခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကြီး ဝေဗယ်(လ်) က ယူဆခဲ့သည်။

သို့သော် ၁၉၄၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ဂျပန်တို့ ခြွင်းချက်မရှိ လက်နက်ချခဲ့ပြီးနောက် မြန်မာနိုင်ငံတိုက်ပွဲစဉ်များတွင် တာဝန်ယူခဲ့ရသော ဂျပန်တပ်မှူးကြီးများကို ဤ"အမှားစစ်ဆင်ရေး"နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းသောအခါ ဂျပန်တပ်မှူးကြီးများမှာ အံ့အားသင့်လျက်ရှိပြီး ထိုစစ်ဆင်ရေးကို ကြားပင်မကြားမိကြပါဟု တညီတညွတ်တည်း ဖြေဆိုခဲ့ကြသဖြင့် ထိုစဉ်က ဤစစ်ဆင်ရေးကို တာဝန်ယူခဲ့ရသူများအဖို့ ရေငုံနှုတ်ပိတ် နေခဲ့ရသည်ဟု ဆိုကြပါကြောင်း။ ။

**လှမိုး(ပညာရေး)**

**ကျမ်းကိုး–** (၁) **Operation Mincemeat**

(၂) **The Longest War (1941-1945)**

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ကိုကိုယူ

## ရွှေနေကြီးဦးနက်ကျော် နှင့်

# ငိုစားရယ်စား



"သံချောင်းရေ...ဩဂုတ်လ ၂၈ ရက်နေ့၊ ဓနုဖြူလို့ မှတ်ထားကွာ၊ ဘယ်ရုံးချိန်းမှ ချိန်းမထားနဲ့"

"ဟုတ်ကဲ့ ဆရာ၊ အဲဒီရက်မှာ ဘာကိစ္စရှိလို့လဲ"

"ပင်စင်ထုတ်စရာရှိလို့"

သံချောင်း ခေါင်းထဲမှာမရှင်း။ သူ့ဆရာ ရွှေနေကြီးဦးနက်ကျော်မှာ သူသိသလောက် ရှေ့နေအလုပ်မှလွဲ၍ အခြားအလုပ်လုပ်တာမတွေ့။ တစ်ခါတစ်ရံ စာရေးဘာလေးတော့ရေး၏။

"ဆရာ စိတ်မဆိုးနဲ့နော်၊ ဆရာ ဘယ်မှာလုပ်ခဲ့လို့ ဘာပင်စင်ရတာလဲ"

"အေးလေ၊ သံချောင်းကို ပင်စင်ကိစ္စမှ မပြောဖူးတာ၊ ဒီလိုကွ ဆရာက ဓနုဖြူမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှာ ပထမဆုံး အလုပ်ဝင်တယ်၊ လစာက တစ်လကို တစ်ရာ့သုံးဆယ်"

"ဟုတ်လား"

လခ တစ်လ တစ်ရာ့သုံးဆယ်ဟု ပြောသောအခါ သံချောင်းတစ်ယောက် အံ့သြသွား၏။

"ပီမိုးနင်းရဲ့စာအုပ်တွေ ဖတ်ပါများတော့ ဝန်ထမ်းအလုပ်ကို တစ်သက်လုံး မလုပ်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ ဆရာ"

"ဆရာပီမိုးနင်းက တိုးတက်ကြီးပွား အောင်မြင်ချင်ရင် ဝန်ထမ်းအဖြစ်မှ အမြန်ဆုံးထွက်ဖြစ်အောင် ကြိုးစားပါတဲ့၊ အဲ...ခြွင်းချက်အဖြစ်တော့ ပေးထားတယ်၊ ဆရာဝန်နဲ့ အင်ဂျင်နီယာဆိုရင်တော့ မထွက်နဲ့တဲ့၊ အဲဒီခေတ်က ဆရာဝန်တို့၊ အင်ဂျင်နီယာတို့ အတော်ကြီးပွားပုံရတယ်"

"ဆရာကလည်း ဒီခေတ်က ပိုကြီးပွားတာပေါ့၊ ဆရာသာ ကားမစီးနိုင်တာ"

ရွှေနေကြီး ဦးနက်ကျော်သည် တပည့်ကျော်သံချောင်းစကားကို သဘောကျပြီး ပြုံးနေသည်။

"မင်းပြောတာနဲ့ ငါ့စကား ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး"

"ပီမိုးနင်းက ဝန်ထမ်းအဖြစ်မှ အမြန်ဆုံးထွက်ခိုင်းတော့ ဆရာ ဘာလုပ်သလဲ"

"ဆရာတို့ခေတ်က အမှုထမ်းလုပ်သက် ဆယ်နှစ်ပြည့်ပြီးလို့ ကျန်းမာရေးမကောင်းရင် ဆေးပင်စင်ယူလို့ရတယ်၊ ဖြစ်ချင်တော့ ဆယ်နှစ်ပြည့်တဲ့ကာလမှာပဲ ဆရာ အစာအိမ်မကောင်းတဲ့အတွက် ဆေးပင်စင်ယူခဲ့တယ်"

"ပင်စင်ဘယ်လောက်ရလဲ"

"ဆောင်းငွေတွေဘာတွေနဲ့ တစ်ရာကျော်လေးပါ၊ ပထမတော့ ထုတ်သေးတယ်၊ နောက်ပိုင်းကျတော့ မထုတ်တော့ဘူး၊ ပင်စင်မထုတ်တာ ဆယ့်ငါးနှစ်လောက် ကြာသွားတယ်၊ သိပ်မကြာသေးဘူး သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ ပင်စင်တွေတိုးတော့ တစ်လခြောက်ထောင်ကျော် ရတယ်၊ တောင်ဥက္ကလာပမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ လျှောက်လွှာသွားတင်တော့ အဲဒီရုံးက အကြီး

www.burmeseclassic.com

www.burmeseclassic.com



တန်းစာရေး ဒေါ်သန်းသန်းမော်က ဂရုတစိုက် စေတနာပါပါ ဆောင်ရွက်ပေးတဲ့အတွက် နှစ်ပတ်အတွင်းမှာ ပင်စင်ကျလာတယ်၊ အဲဒီစာရေးမကြီးက ပင်စင်စားတွေကို အတော်လေးစားပုံရတယ်၊ ဆက်ဆံရေးကအစ ပြေပြစ်တယ်''

''ဒီလိုလူမျိုးတွေလည်း ဝန်ထမ်းလောကမှာ ရှိဦးမှ ဆရာရေ့၊ များသောအားဖြင့် အပိုင်းလေးနဲ့ ပုဒ်မလေးတွေများတယ်''

ဦးနက်ကျော် ကောင်းစွာသဘောပေါက်၏။ တပည့်ကျော်သံချောင်းစကားက အကွန့်လေးနှင့်။

''ခနုဖြူဘဏ်မှာ ထုတ်ရမှာမို့ ခနုဖြူကို မသွားလို့မဖြစ်ဘူး၊ သွားရမယ်၊ ရုံးခန်းကိုဂရုစိုက်၊ အလှူခံတွေဘာတွေ လာရင်လည်း သောက်မယ့်စားမယ့်ထဲက လှူလိုက်၊ ဆရာမရှိတဲ့ရက်မှာ အလှူခံမဝင်ရဆိုတဲ့ စာတန်းလည်းမချိတ်နဲ့၊ ဆရာတို့က မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာမဟုတ်လား''

''စိတ်ချပါ ဆရာ''

ရွှေနေကြီးဦးနက်ကျော်သည် တပည့်ကျော်သံချောင်းအား မှာစရာရှိသည်ကို မှာပြီးနောက် မြို့တော်ခန်းမဘက်သို့ ထွက်လာ၏။

အချိန်က ည ၇ နာရီ။ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်သို့ မျက်စိအစာကျွေးလိုက်သည်။ တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်တိုက်မှ ကိုအေးထွန်းနှင့် ကိုတင်ရှောင်တို့နှစ်ဦးမှာ ပန်းခြံဘေး ဆူးလေလမ်းတစ်လျှောက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ဦးနက်ကျော် မသိချင်ယောင်ဆောင်လိုက်၏။ ရေတမာ မာဆတ်ဘက်သို့ အကြည့်လွှဲလိုက်သည်။

အကြောဖြေဆရာကြီး ဦးကိုကိုကြီး ရောက်နေသော်လည်း အကြောဖြေဆရာလေး ကိုမောင်ကြီး(ခ)ကိုရာဂျူးကို မတွေ့။

ရေတမာ မာဆတ်ဟု အမည်တွင်ခြင်းမှာ ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်)ရေးသားသော ဆောင်းပါးကြောင့်ဖြစ်သည်။ အမှန်တကယ် ညောင်းညာကိုက်ခဲသူများအတွက် ကျန်းမာရေး အားကိုးစရာနေရာဆိုက မှားမည်မဟုတ်ချေ။

ရွှေနေကြီးဦးနက်ကျော်မှာ ဟိုဟိုဒီဒီမာဆတ်၊ ကာရာအိုကေ၊ ကေတီဗွီ၊ ဟိုတယ်၊ အင်းသို့ ခြေဦးမလှည့်။ ဘိုကလေးဈေးလမ်းက ယမင်းမြန်မာစည်ဘီယာဆိုင်၊ တောင်ဥက္ကလာပ ပဒေသာလမ်းဆုံက ဘင်ဖိုင်း မြန်မာစည်ဘီယာဆိုင်၊ ရေတမာ မာဆတ်တို့ကိုသာ ပုံမှန်ဝင်သည်။ ယခုလည်း ခရီးထွက်ရမည်မို့ ရေတမာ မာဆတ်သို့ ဦးတည်လာသော ခြေလှမ်းများက သွက်သွက်လက်လက်။

ရေတမာပင်ခြေရင်းတွင် ပုဆစ်ဒူးတုပ်ထိုင်နေသော အကြောဖြေဆရာကြီးက ဦးနက်ကျော်ကို မြင်လိုက်သည်နှင့် အခင်းပြင်သည်။ ခေါင်းအုံးကတော့ ဆရာကြီး၏ ကျောပိုးအိတ်အနက်။ ဦးနက်ကျော်က လွယ်အိတ်အစင်းကြားကြီးကို အကြောဖြေဆရာကြီးကျောပိုးအိတ်ဘေးတွင် ထောင်လိုက်၏။ အခင်းဘေးတွင် ဖိနပ်ချွတ်ပြီး ပက်လက်လှဲလိုက်သည်။ အကြောဖြေဆရာကြီးက ရွှေနေကြီးဘယ်ဘက်ခြေဖဝါးမှ စတင်နှိပ်လေတော့၏။

''တီးနဲ့တယ်နယ်.....တီးနဲ့တယ်နယ်.....''

ရွှေနေကြီးဦးနက်ကျော် လွယ်အိတ်ထဲမှ လက်ကိုင်ဖုန်းမြည်သံ။ ဦးနက်ကျော် လွယ်အိတ်ထဲ လက်နှိုက်လိုက်ပြီး ဖုန်းကိုင်လိုက်သည်။

''ဟယ်လို.....ပြောပါ''

''ယောကျ်ားလား''

တစ်ဖက်မှ အမျိုးသမီးအသံကြောင့် ဦးနက်ကျော် ယမကာအရှိန်များပင် ပြယ်သွားသယောင်ယောင်။ တစ်ဖက်ဖုန်းပြောသံကတစ်မျိုး။ ရွှေနေကြီးကလည်း ပျော်ပျော်နေတတ်သူမဟုတ်လား။

တစ်ဖက်က ယောကျ်ားလားဟု မေးနေပေပြီ။ ဦးနက်ကျော် မိန်းမမဟုတ်သည်ကတော့ သေချာသည်။ အမှန်အတိုင်းပြန်ဖြေရန်သာ ဆုံးဖြတ်လိုက်၏။

''ဟယ်လို.....ယောကျ်ားလား''

ရွှေနေကြီးဦးနက်ကျော် စဉ်းစားနေစဉ် ချိုလွင်ကြည်သာသော အမျိုးသမီးအသံက ဒုတိယအကြိမ်။

''ဟုတ်ပါတယ်၊ ယောကျ်ားပါ''

''ယောကျ်ား ဘာလုပ်နေလဲ''

အမျိုးသမီးအသံက ချွဲချွဲပြစ်ပြစ်။

''အနှိပ်ခံနေတယ်''

''ဘာလဲ ကိုတင်ရှောင်တို့၊ ကိုအေးထွန်းတို့နဲ့ မာဆတ်ရောက်နေပြီမဟုတ်လား''

''မဟုတ်ပါဘူး၊ တစ်ယောက်တည်းပါ''

''တစ်ယောက်တည်းဆို ပိုပြီးမသက်သာဘူး၊ အသံကလည်း တိတ်နေတယ်၊ ယောကျ်ား ဘာတွေလုပ်နေလဲ၊ ယောကျ်ားနော်.....ကွယ်ရာမှာ ခြေမများနဲ့၊ မိန်းမ အရှဲ့တိုက်လိုက်ရင် ယောကျ်ား ခံစားသွားရမယ်၊ ဟွန်း''



www.burmeseclassic.com

www.burmeseclassic.com

ဦးနက်ကျော် အညောင်းပြေသကဲ့သို့ အပျင်းလည်းပြေနေသည်ကတော့အမှန်။ ဘယ်ကမိန်းမက ဘယ်သူ့ကို ဆက်နေမှန်းမသိ။

"ယောက်ျား.....ဆီ၊ ရေတိ၊ ကြက်သွန်တွေ ကုန်နေပြီနော်၊ ဖိမ်ခံဖို့ချည်းပဲ လုပ်မနေနဲ့ ဖုန်းချလိုက်ပြီ"

တစ်ဖက်မှ ဖုန်းချသွား၍ ခလုတ်အနီကလေးကို အသာဖိလိုက်သည်။ အကြောဖြေဆရာကြီးသည် ဘယ်ဘက်ခြေသလုံးပြီးနောက် ပေါင်ကိုစတင်ကိုင်နေလေပြီ။

"တီးနဲ့တယ်နယ်.....တီးနဲ့တယ်နယ်"

"ဟယ်လို.....ပြောပါ"

"ငါ ဇော်ဝင်းပါ"

"အေး.....သူငယ်ချင်းဇော်ဝင်းပြော"

"ငါအိမ်ပြန်ရောက်တော့ မိန်းမက အခုပဲ ငါ့ဆီကို ဖုန်းဆက်တယ်လို့ပြောတယ်၊ တကယ်တော့ ငါ့လက်ကိုင်ဖုန်းကို မဝင်ဘူး။ ငါ့မိန်းမကလည်း ငါထင်ပြီး မှာစရာရှိတာတွေမှာတယ်"

"အဲဒါ ဘာဖြစ်လဲ ဇော်ဝင်း"

ဦးနက်ကျော် မေးလိုက်သံက ခပ်တည်တည်။

"ဖြစ်တယ် သူငယ်ချင်း၊ ငါ့မိန်းမက ဖုန်းနံပါတ် မှားဆက်တာ၊ သူဆက်တဲ့ဖုန်းကို Call Log မှာ ကြည့်တော့ နက်ကျော် မင်းဖုန်းနံပါတ်ဖြစ်နေတယ်"



"ဟုတ်လား ဇော်ဝင်း"

"ဘာလဲ နက်ကျော် ငါ့မိန်းမကို ကွက်ကျော်ရိုက်ချင်တာလား"

"ခီ.....ခီ.....ခီ"

ဦးနက်ကျော် သဘောခွေ့နေ၏။

"ဟေ့ကောင် ဇော်ဝင်း၊ ငါက ကွက်ကျော်ရိုက်တာမဟုတ်ဘူးကွ၊ မင်းမိန်းမက ငါ့ကို ယောက်ျားလားလို့မေးတော့ ငါလည်း အမှန်အတိုင်းဖြေလိုက်တာပဲ၊ မင်းမိန်းမ မေးသမျှ ငါဖြေတာ တစ်လုံးမှ မုသားမပါဘူး။ မယုံရင် မင်းမိန်းမကို မေးကြည့်"

"အေး.....အေး နက်ကျော်၊ ငါ့မိန်းမနဲ့ ပြောလိုက်ဦး"

ရှေ့နေကြီးဦးနက်ကျော် ပြုံးရွှင်စွာဖြင့် နားထောင်သည်။ သူ့သူငယ်ချင်း ဇော်ဝင်းမိန်းမ ပြောလိုက်သည်က တစ်ခွန်းတည်း။

"သေနာကောင်ကြီး"တဲ့။

+ + +

ရှေ့နေကြီးဦးနက်ကျော် ဓနဖြူဘဏ်သို့ ရောက်သွား၏။

ဘဏ်မန်နေဂျာကြီးနှင့် ဝန်ထမ်းများ၏ ဆက်ဆံရေးက ကြာဆံထုပ်ခေါင်းပေါ်တင်ထားသော သက်ကြီးရွယ်အို ပင်စင်စားများအတွက် စိတ်ချမ်းမြေ့စရာ။ ရှေ့နေကြီးဦးနက်ကျော်၏ ပင်စင်စာအုပ်ကို စိစစ်ပြီး ငွေထုတ်လျှောက်လွှာတွင် ရေးဖြည့်ပေးသည်မှာ စေတနာအပြည့်။ ဦးနက်ကျော် ကိုးလစာအတွက် ငွေငါးသောင်းကျော်ရမည်။

"ဟေ့ကောင်...နက်ကျော်၊ မင်းသေပြီထင်တာ"

"ဟာ..ပန်ချာပီဝင်းမောင်၊ မင်းလည်း သေလောက်ပြီထင်တာ၊ အခုတော့ အလန်းကြီးပဲ ရှိသေးတာပဲ"

ရှေ့နေကြီးဦးနက်ကျော်နှင့် သူငယ်ချင်း ဦးဝင်းမောင်တို့ ဓနဖြူဘဏ်ရှေ့တွင်တွေ့ပြီး စကားတွေဖောင်ဖွဲ့ကြ၏။ တစ်ယောက်နဲ့တစ်ယောက် ပြောမနာဆိုမနာ။

"နက်ကျော် မင်း ငိုစားရယ်စားအလုပ်ကို လုပ်တုန်းပဲလား"

"ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့အလုပ်ပါကွ"

ဦးဝင်းမောင်ကလည်း နောက်ပြောင်သည်။ ဦးနက်ကျော်ကလည်း ရှေ့နေပီပီ အညံ့မခံ။ ဦးဝင်းမောင်က ရှေ့နေကိုထိခိုက်သည့် ဟာသများဖြင့် ဦးနက်ကျော်ကို ကျီစယ်သည်။

ရှေ့နေစကား ယုံရတာမှတ်လို့ဆိုသော ရှေ့နေဟာသကို ပြောသည်မှာ အားရပါးရ။ ဦးဝင်းမောင်ပြောနေစဉ် ရှေ့နေကြီးမှာ ပြုံးစိစိဖြင့် နားထောင်နေ၏။

ဦးဝင်းမောင်စကားအဆုံးတွင် ဦးနက်ကျော် ပြန်ပြောလိုက်သောစကားကြောင့် ဦးဝင်းမောင်သည် ရှေ့နေကြီးအား ဆလံပေးသွားသည်။ ရှေ့နေကြီးနှင့် ဦးဝင်းမောင် အပြန်အလှန်ပြောသည်ကို နားထောင်သူအားလုံး ကျေနပ်သဘောကျသွားလေသည်။

ရှေ့နေကြီးဦးနက်ကျော် ပြောလိုက်သည်မှာ.....

"ပန်ချာပီဝင်းမောင်၊ မင်းက ရှေ့နေအကြောင်း မကောင်းပြောပြီး သဘောကျနေသလား၊ ငါတို့ရဲ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို မွေးပေးသွားတဲ့ ရှေ့နေကြီးဦးဖာမျက်နှာကိုလည်း ထောက်ပါဦး"တဲ့။

ရှေ့နေကြီး ဦးနက်ကျော်သည် ဦးဝင်းမောင်နှင့် ပျော်ပျော်ပါးပါးစကားလက်ဆုံကျပြီးနောက် ဆကာကြီးမော်တော်ဆိပ်သို့ ရှေ့နေကြီးဦးမောင်မောင်ဆွေ၊ သတင်းထောက် တင်ထွန်း၊ မောင်တင့်ဆွေ၊ ဆရာဦးလှအောင်၊ ကဗျာဆရာ တေးသံရှင် ကိုရဲလှိုင် (ဆကာကြီး)၊ မောင်လှမင်း (ချစ်စရာတည်းခိုခန်း)တို့နှင့်အတူ ဆင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"တီးနဲ့တယ်နယ်.....တီးနဲ့တယ်နယ်"

"ဟယ်လို....."

"----"

"ဟုတ်ကဲ့ ဆရာ၊ ခနုဖြူကို ရောက်နေပါပြီ"

"----"

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါနဲ့ဆရာ ကျွန်တော့်မရီး ဒေါ်ပိန်သေး ဆရာတို့ဆေးရုံမှာ တက်နေတယ်ပြောတယ်၊ ဆရာ စောင့်ရှောက်ပါဦးနော်"

ရွှေနေကြီးဦးနက်ကျော်သည် မရီးဖြစ်သူ ဒေါ်ပိန်သေးအတွက် ဆကာကြီးတိုက်နယ်ဆရာဝန် စာရေးဆရာ ဒေါက်တာဝင်းနိုင်ထွန်း (ရွှေဘို)အား အကူအညီတောင်းလိုက်၏။

"အစ်ကို နှင်းအဥ္စလီစားသောက်ဆိုင်ကို ခဏဝင်ရအောင်၊ မော်တော်မထွက်သေးပါဘူး"

"အေး.....ကောင်းသားပဲ မောင်တင်ထွန်း"

သို့နှင့် ရွှေနေကြီးဦးနက်ကျော်နှင့် အပေါင်းအသင်းများသည် ဆကာကြီးမော်တော်ဆိပ်ရှိ နှင်းအဥ္စလီစားသောက်ဆိုင်သို့ ချီတက်ကြသည်။ မြန်မာစည်ဘီယာ တစ်ယောက်တစ်ခွက်စီမှာပြီး အပန်းဖြေကြသည်။

"ရွှေနေကြီး ဘယ်တုန်းက ရောက်လဲ"

ဉယျာဉ်ချောင်းကျေးရွာနေ ဆန်စက်သူဌေး ဦးသိန်းထွန်းက ဖက်လှဲတကင်းနှုတ်ဆက်၏။

"ဒီမနက်ပဲရောက်တာ၊ မကြင်စန်းကော နေကောင်းရဲ့လား"

"အစ်ကိုညီမ နေကောင်းပါ တယ်၊ အစ်ကို့ကို ခဏခဏမေးတယ်၊ အစ်ကို အပြင်းတွေများ သောက်နေ လားတဲ့"

"ပြောလိုက်ပါ၊ အပျော့ပဲလို့"

"အစ်ကိုနဲ့တွေ့တာ အတော်ပဲ၊ ကျွန်တော်တို့ရွာတွေမှာ ကျောက်ပြားလမ်းခင်းတဲ့သတင်းတွေ ရေးပေးပါဦး၊ ဒါမှ အလှူရှင်တွေ ပီတိဖြစ်မှာ"

ဦးသိန်းထွန်းသည် ကျောက်ပြားလမ်းအလှူရှင်များစာရင်းကို ရွှေနေကြီးအား စာရွက်ကလေးတစ်ရွက်တွင် ရေးပေးလိုက်ပါတော့သည်။

"ဆကာကြီးပြန်မယ့်သူများ မော်တော်ထွက်ပါတော့မယ်"

မျိုးမြင့်လေးမော်တော်သမားတစ်ဦးက လာခေါ်သည်။ ရွှေနေကြီးတို့အဖွဲ့အပါအဝင် ဆကာကြီးပြန်ကြမည့်သူများ သောက်လက်စကို အမြန်ဖြတ်ကာ မော်တော်ဆီသို့ ဆင်းကြသည်။

တစ်နာရီခန့် ရေဆန်ခရီးကို မောင်းနှင်ပြီးနောက် ဆကာကြီးမြို့၊ အောင်သာယာဆိပ်ကမ်းသို့ ဆိုက်လေသည်။ မြစ်မင်းဧရာ၏ တိုက်စားမှုကြောင့် ဆကာကြီးကမ်းနားတစ်လျှောက် ကမ်းပြိုထားသည်မှာ ပက်ပက်စက်စက်။ ဆကာကြီးသူ၊ ဆကာကြီးသားတို့ ထာဝရအိပ်စက်ရာ ကွဲကောကုန်းသချိုင်းကုန်းပင် အရိပ်အယောင် မတွေ့ရတော့။ ဆကာကြီးသူ၊ ဆကာကြီးသားတို့၏ သေရေး ကားရင် မအေးစရာ။ (သချိုင်းမရှိ၍ သေလို့မရရင်လည်း အကောင်းသား)

ဆကာကြီးသို့ရောက်သည်နှင့် ဆကာကြီးတိုက်နယ်ဆေးရုံသို့သွားပြီး စာရေးဆရာ ဒေါက်တာဝင်းနိုင်ထွန်း (ရွှေဘို)အား နှုတ်ဆက်သည်။

"ဆရာ ကျွန်တော့်မရီးဒေါ်ပိန်သေးအခြေအနေကော"

"ရွှေနေကြီးရဲ့မရီး ဒေါ်ပိန်သေး အခြေအနေကောင်းပါတယ်၊ ရွှေနေကြီးဆီက ဖုန်းရတဲ့အချိန်မှာ ဆေးရုံဆင်းဖို့တောင် ပြောပြီးပြီ၊ မဆင်းခင် သွေးပေါင်ချိန်ကြည့်တော့ သိပ်မကြိုက်တာနဲ့ ဒီတစ်ည ဆေးရုံမှာနေဖို့ နောက်နေ့မှဆင်းဖို့ အဘွားဒေါ်ပိန်သေးကို ပြောလိုက်တယ်၊ အဘွားကတော့ အိမ်ကိုအရမ်းပြန်ချင်နေပုံရတယ်"

"ကျေးဇူးပါပဲ ဆရာ၊ ကျွန်တော့်မရီးက အသက်ရှစ်ဆယ်ကျော်တဲ့အထိ အင်္ဂလိပ်ဆေး ထိုးတာ၊ သောက်တာ မရှိဘူး၊ ဗမာဆေးပဲ၊ အခု အတော်လေးဖြစ်နေလို့သာ ဆေးရုံတက်တာ ဆရာရေ၊ တစ်ညတလေနေရတာ ကိစ္စမရှိပါဘူး"

"ကဲ.....ရွှေနေကြီးရဲ့မရီး ဒေါ်ပိန်သေးကို သွားကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့"

ရွှေနေကြီးဦးနက်ကျော် အမျိုးသမီးလူနာဆောင်ဘက်သို့ လျှောက်သွားသည်။ အသက်ရှစ်ဆယ်ကျော် ဒေါ်ပိန်သေးမှာ ခုတင်ထက်တွင် စောင်ကြားလေးခြုံလျက်။

"မရီး.....နေကောင်းရဲ့လား"

"ကောင်းပါတယ်ကွယ်၊ ဒီနေ့ဆင်းရမယ်လို့ပြောပြီးမှ မင်းဖုန်းဆက်တာနဲ့ ဒီတစ်ညနေပါဦးလို့ပြောတယ် ကွာ၊ အိမ်မှာက မင်းအစ်ကို ကိုဘဌေး တစ်ယောက်တည်း စိတ်မချဘူး"

ဒေါ်ပိန်သေးပြောပုံက စိတ်ပျက်လက်ပျက်။

"ဟုတ်တယ် မရီးရဲ့၊ စောစောကပဲ ဒေါက်တာကပြောတယ်၊ သွေးပေါင်သိပ်မကြိုက်လို့ ပိုပြီးစိတ်ချရအောင် တစ်ညစောင့်ကြည့်တာပါ မရီးရဲ့"

ထိုအချိန်တွင် အသက်ရှစ်ဆယ်ကျော် ဒေါ်ပိန်သေး ပြန်ပြောလိုက် သောစကားကြောင့် ဦးနက်ကျော်မှာ တခိခိဖြစ်နေလေတော့သည်။ ဒေါ်ပိန်သေး ညည်းညည်းညူညူ ပြောလိုက်သည်ကတော့.....

"အင်း.....ရွှေနေကယ်မှထောင်လုံးလုံးကျခံဆိုတာပဲ ကြားဖူးတယ်၊ အခုတော့ ငါ့မှာ ရွှေနေကယ်လို့ ဆေးရုံ တစ်ရက် ပိုတက်ရပြီ"တဲ့။

ချစ်ကိုကိုဦး

www.burmeseclassic.com

www.burmeseclassic.com

၁၅၆
တကယ့်ဖြစ်ရပ် မဂ္ဂဇင်း

# အောင်ကျော်မော

# မေတ္တာသွေးနဲ့ ရေးတဲ့ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင်....."

ကိုနိုင်က မကြား။ ရှေ့သို့ငေးငိုင်ရင်း စိုက်ကြည့်နေသည်။

"ကိုနိုင်....."

ဒုတိယအကြိမ်ထပ်ခေါ်မှ သတိထားမိဟန်တူသည်။

ခေါင်းကို စိတ်မပါသည့်ဟန်ဖြင့် လှည့်ကြည့်သည်။

"ဘာလဲဟင်"

"ကိုနိုင် ဘာတွေကို အပန်းတကြီး တွေးနေတာလဲ"

ကိုနိုင်က အနီးရှိ မဉ္ဇူကို စူးစိုက်ကြည့်သည်။ အဖြေထွက်မလာဘဲ သက်ပြင်းပူမှုတ်သံက ထွက်လာသည်။

"ငါ...ငါ ဘာတွေတွေးနေတယ် လို့ ထင်သလဲ"

"မသိဘူးလေ"

မဉ္ဇူက ကိုနိုင်၏အကြည့်မျက်လုံးထဲမှ ပုံရိပ်ကို တွေ့ပြီးဖြစ်သည်။ မသိသလိုဖြေရင်း မျက်လွှာချကာ ခေါင်းငုံ့ပစ်လိုက်သည်။

"မဉ္ဇူရယ် ငါ့ရင်ထဲမှာမီးတောင်ပေါက်ကွဲသလို ခံစားနေရတယ်၊ အဲဒါကို နင်မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား"

"တကယ်မသိလို့ပါ ကိုနိုင်ရယ်"

"နင်နဲ့ငါ ရင်းနှီးလာတာ ဆယ်နှစ်ကျော်ပြီ၊ ပြောရရင် နင် ဆယ်နှစ်သမီးအရွယ်ကပဲ"

"ဟုတ်တယ်လေ၊ ကိုနိုင့်အသက်က အဲဒီတုန်းက (၁၄)နှစ်တောင်မပြည့်သေးဘူး"

"ဟုတ်တယ်၊ ငါတို့နှစ်ယောက်စလုံး ကလေးဘဝမှာပဲ ရှိသေးတယ်"

"ကလေးဘဝမှာ အပြစ်ကင်းစင်စွာနဲ့ ခင်မင်ခဲ့ကြတယ်လေ"

"ဟယ်.....မဉ္ဇူရယ် အခု တို့နှစ်ယောက်က အပြစ်မကင်းစင်လို့လား၊ တို့တစ်တွေက ဘာများအမှားလုပ်မိကြလို့လဲ"

"တို့နှစ်ယောက်စလုံး အပြစ်ကင်းစင်တယ်၊ ဒါပေမဲ့ သွယ်ဝိုက်တဲ့နည်းနဲ့ အပြစ်မကင်းစင်ကြဘူး"

မဉ္ဇူ၏အပြောကြောင့် ကိုနိုင်က ရှုတည်တည်ဖြင့် စူးစိုက်ကြည့်မိသည်။ မဉ္ဇူက ကိုနိုင်စိတ်ဆိုးသွားမှန်းသိ၍ မျက်နှာကို အပြုံးဖြင့် အသွင်ပြောင်းယူလိုက်ရသည်။

"ဒီမှာ မဉ္ဇူ"

လေသံက မာသွား၏။ မဉ္ဇူ၏အကြည့်က ဆတ်ခနဲ အထိတ်တလန့်ဖြင့် မျက်လုံးထဲတွင် စိုးရိမ်မှုများယှက်သန်းသွားခဲ့ရသည်။

"ဘာလဲ ကိုနိုင်"

"အခုဆိုရင် နင့်အသက်က (၂၀)၊ ငါ့အသက်က (၂၄)နှစ်"

"ရှင်က လူလိမ်ပဲ၊ ရှင်တို့က အွန်လိုင်းကို အသုံးချပြီး မိန်းကလေးတွေကို ခြိမ်းခြောက် ငွေညှစ်နေကြတာ၊ အဲဒါကို ကျွန်မ ကောင်းကောင်း သိတယ်"

www.burmeseclassic.com

www.burmeseclassic.com

''ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လို့လဲ''

''နင်နဲ့ငါနှစ်ယောက်စလုံး လူလတ်ပိုင်းအရွယ်ထဲ ရောက်နေကြပြီ၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသလို သင့်မြတ်တဲ့ အတွေးမျိုးကို ပိုင်ဆိုင်နေကြပြီ''

''နင်ဘာကိုပြောချင်တာလဲ''

မဋ္ဌူက အလေးအနက်ထားပြီး တွေးသည်။ အတွေးနှင့်အတူ မေးခွန်းထုတ်သည်။ ကိုနိုင်က ပြောသင့်၊ မပြောသင့် စဉ်းစားရင်း သက်ပြင်းပူကို မှုတ်ထုတ်သည်။

သူတို့နှစ်ဦးရှိနေသည့်နေရာမှာ မလွကုန်းဘူတာစကြံပေါ်တွင်ဖြစ်သည်။ အချိန်က ညနေစောင်း။ မြို့ပတ်ရထားစောင့်နေကြသူများကြောင့် စကြံပေါ်တွင် လူကအပြည့်။

သူတို့နှစ်ဦးစလုံး မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း အလုပ်လုပ်ကြသည်။ ကိုနိုင်က ဂျာနယ်တစ်ခုမှ အကြီးတန်းသတင်းထောက်ဖြစ်သည်။

မဋ္ဌူကလည်း ဂျာနယ်တိုက်တစ်ခုမှ သတင်းအယ်ဒီတာဖြစ်သည်။ ဂျာနယ်တိုက်ချင်း မတူသော်လည်း သူတို့နှစ်ဦး နေ့တိုင်းဆုံနေကျဖြစ်၏။

သူတို့နေထိုင်သည်မှာ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်အပိုင်း၊ ခြောက်ကွေ့အနီး၊ ဝေဘာဂီလမ်းမကြီး (၅)ရပ်ကွက်အတွင်းဖြစ်သည်။

သူတို့နှစ်ဦးက အိမ်နီးချင်း။

ကလေးအရွယ်မဟုတ်သော လူငယ်ဘဝမှ ကူးပြောင်းရန် အားပြုချိန်၌ ရင်းနှီးခဲ့ကြသည်။ လွန်ခဲ့သည့် (၁၀) နှစ်ကျော်က ငယ်ကျွမ်းဆွေသူငယ်ချင်းများဖြစ်ခဲ့ကြသည်။

ဘွဲ့ရပြီးနောက် ပါသနာတူအလုပ်ကိုလုပ်ပြန်တော့ အလုပ်ချင်းနီးစပ်ပြန်သည်။ သတင်းအယ်ဒီတာ မဋ္ဌူနှင့် အကြီးတန်းသတင်းထောက် ကိုနိုင်တို့သည် ပွဲတက်သတင်းယူရင်း အမြဲတွေ့ကြသည်။

ငယ်ကျွမ်းဆွေသူငယ်ချင်းများဖြစ်၍ တစ်ဦးကိုတစ်ဦးက အကူအညီပေးကြသည်။ တစ်ဦးကိုတစ်ဦးက သတင်းနားထောင်ရင်း စောင့်ရှောက်ကြသည်။

ထုံးစံအတိုင်း သူတို့နှစ်ဦး တာမွေမြို့နယ်၊ မလွကုန်းဘူတာတွင် တွေ့ဆုံကြသည်။ မြို့ပတ်ရထားစီး၍ အတူပြန်ကြရန်ဖြစ်၏။

ဘူတာစကြံတွင်ထိုင်ရင်း စကား ပြောကြသည်။

မဋ္ဌူအကြောင်းကို တစ်စွန်းတစ် ကြားထားသော ကိုနိုင်က မဋ္ဌူကို ထုတ်မမေးရက်အောင် ဖြစ်နေခဲ့သည်။

မဋ္ဌူကို လက်ထပ်ခွင့်တောင်းမိခဲ့သည်။ မဋ္ဌူက လက်မခံ။ ငယ်စဉ်ဘ က နေထိုင်ခဲ့သော အပြစ်ကင်းစင်မှု ပုံစံဖြင့် အခင်အမင်မပျက် နေသွားမည် ဟု ပြောဆိုခဲ့သည်။

မဋ္ဌူကို လက်ထပ်ခွင့်တောင်းခဲ့ သည်မှာ လွန်ခဲ့သော ရက်သတ္တ နှစ် ပတ်ခန့်ကဖြစ်၏။ မဋ္ဌူက ကိုနိုင်၏ တောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။

လက်ထပ်ခွင့်တောင်းဆိုသူ ကိုနိုင်က မဋ္ဌူအတွက် အရေးကြီးသော ဆုံး ဖြတ်ချက်ဖြစ်ကြောင်းကို ဖွင့်မပြောခဲ့



မဋ္ဌူကလည်း လက်ထပ်ခွင့် တောင်းဆိုခြင်းကို ငြင်း ပယ်ရသည်မှာ အပြစ် မြင်၍မဟုတ်။ သန့် စင်သောစေတနာ အရင်းခံကြောင့်ဖြစ် သည်။

လက်ထပ် ခွင့်တောင်းခံသူ ကိုနိုင်၊

လက်ထပ်ခွင့် ကို ငြင်းပယ်ခဲ့သူ မဋ္ဌူ။

သူတို့နှစ်ဦးစလုံး တွင် တစ်ဦးကိုတစ်ဦး ငဲ့ညှာသောစိတ်ထား ကို ပိုင်ဆိုင်ရှိနေကြ သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် တစ်ဦးကတစ်ဦးကို နားလည်စေရန် ဖွင့်မပြောခဲ့ကြ။ ဖွင့်မပြောရက်အောင်လည်း အတားအဆီးတွေ ကရှိနေကြသည်။

"ဟော.....ရထားလာပြီတဲ့"

မဥ္ဇူက လူအုပ်ကိုကြည့်၍ သတိပေးသည်။

ကိုနိုင်က စိတ်မပါ့တပါဖြင့် ထိုင်ရာမှထသည်။

မြို့ပတ်ရထားက ဘူတာထဲဝင်လာသည်။ သူတို့နှစ်ဦး ရထားပေါ်သို့ အတူတက်လိုက်ကြ၏။

မြို့ပတ်ရထားထဲတွင် ခရီးသည်တွေကအပြည့်။

ရုံးဆင်းလာသူ ရုံးသူရုံးသားများ၊

အရောင်းအဝယ်ဖြင့် ခရီးသွားလာကြသူများ၊

လည်ပတ်သွားလာရင်း အိမ်သို့အတူပြန်ကြသည့် ချစ်သူစုံတွဲများ၊

အခြားသောကိစ္စဖြင့် သွားလာရာမှ မြို့ပတ်ရထားစီးသူများနှင့် ပြည့်နေသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကားကျပ်မှုကြောင့် ခရီးသွားများမှာ လမ်း၌ပင် အချိန်ကုန်ကြရသည်။ ကားဖြင့်သွားလျှင် နေအိမ်မှ တစ်နာရီကျော်ခန့် အချိန်ပိုယူရသည်။ တန်ဖိုးရှိသောအချိန်များကို ဘတ်စ်ကားပေါ်တွင် အချိန်ကုန်ဆုံးကြရ သည်။

သည်တော့ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ မင်္ဂလာဒုံဘက်သို့ သွားကြသူများသည် ဘတ်စ်ကားပေါ်တွင် အချိန်ကုန်မခံနိုင်၍ မြို့ပတ်ရထားစီးကြတော့သည်။

ကိုနိုင်နှင့် မဥ္ဇူတို့မှာ ဘတ်စ်ကား

**မဥ္ဇူနှင့်မိုးပျံတို့**
**မည်သို့နေထိုင်**
**ဆက်ဆံခဲ့သည်ဆိုသည့်**
**မှတ်တမ်းဓာတ်ပုံများ**
**ရောက်နေကြောင်း၊**
**ထိုပုံများကို**
**အွန်လိုင်းသို့**
**တင်လိုက်ပါက**
**မည်သို့ဖြစ်မည်ကို**
**သဘောပေါက်မည်**
**ဖြစ်ကြောင်း၊**
**အွန်လိုင်းသို့**
**မတင်စေလိုပါက**
**. . .**

ပေါ်တွင် အချိန်ကုန်မခံနိုင်၍ မြို့ပတ်ရထားစီးပြီး အိမ်ပြန်ကြခြင်းဖြစ်သည်။

သူတို့နှစ်ဦး မြို့ပတ်ရထားပေါ်တွင် စီးနင်းလိုက်ပါလာကြသော်လည်း တစ်ဦးကိုတစ်ဦး မည်သည့်စကားမျှ မပြောခဲ့ကြ။

အတွေးကိုယ်စီ၊ ရင်တွင်းအပူကိုယ်စီဖြင့် လိုက်ပါခဲ့ကြသည်။ ပုရွက်ဆိတ်ကုန်းဘူတာတွင် ဆင်းခဲ့ကြ၏။

+++

ရထားပေါ်မှဆင်းလာသော မဥ္ဇူမှာ တစ်ဦးတည်း။

အလုပ်တွင် အချိန်ကုန်ခဲ့ရ၍ ည ၉ နာရီကျော်မှ အိမ်သို့ပြန်ခဲ့နိုင်သည်။ အကြီးတန်းသတင်းထောက် ကိုနိုင်မှာ နေပြည်တော်သို့ သတင်းယူရန်သွားနေသဖြင့် မဥ္ဇူမှာ အဖော်မဲ့ဖြစ်နေ၏။

ရထားပေါ်မှဆင်းချိန်တွင် ဆိုက်ကားဂိတ်ရှိရာသို့ သွားခဲ့၏။ ရထားဆိုက်ချိန်ဖြစ်၍ ဂိတ်တွင် ဆိုက်ကားများမရှိ။

"အိမ်ပြန်မလို့လား"

ကားနှင့်အတူ လူငယ်တစ်ဦးရောက်လာသည်။ ထိုလူငယ်ကို မဥ္ဇူက အတွေ့မခံဘဲ ရှောင်နေခဲ့သည်မှာ တစ်လကျော်ခန့်ရှိပြီဖြစ်သည်။ ယနေ့တော့ ရှောင်နေသည့်ကြားမှ တွေ့လိုက်ရသည်။

"မဥ္ဇူ လိုက်ပို့ပေးမယ်လေ"

"မလိုက်ချင်ဘူး"

"မဥ္ဇူ အတွေ့မခံဘဲ ရှောင်နေတာ တစ်လနီးပါးရှိပြီ၊ အဲဒါ ဘာဖြစ်လို့ ရှောင်နေတာလဲ"

"ရှင့်အကြောင်း ရှင်အသိဆုံးပဲ"

"မဟုတ်ဘူး၊ မသိဘူး"

"ရှင် ကျွန်မကို ဘာအကြောင်းရိုက်နေတာလဲ၊ ရှင်တို့ဘာလုပ်ထားသလဲ၊ဘယ်လိုအကြံအစည်ရှိနေသလဲဆိုတာ ကျွန်မ မသိဘူးများ မှတ်နေသလား"

မဥ္ဇူ၏မျက်နှာမှာ ဒေါသကြောင့် အနီရောင်သို့ ပြောင်းလဲနေပြီဖြစ်သည်။ ဒေါသဖြစ်လွန်း၍ အသားများပင် တဆတ်ဆတ်တုန်နေ၏။

"အဲဒီကိစ္စတွေမှာကျွန်တော်မပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လူလိမ်ပဲ၊ ရှင်တို့က အွန်လိုင်းကိုအသုံးချပြီး မိန်းကလေးတွေကို ခြိမ်းခြောက်ငွေညှစ်နေကြတာ၊ အဲဒါကို ကျွန်မ ကောင်းကောင်းသိတယ်"

"ကျွန်တော် မဇ္ဈူကို တကယ်လက်ထပ်ယူဖို့ ပြင်ဆင်ပြီးသားပါ၊ မဇ္ဈူက ကျွန်တော့်ကို အတွေ့မခံလို့ ဘယ်လိုမှ ညှိနှိုင်းခွင့် မရခဲ့တာပါ"

"နေပါဦး၊ ရှင့်ကို လက်ထပ်ပါ့မယ်လို့ ပြောခဲ့ဖူးလို့လား"

"မှန်ပါတယ်၊ ဘာပဲပြောပြော ကျွန်တော့်မှာ တာဝန်ရှိနေပြီလေ"

မဇ္ဈူက သူမကိုယ်ကိုသူမ စဉ်းစားသည်။

သူမနှင့်လူငယ်မှာ လွန်ခဲ့သော တစ်နှစ်ကျော်က ရင်းနှီးခဲ့သည်။ လူငယ်၏အမည်မှာ ခပ်ဆန်းဆန်း။ မိုးပျံဟုသိရကတည်းက သူ့နာမည်ကိုစိတ်ဝင်စားခဲ့သည်။ မိုးပျံ၏ဖခင်မှာ မဇ္ဈူဖခင်၏ သူငယ်ချင်းဖြစ်၍ စီးပွားရေးလုပ်ငန်းတွင် အောင်မြင်နေသော ပို့ကုန်/သွင်းကုန် လုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သည်။

မိုးပျံ၏ဖခင်မှာ ပို့ကုန်အတွက် နယ်တွင် ငွေကျပ် သိန်း (၃၀၀၀)ကျော်ဖိုး ဖြန့်ထားရာ ထိုငွေများကို အလိမ်ခံလိုက်ရသည်။ စာချုပ်စာတမ်း ချုပ်ဆိုလုပ်ကိုင်ထားပါလျက် အလိမ်ခံရခြင်းဖြစ်သည်။

အဝယ်တော်ဆိုသူက ငွေများကို စိုက်ပျိုးသူများထံ ကြိုတင်ပေးချေထားပါလျက် ၎င်းကိုယ်တိုင် အလိမ်ခံရကြောင်း ဖြေရှင်းသည်။ မိုးပျံ၏ဖခင်က မဇ္ဈူထံ အကူအညီတောင်းခံပြီး နယ်မြေခံသတင်းထောက်အကူအညီဖြင့် ငွေလိမ်ခဲ့သည်ဆိုသော စိုက်ပျိုးသူများထံ ချဉ်းကပ်ပြီး စုံစမ်းစေခဲ့ရာမှ မိုးပျံနှင့်မဇ္ဈူတို့ ဆက်ဆံမှုများလာကြသည်။

တစ်နေ့တွင် မိုးပျံက မဇ္ဈူကို အလုပ်ကိစ္စ ရှင်းပြလိုကြောင်း ဖုန်းဖြင့် ဆက်သွယ်သည်။ မဇ္ဈူက ညနေရုံးဆင်းချိန်ကျမှ တွေ့နိုင်မည်ဖြစ်ကြောင်း ပြောပြ၍ အချိန်ပေးလိုက်သည်။

ချိန်းဆိုသည့်အချိန်တွင် မဇ္ဈူကို မိုးပျံက သူ့ကားနှင့် လာကြိုသည်။ ကန်တော်ကြီးပတ်လမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ကျွေးမွေးဧည့်ခံပြီး သူ့ဖခင်၏ ငွေကြေးဆိုင်ရာ အရှုပ်အရှင်းကိစ္စကို ဆွေးနွေးသည်။

မဇ္ဈူက တရားဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းရန်ပြောပြီး သတင်းမီဒီယာကို အသုံးချ၍ ကိုယ်ကျိုးစီးပွား အသုံးချမှုမပြုရန် ပြောလိုက်သည်။

မိုးပျံက ခပ်ပြုံးပြုံးဖြင့် နားထောင်သည်။ အကြံပြုချက်ကို လေးလေးစားစားသဘောထား၍ လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်ဖြေရှင်း ဧည့်ခံကျွေးမွေးသည်။ တစ်ခဏအတွင်း အစီအစဉ်ကြောင့် မဇ္ဈူမှာ အစားအသောက်စားသောက်ရင်း သတိလစ်သွားခဲ့သည်။

မိုးပျံက မဇ္ဈူကို ကားထဲသို့ တွဲခေါ်သွားသည်။ ပတ်ဝန်းကျင်ကို သူ၏ချစ်သူဖြစ်ကြောင်း၊ သွေးတိုးရောဂါရှိသူဖြစ်ကြောင်း ပြောပြရင်း သူ၏အကြံဆိုးကို ဖုံးကွယ်ခဲ့သည်။

ထို့နောက် ကားဖြင့်တင်ဆောင်ခေါ်သွားသည်။ သတိမေ့နေသော မဇ္ဈူက ဘာမှမသိ။ ဟိုတယ်တစ်ခုထဲခေါ်သွားရင်း မိုးပျံက သူ့စက်ကျေနပ်ချက်

www.burmeseclassic.com

www.burmeseclassic.com



အတွက် လှလှပပ အနိုင်ယူလိုက်၏။

သတိမေ့မြောနေသော မဥ္ဇူကို မိုးပျံက လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်သည်။ နည်းမျိုးစုံဖြင့်ရိုက်သည်။ ပြီးတော့ ဟိုတယ်ခန်းထဲတွင် တစ်ဦးတည်းထားခဲ့ပြီး ပြန်သွားခဲ့သည်။

နောက်တစ်နေ့နံနက်ပိုင်းတွင် မူးမေ့နေရာမှ မဥ္ဇူ နိုးလာသည်။

အခြေအနေအားလုံးကို နားလည်လိုက်၍ ချုံးပွဲချငိုရုံမှတစ်ပါး ဘာမှမတတ်သာခဲ့။ မိုးပျံထံ ဖုန်းဖြင့်ဆက်သွယ်သည်။ မိုးပျံက မဥ္ဇူမူးနေ၍ ဟိုတယ်ထဲတွင် လုံလုံခြုံခြုံရှိစေရန် တစ်ဦးတည်းထားခဲ့ကြောင်း တာဝန်မဲ့ပြောဆိုခဲ့၏။

မဥ္ဇူမှာ အရှက်ကြီးသူဖြစ်သည်။ သူမ၏အဖြစ်ကို မည်သူ့ကိုမှ ဖွင့်မပြောမိဘဲ ဖုံးကွယ်ထားခဲ့သည်။ (၁၅)ရက်ခန့်အကြာတွင် လူတစ်ဦးက မဥ္ဇူထံ ဖုန်းဆက်သည်။

သူ့ထံတွင် မဥ္ဇူနှင့်မိုးပျံတို့ မည်သို့နေထိုင်ဆက်ဆံခဲ့သည်ဆိုသည့် မှတ်တမ်းဓာတ်ပုံများရောက်နေကြောင်း၊ ထိုပုံများကို အွန်လိုင်းသို့တင်လိုက်ပါက မည်သို့ဖြစ်မည်ကို သဘောပေါက်မည်ဖြစ်ကြောင်း၊ အွန်လိုင်းသို့ မတင်စေလိုပါက ငွေကျပ် (၂၅)သိန်းအား နောက်ထပ်ညွှန်ကြားချက်ပေးမည့်နေရာသို့ လာပို့ရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့၏။

သည်တော့မှ မဥ္ဇူမှာ သူမနှင့် ရင်းနှီးသော မီးယပ်ပါရဂူနှင့် လျှို့ဝှက်စစ်ဆေးမှုခံခဲ့သောအခါ ကိုယ်ဝန်နှစ်လရှိနေပြီဖြစ်ကြောင်း သိလိုက်ရ၏။

မည်သို့ရင်ဆိုင်ရမည်ကို စဉ်းစားနေစဉ် သူမ၏သတင်းကို ကြားသိသွားဟန်တူသည့် ငယ်သူငယ်ချင်း ကိုနိုင်က လက်ထပ်ခွင့်တောင်းခံခဲ့သည်။ ကိုနိုင်၏ မေတ္တာအရင်းခံစိတ်ဓာတ်ကို သိလိုက်ရ၍ မဥ္ဇူမှာ ရင်ထုမနာဖြစ်ခဲ့ရ၏။

ကိုနိုင်၏လက်ထပ်ခွင့်တောင်းခံမှုကို အကြောင်းပြချက်မရှိဘဲ ငြင်းပယ်လိုက်သည်။

ကိုနိုင်ကလည်း အကြောင်းပြချက်မပြဘဲ လက်ထပ်ခွင့်တောင်းခံခဲ့သည်။

ကိုနိုင် ခရီးထွက်သွားချိန်ဝယ် မိုးပျံက ပေါ်လာသည်။ ဘူတာမှ အိမ်သို့အပြန်၌ တွေ့ခဲ့ရခြင်းဖြစ်သည်။ မဥ္ဇူက သူမ၏အတိတ်ကာလ နာကြည်းမှုများကို ပြန်တွေးရင်း အံကိုတင်းတင်းစေ့လိုက်သည်။

"မိုးပျံ ရှင့်သူငယ်ချင်းတောင်းတဲ့ ငွေကျပ်(၂၅)သိန်းကို မနက်ဖြန်ညနေမှာ ဒီဘူတာကစောင့်ပြီး လာယူပါ"

"ဘာအတွက် ဘယ်သူက တောင်းတာလဲ"

"ရှင် မသိချင်ယောင်ဆောင်မနေနဲ့၊ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းရှိတဲ့ အခန်းထဲကဓာတ်ပုံက ဘယ်လိုနည်း နဲ့ အဲဒီလူလက်ထဲ ရောက်သွားတာ လဲ"

"ခိုးရိုက်တာဖြစ်မှာပါ၊ မိုးပျံ မသိဘူး မဥ္ဇူ"

မိုးပျံက ငြင်းသည်၊ ကွယ်သည်၊ ရှောင်ထွက်သည်။ မဥ္ဇူက ဓာတ်ပုံများ ပြန်လည်ရရှိရေးအတွက် ငွေပေးမည်ဟု ပြောလိုက်သည်။

မိုးပျံက ခေါင်းညိတ်ပြရင်း ဆိတ်ဆိတ်နေခဲ့၏။

မဥ္ဇူက သတ္တိရှိရှိ ရင်ဆိုင်ရမည့် အစီအစဉ်ကို စိတ်ထဲ၌ စီမံချက်ရေးဆွဲနေခဲ့သည်။

မိုးပျံက မဥ္ဇူအနေဖြင့် သူ့အား အနားကပ်မခံသည့်အခြေအနေကြောင့် နှုတ်ဆက်ပြီး ထွက်သွားခဲ့သည်။

+++

မဥ္ဇူထံသို့ ကိုနိုင်ရောက်လာ သည်။

နေပြည်တော်သို့ သတင်းယူရန် သွားပြီး အပြန်၌ ဝင်တွေ့ခြင်းဖြစ်သည်။

သူရရှိသောသတင်းနှင့်သတင်းဓာတ်ပုံကို ဂျာနယ်တိုက်သို့ နေပြည်တော်မှနေပြီး အီးမေးလ်နှင့် ပို့ခဲ့ပြီးဖြစ်သည်။

ညဦးပိုင်းအချိန်၌ မဥ္ဇူထံရောက်ခဲ့သည်။ မဥ္ဇူက သတင်းများ စိစစ်တည်းဖြတ်နေဆဲဖြစ်သည်။ သူမ တာဝန်ယူရသည့်သတင်းကို အဆုံးသတ်ပြီးသည်နှင့် ညပိုင်းအယ်ဒီတာထံ တာဝန်လွှဲပေးခဲ့သည်။

တာဝန်လွှဲပေးချိန်၌ပင် ကိုနိုင်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ မဥ္ဇူက ကိုနိုင့်အား ဖွင့်ပြောသင့်၊ မပြောသင့် စဉ်းစားနေခဲ့၏။

"ကိုနိုင့်ကို အကူအညီတောင်းရလိမ့်မယ်"

"ဖြစ်တယ်လေ၊ ဘာကိစ္စလဲ"

"မဥ္ဇူကို မမေးနဲ့၊ မဥ္ဇူနဲ့အတူ လိုက်ခဲ့"

"ဘယ်ကိုသွားမှာလဲ"

"အဲဒါလည်းမမေးနဲ့၊ ပြီးမှ ကိုနိုင်တောင်းခံတဲ့ လက်ထပ်ရေးကိစ္စအသေး စိတ်ဆွေးနွေးမယ်"

ကိုနိုင်က ဘာမှဆက်မမေးခဲ့။

မဥ္ဇူဦးဆောင်ရာသို့ လိုက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

မလွှကုန်းဘူတာမှ မြို့ပတ်ရထား စီးရန် ထွက်ခဲ့၏။ တစ်လမ်းလုံး မဥ္ဇူ က ဘာမှမပြောခဲ့ပေ။

ဘူတာသို့ရောက်ရှိချိန်၌ မဥ္ဇူအား လူတစ်ဦးက လာရောက်တွေ့ဆုံသည်။ ထိုသူကို ကိုနိုင်ကမသိ။

မဥ္ဇူလက်ထဲသို့ အထုပ်တစ်ထုပ် ပေးခဲ့သည်။ အထုပ်က လက်တစ်နိုင် အထုပ်ဖြစ်သည်။ ငွေထုပ်ဟု ယူဆ သော်လည်း ကိုနိုင်က မမေးခဲ့။ မဥ္ဇူ လှုပ်ရှားသမျှကို ကြည့်နေခဲ့သည်။

"ဆင်းရမယ့်ဘူတာရောက်ရင် မဥ္ဇူနောက်က မလိုက်နဲ့၊ ခပ်ဝေးဝေး ကပဲ လိုက်ခဲ့ပါ၊ ဘာမှထပ်မမေးနဲ့၊ ပြောတဲ့အတိုင်း လိုက်နာရင် တော်ပြီ"

သူတို့နှစ်ဦး စကားမပြောဖြစ်ကြ တော့။ မဥ္ဇူက မြို့ပတ်ရထားပေါ်မှ ဆင်းသည်။ စကြံပေါ်အရောက်၌ ဘေးပတ်ဝန်းကျင်သို့ လှည့်ပြီးလေ့ လာသည်။

ကိုနိုင်က ခပ်လှမ်းလှမ်းမှ အခြေ အနေ အကဲခတ်ပေးခဲ့သည်။ မဥ္ဇူ၏ လက်ထဲတွင် ငွေထုပ်ပါသော လက် ဆွဲအိတ်ကို ကိုင်ထား၏။

"ရွှတ်.....ရွှတ်"

စက်ဘီးစီးသူလူငယ်တစ်ဦး မဥ္ဇူ အနီးသို့ ချဉ်းကပ်လာခဲ့သည်။ မဥ္ဇူက ထိုသူကို လှမ်းကြည့်လိုက်၏။

"မဥ္ဇူလား"

လူငယ်က စတင်ပြီးမေးသည်။ မဥ္ဇူက လှမ်းကြည့်ရင်း အကဲခတ်၏။

"ရှင် ဘယ်သူလဲ"

"နေမင်းပါ"

"ကောင်းပြီ၊ သက်သေပြပါ"

လူငယ်က သူ့အိတ်ကပ်ထဲမှ အနီရောင်ဘောလ်ပင်တစ်ချောင်းကို ထုတ်ပေးသည်။

မဥ္ဇူက ဘောလ်ပင်ကို ယူကြည့် လိုက်၏။ ဘောလ်ပင်အဖုံးကိုဖွင့်လိုက် ၏။ အထဲတွင် ဘောလ်ပင်မင်ချောင်း မရှိ။ မင်ချောင်းနေရာတွင် စက္ကူလိပ် ထည့်ထား၏။


မဥ္ဇူက စက္ကူလိပ်ကို ဆွဲထုတ်၍ ဖြန့်ကြည့်ရင်း ဖတ်လိုက်သည်။

"စိတ်ချ၊ သူပဲ"

စာက အတိုဆုံးဖြစ်သည်။ စာရ ပြီးသည်နှင့် မဥ္ဇူ၏ဆလင်းဘက်အိတ် ထဲမှ လက်ကိုင်ဖုန်းမြည်သံပေါ်လာ သည်။ ချက်ချင်းနားထောင်လိုက်၏။

"စိတ်ချပါ၊ ကျွန်တော်လွှတ် လိုက်တဲ့သူပါ"

စကားပြောသံက တိုသည်၊ ပြတ် သည်။



"ပေးရမယ့်ပစ္စည်းကို ဘယ်မှာ ယူရမလဲ"

"နောက်တစ်ယောက် ဆိုက်ကား နဲ့ ရောက်လာလိမ့်မယ်၊ ခင်ဗျားကို ကျွန်တော် တွေ့နေရတယ်၊ ပြောတဲ့ အတိုင်းလုပ်ပါ၊ ကတိတည်ပါတယ်"

တစ်ဖက်က ဖုန်းဖြင့်ညွှန်ကြား သည်။ မဥ္ဇူက ငွေကျပ် (၂၅)သိန်းပါ ရှိသော ငွေထုပ်ကို လှမ်းပေးလိုက် သည်။

ငွေထုပ်ယူပြီးချိန်၌ အနီးသို့ ဆိုက်ကားတစ်စီးထပ်ရောက်လာသည်။ ဆိုက်ကားပေါ် ထိုင်စီးလာသူက မဥ္ဇူ လက်ထဲသို့ စာအိတ်တစ်အိတ်လှမ်း ပေးရင်း ဆိုက်ကားဖြင့် ရှေ့ဆက်သွား တော့၏။

မဥ္ဇူက ကြည့်သည်။ သူမပုံ ပါ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံခဲ့သည်။

မဋ္ဌုက သူမ၏အဖြစ်ကို ရက်ကြောက်စိတ်ဖြင့် ခေါင်းငုံ့မခံဘဲ ရဲတပ်ဖွဲ့ထံ ကြိုတင်သတင်းပေး၍ ဝိုင်းဝန်းဖမ်းဆီးပြီး ဖော်ထုတ်လိုက်သည်ကို ယခုမှ ကိုနိုင်လည်း သိခွင့်ရခဲ့တော့သည်။

ကိုနိုင်မှာ သတင်းထောက်တစ်ဦးဖြစ်သည်။

မဋ္ဌု မည်သို့ကြုံနေရသည်ကို အနည်းအကျဉ်းမျှသာ သိခဲ့သည်။ မဋ္ဌုတွင် ကိုယ်ဝန်နှစ်လရှိနေကြောင်း သတင်းကြားရ၍ မဋ္ဌု၏အရှက်ကိုကာကွယ်ပေးရန် လက်ထပ်ခွင့်တောင်းခံခဲ့ခြင်းဖြစ်သည်။

ယနေ့တော့ သူ့အနေဖြင့် အလုံးစုံသိခွင့်ရရှိခဲ့ပြီဖြစ်သည်။

သိခွင့်ရရှိစေရန် မဋ္ဌုက ခေါ်ခဲ့ခြင်းလည်းဖြစ်၏။

မိုးပျံနှင့်အဖွဲ့ကို ဖမ်းဆီးပြီးနောက် မဋ္ဌုက တရားလိုအဖြစ် အမှုဖွင့်ခဲ့သည်။ အွန်လိုင်းပေါ်မှတစ်ဆင့် ကမ္ဘာသိ အရှက်ခွဲခြင်းခံရမည့်အစား တရားရုံးတွင် အရှက်ဖြင့် နောင်ရေးကို ကာကွယ်ခဲ့ခြင်းဖြစ်ကြောင်း မဋ္ဌုက ရှင်းပြခဲ့သည်။

မိန်းကလေးတိုင်းအတွက် သင်

အမှုစစ်အဖွဲ့ထံ ငွေယူပေးသည့် ပိုင်ထူးက ရှင်းပြခဲ့သည်။ အသေးစိတ်စစ်ဆေးပြီးနောက် ဆိုက်ကားသမားနှင့် ဆိုက်ကားပေါ်မှလူကို ဆက်လက်စစ်ဆေးပြန်သည်။

"ကျွန်တော်တို့ကိုခိုင်းတာက မိုးပျံဆိုတဲ့လူပါ"

"ဘာကြောင့်ငွေယူခိုင်းတာလဲ"

"မဋ္ဌုနဲ့ပတ်သက်လို့ သူ့ဆီမှာ ဓာတ်ပုံတွေရှိတယ်၊ အဲဒီဓာတ်ပုံတွေကို အွန်လိုင်းပေါ်မတင်စေချင်ရင် ငွေကျပ် (၂၅)သိန်းပေးရမယ်ဆိုပြီး တောင်းခိုင်းတဲ့ငွေပါ"

အမှုစစ်အဖွဲ့က လိုအပ်သည့်စစ်ဆေးမှုပြုလုပ်ပြီးသည်နှင့် လူသက်သေ၊ ပစ္စည်းသက်သေအထောက်အထားများအရ မိုးပျံကို ချက်ချင်းရှာဖွေဖမ်းဆီးခဲ့သည်။

မိုးပျံကို ဖမ်းဆီးရမိချိန်၌ မဋ္ဌု၏ မောက်မောက်မာမာ စကားတစ်ခွန်းကြောင့် အစားအသောက်ထဲတွင် မူးမေ့စေသော ဆေးဝါးခတ်ကာ လူကိုဖျက်ဆီးခဲ့ကြောင်း၊ မဋ္ဌုမူးမေ့နေစဉ် လက်ကိုင်ဖုန်းဖြင့် ရိုက်ယူထားသောဓာတ်ပုံများကို အွန်လိုင်းပေါ် မတင်စေလိုပါက ငွေကျပ် (၂၅)သိန်းပေးရမည်ဟု ခြိမ်းခြောက်ပြောဆိုကာ ငွေညှစ်ခဲ့ကြောင်း

ရှိသော ညစ်ညမ်းဓာတ်ပုံများကို တွေ့လိုက်ရ၏။ မဋ္ဌုက ဓာတ်ပုံများရပြီးသည်နှင့် ကိုယ်ကိုတစ်ပတ်လှည့်ရင်း လက်ကိုခါးထောက်ရပ်ကာ တစ်နေရာသို့ ကြည့်လိုက်သည်။

မဋ္ဌုက ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်း သင်္ကေတဖြင့် အချက်ပြလိုက်၍ အနီးတွင်ရှိနေသော လူ (၁၀) ဦးခန့် ထွက်လာသည်။

စက်ဘီးသမားနှင့် ဆိုက်ကားစီးလာသူကို ဖမ်းလိုက်၏။

စက်ဘီးသမားထံမှ ငွေကျပ် (၂၅) သိန်းပါအိတ်ကို ရရှိသွားခဲ့သည်။ သူတို့ကို ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ကြသည်။

+++

"ခင်ဗျားနာမည်"

"ပိုင်ထူးပါ"

"ဒီငွေတွေကို ဘယ်ကရတာလဲ"

"မဋ္ဌုဆိုတဲ့ အမျိုးသမီးဆီကပါ"

"ဘာကိစ္စနဲ့ယူတာလဲ"

"ကျွန်တော်က ယူခိုင်းတဲ့သူရှိလို့ ယူပေးတာပါ၊ ကျွန်တော့်ကို ငွေယူပေးခအဖြစ် ငွေကျပ်သုံးသောင်းပေးမယ်လို့ ပြောပါတယ်"

ချစ်တဲ့စိတ်မှာ အပျို၊ မဆိုးမ၊ တစ်ခုလပ်ဆိုတာ မရှိပါဘူး၊
အခုဖြစ်ခဲ့တဲ့ကိစ္စမှာ မဋ္ဌုရဲ့စိတ်ရင်းက အဖြူပဲ၊
အဖြူပေါ် အမည်းစက် ချခံခဲ့ရတာဆိုတော့ မဋ္ဌုမှာ အပြစ်မရှိပါဘူး

www.burmeseclassic.com

www.burmeseclassic.com

ခန်းစာယူစရာဖြစ်သည်။ အိမ်အပြန်၌ မဥ္ဇူက ကိုနိုင်အား အတိအလင်းမေးလိုက်တော့၏။

"ကိုနိုင် မဥ္ဇူကို လက်ထပ်ဖို့စိတ်ကူးရှိသေးရဲ့လား"

"မဥ္ဇူရယ် နဂိုကတည်းက မဥ္ဇူမှာ အရှက်နဲ့သိက္ခာကို ထိခိုက်စရာရှိလို့ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ လက်ထပ်ခွင့်တောင်းခံခဲ့တာပါ"

"ကယ်တင်ရှင်လုပ်ချင်တာလား"

"အဲဒီလိုအတွေးမျိုးဟာ တစ်ဖက်သားရဲ့မေတ္တာကို စော်ကားသလိုဖြစ်တတ်တယ်ဆိုတာ မဥ္ဇူ သတိထားမိရဲ့လား"

မဥ္ဇူမှာ သူမ၏စကားကို ပြန်စဉ်းစားရင်း ကိုနိုင့်ကို တောင်းပန်စကားဆိုလိုက်ရတော့၏။

"တကယ်တော့ ကယ်တင်ရှင်ဆိုတာ အင်မတန်မှ မေတ္တာကြီးသူတွေကသာ လုပ်ဆောင်နိုင်တာပါ၊ လူတိုင်းမလုပ်နိုင်တဲ့အလုပ်မျိုးကိုလုပ်တဲ့ ကိုနိုင့်ကို အထင်ကြီးတဲ့စိတ်နဲ့ ပြောမိတာပါ၊ ခွင့်လွှတ်ပါနော်"

"မဥ္ဇူကို ထာဝရခွင့်လွှတ်ပြီးသားပါ၊ ရင်ထဲမှာကိန်းအောင်းနေတဲ့ ချစ်စိတ်ကို မဥ္ဇူမှ သရုပ်မခွဲခဲ့နိုင်တာပဲ"

"မဥ္ဇူသိပါတယ် ကိုနိုင်၊ မဥ္ဇူရဲ့ဘဝက အဖြူမဟုတ်ဘူးလေ၊ အမည်းစက်စွန်းသွားပြီ၊ ကိုနိုင့်ကို အနာဂတ်မှာ စိတ်ဒဏ်ရာမဖြစ်စေချင်လို့ပါ"

"ချစ်တဲ့စိတ်မှာ အပျို၊ မုဆိုးမ၊ တစ်ခုလပ်ဆိုတာ မရှိပါဘူး၊ အခုဖြစ်ခဲ့တဲ့ကိစ္စမှာ မဥ္ဇူရဲ့စိတ်ရင်းက အဖြူပဲ၊ အဖြူပေါ် အမည်းစက် ချခံခဲ့ရတာဆိုတော့ မဥ္ဇူမှာ အပြစ်မရှိပါဘူး"

ကိုနိုင်က တစ်လုံးချင်းရှင်းပြ၏။ ကိုနိုင်အား မဥ္ဇူက သနားကြင်နာစိတ်ဖြင့် လှည့်ကြည့်ခဲ့မိ၏။

"ကိုနိုင်က လက်ထပ်ခွင့်ထပ်တောင်းရင် မဥ္ဇူ ဘယ်လိုတုံ့ပြန်မလဲ"

"----"

"မဥ္ဇူရင်ဆိုင်ဖြေရှင်းရမယ့်ကိစ္စက လူသိထင်ရှားဖြစ်နိုင်တယ်"

"ကိုယ်တို့က မီဒီယာသမားတွေပဲ၊ မီဒီယာအနေနဲ့ အပြစ်မရှိသူကို အပြစ်မမြင်မိစေဖို့ ပြည်သူကို ပညာပေးရင်း ပန်ကြားမယ်၊ တာဝန်ရှိသူတွေက မိုးပျံလိုလူမျိုးကို အပြင်းအထန်ဆုံးနဲ့ အထိရောက်ဆုံး အရေးယူဖို့ မီဒီယာကတစ်ဆင့် တင်ပြမှာပေါ့"

"ကိုနိုင်ဆိုလိုတာက....."

"အားနည်းတဲ့မဥ္ဇူကို အားပေးသူအဖြစ် ရပ်တည်ရင်း လက်တွဲပါ့မယ်လို့ ကတိပေးချင်တာပါ"

"အသေအချာဆုံးဖြတ်တာလား ကိုနိုင်"

"မေတ္တာသွေးနဲ့ ရေးတဲ့ကဗျာပါ မဥ္ဇူ"

"ကောင်းပြီလေ၊ ကိုနိုင့်ဆန္ဒကို မဥ္ဇူလိုက်လျောခွင့်ပြုတယ်လို့ မှတ်လိုက်ပေတော့"

"တကယ်"

မဥ္ဇူက ခေါင်းညိတ်ပြရင်း ချစ်မျက်စောင်းလှလှကိုထိုးရင်း ပြုံးလိုက်၏။ ကိုနိုင်က မဥ္ဇူ၏ပခုံးကို သိုင်းဖက်ရင်း သူ့ရင်ထဲမှ မေတ္တာအနွေးဓာတ်များကို မဥ္ဇူရင်ထဲသို့ ပို့လွှတ်ခဲ့လေတော့သည်။

စာပေသစ္စာဖြင့်

အောင်ကျော်ဇော



www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## တရားမဝင်ကျွန်းသစ်ခိုးသယ်လာတဲ့ကားကို လှည်းကူးအဝေးပြေးလမ်းမှာ တွေ့ရှိဖမ်းမိခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် လှည်းကူးမြို့နယ်၊ သစ်တောဦးစီးအဖွဲ့မှ သစ်တောဦးစီးအရာရှိ ဦးဖြိုးဇင်မွန်နိုင် (၃၉ နှစ်)နှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း ပဲခူးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ကားတစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ တရားမဝင်ကျွန်းသစ်များ ကာလတန်ဖိုးကျပ် (၂၉၆၉၀၀) ဖိုးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၅-၈-၂၀၁၃ ရက်နေ့ နံနက် (၀၀း၁၀)နာရီအချိန်ခန့်က ပဲခူးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် ၈ဈ/---- နံပါတ်တပ်ဆင်ထားသော စူပါကာစတန် ခဲရောင်ကိုယ်ပိုင်ယာဉ်အား လှည်းကူးမြို့နယ်၊ အမှတ် (၇)လမ်းမကြီး၊ မိုင်တိုင်အမှတ် (၄/၀)အနီးတွင် မသင်္ကာဖွယ်တွေ့ရှိရ၍ လှည်းကူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဦးစီးအရာရှိ ဦးဖြိုးဇင်မွန်နိုင်နှင့်အဖွဲ့က ကားအားရပ်တန့်စေပြီး သက်သေများနှင့်အတူ စစ်ဆေးခဲ့ရာ ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့သည်။ ကားပေါ်သို့ ဆက်လက်ရှာဖွေရာ တရားမဝင်ကျွန်းသစ်ခွဲသားများ စုစုပေါင်း (၁ ဒသမ ၁၈၇၆ တန်)၊ ကာလတန်ဖိုး ကျပ် (၂၉၆၉၀၀)တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖြိုးဇင်မွန်နိုင်က တရားလိုပြုလုပ်တိုင်ကြားခဲ့ရာ လှည်းကူးမြို့မရဲစခန်းမှ (ပ) ၃၀၇/၂၀၁၃၊ သစ်တောဥပဒေပုဒ်မ ၄၃ (က)ဖြင့် အမှုရေးဖွင့်၍ အမှုစစ် ဒုရဲအုပ် သံချောင်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## အိမ်ရှင်ခရီးသွားနေခိုက် အရက်ပုလင်းများနှင့် ငွေကျပ် တစ်သိန်းအပါအဝင် တန်ဖိုးကျပ် ၄၄၉ သိန်းကျော်ဖိုး အခိုးခံရမှု

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်တွင် အိမ်ရှင်ခရီးသွားခိုက် အိမ်စောင့်လူငယ်ရှိနေစဉ်အတွင်း အိမ်တွင်းရှိ အရက်ပုလင်းများနှင့် ငွေကျပ် (၁၀၀၀၀၀)ကျော် ခိုးယူခံရမှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၄-၈-၂၀၁၃ ရက်နေ့ နံနက် ၉ နာရီအချိန်ခန့်က အိမ်ရှင်ဖြစ်သူ ကျော်မင်းထွန်း (၃၀ နှစ်)၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေသူသည် မန္တလေးမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် နေအိမ်၌ အစောင့်အဖြစ်ထားခဲ့သော မြိုးနန္ဒာ(ခ)ဖိုးခွား (၁၈ နှစ်)က ၁၃-၈-၂၀၁၃ ရက်နေ့ နံနက် ၁ နာရီအချိန်ခန့်တွင် နေအိမ်တံခါးများပွင့်နေပြီး နေအိမ်အတွင်းရှိ အရက်ပုလင်းများနှင့် ငွေစက္ကူရောရာကျပ် (၁၀၀၀၀၀)၊ စုစုပေါင်း တန်ဖိုးကျပ် (၄၄၉၆၀၀၀၀)မှာ ခိုးယူခံရကြောင်းပြောပြ၍ သိရှိခဲ့ရသည်။

အိမ်ရှင် ကျော်မင်းထွန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့၍ ကမာရွတ်မြို့မရဲစခန်းမှ (ပ) ၃၆၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် အမှုစစ် စခန်းမှူး ဒုရဲမှူးမောင်မောင်ဦးက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ကျော်ချိန်မှာ နေအိမ်မှပျောက်သွားသူ အိမ်ဖော်အမျိုးသမီးနှစ်ဦးအား

# အနီးရှိ ဆောက်လက်စအိမ်ရာထဲ၌ အပေါ်ကိုယ်စီနဲ့တွေ့လို့

## အိမ်ရှင်က အမှုဖွင့်တိုင်တန်းခဲ့မှု

၁၃-၈-၂၀၁၃ ရက်နေ့၊ နံနက် ၂ နာရီအချိန်ခန့်က မ---၊ (၃၉ နှစ်)၊ ကျူရှင်ဆရာမ၊ ကုန်းဘောင် (၁၆)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေသူသည် နေအိမ်၌အိပ်ပျော်နေစဉ် အတူနေ မ---မှ လာနှိုးပြီး ၎င်း၏အိမ်မှ အိမ်ဖော်အဖြစ်ခေါ်ထားသော တူမ နှစ်ဦးဖြစ်သူ မ---(၁၇ နှစ်)နှင့် မ--(၂၆ နှစ်)တို့မှာ ပျောက်ဆုံးနေကြောင်း ပြောပြခဲ့သည်ဆို၏။

မ---က လိုက်လံရှာဖွေရာ နေအိမ်မှမျက်စောင်းထိုးရှိ ဆောက်လက်စ အဆောက်အအုံထဲတွင် ၎င်းတို့နှစ်ဦးအား အဝတ်အစားဖရိုဖရဲအနေအထားဖြင့် ချစ်မင်းနိုင် (၁၉ နှစ်)၊ (ပန်းရန်လုပ်သား)၊ ရေမွှေးကျေးရွာ၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေသူနှင့် အောင်ဖြိုးဇော်၊ (၁၉ နှစ်)၊ (ပန်းရန်လုပ်သား)၊ ကွမ်းခြံကုန်းကျေးရွာ၊ မောင်ဝင်းကျေးရွာအုပ်စု၊ တွံတေးမြို့နယ်နေသူတို့နှင့်အတူ တွေ့ရှိပြီး သားမယားအဖြစ် ပေါင်းသင်းနေခဲ့ကြောင်း စစ်မေးသိရှိခဲ့ရသည်။

ချစ်မင်းနိုင်နှင့် အောင်ဖြိုးဇော်တို့အပေါ် အရေးယူပေးပါရန် အိမ်ရှင်ဖြစ်သူ မ---က တရားလိုပြုလုပ်တိုင်တန်းမှုအား တောင်ဥက္ကလာပမြို့မရဲစခန်းမှ (ပ) ၃၀၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၆၆ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ်ဝေဖြိုးသော်က ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

---

# ညအချိန် အိပ်မောကျနေသူ အမျိုးသမီးရဲ့လည်ပင်းမှ ရွှေဆွဲကြိုးဖြုတ်ခိုးမှု ဖြစ်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ ဦးအေးလွင် (၄၆ နှစ်)၊ (လက်သမား)၊ သန့်ဇင် (၁)လမ်း၊ ဒါရိကာရပ်ကွက်၊ သန်လျင်မြို့နယ်နေသူသည် နေအိမ်အတွင်း မိသားစုများနှင့်အတူ အိပ်ပျော်နေကြစဉ် သမီးဖြစ်သူ၏လည်ပင်းတွင် ဝတ်ဆင်ထားသော ရွှေဆွဲကြိုးတစ်ကုံးအား လည်ပင်းမှ ဆွဲဖြုတ်ခိုးယူခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၅-၈-၂၀၁၃ ရက်နေ့၊ နံနက် ၂ နာရီအချိန်ခန့်က ဦးအေးလွင်သည် နေအိမ်၌ မိသားစုနှင့်အတူ အိပ်မောကျနေစဉ် သမီးဖြစ်သူ ဖြိုးသန္တာလွင် (၂၄ နှစ်)မှ လန့်၍အော်လိုက်သဖြင့် ဇနီးဖြစ်သူနှင့်အတူ သမီး၏အိပ်ခန်းအတွင်းသို့ သွားရောက်မေးမြန်းရာ ၎င်း၏လည်ပင်းတွင် ဝတ်ဆင်ထားသော လေးပင်လိမ် ရွှေဆွဲကြိုး ပြား (တန်ဖိုးငွေကျပ် ၃၅၀၀၀၀)အား လူတစ်ဦးမှ ဖြုတ်ယူထွက်ပြေးသွားကြောင်း၊ ထိုသူထွက်ပြေးစဉ် အရိုးအသွား (၈)လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်း ကျကျန်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ခိုးယူထွက်ပြေးသူ အမည်မသိအမျိုးသား (စုံစမ်းဆဲ)အပေါ် အရေးယူပေးပါရန် ဦးအေးလွင်က တရားလိုပြုလုပ်တိုင်တန်းခဲ့၍ သန်လျင်မြို့မရဲစခန်းမှ (ပ) ၇၅၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ် အောင်နိုင်က စုံစမ်းဖော်ထုတ်နေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

# သစ်တင်ကားမောင်းသူတစ်ဦး ကရိန်းဖြင့် ယာဉ်ပေါ်သို့ သစ်လုံးတင်စဉ် သစ်လုံးပြုတ်ကျ ရိုက်မိ၍ သေဆုံးခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာ၊ ဝါးတရာသစ်အခြေခံစက်မှုဇုန်နယ်မြေသစ်ဆိပ်တွင် လူတစ်ဦး သစ်လုံးပြုတ်ကျ ရိုက်မိ၍ သေဆုံးသွားကြောင်း သတင်းရရှိသည်။

စုံစမ်းသိရှိရသည်မှာ ၁၅-၈-၂၀၁၃ ရက်နေ့ မွန်းလွဲ ၁ နာရီ ၄၀ မိနစ်အချိန်ခန့်က လူတစ်ဦး သစ်လုံးရိုက်မိ၍ သေဆုံးသွားကြောင်း သတင်းအရ လှော်ကားနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇော်တင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးသိရှိရသည်မှာ ထိုနေ့ မွန်းလွဲ ၁ နာရီ၊ ၁၀ မိနစ်အချိန်ခန့်က ဇော်မင်းနိုင် (၂၈ နှစ်)၊ သစ်တောအမြဲစိမ်းဝန်ထမ်း၊ အလုံသစ်တောဝင်း၊ အလုံမြို့နယ်နေသူသည် ကရိန်းကားယာဉ်အမှတ် ၉ခ/---ဖြင့် သစ်လုံးများအား မ,၍ ရယ/---၊ ဖူဆို ၁၂ ဘီးယာဉ်ပေါ်သို့ တင်ဆောင်နေစဉ် ကရိန်းနှင့် မ,ထားသော သစ်လုံးတစ်လုံးမှာ ကရိန်းချိတ်ဟ၍ ပြုတ်ကျသွားခဲ့သည်။

ထိုသို့ပြုတ်ကျစဉ် ကရိန်းကားနောက်ပိုင်းတွင် မတ်တတ်ရပ်နေသော ဇော်ဝင်းနိုင် (၄၂ နှစ်)၊ (ယာဉ်မောင်း) ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်နေသူအား သစ်လုံးအဖျားနှင့်ရိုက်မိ၍ ဝမ်းဗိုက်ညိုမည်း၊ ယာဘက်ပခုံး ညိုမည်း၊ ယာခြေထောက် ကျိုးကျေဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

တာဝန်မှူး ဒုရဲအုပ် စိမ်းလန်းက တိုင်တန်းသဖြင့် လှော်ကားနယ်မြေရဲစခန်းမှ (ပ) ၂၄၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုရေးဖွင့်၍ ကရိန်းမောင်းနှင်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

---

# ထမ်းသယ်လာတဲ့ အလူမီနီယမ်သံချောင်းနဲ့ ဓာတ်ကြိုးထိမိလို့ အလုပ်သမားတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ရရှာမှု

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အတွင်း အလူမီနီယမ်ချောင်းများထမ်းသယ်လာသူတစ်ဦးသည် လမ်းဘေးဓာတ်တိုင်တွင်သွယ်တန်းထားသော မီးကြိုးနှင့်ထိမိ၍ ဓာတ်လိုက်မှုဖြစ်ပွားသဖြင့် အင်းစိန်ဆေးရုံသို့တင်ပို့ခဲ့ရာ ဓာတ်လိုက်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ၁၅-၈-၂၀၁၃ ရက်နေ့ ည ၉ နာရီအချိန်ခန့်က အလူမီနီယမ်တပ်ဆင်သည့်အလုပ်သမား သားပု (၂၅ နှစ်)၊ ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်နေသူသည် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ မ/၁၂၉ ရှိ ဆောက်လုပ်ဆဲ (၃)ထပ်တိုက်အဆောက်အအုံ (ပ) ထပ်အခန်းများတွင် အလူမီနီယမ်တပ်ဆင်ရန် အရှည်ပေ (၂၀)ရှိ အလူမီနီယမ်ချောင်းများအား သယ်ဆောင်ခဲ့ရာ လမ်းဘေးဓာတ်တိုင်တွင် သွယ်တန်းထားသော ဓာတ်ကြိုးနှင့်ထိမိ၍ ဓာတ်လိုက်လဲကျသွားသဖြင့် အင်းစိန်ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့သည်။

အလောင်းအား အင်းစိန်ဆေးရုံမှ ပီအာရ်-၂၁ ဖြင့် လက်ခံခဲ့သည်။ ဒုရဲအုပ် ခင်စိုးက တိုင်တန်းသဖြင့် ဘုရင့်နောင်နယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၁၂/၂၀၁၃ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် စခန်းမှူး ရဲအုပ် ကျော်ဇေမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း



## သူငယ်ချင်းများအသက်ကိုကယ်တင်ခဲ့လို့ သူရဲကောင်းဘွဲ့ချီးမြှင့်ခံရ

အိန္ဒိယနိုင်ငံတွင် Om Yadav ဆိုသော အမျိုးသားလူငယ်တစ်ဦးသည် ခုနစ်တန်းတွင် ပညာသင်ကြားနေပြီး သူ၏ဖခင်မှာ သာမန်လယ်သမားတစ်ဦးပင်ဖြစ်သည်။

တစ်နေ့ သူသည် အခြားကျောင်းသား၊ ကျောင်းသူများနှင့်အတူ ကျောင်းကားနှင့် ကျောင်းသို့သွားနေစဉ် လမ်းခုလတ်၌ ဝါယာရှော့ခ်မှုတစ်ဆင့် ကားမှာ မီးလောင်ကျွမ်းခဲ့သည်။ ကားမောင်းသမားက ကားထဲမှ အပြင်သို့ ခုန်ချထွက်ပြေးသွားသော်လည်း Om မှာ ကားတံခါးဖွင့်ပြီး ကားထဲမှ အခြားသူငယ်ချင်းများကို ချီပိုး၍ ကယ်တင်ခဲ့သည်။ သူ၏မျက်နှာ၊ လက်မောင်းနှင့် ကျောဘက်တွင် သေရာပါ မီးလောင်ဒဏ်ရာများ ရရှိခဲ့သည်။

သူသည် ကားထဲမှ သူငယ်ချင်းရှစ်ယောက်ကို ဘေးမသီရန်မခ ကယ်တင်နိုင်ခဲ့သောကြောင့် သူရဲကောင်းဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

Ref: International News 8-7-13

---

## မွေးကင်းစကလေးငယ်တစ်ဦးသေဆုံးမှု ရဲတပ်ဖွဲ့မှစုံစမ်း

တရုတ်နိုင်ငံအရှေ့ပိုင်း၊ ကွမ်ကျိုးမြို့တွင် ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများသည် လမစေ့ဘဲ မွေးသောကလေးငယ်တစ်ဦး ဖန်ပေါင်းချောင်အတွင်း သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အသက် (၁၁)ရက်သာရှိသေးသော ထိုကလေးငယ်မှာ ကလေးဆေးရုံတွင် သေဆုံးခဲ့ပြီး ကလေးငယ်၏ နောက်ကျော အရေပြားပေါ်တွင် မီးလောင်ကျွမ်းထားသောပုံများကို အွန်လိုင်းပေါ်တွင် ဖော်ပြခဲ့ရာ ထိုကိစ္စသည် လူထုအတွင်း မကျေနပ်မှုများ ဖြစ်ပွားစေခဲ့သည်။

ကလေးငယ်၏ သေဆုံးမှုမှာ ဘက်တီးရီးယားပိုးမွား ကူးစက်ခံရခြင်းကြောင့်ဟု ကလေးသေဆုံးမှုမှတ်တမ်းတွင် ဆေးရုံက ဖော်ပြထားသည်။ သို့သော် ကလေး၏ နောက်ကျောတင်ပါးနှင့် ခြေထောက်ပေါ်တွင် မီးလောင်ဖုများရှိနေပြီး ဆေးရုံရှိ လမစေ့ဘဲမွေးသော ကလေးများထားရာ ဖန်ပေါင်းချောင်အတွင်း၌ ကလေးကိုအပူပေးထား၍ သေဆုံးရသည်ဟု မိသားစုက သံသယရှိကြောင်း ပြောကြားသည်။

Ref: Inetrnational News 28-7-2013

www.burmeseclassic.com

www.burmeseclassic.com



# နီပေါတွင် ဆင်တိုက်ခိုက်၍ လူနှစ်ဦးသေဆုံး



နီပေါနိုင်ငံ၊ ဆာလာဟီခရိုင် အတွင်း၌ ဩဂုတ်လ ၄ ရက်နေ့က ဆင်တစ်ကောင်တိုက်ခိုက်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ရသည်။

ဆင်၏တိုက်ခိုက်မှု ခံရချိန်တွင် အသက် (၃၀)အရွယ် 'ယူပန်ဒရာ' သည် ၎င်း၏ လယ်ကွင်းထဲ၌ အိပ်ပျော်နေပြီး အသက်နှစ်နှစ်ခွဲအရွယ် 'ဟီရီ ယာမဟာ'မှာ သူမ၏နေအိမ်ပြင်ပ၌ အိပ်ပျော်နေစဉ် တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် သူမ၏မိသားစုမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။ ၎င်းဆင်သည် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မှုကြောင့် မိမိတို့မှာ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း သမီးဖြစ်သူအား မကယ်တင်နိုင်ခဲ့ကြောင်း ဟီရီယာ၏ဖခင်က ပြောကြားခဲ့သည်။

၎င်းဆင်တိုက်ခိုက်မှုကြောင့် အခြားဒေသခံတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး လွန်ခဲ့သော နှစ်လအတွင်းကလည်း အဆိုပါခရိုင်၌ ဆင်တိုက်ခိုက်မှုကြောင့် လူလေးဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က ပြောကြားခဲ့ သည်။

Ref: International News 6-8-13

---

# အပူရှိန်မြင့်မားမှုကြောင့် ပြင်သစ်အကျဉ်းထောင်တစ်ခုအတွင်း ဆူပူမှုများဖြစ်ပွား

ပြင်သစ်အကျဉ်းထောင်တစ်ခု အတွင်း အကျဉ်းသား ၃၀ ခန့်သည် ပုံမှန်မဟုတ်သော ရာသီဥတု ပူပြင်းမှုကြောင့် ဘောင်းဘီတိုများဝတ်ဆင်ခွင့် ရရှိရေးအတွက် တောင်းဆိုခဲ့ရာမှ ဆူပူအုံကြွမှုများ ဖြစ်ပွားခဲ့ကြောင်း အကျဉ်းထောင်အရာရှိများက ပြောကြားခဲ့သည်။

အကျဉ်းသားများ၏ တောင်းဆိုချက်များ ငြင်းဆန်ခံရပြီးနောက် ထောင်တွင်းရှိ မီးသီးများကို ဖျက်ဆီးခြင်း၊ လုံခြုံရေးကင်မရာများကို ရိုက်ခွဲခြင်းနှင့် စကြံလမ်းပေါ် ရေများဖောက်ထုတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ပြင်သစ်နိုင်ငံတွင် ဩဂုတ်လ (၁) ရက်နေ့က ရာစုနှစ် တစ်စုကျော် အတွင်း တတိယအကြိမ်မြောက် အပူဆုံးအခြေအနေသို့ ဆိုက်ရောက်ခဲ့ပြီး ပဲရစ်မြို့တွင် အပူချိန် ၉၅ ဒီဂရီဖာရင်ဟိုက်အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း သိရသည်။

Ref: Inetrnational News 5-8-2013

www.burmeseclassic.com

www.burmeseclassic.com



## ကလေးတစ်ဦး တစ်ထပ်အမြင့်မှပြုတ်ကျသော်လည်း အသက်ရှင်

တရုတ်နိုင်ငံအလယ်ပိုင်း၊ ယူနန်ပြည်နယ်၊ ချန်ရှာမြို့တွင် အဆောက်အအုံတစ်ခု၏ ၁၈ ထပ်အမြင့်ရှိသော တိုက်ခန်းတစ်ခန်းမှ သုံးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦး ဇောက်ထိုးပြုတ်ကျခဲ့သော်လည်း အသက်ရှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါကလေးသည် သူမနေအိမ်အခန်း၏ လသာဆောင်မှ ပြုတ်ကျခဲ့ပြီး ဒုတိယထပ်ရှိ ဝရန်တာအမိုး



ပေါ်သို့ ပြုတ်ကျခဲ့ကြောင်း၊ ယခုအခါ သူမသည် ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပြီး အခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်း ဆရာဝန်များက ပြောကြားခဲ့သည်။

Ref: International News

1.8.2013

## နေအိမ်အပြင်ဘက်တွင် အိပ်ပျော်နေသောကလေးငယ် ကုန်ကားကြိတ်ခံရ

, တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ရာသီဥတုပူပြင်းမှုကြောင့် ဆင်ခြေဖုံးရပ်ကွက်တစ်ခုရှိ နေအိမ်တစ်အိမ်အပြင်ဘက်၌ သုံးနှစ်အရွယ် ကလေးငယ်တစ်ဦး အိပ်ပျော်နေစဉ် ကုန်တင်ကားတစ်စီးက တက်ကြိတ်မိခဲ့မှုကြောင့် ကလေးငယ်မှာ သေဆုံးသွားခဲ့ရသည်။

ကလေးငယ်၏ဖခင်မှာ အဆိုပါကုန်တင်ကားနောက်သို့ နှစ်ကီလိုမီတာခန့် ပြေးလိုက်ခဲ့သော်လည်း နောက်ဆုံးတွင် ယာဉ်မောင်းမှာ ကားကိုထား၍ ထွက်ပြေးသွားကြောင်း သိရသည်။

ကားကြိတ်ခံရ၍ သေဆုံးသွားသော ကလေးငယ်မှာ အမြွှာသားနှစ်ဦးအနက် အကြီးဖြစ်ကြောင်း သိရသည်။

BURMESE CLASSIC .com

Ref: Inetrnational News

29-7-2013

## မူးယစ်ဆေးဝါးမှောင်ခိုအဖွဲ့နှင့် ရဲတပ်ဖွဲ့ ပစ်ခတ်မှုဖြစ်ပွား

တရုတ်နိုင်ငံအနောက်တောင်ပိုင်း၊ စီချွမ်ပြည်နယ်တွင် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့တို့အကြား အပြန်အလှန် ပစ်ခတ်မှု



ဖြစ်ပွားရာ မူးယစ်ဆေးဝါး မှောင်ခိုကူးသူတစ်ဦးသည် (၁၀)ထပ်အမြင့်ရှိတိုက်ခန်းမှ ခုန်ချသေဆုံးခဲ့သည်။ အခြား နှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဒေသတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ဒေသတွင်းဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိသည်။

Ref: International News

2-8-2013

ဆောင်းဟေမန်

www.burmeseclassic.com



## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ကံဇာတာမကောင်းသေး။ စိတ်သောက ဗျာပါရကြုံတတ်သည်။ သောကြာ၊ ရာဟု၊ တနင်္လာတို့နှင့် စပ်တူလုပ်ငန်းပြုလုပ်ပါ။ နိုင်ငံခြားသို့သွားရန်ကိစ္စ ပိတ်ဆို့တားဆီးနေသည်။ ဆန်စပါး ကြိတ်ခွဲသယ်ယူ ရောင်းဝယ်ခြင်းနှင့် ဝက်၊ ကြက်၊ နွား၊ ငါးမွေးမြူရေးလုပ်ငန်းပြုလုပ်ပါ။ ဌာနဆိုင်ရာအကြီးအကဲတို့၏ မ,စခြင်း၊ ကူညီခြင်းခံရမည်။ လုပ်ငန်းဆိုင်ရာစာမေးပွဲအောင်မည်။ နိုင်ငံခြားသိပ္ပံ၊ စက်မှုလက်မှုသင်တန်းတက်ရမည်။ ကျန်းမာရေးသတိပြုပါ။

အချစ်ရေး။ ။ အချစ်ရေးတွင် ချစ်သူနှင့် စကားပြောအဆင်မပြေဖြစ်တတ်သည်။

ထီထိုးရန်။ ။ (က) ၅–၃၊ (ဈ) ၆–၈၊ (သ) ၆–၂။

**ယတြာ- မွေးနံထောင့်တွင် ထီးဖြူငါးလက် လှူဒါန်းလိုက်ပါ။**

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အထည်အလိပ် အဟောင်းဆိုင်ဖွင့်ပါ။ ဆန်၊ ဆီ၊ ဆေး၊ စပါး ရောင်းဝယ်ပါ။ လယ်ယာစိုက်ခင်းပြုလုပ်ပါ။ စီးပွားရေးကြောင့် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ စနေ၊ အင်္ဂါသားသမီးတို့နှင့် စပ်တူမလုပ်နှင့်။ ရတနာလုပ်ငန်း၊ နာရီလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း အထူးကောင်းတတ်ပါသည်။ စစ်ဘက်၊ ပညာရေးဘက်၊ ငွေစာရင်းအင်းဝန်ထမ်းဖြစ်ပါက နေရာ၊ လုပ်ငန်း အပြောင်းအလဲများတတ်သည်။ ကျန်းမာရေးတွင် အစားအသောက်ဆင်ခြင်ပါ။

အချစ်ရေး။ ။ ချစ်သူနှင့်ကွေကွင်းရကိန်းရှိသည်။

ထီထိုးရန်။ ။ (သ) ၆–၅၊ (န) ၆–၁၊ (တ) ၃–၈။

BURMESE CLASSIC .com

**ယတြာ- မွေးနံထောင့်တွင် တံခွန်၊ ကုက္ကား၊ ထီးနီ ကိုးခုစီ ကပ်လှူပါ။**

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ကွန်ပျူတာသင်တန်း၊ အလှပြင်ဆိုင်၊ ကျောက်မျက်သင်တန်းဖွင့်ခြင်းတို့ အကျိုးပြုနိုင်သည်။ ခရီးမကြာခဏထွက်ရလျှင် ငွေဝင်များမည်။ အိမ်ဆောက်ခြင်း၊ ဝယ်ခြင်း၊ ရွှေဝယ်ခြင်းရှောင်ပါ။ ပြဿနာပေါ်မည်။ ကား၊ ခြံ၊ မြေကိစ္စ စီးပွားရေးအထူးကောင်းမည်။ တစ်လအတွင်း တနင်္လာသားသမီး ညဥ့်အိပ်ညဥ့်နေ လက်မခံသင့်ပါ။ ဝန်ထမ်းများ ရာထူး၊ နေရာ၊ ဌာန တိုးတက်မှုရှိမည်။ အခက်အခဲ၊ ရန်ဘက်၊ ပြိုင်ဘက်တို့ရှိနေမည်။ ကျန်းမာရေးတွင် သွေးတိုး၊ ဦးနှောက်၊ အာရုံကြောရောဂါဖြစ်တတ်သည်။

အချစ်ရေး။ ။ စန်းပွင့်နေလိမ့်မည်။ အလည်မလွန်ရန် အရေးကြီးပါသည်။

ထီထိုးရန်။ ။ (ဓ) ၃–၂၊ (ည) ၆–၂၊ (ဠ) ၆–၈။

**ယတြာ- မွေးနံထောင့်တွင် ဒန်းညွန့်ငါးညွန့်၊ ခံတက်ညွန့်, သုံးညွန့်၊ သပြေညွန့်, သုံး ညွန့်, ကပ်လှူပါ။**

## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဂျူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း စီးပွားရေးကံကောင်းပြီး မမျှော်လင့်ဘဲ ငွေကြေးအမြောက်အမြားဝင်လိမ့်မည်။ ပြိုင်ဘက်ကြားမှ စီးပွားတက်မည်။ ရန်ဘက်ကြားမှ အောင်မြင်မည်။ သွေးဆေး၊ လျှက်ဆား၊ သွေးတိုးပျောက်ဆေး ဖော်စပ်ရောင်းပါ။ ကံကောင်းမည်။ အိမ်ဟောင်း၊ ပရိဘောဂဟောင်း ရောင်းဝယ်ခြင်းပြုလုပ်က အကျိုးပေးမည်။ ဝန်ထမ်းများ နေရာ၊ ဌာန မပြောင်းသင့်ပါ။ တိုးတက်မှုရှိမည်။ ကျန်းမာရေးတွင် ရုတ်တရက်ဖြစ်ပေါ်စေတတ်သော ဒဏ်ရာအနာတရရောဂါမျိုးဖြစ်နိုင်၍ သတိပြုပါ။

ထီထိုးရန်။ ။ (ပ) ၆–၂၊ (ဖ) ၅–၈၊ (ဗ) ၂–၆။

**ယတြာ- အိမ်ဘုရားတွင် မေတ္တာသုတ်ရွတ်ဖတ်ပါ။ အဓိဋ္ဌာန် ကိုးရက်ပုတီးစိပ်ပါ။**

www.burmeseclassic.com

www.burmeseclassic.com


## သိဟ်၊ ငှုလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အမွေအနှစ် ပြဿနာဖြစ်ပြီးမှရမည်။ အိမ်၊ ရွှေ၊ ငွေ ဖြစ်နိုင်သည်။ ငွေမချေးသင့်ပါ။ ချေးလျှင်ဆုံးမည်။ စက်ပစ္စည်း ရောင်းမှားဝယ်မှားကြုံမည်။ ဝန်ထမ်းဖြစ်လျှင် ကံကောင်းတော့မည်။ စနေနံ၊ အင်္ဂါနံပစ္စည်း ရောင်းဝယ်ပါ။ နိုင်ငံခြားခရီးဝေးသွားရမည်။ ကျန်းမာရေးတွင် စိတ်သောကကြောင့် ရောဂါရနိုင်သည်။

အချစ်ရေး။ ။ လက်ရှိချစ်သူပဲကောင်းပါသည်။

ထီထိုးရန်။ ။ (တ) ၃-၅၊ (ထ) ၃-၂၊ (ဒ) ၃-၉။

**ယတြာ- မွေးနံ့ထောင့်တွင် နှင်းဆီသုံးပွင့်၊ သပြေငါးညွန့်၊ ရေသက်စေ့ကပ်လှူပါ။**

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဖိမ်ခံပစ္စည်း အဝင်မခံသင့်ပါ။ အမှုတွေ့တတ်သည်။ လုပ်ငန်းခွင် ရာထူးတိုးစာမေးပွဲဖြေရမည်။ အောင်မြင်မည်။ ခရီးသွားလျှင် ဘေးရန်ကြုံတတ်၏။ သတိထားပါ။ သင့်ဒေါသကြောင့် ပြဿနာတက်မည်။ တစ်ဖွတ်ထိုးမလုပ်သင့်ပါ။ ငွေ၊ စိန်၊ ပုလဲ အဆောင်ဓာတ်ပြု၍ စီးပွားရှာက ကံကောင်းမည်။ လုပ်ငန်းအတွင်း ရန်ဘက်၊ ပြိုင်ဘက်များ ကြုံတတ်သည်။ ကျန်းမာရေးတွင် အစာအိမ်၊ လေအောင့်ရောဂါ၊ မူးဝေရောဂါတို့ဖြစ်မည်။

အချစ်ရေး။ ။ တူနှစ်ကိုယ် ချစ်ကမ္ဘာ တည်ဆောက်နိုင်မည်။

ထီထိုးရန်။ ။ (ဆ) ၈-၁၊ (ဇ) ၈-၃၊ (ဈ) ၈-၉။

**ယတြာ- အိမ်ဘုရားတွင် တံခွန်၊ ကုက္ကား မုလေးပွား ငါးခုစီလှူဒါန်းပါ။**

BURMESE CLASSIC .com

---

## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း မမျှော်လင့်ဘဲ လာဘ်ငွေသိန်းသောင်းဝင်တတ်သည်။ စီးပွားရေးတစ်ခုကြောင့်ဖြစ်လိမ့်မည်။ စပ်တူ၊ ဖက်စပ် ရှောင်ပါ။ သံ၊ သွပ်၊ သဲ၊ ဆောက်လုပ်ရေးလုပ်ငန်း ကံကောင်းတတ်ပါသည်။ ဝင်ငွေနှင့်ထွက်ငွေ မမျှဖြစ်နေတတ်၍ အသုံးအဖြုန်းလျှော့ပါ။ နိုင်ငံခြားခရီးသွားရန် ကြံစည်ထားပါက မအောင်မြင်နိုင်ပါ။ ဝန်ထမ်းဖြစ်ပါက အလုပ်မှမထွက်သင့်ပါ။ အနုပညာရှင်၊ ဓာတ်သဘင်ပညာရှင်ဖြစ်ပါက ကျန်းမာရေးသတိထားပါ။

အချစ်ရေး။ ။ ချစ်သူနှင့် ပြဿနာတက်တတ်သည်။

ထီထိုးရန်။ ။ (ထ) ၁-၃၊ (ဒ) ၁-၆၊ (ဓ) ၁-၈။

**ယတြာ- မွေးနံ့ထောင့်တွင် ခရေညွန့်၊ ခံတက်ညွန့်၊ သုံးညွန့်စီလှူပါ။**

---

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် အောင်မြင်မည်။ သင်ကံကောင်းနေသည်။ စီးပွားကံကောင်းပါသည်။ ဝန်ထမ်းဖြစ်ပါက နေရာ၊ ဌာန၊ ရာထူးတိုးတက်မည်။ မိသားစုအတွင်း တစ်ဦးဦး ထီပေါက်ကိန်းရှိသည်။ ဥစ္စာပစ္စည်း တိုးတက်မည်။ အိမ်တွင်းသို့ လျှပ်စစ်ပစ္စည်း၊ သို့မဟုတ် ကားဝင်ကိန်းရှိသည်။ အိမ်ထောင်ရေးကံ အထူးကောင်းပါသည်။ ကျန်းမာရေးတွင် နှလုံးတုန်၊ ရင်ခုန်၊ မူးဝေရောဂါ မကြာခဏဖြစ်တတ်သည်။

အချစ်ရေး။ ။ ချစ်သူနှင့် တစ်နေရာစီ ခွဲနေရ၍ လွမ်းဆွေးရတတ်သည်။

ထီထိုးရန်။ ။ (ဂ) ၃-၂၊ (ဃ) ၃-၁၊ (င) ၃-၆။

**ယတြာ- မွေးနံ့ထောင့်တွင် ကံ့ကော်ညွန့်၊ ကိုးညွန့်လှူပါ။**

www.burmeseclassic.com

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လက်ရှိစီးပွားရေးလုပ်ငန်း အောင်မြင်မည်။ ဝန်ထမ်းများ ... ထွက်သင့်ပါ။ မိခင်ကျန်းမာရေး အထူးသတိထားပါ။ ပိုးထည်၊ ကြွေထည်ပစ္စည်း၊ အထည်... တို့ ရောင်းဝယ်ပါ။ သားငါးပုစွန် ရောင်းဝယ်ခြင်းပြုလုပ်က ကံကောင်းမည်။ အိမ်ထော...ရေး ကံကောင်းပါသည်။

အချစ်ရေး။ ။ နှလုံးသားအလိုမလိုက်ပါနှင့်။

ထီထိုးရန်။ ။ (စ) ၄-၅၊ (ဈ) ၄-၅၊ (ည) ၃-၆။

**ယတြာ- မွေးနံ့ထောင့်တွင် မာလကာသီးငါးလုံး၊ သရက်သီးငါးလုံး ကပ်လှူပါ။**

## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း စီးပွားရေး အထူးကောင်းပါသည်။ စပ်တူဖက်စပ် စားကုန်သောက်ကုန် ရာသီကုန် ဝယ်ရောင်းပြုပါ။ သွင်းကုန်လုပ်ငန်း အထူးအောင်မြင်တတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာအကြီးအကဲတို့၏ မ,စခြင်းခံရမည်။ ဘဝခရီး စိတ်ချရသော လအခါသမယ ဖြစ်ပါလိမ့်မည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးသာယာမည်။ အလှူကြီးပေးလှူရမည်။

အချစ်ရေး။ ။ စိတ်လိုက်မာန်ပါ အချစ်ရေးကို မဆုံးဖြတ်သင့်ပါ။

ထီထိုးရန်။ ။ (န) ၈-၃၊ (ည) ၅-၂၊ (ဈ) ၃-၆။

**ယတြာ- အိမ်ဘုရားတွင် ကြာဖြူ၊ ကြာနီ ငါးခိုင်စီ လှူဒါန်းပေးပါ။**

BURMESE CLASSIC .com

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဝန်ထမ်းဖြစ်ပါက လုပ်ငန်း၊ နေရာ၊ ဌာန ရွှေ့ပြောင်းရလိမ့်မည်။ ကံကောင်းပါသည်။ ပြောင်းလိုက်ပါ။ သားသမီးများအတွက် ဝမ်းသာရမည့်အချိန်ဖြစ်သည်။ နိုင်ငံခြားခရီး တစ်ဆို့တားဆီးနေတတ်သည်။ အရှေ့စူးစူးအရပ်သို့ ခရီးထွက်လိုက်ပါ။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးအရှုပ်အထွေးဖြစ်တတ်သည်။

အချစ်ရေး။ ။ စေ့စပ်ကြောင်းလမ်း တောင်းရမ်းလက်ထပ်ကိန်းမြင်သည်။

ထီထိုးရန်။ ။ (ဟ) ၆-၉၊ (မ) ၄-၇၊ (ည) ၆-၅။

**ယတြာ- မွေးနံ့ထောင့်တွင် ကွာစိ၊ ပီကေ ကပ်လှူပေးပါ။**

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ရမည်။ နေအိမ်၊ ရာထူး၊ စီးပွားရေး တန့်နေမည်။ ရန်ဘက်၊ ပြိုင်ဘက်၊ အနှောင့်အယှက်ကြောင့်ဖြစ်နိုင်သည်။ ဆန်၊ ဆီ၊ ဆေးစပါး၊ စက်၊ စိန်၊ ရွှေ၊ ငွေ ရောင်းဝယ်ခြင်းပြုလုပ်ပါ။ ကား၊ စက်ပစ္စည်းဆိုင်ဖွင့်ခြင်းတို့ လုပ်ကိုင်က ကံကောင်းမည်။ အိမ်ထောင်ရှင်တို့ အထူးကံကောင်းနေပါသည်။

အချစ်ရေး။ ။ မိန်းမချော၊ မိန်းမလှလေးများနှင့်တွေ့ကြုံပြီး ပျော်ရွှင်ရမည်။

ထီထိုးရန်။ ။ (င) ၆-၅၊ (ယ) ၅-၂၊ (ရ) ၄-၉။

**ယတြာ- အိမ်ဘုရားတွင် နှင်းဆီ ပန်းရောင် ကိုးပွင့် ကပ်လှူပါ။**

စမ်းလိုအေး၍ ပန်းလိုမွေး...
သစ္စာမေတ္တာ ဆရာထွန်း...ကျော်
နက္ခတ်၊ ဗေဒင်၊ ...ပညာရှင်

www.burmeseclassic.com